ပုံတော်စုံ

# ဆယ်စောင်တွဲ



ဗုဒ္ဓဘာသာယဉ်ကျေးမှုသရုပ်ဖော်

ပုံတော်စုံ

# ဆယ်စောင်တွဲ



ခင်ချိုထွန်းစာပေ

အမှတ် ၈၆၊ ၃၇ လမ်း၊ ရန်ကုန်မြို့။

## နိဒါန်း

ဆယ်စောင်တွဲကျမ်းသည်

၁။ လူငယ်များ အကျင့်စာရိတ္တ ကောင်းမွန်လာအောင်၊

၂။ အကြားအမြင် ဗဟုသုတ ကြွယ်ဝလာအောင်၊

၃။ လူ့ဘဝ အခြေအနေ သာယာခိုင်ခံ့လာအောင်၊

၄။ နိုင်ငံတော် သာယာစိုပြည်လာအောင်၊

၅။ လောကီလောကုတ္တရာ အကျိုးများလာအောင် ကလေးငယ် ရှင်ငယ်များကို စတင်ပြုစုပျိုး ထောင်ပေးနေသော စာကောင်းပေမွန် ဖြစ်ပါသည်။

ဆယ်စောင်တွဲ ကျမ်းစာသည် ကောင်းသလောက် ရောင်းမလောက်အောင် စွဲနေသော ကျမ်းစာဖြစ်ရာ စာပေတိုက်အမျိုးမျိုး ပုံနှိပ်တိုက်အသွယ်သွယ်မှ လက်မလည်အောင် ရိုက်နှိပ် ဖြန့်ချိခဲ့ကြပါသည်။ ယင်းဆယ်စောင်တွဲ အမျိုးမျိုးအနက် အကောင်းဆုံးနှင့် ပါဠိပါဠ်သား အမှန်ကန်ဆုံးဖြစ်အောင် အထူးကြိုးစား ပြုလုပ်ထားပါသည်။

ခင်ချိုထွန်းစာပေတိုက်မှ ဦးသိန်းထွန်း-ဒေါ်ချိုတို့က ပုံတော်စုံ ဆယ်စောင်တွဲစာမူကို အများအကျိုး အတွက် ဧာနေစာသား တိကျမှန်ကန်စွာဖြင့် ရိုက်နှိပ်ထုတ်ဝေလိုပါသဖြင့် ပုံတော်စုံ ဆယ်စောင်တွဲစာမူကို တည်းဖြတ်သုတ်သင်ပေးပါရန် တောင်းပန်ချက်အရ အများအကျိုးအတွက် အထတ်နိုင်ဆုံး မှန်ကန် တိကျအောင် တည်းဖြတ်ပြင်ဆင်ထားပါသည်။ မှုကောင်းမှုမှန်ကို ဝယ်ယူဖတ်ရှု လိုက်နာနိုင်ကြပါစေဟု ဆန္ဒမွန်ဖြင့်....

ဆရာသူရိယပဏ္ဍိတ်
မဟာဝိဇ္ဇာ (ဒေလီ)










**ဇယ်တီဆရာတော်**
**ဘုရားကြီး ရေးသားသော**
**ခုနစ်နေ့ ဘုရားရှိခိုး**

* သုံးလူ့ရှင်ပင် ကျွန်ထိပ်
တင် သောင်းခွင်စကြဝဠာ
နတ်ဗြဟ္မာတို့ ညီညာရုံးစု
တောင်းပန်မှုကြောင့်
ရတုနဂို ရွှမ်းရွှမ်းစိုသည်
ဝါဆိုလပြည့် ကြာသပတေး
နေ့ဝယ် ချမ်းမြေ့ကြည်ဖြူ
သန္ဓေယူသည် နတ်လူ
ငြိမ်းဖို့ ကိန်းပါကို။

* သန္ဓေယူခါ
ဆယ်လကြာသော်
မဟာသက္ကရာဇ်
ခြောက်ဆယ့်ရှစ်ကြုံ
ကဆုန်လပြည့်
သောကြာနေ့ဝယ်၊
ချမ်းမြေ့စုံစီ
လုမ္ဗိနီ၌ မဟီလိုက်ဆူ
ဖွားတော်မူသည်
နတ်လူအောင်မြို့
လမ်းပါကို။

* ဖွားမြင်မြောက်သော်
ဆယ့်ခြောက်နှစ်ရှယ် ပျိုနု
နယ်၌ သုံးသွယ်ရွှေနန်း
သိမ်းမြန်း•ပြီးလစ် ဆယ့်သုံး
နှစ်လျှင် ဘုန်းသစ်လျှံလူ
စံတော်မူ၍ ရှယ်မူနုပြိုး
နှစ်ဆယ့်ကိုးဝယ် လေးမျိုး
နိမိတ် နတ်ပြဟိတ်ကြောင့်
ရွှေစိတ်ငြင်ငြို သံဝေပိုက
ဝါဆိုလပြည့် ကျာပတေးမင်း
နေ့ဝယ် ချမ်းမြေ့ရဂုံ
တောသို့ရပ်လှုံသည်
စုံမြိုင်ပင်ရိပ် ခန်းမှာကို။

* ဘောရပ်မြိုင်ပေါ
ခြောက်နှစ်ပျော်၍
ခါတော်တစ်ဖုံ
ပွင့်ချိန်ကြုံက
ကဆုန်လပြည့်
ဆင်မင်းနေ့ဝယ်
မြေပြုရမေ
ပလ္လင်ဗွေထက်
ရွှေညောင်တော်ကြီး
ဗိတာန်ထီးနှင့်
မငြိုးကြည်ဖြူ။
နေတော်မူလျက်
ရန်သူခပင်း
အမိုက်သင်းကို
အရှင်းပယ်ဖျောက်
အလင်းပေါက်က
ထွန်းတောက်ဘုန်းတော်
သောင်းလုံးကျော်သည်
သုံးဖော်လူတို့ ငြိမ်းပါကို။
* ဘုရားဖြစ်ခါ မိဂဒါသို့
စကြာရွှေဖဝါး
ဖြန့်ချီသွား၍
ငါးပါးဝဂ္ဂီ စုံအညီနှင့်
မဟာတစ်သောင်း
တိုက်အပေါင်းမှ
ခညောင်းကပ်လာ နတ်၊
ဗြဟ္မာအား ဝါဆိုလပြည့်
စနေနေ့ဝယ် ကြွေကြွေ
လျှံတက် ဓမ္မစက်ကို
မိန့်မြွက်ထွေပြား
ဟောဖော်ကြားသည်
တရားနတ်စည်ရှမ်းတယ်ကို။






❈ တရားနတ်စည် ခေတ်ရှမ်း
လည်က သုံးပြည်ဘုံသိုက်
တစ်သောင်းတိုက်ဝယ် ကျွတ်
ထိုက်သသူ နတ်,လူ,ပြဟ္မာ
သတ္တဝါကို ခေမာသောင်သို့
ဖောင်ကူးတို့ဖြင့် ဆောင်ပို့ပြီး
ခါ ဝါလေးဆယ့်ငါး သက်
ကား ရှစ်ဆယ် စုံပြည့်
ကြွယ်က ရာ့လေးဆယ့်ရှစ်
သက္ကရာဇ်ဝယ် နယ်မလ္လာ
တိုင်း စံနိုင်းမယုတ် ကုသိနာ
ရုံ အင်ကြင်းစုံ၌ ကဆုန်
လပြည့် အင်္ဂါနေ့ဝယ် ချမ်းမြေ့
နိဗ္ဗူ စံတော်မူသည် ငှန်းဆူ
သောင်းလုံးကျော်တယ်ကို။
❈ နိဗ္ဗူစံပြီ ရှမအီသား သိင်္ဂီ
ရွှေလျော် အလောင်းတော်
ကို ယိုရော် ကဆုန် လဆုတ်
ကြံ၍ ဂျွန်နေ့ဝယ် ခိုးငွေ့
မနော ဓာတ်တေဇောလျှင်
ရှင်စော ဉာဏ်စက် မိဒ္ဒာန်
ချက်ဖြင့် လျှံတက် ကော်ရော်
မီးပူဇော်သည် မွေတော်
ရှစ်စိတ် ကြွင်းတယ်ကို။

ထို ခုနစ်နေ့၊ သာချမ်း
မြေ့ကို၊ ဆွေ့ဆွေ့ကြည်ဖြူ၊
အာရုံယူလျက်၊ သုံးလူတို့နတ်၊
မြတ်ထက် မြတ်သား၊ ကိုယ်
တော်များကို၊ သုံးပါးမွန်စွာ၊
ဝန္ဒနာဖြင့်၊ သဒ္ဓါဖြိုးဖြိုး၊ ကျွန်
ရှိခိုးသည်... ကောင်းကျိုး
ခပ်သိမ်း–ကြွယ်စေသော်။ ။

**မင်္ဂလာတရား ၃၈-ပါး**
**ဆုံးမစာသရုပ်ဖော်**

* သားမောင်ချစ်ပုံ
ထောင်နားမြှုလော့၊
မှုမှုပညာ၊
သက်မွေးရာဖို့၊
နှစ်မြှုပ်မိကား၊
ပေးတုံကြလည်း၊
မရယူလို၊
ပျက်မှုသိသည်၊
သူ့ကိုမပေါင်းနှင့်။

* ကောင်းသောမှုရာ၊
ယဉ်ကျေးစွာဖြင့်၊
သွားလာလှုပ်ရှား၊
စကားနှုတ်ချို၊
ပညာကိုလျှင်၊
ရလိုကြိုးစား၊
ဤသူများကို၊
သားမောင်ချစ်ပု၊
ပေါင်းသင်းပြုလော့။

* လူမှုကိစ္စ၊ အဝဝ၌၊
တတ်လှစေချင်၊
ကောင်းကျိုးမြင်သား၊
နှစ်ပြင်မိဘား၊
ဆိုဆုံးမသည့်၊
မြတ်လှဆရာ၊
ရတနာကို၊
ကောင်းစွာကော်ရော်၊
ရှိပူဇော်ကြ။

* သင့်လျော်နေရာ၊
သင်ဟိုရှာလျှင်၊
ပညာရကြောင်း၊
စာသင်ကျောင်းနှင့်
ဆေးပေါင်းစုံလျှမ်း၊
ဆေးပေးခန်းတည်း။





* လှူဒါန်းဆေးရုံ
လူသူစုံတို့
ခိုလှုံကျန်းမာ
ရှိစေရာဖြင့်
စေတနာကြောင်းပြု
နောက်နှောင်းရှု၍
ကောင်းမှုပြည့်စေ။

* ကိုယ်စိတ်နေကို
ရည်တွေမှန်းထား
လွန်ကြိုးစား၍
လုပ်အားပေးက
ကိုယ်ကျိုးရ၏။

* သုတပညာ
အဖြာဖြာကို
စာမှာလည်းလေ့
မျက်မြင်တွေ့ဖြင့်
ကျွမ်းစေ့နေ့စဉ်
ရှိစေသင့်လော့။

* တတ်လျှင်ပညာ
လူများစွာကို
ချမ်းသာရမှု
ကျေးဇူးပြုလိမ့်
ကြည့်ရှုမျက်မြင်
ဤခေတ်တွင်ဝယ်
သွားလျှင်ချက်ချင်း
ရောက်တုံလျှင်းသို့။

* ကြောင်းချင်း နွယ်ယှက်
ကောင်းမှုဆက်၍
ဖြစ်ပျက်ပေါ်လာ
လူများစွာ၌
ပြုရာဝိနည်း
ကျင့်ထုံးစည်းဖြင့်
ဝတ်လည်းကြေမှ
ကြီးပွားကြ၏။

*ပြောကြစကား၊ရှိပြန်ငြား
လည်း မများ ကျေးဇူး
ညတစ်ထူးကို ရှင်မြူးမပွား
ထိုစကားကို မကြားစေရ
နှားဝချမ်းသာ စီးပွားပါ
၍ ဖြစ်ဆာလှတ်ငြား၊ ထို
စကားကို မြွက်ကြားနှုတ်
ချို အမောင်ဆိုလော့။

* မြင်းမိုရ်မက
ကျေးဇူးပြုသား
မိဘနှစ်ပြင်
ကျေးဇူးရှင်ကို
လိုအင်ဆန္ဒ
ပြည့်စေကြ၍
ချိုတချိုပေး
ကျွေးမွေးကြလော့။

* ချစ်လှငနီး
သားသမီးကို
ရှာမှီးရှိ၍ရ
ပစ္စယဖြင့်
ပေးငှ ထောက်ပံ့။






* ကျန်းခံ့ကိုယ်နေ
ပုံဟန်ပြေသား
လယ်သမားသည်
ပေးငြားသင့်တန်
လယ်မြေခွန်နှင့်
မှန်မှ တော်ကြေး
အကြေပေးတည်း။




* ကိုယ်ရေးကိုယ်တာ
သံသရာ၌
ရှည်ကြာကောင်းကျိုး
ကုသိုလ်မျိုးကို
စိုက်ပျိုးမြေတာ
မြတ်သံဃာ၌
သဒ္ဒါဖြူလှ
ပေးလှူကြလော့။




* မိဘနွယ်လာ
ဉာတကာကို
ဥစ္စာစီးပွား
ချို့တဲ့ငြားသော်
တိုးပွားမင့်၊
ပေးထောက်ပံ့၏။




* အနှံ့ဖြာဝေ
မူးနောက်စေသား
သေနှင့်အရက်၊
သောက်စားဖက်၍
ဆိုမြွက်စကား
နေရာများကို
ကပ်ငြားမှုကင်း
ဝေးကကွင်းလော့။

ယော်ချင်းအများ
ကိုယ်နှင့်သွား၍
သောက်စားမိတ်ဆွေ
ပေးတုံချေလည်း
ရှောင်လေအဖူး
စိတ်မကူးနှင့်။

လူမှုးမြတ်စွာ
စိန္တေယျာနှင့်
ဟောပါတရား
သံဃာများကို
ညွတ်ကွားရိုကျိုး
နေ့စဉ်ခိုး၍။

ဂုဏ်အသက်မှု
ကြီးသောသူအား
ကိုယ်မှုကိုင်းညွတ်
နှုတ်လွတ်လေးစား
ချိစကားတည့်။

နူထားငယ်ရွယ်
သင်သူငယ်သည်
ကျင့်ဖွယ်နေ့စဉ်
မှာတမ်းတည်း။
ဓမ္မာစရိယ–ဦးထွန်းသိန်း)



(တန်ခူး) နေခြည်စုံ ရွှေရည်ကျုံ၊ ပန်းပိတောက်ငယ်တို့၊ လျှမ်း
မောက်ပွင့်ဆဲ၊ ရေစွတ်ဖွယ် ရွှေပြွတ်ကယ်ငယ်ငယ်နှင့်၊
လူလယ်မှာ •နေမကျော့အောင်၊ ရေဆော့တဲ့ပွဲ။



(ကဆုန်) မြတ်ဘုရား မှတ်ကားရှဉ် စောမိသော်၊ ဗောဓိခေါ်
ညောင်နန်း၊ မေဖြူဖွေတွ ရေလှူသွန်းကာယ် လွမ်းဖွယ့်
စခန်း။



(နယုန်) ကောင်းချီးတဲ့လွှားစုံ စာဂုဏ်ပြပွဲ၊ စံပယ်ပြူ ကြူကြူ
သင်းတယ် လေမင်းကသဲ။



(ဝါဆို) ရဟန်းတွေ ခိုအောင်းတဲ့ ကျောင်းတော်မြတ်ထိုထို
ဝါဆိုသည့်ပွဲ၊ရှစ်ပါးပရိက္ခရာနဲ့ သည်တစ်ဝါ ပျိုမောင်
ကြီးရယ် အားသည်းလို့ခဲ။



(ဝါခေါင်) စာရေးတံ လှူပေးကြ ဖြူဖွေးလှသဒ္ဓါ ရဟန်းမြတ်သံဃာ ကြွလာလို့ စီတန်း၊ ပြည်နိဗ္ဗာန် ခရီးသွန်ပြုတယ် ကောင်းမှုတစ်ခန်း။



(တော်သလင်း) ဓလမလာ ရေလွှာသင့်ဖြူးသို့ ရှင်မြူးဖို့ဘဲ၊ ချောင်းထွေထွေ လောင်းလှေအနိုင်ခင်းလို့ ရယ်ကျင်းပတဲ့ပွဲ။



(သီတင်းကျွတ်) မီးအိမ်တဲ့ရောင်မုံ၊ အာရုံပြုဘုရား၊ ဝတီသာ
နတ်ရွာဆင်းကို လင်းစေ့ရွှယ်စား။



(တန်ဆောင်မုန်း) သံဃာကို ရည်မှတ် မြတ်လှတဲ့ လှူကထိန်
ဂုဏ်သိန်ကမြင့်ကြွား၊ စာရှိတွင် အာနိသင် စုံဖွံ့ဖြိုးဘယ်
ကျိုးလွှန်စွများ။



(နတ်တော်) စာပေပျော် ပုဂ္ဂိုလ်ကျော်တို့ ရည့်စူး၊ နောင်အခါ
ကြောင်းရာဇဝတ်လမ်းကို မှန်းဆလို့မြူး။



(ပြာသို) လပြာသို မြခွါညို ပွင့်ပန်းက တင့်ဆန်းတယ်လေး၊
သတ်မှတ်ပေးပါပေါ့ လွတ်လပ်ရေး ပွဲသဘင်မို့ နွှဲယှဉ်
သူ မြန်ပြည်သားတို့မှာ အားရကြည်အေး။



(တပို့တွဲ) ငွေနှင်းငယ်ရည် ငုံစိမ်ပေါ့ ပေါက်လဲ၊ မျိုးမြန်မာ့ရိုးရာ
ကုသိုလ်ရဖို့အောင် ထိုးကြ ထမနဲ။



(တပေါင်း) ငွေသောင်ယံ မောင်နှံ့ စင်ရော် ငှက်ကယ်တို့
လည်ယှက်လို့တွဲ၊ လူပေါင်းငယ်စုံ ဘုရားဂုဏ် အာရုံ
စွဲလို့ရယ် သဲစေတီပွဲ။ (တက္ကသိုလ်-သိန်းထွန်းမြင့်)





# ၁-မင်္ဂလသုတ် ပါဠိတော်

❖ ❖ ❖ ❖ ❖

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

၁။ ယံ မင်္ဂလံ ဒွါဒသဟိ၊ စိန္တယိံသု သဒေဝကာ။
သောတ္ထာနံ နာဓိဂစ္ဆန္တိ၊ အဋ္ဌတ္တိံသဉ္စ မင်္ဂလံ။

၂။ ဒေသိတံ ဒေဝဒေဝေန၊ သဗ္ဗပါပဝိနာသနံ။
သဗ္ဗလောက ဟိတတ္ထာယ၊ မင်္ဂလံ တံ ဘဏာမ ဟေ။

၃။ *ဧဝံ မေ သုတံ -
ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ
ဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ။
အထ ခေါ အညတရာ ဒေဝတာ
အဘိက္ကန္တာယ ရတ္တိယာ အဘိက္ကန္တဝဏ္ဏာ
ကေဝလကပ္ပံ ဇေတဝနံ ဩဘာသေတွာ။

၄။ *ယေန ဘဂဝါ, တေနုပသင်္ကမိ၊ ဥပသင်္ကမိတွာ
ဘဂဝန္တံ အဘိဝါဒေတွာ ဧကမန္တံ အဋ္ဌာသိ၊
ဧကမန္တံ ဌိတာ ခေါ သာ ဒေဝတာ
ဘဂဝန္တံ ဂါထာယ အဇ္ဈဘာသိ။

---

*(ဧဝံမေသုတန္တျာဒိ မင်္ဂလသုတ္တပါဠိ)ခုဒ္ဒကပါဌပါဠိယံ ၃-၄ ပိဋ္ဌေသု၊ သုတ္တနိပါတပါဠိယံ ၃၁၈-၃၁၉ ပိဋ္ဌေသုစ အာဂတာ။

၅။ *ဗဟူ ဒေဝါ မနုဿာ စ၊ မင်္ဂလာနိ အစိန္တယုံ။
အာကင်္ခမာနာ သောတ္ထာနံ၊ ဗြူဟိ မင်္ဂလမုတ္တမံ။

၆။ *အသေဝနာ စ ဗာလာနံ၊ ပဏ္ဍိတာနဉ္စ သေဝနာ။
ပူဇာ စ ပူဇနေယျာနံ၊ ဧတံ မင်္ဂလမုတ္တမံ။

၇။ *ပတိရူပ ဒေသဝါသော စ၊ ပုဗ္ဗေ စ ကတပုညတာ။
အတ္တသမ္မာပဏိဓိ စ၊ ဧတံ မင်္ဂလမုတ္တမံ။

၈။ *ဗာဟုသစ္စဉ္စ သိပ္ပဉ္စ၊ ဝိနယော စ သုသိက္ခိတော။
သုဘာသိတာ စ ယာ ဝါစာ၊ ဧတံ မင်္ဂလမုတ္တမံ။

၉။ *မာတာပိတု ဥပဋ္ဌာနံ၊ ပုတ္တဒါရဿ သင်္ဂဟော။
အနာကုလာ စ ကမ္မန္တာ၊ ဧတံ မင်္ဂလမုတ္တမံ။

၁၀။ *ဒါနဉ္စ ဓမ္မစရိယာ စ၊ ဉာတကာနဉ္စ သင်္ဂဟော။
အနဝဇ္ဇာနိ ကမ္မာနိ၊ ဧတံ မင်္ဂလမုတ္တမံ။

၁၁။ *အာရတီ ဝိရတီ ပါပါ၊ မဇ္ဇပါနာ စ သံယမော။
အပ္ပမာဒေါ စ ဓမ္မေသု၊ ဧတံ မင်္ဂလမုတ္တမံ။

၁၂။ *ဂါရဝေါ စ နိဝါတော စ၊ သန္တုဋ္ဌိ စ ကတညုတာ။
ကာလေန ဓမ္မဿဝနံ၊ ဧတံ မင်္ဂလမုတ္တမံ။

၁၃။ *ခန္တီ စ သောဝစဿတာ၊ သမဏာနဉ္စ ဒဿနံ။
ကာလေန ဓမ္မသာကစ္ဆာ၊ ဧတံ မင်္ဂလမုတ္တမံ။

၁၄။ *တပေါ စ ဗြဟ္မစရိယဉ္စ၊ အရိယသစ္စာန ဒဿနံ။
နိဗ္ဗာနသစ္ဆိကိရိယာ စ၊ ဧတံ မင်္ဂလမုတ္တမံ။

၁၅။ *ဖုဋ္ဌဿ လောကဓမ္မေဟိ၊ စိတ္တံ ယဿ န ကမ္ပတိ။
အသောကံ ဝိရဇံ ခေမံ၊ ဧတံ မင်္ဂလမုတ္တမံ။

၁၆။ *ဧတာဒိသာနိ ကတွာန၊ သဗ္ဗတ္ထ မပရာဇိတာ။
သဗ္ဗတ္ထ သောတ္ထိံ ဂစ္ဆန္တိ၊ တံ တေသံ မင်္ဂလမုတ္တမံ။

မင်္ဂလသုတ္တံ နိဋ္ဌိတံ။

❖ ❖ ❖ ❖ ❖

## မင်္ဂလသုတ်အနက်

၁။ သဒေဝကာ၊ နတ်နှင့်တကွသော လူတို့သည်။ ယံ မင်္ဂလံ၊ အကြင်မင်္ဂလာတရားတော်ကို။ ဒွါဒသဟိ၊ တစ်ဆယ့်နှစ်နှစ်တို့ ကာလပတ်လုံး။ စိန္တယိံသု၊ ကြံကြကုန်၏။ စိန္တယန္တာပိ၊ ကြံကြကုန်သော်လည်း။ သောတ္ထာနံ၊ စီးပွားချမ်းသာခြင်း၏ အကြောင်း ဖြစ်သော။ အဋ္ဌုတ္တိံ သဋ္ဌု၊ သုံးဆယ့်ရှစ်ပါး အပြားရှိသည်လည်း ဖြစ် သော။ တံ မင်္ဂလံ၊ ထိုမင်္ဂလာတရားတော်ကို။ နာဓိဂစ္ဆန္တိ-န အဓိဂစ္ဆန္တိ ဧဝ၊ မသိနိုင်ကုန်သည်သာလျှင်တည်း။

၂။ ဒေဝ ဒေဝေန၊ နတ်တကာတို့ထက်မြတ်သော ဝိသုဒ္ဓိနတ် ဖြစ်တော်မူသော ဘုရားသခင်သည်။ သဗ္ဗလောက ဟိတတ္ထာယ၊ အလုံးစုံသော သတ္တလောက၏ အစီးအပွား အလို့ငှာ။ ဒေသိတံ၊ ဟောတော်မူအပ်သော။ သဗ္ဗပါပ ဝိနာသနံ၊ အလုံးစုံသော မကောင်း မှုကို ပယ်ဖျောက် ပေတတ်သော။ တံ မင်္ဂလံ၊ ထိုမင်္ဂလာ တရားတော်ကို။ ဟော၊ အို-သူတော်ကောင်းတို့။ မယံ၊ ငါတို့သည်။ ဘဏာမ၊ ရွတ်ကြကုန်အံ့။

၃။ ဘန္တေ ကဿပ၊ အရှင်မဟာကဿပ။ ဣဒံ သုတ္တံ၊ ဤမဟာမင်္ဂလ သုတ်တော်ကို။မေ–မယာ အာနန္ဒတ္ထေရေန၊ အကျွန်ုပ် အာနန္ဒာမထေရ်သည်။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သမ္မုခါ၊ မျက်မှောက်တော်မှ၊ ဝေ၊ ဤသို့။ သုတံ၊ ကြားလိုက်ရ၏။ ဉပလက္ခိတံ၊ မှတ်လိုက်ရ၏။ ဉပဓာရိတံ၊ ဆောင်လိုက်ရ၏။ ဧကံ၊ တစ်ပါးသော။ သမယံ၊ အခါ၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ သာဝတ္ထိယံ၊ သာဝတ္ထိပြည်၌။ အနာထပိဏ္ဍိကဿ၊ အနာထပိဏ်သူဌေး၏။ အာရာမေ၊ နှလုံးမွေ့လျော် ပျော်ဖွယ်ရာဖြစ်သော။ ဇေတဝနေ၊ ဇေတဝန်ကျောင်းတော်၌။ ဝိဟရတိ၊ နေတော်မူ၏။ အထ ခေါ၊ ထိုသို့ နေတော်မူသောအခါ၌။ အညတရာ၊ အမျိုးအမည်အားဖြင့် မထင်ရှားသော။ ဒေဝတာ၊ နတ်သားသည်။ အဘိက္ကန္တာယ၊ ညဉ့်ဦးယံလွန်ပြီးသော။ရတ္တိယာ၊သန်းခေါင်အခါ၌။ အဘိက္ကန္တဝဏ္ဏာ၊ အလွန် နှစ်လိုဖွယ်သော အဆင်းရှိသည်ဖြစ်၍။ ကေဝလကပ္ပံ၊ အလုံးစုံသော။ ဇေတဝနံ၊ ဇေတဝန်ကျောင်းတော်ကို။ ဩဘာသေတွာ၊ ကိုယ်ရောင်ကိုယ်ဝါဖြင့် ထွန်းလင်းစေဦး၍။

၄။ ယေန၊ အကြင်အရပ်၌။ ဘဂဝါ၊ မြတ်စွာဘုရားသခင် သည်။ အတ္ထိ၊ ရှိတော်မူ၏။ တေန၊ ထိုဘုရားရှိတော်မူရာ အရပ်သို့။ ဉပသင်္ကမိ၊ ကပ်လေ၏။ ဉပသင်္ကမိတွာ၊ ကပ်လေပြီး၍။ ဘဂဝန္တံ၊ မြတ်စွာဘုရားသခင်ကို။ အဘိဝါဒေတွာ၊ အလွန်ရိုသေစွာ ရှိခိုးဦး၍။ ဧကမန္တံ၊ တင့်အပ်လျောက်ပတ်သော အရပ်၌။ အဋ္ဌာသိ၊ ရပ်လေ၏ ။ ဧကမန္တံ၊ တင့်အပ်လျောက်ပတ်သောအရပ်၌။ ဌိတာ ခေါ၊ ရပ်ပြီးသော။ သာ ဒေဝတာ၊ ထိုနတ်သားသည်။ ဘဂဝန္တံ၊ မြတ်စွာဘုရားကို။ ဂါထာယ၊ ဂါထာဖြင့်။ အဇ္ဈဘာသိ၊ ဤသို့ နားတော် လျှောက်လေ၏။

၅။ ဘန္တေ ဘဂဝါ၊ ဘုန်းတော်ကြီး သော မြတ်စွာဘုရား။ ဗဟူ၊ များစွာကုန်သော။ ဒေဝါ စ၊ နတ်တို့သည်လည်းကောင်း။ မနုဿာ စ၊ လူတို့သည်လည်းကောင်း။ သောတ္ထာနံ၊ စင်ကြယ်စွာသော။ နိဗ္ဗာနံ၊ နိဗ္ဗာန်ချမ်းသာကို။ အာကင်္ခမာနာ၊ လိုချင်တောင့်တကုန်သည် ဖြစ်၍။ မင်္ဂလာနိ၊ စီးပွားချမ်းသာခြင်း၏ အကြောင်းဖြစ်ကုန်သော မင်္ဂလာတရားတော်တို့ကို။ ဒွါဒသဟိ၊ တစ်ဆယ့် နှစ်နှစ်တို့ ကာလ ပတ်လုံး။ အစိန္တယုံ၊ ကြံကြကုန်၏။ ဥတ္တမံ၊ မြတ်သော။ တံ မင်္ဂလံ၊ ထိုမင်္ဂလာ တရားတော်ကို။ တွံ၊ အရှင်ဘုရားသည်။ ဗြူဟိ၊ ဟော တော်မူပါလော့။

၆။ ဘော–ဒေဝပုတ္တ၊ အိုနတ်သား။ ဗာလာနံ၊ သူမိုက်တို့ကို။ ယာ အသေဝနာ စ၊ အကြင် မမှီဝဲ မဆည်းကပ်ရခြင်းသည် လည်း ကောင်း။ ပဏ္ဍိတာနံ၊ ပညာရှိသောသူတို့ကို။ ယာ သေဝနာ စ၊ အကြင် မှီဝဲဆည်းကပ်ရခြင်းသည် လည်းကောင်း။ ပူဇနေယျာနံ၊ ပူဇော်ထိုက်သောသူတို့ကို။ ယာ ပူဇာ စ၊ အကြင်ပူဇော်ရခြင်းသည် လည်းကောင်း။ အတ္ထိ၊ ရှိ၏။ ဧတံ၊ ဤသုံးပါးသော တရားသည် လျှင်။ ဥတ္တမံ၊ မြတ်စွာသော။ မင်္ဂလံ၊ မင်္ဂလာမည်၏ဟူ၍။ တွံ၊ သင် နတ်သားသည်။ ဂဏှာဟိ၊ မှတ်လေလော့။

၇ ။ ဘော–ဒေဝပုတ္တ၊ အိုနတ်သား။ ပတိရူပ ဒေသဝါသော စ၊ တင့်အပ်လျောက်ပတ်သော အရပ်၌ နေရခြင်းသည် လည်း ကောင်း။ ပုဗ္ဗေ၊ ရှေးဘဝ၌။ ကတပုညတာ စ၊ မိမိပြုခဲ့ဖူးသော ကောင်းမှုရှိသော သူ၏ အဖြစ်သည်လည်းကောင်း။ အတ္တသမ္မာ ပဏိဓိ စ၊ မိမိကိုယ်ကို ကောင်းစွာဆောက်တည် ရခြင်းသည် လည်း ကောင်း။ အတ္ထိ၊ ရှိ၏။ ဧတံ၊ ဤသုံးပါးသော တရားသည်လျှင်။ ဥတ္တမံ၊ မြတ်စွာသော။

မင်္ဂလံ၊ မင်္ဂလာမည်၏ဟူ၍။ တွဲ၊ သင် နတ်သားသည်။ ဂဏှာဟိ၊ မှတ်လေလော့။

၈။ ဘော–ဒေဝပုတ္တ၊ အိုနတ်သား။ ဗာဟုသစ္စဥ္စ၊ အကြား အမြင်များသောသူ၏ အဖြစ်သည်လည်းကောင်း။ သိပ္ပဥ္စ၊ လက်မှု ပညာ အစရှိသော အပြစ်မရှိသော အတတ်တို့ကို တတ်ရခြင်း သည်လည်းကောင်း။ သုသိက္ခိတော၊ ကောင်းစွာ သင်အပ်သော။ ဝိနယော စ၊ ဝိနည်းတရားသည်လည်းကောင်း။ သုဘာသိတာ၊ ကောင်းစွာဆိုအပ်သော။ ယာ ဝါစာ စ၊ အကြင်စကားသည် လည်း ကောင်း။ အတ္ထိ၊ ရှိ၏။ ဧတံ၊ ဤလေးပါးသော တရားသည်လျှင်။ ဥတ္တမံ၊ မြတ်စွာသော။ မင်္ဂလံ၊ မင်္ဂလာမည်၏ဟူ၍။ တွဲ၊ သင်နတ် သား သည်။ ဂဏှာဟိ၊ မှတ်လေလော့။

၉။ ဘော–ဒေဝပုတ္တ၊ အိုနတ်သား။ မာတာပိတု၊အမိ, အဖတို့ ကို။ ဥပဋ္ဌာနဥ္စ၊ လုပ်ကျွေး မွေးမြူရခြင်းသည်လည်းကောင်း။ ပုတ္တ– ဒါရဿ၊ သားမယားတို့အား။ သင်္ဂဟော စ၊ သင်္ဂြိုဟ် ထောက်ပံ့ ရခြင်းသည် လည်းကောင်း။ အနာကုလာ၊ အနှောင့်အယှက် မရှိ ကုန်သော။ ကမ္မန္တာ စ၊ အမှုတို့ကို ပြုရခြင်းသည် လည်းကောင်း။ အတ္ထိ၊ ရှိ၏။ ဧတံ၊ ဤသုံးပါးသော တရားသည်လျှင်။ ဥတ္တမံ၊ မြတ်စွာ သော။ မင်္ဂလံ၊ မင်္ဂလာမည်၏ဟူ၍။ တွဲ၊ သင်နတ်သားသည်။ ဂဏှာဟိ၊ မှတ်လေလော့။

၁၀။ ဘော–ဒေဝပုတ္တ၊ အိုနတ်သား။ ဒါနဥ္စ၊ အလှူပေးရခြင်း သည်လည်းကောင်း။ ဓမ္မစရိယာ စ၊ မြတ်သောအကျင့်ကို ကျင့်ရ ခြင်းသည်လည်းကောင်း။ ဉာတကာနံ၊ အဆွေအမျိုးတို့ကို။ သင်္ –ဟော စ၊ သင်္ဂြိုဟ် ထောက်ပံ့ရခြင်းသည် လည်းကောင်း။ အနဝဇ္ဇာ–

နှ်၊ အပြစ်မရှိကုန်သော။ကမ္မာနိ စ၊ အမှုတို့ကို ပြုရခြင်း သည်လည်း ကောင်း။ အတ္ထိ၊ ရှိ၏။ တေ၊ ဤလေးပါးသော တရားသည်လျှင်။ ဥတ္တမံ၊ မြတ်စွာသော။ မင်္ဂလံ၊ မင်္ဂလာမည်၏ဟူ၍။ တွံ၊ သင်နတ်သားသည်။ ဂဏှာဟိ၊ မှတ်လေလော့။

၁၁။ ဘော–ဒေဝပုတ္တ၊ အိုနတ်သား။ ပါပါ၊ မကောင်းမှုမှ။ အာရတိ စ၊ ဝေးစွာ ရှောင်ကြဉ်ရခြင်းသည် လည်းကောင်း။ ဝိရတိ မ၊အထူးသဖြင့် ရှောင်ကြဉ်ရခြင်းသည် လည်းကောင်း။ မဇ္ဇပါနာ၊ သေရည်သေရက်တို့ကို သောက်ခြင်းမှ။ သံယမော စ၊ ကောင်းစွာ စောင့်ရှောက်ရခြင်းသည်လည်းကောင်း။ ဓမ္မေသု၊ ကုသိုလ်ကောင်းမှု တို့၌။ အပ္ပမာဒေါ စ၊ မမေ့မလျော့ရခြင်းသည် လည်းကောင်း။ အတ္ထိ၊ ရှိ၏။ တေ၊ ဤလေးပါးသော တရား သည်လျှင်။ ဥတ္တမံ၊ မြတ်စွာ သော။ မင်္ဂလံ၊ မင်္ဂလာမည်၏ဟူ၍။ တွံ၊ သင်နတ်သားသည်။ ဂဏှာဟိ၊ မှတ်လေလော့။

၁၂။ ဘော–ဒေဝပုတ္တ၊ အိုနတ်သား။ ဂါရဝေါ စ၊ ရိုသေထိုက် သောသူတို့ကို ရိုသေရခြင်းသည် လည်းကောင်း။ နိဝါတော စ၊ မိမိကိုယ်ကို နှိမ့်ချရခြင်းသည် လည်းကောင်း။ သန္တုဋ္ဌိ စ၊ ရောင့်ရဲ လွယ်ရခြင်းသည် လည်းကောင်း။ ကတညုတာ စ၊ သူပြုဖူးသော ကျေးဇူးကို သိရခြင်းသည် လည်းကောင်း။ ကာလေန၊ သင့်တင့် လျောက်ပတ်သောအခါ၌။ ဓမ္မဿဝနဉ္စ၊ သူတော်ကောင်းတရား ကို နာရခြင်းသည် လည်းကောင်း။ အတ္ထိ၊ ရှိ၏။ တေ၊ ဤငါးပါး သော တရားသည်လျှင်။ ဥတ္တမံ၊ မြတ်စွာသော။ မင်္ဂလံ၊ မင်္ဂလာ မည်၏ ဟူ၍။ တွံ၊ သင်နတ်သားသည်။ ဂဏှာဟိ၊ မှတ်လေလော့။

၁၃။ ဘော–ဒေဝပုတ္တ၊ အိုနတ်သား။ ခန္တီ စ၊ သည်းခံရခြင်းသည် လည်းကောင်း။ သောဝစဿတာ စ၊ သူတော်ကောင်းတို့ ဆုံးမ အပ်သောစကားကို နာလွယ်သောသူ၏ အဖြစ်သည် လည်း ကောင်း။ သမဏာနံ၊ ရဟန်းပုဏ္ဏားတို့ကို။ ဒဿနဉ္စ၊ ဖူးမြင်ရခြင်း သည် လည်းကောင်း။ ကာလေန၊ သင့်တင့်လျောက်ပတ်သော အခါ၌။ ဓမ္မသာကစ္ဆာ စ၊ တရားတော်ကို ဆွေးနွေးမေးမြန်းရခြင်း သည် လည်းကောင်း။ အတ္ထိ၊ ရှိ၏။ ဧတံ၊ ဤလေးပါးသော တရား သည်လျှင်။ ဥတ္တမံ၊ မြတ်စွာသော။ မင်္ဂလံ၊ မင်္ဂလာမည်၏ဟူ၍။ တွံ၊ သင်နတ်သား သည်။ ဂဏှာဟိ၊ မှတ်လေလော့။

၁၄။ ဘော–ဒေဝပုတ္တ၊ အိုနတ်သား။ တပေါ စ၊ ခြိုးခြံစွာ ကျင့်ရခြင်းသည် လည်းကောင်း။ ဗြဟ္မစရိယဉ္စ၊ မြတ်သောအကျင့် ကို ကျင့်ရခြင်းသည် လည်းကောင်း။ အရိယသစ္စာနံ၊ အရိယသစ္စာ တို့ကို၊ ဒဿနဉ္စ၊ သိမြင်ရခြင်းသည် လည်းကောင်း။ နိဗ္ဗာနသစ္ဆိ– ကိရိယာ စ၊ နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်းသည် လည်းကောင်း။ အတ္ထိ၊ ရှိ၏။ ဧတံ၊ ဤလေးပါးသော တရားသည်လျှင်။ ဥတ္တမံ၊ မြတ်စွာသော။ မင်္ဂလံ၊ မင်္ဂလာမည်၏ဟူ၍။ တွံ၊သင်နတ်သားသည်။ ဂဏှာဟိ၊ မှတ်လေလော့။

၁၅။ ဘော–ဒေဝပုတ္တ၊ အိုနတ်သား။ လောကဓမ္မေဟိ၊ လောကဓံတရားရှစ်ပါးတို့နှင့်။ ဖုဋ္ဌဿ၊ တွေ့ထသော။ ယဿ၊ အကြင်ရဟန္တာပုဂ္ဂိုလ်၏။ စိတ္တံ၊ စိတ်သည်။ န ကမ္ပတိ၊ မတုန် မလှုပ်။အသောကံ၊ စိုးရိမ်ခြင်းလည်းမရှိ။ ဝိရဇံ၊ ရမ္မက်ဟူသော မြူလည်းမရှိ၊ ခေမံ၊ ဘေးလည်းမရှိ၊ ဧတံ၊ ဤလေးပါးသော တရား သည်လျှင်။ ဥတ္တမံ၊ မြတ်စွာသော။ မင်္ဂလံ၊ မင်္ဂလာမည်၏ဟူ၍။ တွံ၊ သင်နတ်သားသည်။ ဂဏှာဟိ၊ မှတ်လေလော့။

၁၆။ ဘော–ဒေဝပုတ္တ၊ အိုနတ်သား။ တေဒိသာနိ၊ ဤသို့သဘောရှိကုန်သော။ အဋ္ဌတ္တိံသ မင်္ဂလာနိ၊ သုံးဆယ့်ရှစ်ပါးသော မင်္ဂလာတရားတို့ကို။ ကတ္တာန၊ ပြုကျင့်ရသောကြောင့်။ သဗ္ဗတ္ထ၊ အလုံးစုံသော အရပ်တို့၌။ အပရာဇိတာ၊ ရန်သူတို့သည် မိမိအား မအောင်အပ်ကုန်သည်ဖြစ်၍။ သဗ္ဗတ္ထ၊ အလုံးစုံသော အရပ်တို့၌။ သောတ္ထိံ၊ ချမ်းသာခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။ တံ၊ ထိုသုံးဆယ့်ရှစ်ပါးသော တရားသည်လျှင်။ တေသံ၊ ထိုနတ်, လူတို့အား။ ဥတ္တမံ၊ မြတ်စွာသော။ မင်္ဂလံ၊ မင်္ဂလာမည်၏ ဟူ၍။ တွံ၊ သင်နတ်သားသည်။ ဂဏှာဟိ၊ မှတ်လေလော့။

မင်္ဂလသုတ်အနက် ပြီး၏။

❖❖❖❖❖

## မင်္ဂလာတရား သုံးဆယ့်ရှစ်ပါးသရုပ်

### "အသေဝနာ စ" ဟူသော ပုဒ်၌ (၃–ပါး)

၁။ သူမိုက်တို့ကို မမှီဝဲ မဆည်းကပ်ရခြင်းလည်း တစ်ပါး။
၂။ ပညာရှိသောသူတို့ကို မှီဝဲဆည်းကပ်ရခြင်းလည်း တစ်ပါး။
၃။ ပူဇော်ထိုက်သော သူတို့ကို ပူဇော်ရခြင်းလည်း တစ်ပါး။

### "ပတိရူပ" ဟူသော ပုဒ်၌ (၃)ပါး

၁။ တင့်အပ် လျောက်ပတ်သော အရပ်၌ နေရခြင်းလည်း တစ်ပါး။
၂။ ရှေးရှေးသော ကိုယ်၏အဖြစ်၌ ပြုအပ်သော ကောင်းမှုရှိသော သူ၏ အဖြစ်လည်း တစ်ပါး။
၃။ မိမိကိုယ်ကို ကောင်းစွာ ဆောက်တည်ရခြင်းလည်း တစ်ပါး။

## "ဗာဟုသစ္စဉ္စ"ဟူသော ပုဒ်၌ (၄–ပါး)

၁။ အကြားအမြင် များသောသူ၏ အဖြစ်လည်း တစ်ပါး။
၂။ အပြစ်မရှိသော အတတ်တို့ကို တတ်ရခြင်းလည်း တစ်ပါး။
၃။ ကောင်းစွာသင်အပ်သော ဝိနည်းတရားလည်း တစ်ပါး။
၄။ ကောင်းစွာဆိုအပ်သော စကားလည်း တစ်ပါး။

## "မာတာပိတု" ဟူသော ပုဒ်၌ (၃–ပါး)

၁။ အမိ , အဖကို လုပ်ကျွေးမွေးမြူရခြင်းလည်း တစ်ပါး။
၂။ သား , မယားအား သင်္ဂြိုဟ်ထောက်ပံ့ရခြင်းလည်း တစ်ပါး။
၃။ အနှောင့်အယှက်မရှိသော အမှုလည်း တစ်ပါး။

## "ဒါနဉ္စ" ဟူသော ပုဒ်၌(၄–ပါး)

၁။ အလှူပေးရခြင်းလည်း တစ်ပါး။
၂။ တရားတော်နှင့်အညီ ကျင့်ရခြင်းလည်း တစ်ပါး။
၃။ အဆွေအမျိုးတို့အား သင်္ဂြိုဟ်ထောက်ပံ့ရခြင်းလည်း တစ်ပါး။
၄။ အပြစ်မရှိသော အမှုလည်း တစ်ပါး။

## "အာရတိ" ဟူသော ပုဒ်၌ (၄–ပါး)

၁။ မကောင်းမှုမှ ဝေးစွာရှောင်ကြဉ်ရခြင်းလည်း တစ်ပါး။
၂။ မကောင်းမှုကို အထူးသဖြင့် ရှောင်ကြဉ်ရခြင်းလည်း တစ်ပါး။
၃။ သေအရက် သောက်ခြင်းမှ ကောင်းစွာ ရှောင်ကြဉ်ရခြင်းလည်း တစ်ပါး။
၄။ ကုသိုလ်တရားတို့၌ မမေ့မလျော့ရခြင်းလည်း တစ်ပါး။

## "ဂါရဝေါ စ" ဟူသော ပုဒ်၌ (၅–ပါး)

၁။ ရိုသေအပ်သော သူတို့ကို ရိုသေရခြင်းလည်း တစ်ပါး။
၂။ မိမိကိုယ်ကို နှိမ့်ချရခြင်းလည်း တစ်ပါး။
၃။ ရောင့်ရဲလွယ်ရခြင်းလည်း တစ်ပါး။
၄။ သူ့ကျေးဇူးကို သိရခြင်းလည်း တစ်ပါး။
၅။ လျောက်ပတ်သော အခါ၌ တရားတော်ကို နာရခြင်းလည်း တစ်ပါး။

## "ခန္တီ စ" ဟူသော ပုဒ်၌ (၄–ပါး)

၁။ သည်းခံရခြင်းလည်း တစ်ပါး။
၂။ သူတော်ကောင်းတို့ ဆုံးမရာ လိုက်နာလွယ်ရခြင်းလည်း တစ်ပါး။
၃။ ရဟန်းပုဏ္ဏားတို့အား ဖူးမြော်ရခြင်းလည်း တစ်ပါး။
၄။ လျောက်ပတ်သောအခါ၌ တရားစကားကို ဆွေးနွေးမေးမြန်းရခြင်းလည်း တစ်ပါး။

## "တပေါ စ" ဟူသော ပုဒ်၌ (၄–ပါး)

၁။ ခြိုးခြံစွာ ကျင့်ရခြင်းလည်း တစ်ပါး။
၂။ မြတ်သောအကျင့်ကို ကျင့်ရခြင်းလည်း တစ်ပါး။
၃။ အရိယသစ္စာတရားတို့ကို သိမြင်ရခြင်းလည်း တစ်ပါး။
၄။ နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်းလည်း တစ်ပါး။

## "ဖုဋ္ဌဿ" ဟူသော ပုဒ်၌ (၄–ပါး)

၁။ လောကဓံတရား ရှစ်ပါးတို့နှင့် တွေ့ကြုံငြားသော်လည်း ရဟန္တာပုဂ္ဂိုလ်တို့၏ စိတ်သည် တုန်လှုပ်ခြင်း မရှိသည်လည်း တစ်ပါး။

၂။ စိုးရိမ်ခြင်းမရှိသည်လည်း တစ်ပါး။
၃။ ရမ္မက်ဟူသော မြူကင်းခြင်းသည်လည်း တစ်ပါး။
၄။ ဘေးမရှိခြင်းသည်လည်း တစ်ပါး။

မင်္ဂလာတရား သရုပ် ပြီး၏။

❖❖❖❖❖

# မင်္ဂလသုတ် အမေးအဖြေ

မေး။ ယခု အဘယ်စာကို သင်သနည်း။
ဖြေ။ မင်္ဂလသုတ်ကို သင်ပါသည် ဘုရား။

မေး။ မင်္ဂလသုတ်၌ အပြားဘယ်မျှ ရှိသနည်း။
ဖြေ။ သုံးဆယ့်ရှစ်ပါး အပြားရှိပါသည် ဘုရား။

မေး။ အဘယ်ပါဠိကိုထောက်၍ သိရပါသနည်း။
ဖြေ။ ဒေသနာပရိယောသာနန်ဂုံး အဆုံးဖြစ်သော"တောဒိသာနိ အဋ္ဌတ္တိံသ မင်္ဂလာနိ" ဟူသော ပါဠိကို ထောက်၍ သိရပါသည် ဘုရား။

ရမေး။အဘယ်မျှသော ဂါထာဖြင့် ဟောတော်မူသနည်း။
ဖြေ။ ဆယ်ဂါထာဖြင့် ဟောတော်မူပါသည် ဘုရား။

မေး။ ဟောတော်မူသော ဂါထာကား အဘယ်ဂါထာနည်း။
ဖြေ။ အသေဝနာ စ-လည်း တစ်ဂါထာ၊ ပတိရူပ-လည်း တစ်ဂါထာ၊ ဗာဟုသစ္စဥ္စ-လည်း တစ်ဂါထာ၊ မာတာပိတု-လည်း တစ်ဂါထာ၊ ဒါနဉ္စ-လည်း တစ်ဂါထာ၊ အာရတိ-လည်း တစ်ဂါထာ၊

ဂါရဝေါ စ–လည်း တစ်ဂါထာ၊ ခန္တီ စ–လည်း တစ်ဂါထာ၊ တပေါ စ–လည်း တစ်ဂါထာ၊ ဖုဋ္ဌဿ–လည်း တစ်ဂါထာ၊ ဤဆယ်ဂါထာဖြင့် ဟောတော်မူပါသည် ဘုရား။

မေး။ အဘယ်ပြည်တွင် ဟောတော်မူသနည်း။

ဖြေ။ သာဝတ္ထိပြည်တွင် ဟောတော်မူပါသည် ဘုရား။

မေး။ သာဝတ္ထိပြည်ဟု အဘယ်ကြောင့် တွင်သနည်း။ (ဆိုသနည်းဟုလည်း မေး)။

ဖြေ။ "သဗ္ဗံ ဓနမေတ္ထ အတ္ထီတိ" ဟု ပါဠ်ရှိသောကြောင့် ခပ်သိမ်းသော လောကီ စည်းစိမ် ချမ်းသာ ရတနာအပေါင်းတို့သည် လိုရာ မတ ပြည့်စုံသောကြောင့် သာဝတ္ထိပြည်ဟု ခေါ်ပါသည်။

မေး။ သာဝတ္ထိပြည်တွင် အဘယ်အရပ်မှာ ဟောတော်မူသနည်း။

ဖြေ။ ဇေတဝန်ကျောင်းတော်၌ ဟောတော်မူပါသည် ဘုရား။

မေး။ ဇေတဝန်ကျောင်းတော်ဟု အဘယ်ကြောင့် ခေါ်သနည်း။

ဖြေ။ ဇေတ–မင်းသား၏ ဥယျာဉ်မြေကို ငွေအသပြာ အတိခင်းပြီးလျှင် မြေဖိုးပေး၍ဆောက်သောကြောင့် ဇေတဝန်ကျောင်းတော်ဟု ဆိုပါသည် ဘုရား။

မေး။ အဘယ်သူ ဆောက်သနည်း။

ဖြေ။ အနာထပိဏ်သူဌေး ဆောက်ပါသည် ဘုရား။

မေး။ အနာထပိဏ် သူဌေးဟု အဘယ်ကြောင့် ခေါ်ပါသနည်း။

ဖြေ။ အနာထာနံ ပိဏ္ဍံ ဒဒါတီတိ အနာထပိဏ္ဍိကော–ဟူသော ပါဠ်နှင့်အညီ ကိုးကွယ်ရာမရှိသော သူတို့ကို ထမင်းရေစာပေးတတ်သောကြောင့် အနာထပိဏ်သူဌေးဟုခေါ်တွင်ပါသည် ဘုရား။

မေး။ ငယ်မည်ကို အဘယ်သူခေါ်သနည်း။
ဖြေ။ သုဒတ္တ, ခေါ်ပါသည် ဘုရား။

မေး။ ဇေတဝန် ကျောင်းတော်သည် သာဝတ္ထိပြည်နှင့် နီးသ လော, ဝေးသလော၊ အရှေ့, အနောက်, တောင်, မြောက် စသည် တို့တွင် အဘယ်အရပ်မှာနည်း။
ဖြေ။ ဘဂဝါ သာဝတ္ထိယံ သာဝတ္ထိနဂရဿ အဝိဒူရေ ဓနုပဥ္စ– သတမတ္တေ ဒက္ခိဏပဿေ–ဟူသော သာဓကပါဠိ ရှိသော ကြောင့် သာဝတ္ထိပြည်၏ တောင်အရပ်ဖြစ်သော ကုလ–လေးတာ အပြန် ငါးရာ အရပ်တွင် ဖြစ်ပါသည် ဘုရား။

မေး။ ဇေတဝန် ကျောင်းတော်သည် လေးထောင့်လော၊ စံပယ်ရုံ လော၊ ဦးပြည်းလော။
ဖြေ။ တိ ဘုမ္မိကာသု ဂန္ဓကုဋိသု–ဟူ၍ သာဓကပါဠိရှိသော ကြောင့် စုလစ်မွမ်းချွန်တို့ဖြင့် တင့်တယ် ဆန်းကြယ်စွာ တန်ဆာ ဆင်အပ်၍ဘုံ သုံးဆင့်ရှိသော ဇေတဝန်ကျောင်းတော် ဖြစ်ပါသည် ဘုရား။

မေး။ အဘယ်သူ တောင်းပန်၍ ဟောတော်မူသနည်း။
ဖြေ။ အမျိုးအမည် မထင်ရှားသော နတ်သား တောင်းပန်၍ ဟောတော်မူပါသည် ဘုရား။

မေး။ အဘယ်ကြောင့် မထင်ရှားသော နတ်သားဟု ဆိုသနည်း။
ဖြေ။ အထ ခေါ အညတရာ ဒေဝတာ–ဟူသော ပါဠိကို ထောက် ၍ ဆိုပါသည် ဘုရား။

မေး။ မထင်ရှားသော နတ်သား အဘယ်သူ ဖြစ်သနည်း။
ဖြေ။ ဣန္ဒသက္က သိကြားဟု ဆိုပါသည် ဘုရား။

မေး။ အဘယ်အခါ တောင်းပန်သနည်း။
ဖြေ။ သန်းခေါင်အခါ တောင်းပန်ပါသည် ဘုရား။

မေး။ အဘယ်ကြောင့် သိရသနည်း။
ဖြေ။ အဘိက္ကန္တာယ ရတ္တိယာ–ဟူသော ပါဠ်ကို ထောက်၍ သိရပါသည် ဘုရား။

မေး။ မထင်ရှားသော နတ်သားကို အဘယ်အကြောင်းကြောင့် သိကြားဟု ဆိုသနည်း။
ဖြေ။ ဘုရားသခင်၏ ခြေရင်းတော်၌ ညဉ့်ဦးယံကား စာတုမဟာရာဇ် နတ်တို့သည် ဆည်းကပ်ဖူးမြော် ပူဇော်မြဲ အချိန်အခါ ဖြစ်ပါသည်။ သန်းခေါင်ယံ အခါ၌ တာဝတိံသာနတ်သိကြားတို့ ဆည်းကပ် ဖူးမြော်မြဲ အချိန်အခါ ဖြစ်ပါသည်။ မိုးသောက်ယံကား ဗြဟ္မာတို့ ဆည်းကပ်ဖူးမြော်မြဲ အချိန်အခါ ဖြစ်ပါသည်။ ထိုအချိန် ကာလ သုံးပါးတွင် သန်းခေါင်အချိန် ဖြစ်သောကြောင့် သိကြားဟု ဆိုပါသည် ဘုရား။

မေး။ သိကြားတောင်းပန်သည်ကို အဘယ်သူ ကြားသနည်း။
ဖြေ။ အရှင်အာနန္ဒာ ကြားပါသည် ဘုရား။

မေး။ အရှင်အာနန္ဒာ ကြားကြောင်းကို အဘယ်ကြောင့် သိရသနည်း။
ဖြေ။ အာနန္ဒတ္ထေရေန သုတံ–ဟူသော ပါဠ်ကို ထောက်၍ သိရပါသည် ဘုရား။

မေး။ အရှင်အာနန္ဒာ ကြားသော် ဘယ်သူကို ပြောသနည်း။
ဖြေ။ အရှင်မဟာကဿပ မထေရ်ကို ပြောပါသည် ဘုရား။

မေး။ အရှင်မဟာကဿပ–ဟု အဘယ်ကြောင့်ခေါ်သနည်း။
ဖြေ။ ကဿက ကမ္မာဒိသု သံဝေဂံ ပဋိလဘိတွာ ပဗ္ဗဇနတောတိ ကဿပေါ–ဟူသော ဝိဂြိုဟ်ပါဠိနှင့်အညီ လယ်လုပ်ခြင်း အစရှိသော အမှုတို့၌ ထိတ်လန့်ခြင်း တရားကိုရ၍ ရဟန်းပြုသောကြောင့် ကဿပ–ဟု ခေါ်ပါသည် ဘုရား။

မေး။ ငယ်မည်ကို အဘယ်သူ ဆိုသနည်း။
ဖြေ။ ရွှေအဆင်းကဲ့သို့ ကိုယ်သား ကိုယ်ရေတို့၏ တင့်တယ်ခြင်းရှိသောကြောင့် ပိပ္ပလိလုလင်ဟု ဆိုပါသည် ဘုရား။

မေး။ မင်္ဂလာသုံးဆယ့်ရှစ်ပါးဆိုသော် အဘယ်သည်တို့နည်း။
ဖြေ။ အသေဝနာစ ။ပ။ ဧတံ မင်္ဂလ မုတ္တမံ–ဟူသော ပထမ ဒေသနာတော်၌ မင်္ဂလာသုံးပါး။ ။ ပတိရူပ ။ပ။ ဧတံ မင်္ဂလ မုတ္တမံ–ဟူသော ဒုတိယ ဒေသနာတော်၌ မင်္ဂလာသုံးပါး။ ။ ဗာဟုသစ္စဉ္စ ။ပ။ ဧတံ မင်္ဂလ မုတ္တမံ–ဟူသော တတိယ ဒေသနာတော်၌ မင်္ဂလာလေးပါး။ ။ မာတာပိတု ။ပ။ ဧတံ မင်္ဂလ မုတ္တမံ–ဟူသော စတုတ္ထ ဒေသနာတော်၌ မင်္ဂလာသုံးပါး။ ။ ဒါနဉ္စ ။ပ။ ဧတံ မင်္ဂလ မုတ္တမံ–ဟူသော ပဉ္စမ ဒေသနာတော်၌ မင်္ဂလာလေးပါး။ ။ အာရတိ ။ပ။ ဧတံ မင်္ဂလ မုတ္တမံ–ဟူသော ဆဋ္ဌ ဒေသနာတော်၌ မင်္ဂလာလေးပါး။ ။ ဂါရဝေါ စ ။ပ။ ။ ဧတံ မင်္ဂလ မုတ္တမံ–ဟူသော သတ္တမ ဒေသနာတော်၌ မင်္ဂလာငါးပါး။ ။ ခန္တီ စ ။ပ။ ဧတံ မင်္ဂလ မုတ္တမံ–ဟူသော အဋ္ဌမ ဒေသနာတော်၌ မင်္ဂလာလေးပါး။ ။တပေါ

ခ ။ပ။ တော် မင်္ဂလ မုတ္တမံ –ဟူသော နဝမ ဒေသနာတော်၌ မင်္ဂလာ လေးပါး။ ။ ဖုဋ္ဌဿ ။ပ။ တော် မင်္ဂလ မုတ္တမံ–ဟူသော ဒသမ ဒေ သနာတော်၌ မင်္ဂလာလေးပါး။ ။ ဤသို့အားဖြင့် မင်္ဂလာ သုံးဆယ့် ရှစ်ပါး ရှိပါသည် ဘုရား။

**မေး။** အသေဝနာ စ–အစရှိသော ပထမဒေသနာတော်၌ မင်္ဂလာ သုံးပါးဆိုသော် အဘယ်သည်တို့နည်း။

**ဖြေ။** သူမိုက်တို့ကို မမှီဝဲ မဆည်းကပ်ရခြင်းသည်လည်း မင်္ဂလာ တစ်ပါး၊ ပညာရှိသော သူတို့ကို မှီဝဲဆည်းကပ် နှီးနှောရခြင်းသည် လည်း မင်္ဂလာတစ်ပါး၊ ဘုရားအစရှိသော ရတနာသုံးပါးတို့အား အရိ အသေ အလေးအမြတ် ပြုရခြင်းသည်လည်း မင်္ဂလာတစ်ပါး၊ ဤသို့ အားဖြင့် အသေဝနာစ–အစရှိသော ပထမ ဒေသနာတော်၌ မင်္ဂလာ သုံးပါး ရှိပါသည် ဘုရား။

**မေး။** အသေဝနာ စ–အစရှိသော ပထမ ဒေသနာတော်၌ မင်္ဂလာ သုံးပါးကို သိရပါပြီ၊ ပတိရူပ ဒေသဝါသော စ–အစရှိသော ဒုတိယဒေသနာတော်၌ မင်္ဂလာသုံးပါးဆိုသော် အဘယ် သည် တို့နည်း။

**ဖြေ။** တင့်အပ် လျောက်ပတ်သော အရပ်၌ နေရခြင်းသည်လည်း မင်္ဂလာတစ်ပါး၊ ရှေးကပြုခဲ့ဖူးသော ကောင်းမှုရှိခြင်းသည်လည်း မင်္ဂလာတစ်ပါး၊ မိမိကိုယ်ကို ကောင်းစွာ ထိန်းသိမ်းစောင့်ရှောက် ခြင်း သည်လည်း မင်္ဂလာတစ်ပါး၊ ဤသို့အားဖြင့် ပတိရူပဒေသဝါသော စ–အစရှိသော ဒုတိယဒေသနာတော်၌ မင်္ဂလာသုံးပါး ရှိပါသည် ဘုရား။

မေး။ ပတိရူပ ဒေသဝါသော စ–အစရှိသော ဒုတိယဒေသနာတော်၌ မင်္ဂလာသုံးပါးကို သိရပါပြီ၊ ဗာဟုသစ္စဉ္စ–အစရှိသော တတိယဒေသနာတော်၌ မင်္ဂလာလေးပါးဆိုသော် အဘယ်သည်တို့ နည်း။

ဖြေ။ ကျမ်းဂန်တရား အကြားအမြင်များရခြင်း သည်လည်း မင်္ဂလာတစ်ပါး၊ အပြစ်ခပ်သိမ်း ကင်းသော နှုတ်မှုအတတ်တို့ကို တတ်ရခြင်းသည်လည်း မင်္ဂလာတစ်ပါး၊ ကောင်းစွာ သင်အပ်သော ဝိနည်းတရားကို သင်ကြားရခြင်းသည်လည်း မင်္ဂလာတစ်ပါး၊ အင်္ဂါလေးပါးနှင့် ပြည့်စုံသော စကားကို ပြောဆိုရခြင်းသည်လည်း မင်္ဂလာတစ်ပါး၊ ဤသို့အားဖြင့် ဗာဟုသစ္စဉ္စ–အစရှိသော တတိယဒေသနာတော်၌ မင်္ဂလာလေးပါး ရှိပါသည် ဘုရား။

မေး။ ဗာဟုသစ္စဉ္စ–အစရှိသော တတိယ ဒေသနာတော်၌ မင်္ဂလာတရားလေးပါးကို သိရပါပြီ၊ မာတာပိတု–အစရှိသော စတုတ္ထဒေသနာတော်၌ မင်္ဂလာသုံးပါးဆိုသော် အဘယ်သည် တို့နည်း။

ဖြေ။ အမိ, အဖတို့ကို လုပ်ကျွေး မွေးမြူရခြင်းသည်လည်း မင်္ဂလာတစ်ပါး၊ သားမယားတို့အား သင်္ဂြိုဟ်ထောက်ပံ့ရခြင်းသည်လည်း မင်္ဂလာတစ်ပါး၊ အနှောင့်အယှက် မရှိသော လယ်လုပ်ခြင်း၊ ကုန်သွယ်ခြင်း အမှုတို့ကို ပြုရခြင်းသည်လည်း မင်္ဂလာတစ်ပါး၊ ဤသို့အားဖြင့် မာတာပိတု–အစရှိသော စတုတ္ထဒေသနာတော်၌ မင်္ဂလာတရား သုံးပါး ဖြစ်ပါသည် ဘုရား။

မေး။ မာတာပိတု–အစရှိသော စတုတ္ထဒေသနာတော်၌ မင်္ဂလာသုံးပါးကို သိရပါပြီ၊ ဒါနဉ္စ–အစရှိသော ပဉ္စမဒေသနာ တော်၌ မင်္ဂလာတရား လေးပါးဆိုသော် အဘယ်သည် တို့နည်း။

ဖြေ။ အလှူပေးခြင်းသည်လည်း မင်္ဂလာတစ်ပါး၊ တရားကိုကျင့်ရခြင်းသည်လည်း မင်္ဂလာတစ်ပါး၊ အဆွေအမျိုးတို့အား သင်္ဂြိုဟ်ထောက်ပံ့ရခြင်းသည်လည်း မင်္ဂလာတစ်ပါး၊ အပြစ်မရှိသော အမှုတို့ကို ပြုရခြင်းသည်လည်း မင်္ဂလာတစ်ပါး၊ ဤသို့ အားဖြင့် ဒါနဉ္စ–အစရှိသော ပဉ္စမဒေသနာတော်၌ မင်္ဂလာတရား လေးပါး ဖြစ်ပါသည် ဘုရား။

မေး။ ဒါနဉ္စ–အစရှိသော ပဉ္စမဒေသနာတော်၌ မင်္ဂလာတရား လေးပါး ကို သိရပါပြီ၊ အာရတိ–အစရှိသော ဆဋ္ဌဒေသနာတော်၌ မင်္ဂလာတရား လေးပါးဆိုသော် အဘယ်သည်တို့နည်း။

ဖြေ။ မကောင်းမှုကို မပြုမူ၍ ဝေးစွာကြဉ်ရှောင်ရခြင်းသည်လည်း မင်္ဂလာတစ်ပါး၊ ကိုယ်နှင့်အသက်ကို ငဲ့ကွက်ခြင်းကင်းသော စိတ်ဖြင့် "ငါသည် မကောင်းမှုကို မပြုပြီ၊ ငါ၏ အသက် သေသော်လည်း သေပါစေ သူ၏အသက်ကို မသတ်မူ၍ သူ့ဥစ္စာကို ခိုးယူခြင်း အစရှိသော အမှုကို မပြုပြီ"ဟု အထူးသဖြင့် ကြဉ်ရှောင် ရခြင်းသည် လည်း မင်္ဂလာတစ်ပါး။

မေး။ သုရာငါးပါးဆိုသည် အဘယ်နည်း။

ဖြေ။ ပိဋ္ဌသုရာ–မုန့်ညက်ဖြင့်ပြုသောသေ၊ ပူဝသုရာ–မုန့်ဖြင့် ပြုသောသေ၊ ဩဒနသုရာ–ထမင်းဖြင့် ပြုသောသေ၊ ကိဏ္ဏပက္ခိတ္တသုရာ–တဆေးထည့်၍ ပြုသောသေ၊ သမ္ဘာရ သံယုတ္တာ–များစွာ

သော အဆောက်အဦတို့ဖြင့် ပြည့်သောသေ၊ ဤသည်ကား သုရာ ငါးပါးဖြစ်ပါသည် ဘုရား။

မေး။ မေရယငါးပါးဆိုသည် အဘယ်နည်း။

ဖြေ။ ပုပ္ဖာသဝေါ–အပွင့် အရည်တို့ဖြင့် ပြုသောအရက်၊ ဖလာသဝေါ–သစ်မည်စည်သီး အစရှိသည်တို့ဖြင့် ပြုသော အရက်၊ မဓွာသဝေါ – မုဒရက်သီး အစရှိသည်တို့ဖြင့် ပြုသော အရက်၊ ဂုဠာ–သဝေါ – ကြံရည်တို့ဖြင့် ပြုသောအရက်၊ သမ္ဘာရသံယုတ္တော–များစွာသော အဆောက်အဦတို့ဖြင့် ပြုသောအရက်၊ ဤသည်ကား မေရယငါးပါး ဖြစ်ပါသည် ဘုရား။ ဆိုအပ်ခဲ့ပြီးသော ယစ်မျိုး ငါးပါးကို သောက်စားခြင်းမှ စောင့်စည်းရခြင်းသည်လည်း မင်္ဂလာတစ်ပါး၊ ဒါန, သီလ, ဘာဝနာ, အပစာယန, ဝေယျာဝစ္စ, ပတ္တိဒါန, ပတ္တာ–နုမောဒန, ဓမ္မဿဝန, ဓမ္မဒေသနာ, ဒိဋ္ဌိဇုကမ္မ–တည်းဟူသော ကုသိုလ်တရား ဆယ်ပါးတို့၌ မမေ့မလျော့ရခြင်း သည်လည်း မင်္ဂလာတစ်ပါး။ ဤသို့အားဖြင့် အာရတိ–အစရှိသော ဆဋ္ဌဒေသနာတော်၌ မင်္ဂလာတရား လေးပါး ဖြစ်ပါသည် ဘုရား။

မေး။ အာရတိ–အစရှိသော ဆဋ္ဌဒေသနာတော်၌ မင်္ဂလာတရား လေးပါးကို သိရပါပြီ၊ ဂါရဝေါ စ–အစရှိသော သတ္တမဒေသနာတော်၌ မင်္ဂလာတရား ငါးပါးဟူသော်ကား အဘယ်သည်တို့နည်း။

ဖြေ။ ဇာတိ, ဂုဏ်–ရှိသော သူတို့အား အရိုအသေ အလေးအမြတ်ပြုရခြင်းသည်လည်း မင်္ဂလာတစ်ပါး၊ မိမိကိုယ်ကို နှိမ့်ချခြင်းသည်လည်း မင်္ဂလာတစ်ပါး၊ ရရသမျှသော ပစ္စည်းအသုံးအဆောင် တို့ဖြင့် ရောင့်ရဲလွယ်ရခြင်းသည်လည်း မင်္ဂလာတစ်ပါး၊ သူတစ်ပါး

ကျေးဇူးကို သိရခြင်းသည်လည်း မင်္ဂလာတစ်ပါး၊ လျောက်ပတ်သော အခါ၌ တရားတော်ကို နာရခြင်းသည်လည်း မင်္ဂလာတစ်ပါး၊ ဤသို့အားဖြင့် သတ္တမဒေသနာတော်၌ မင်္ဂလာတရား ငါးပါး ဖြစ်ပါသည် ဘုရား။

မေး။ သတ္တမ ဒေသနာတော်ဖြစ်သော ဂါရဝေါ စ–၌ မင်္ဂလာတရားငါးပါးကို သိရပါပြီ၊ ခန္တီ စ–အစရှိသော အဋ္ဌမဒေသနာတော်၌ မင်္ဂလာတရား လေးပါး ဟူသော်ကား အဘယ်သည်တို့နည်း။

ဖြေ။ ကိုယ့်အောက်ယုတ်သော သူတို့ကို သည်းခံရခြင်းသည်လည်း မင်္ဂလာတစ်ပါး၊ သူတော်ကောင်းတို့ ဆိုလွယ်သော သူ၏ အဖြစ်သည်လည်း မင်္ဂလာတစ်ပါး၊ ရဟန်း, ပုဏ္ဏားတို့အား ဖူးမြင်ရခြင်းသည်လည်း မင်္ဂလာတစ်ပါး၊ လျောက်ပတ်သောအခါ၌ တရားစကားကို နှီးနှောပြောဆို ဆွေးနွေးမေးမြန်းရခြင်းသည်လည်း မင်္ဂလာတစ်ပါး၊ ဤသို့အားဖြင့် အဋ္ဌမ ဒေသနာတော်ဖြစ်သော ခန္တီစ–၌ မင်္ဂလာတရားလေးပါး ဖြစ်ပါသည် ဘုရား။

မေး။ အဋ္ဌမ ဒေသနာတော်ဖြစ်သော ခန္တီ စ–၌ မင်္ဂလာတရားလေးပါးကို သိရပါပြီ။ တပေါ စ–အစရှိသော နဝမ ဒေသနာတော်၌ မင်္ဂလာတရား လေးပါးဟူသည်ကာ အဘယ်သည်တို့နည်း။

ဖြေ။ ခြိုးခြံစွာကျင့်ရခြင်းသည်လည်း မင်္ဂလာတစ်ပါး၊ မြတ်သော မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာ–တည်းဟူသော ဗြဟ္မစိုရ်တရားကို ကျင့်ရခြင်းသည်လည်း မင်္ဂလာတစ်ပါး၊ အရိယသစ္စာတရားမှန်တို့ကို သိမြင်ရခြင်းသည်လည်း မင်္ဂလာတစ်ပါး၊ [illegible]

၂၅၂၁၅

ဖိုလ် နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်းသည်လည်း မင်္ဂလာတစ်ပါး၊ ဤသို့အားဖြင့် တပေါ စ–အစရှိသော နဝမဒေသနာတော်၌ မင်္ဂလာတရားလေးပါး ဖြစ်ပါသည် ဘုရား။

မေး။ နဝမ ဒေသနာတော်ဖြစ်သော တပေါ စ–၌ မင်္ဂလာတရားလေးပါးကို သိရပါပြီ၊ ဖုဋ္ဌဿ–အစရှိသော ဒသမဒေသနာတော်၌ မင်္ဂလာတရားလေးပါး ဟူသော်ကား အဘယ်သည်တို့နည်း။

ဖြေ။ လာဘော, အလာဘော၊ ယသော, အယသော၊ နိန္ဒာ,ပသံသာ၊ သုခံ, ဒုက္ခံ–တည်းဟူသော လောကဓံတရား ရှစ်ပါးတို့နှင့်တွေ့သော ရဟန္တာပုဂ္ဂိုလ်၏ စိတ်သည် တုန်လှုပ်ခြင်းမရှိသောအဖြစ်သည်လည်း မင်္ဂလာတစ်ပါး၊ ထိုလောကဓံတရား ရှစ်ပါး တို့ကိုတွေ့သောအခါ စိုးရိမ်ခြင်း မရှိသည်လည်း မင်္ဂလာတစ်ပါး၊ ကိလေသာ ရမ္မက်ဟူသော အညစ်အကြေးမတင် သန့်ရှင်းစင် သောအဖြစ်သည်လည်း မင်္ဂလာတစ်ပါး၊ ကြောက်လန့်ခြင်း ကင်း သောအဖြစ်သည်လည်း မင်္ဂလာတစ်ပါး၊ ဤသို့အားဖြင့် ဒသမဒေသနာတော်၌ မင်္ဂလာတရား လေးပါးဖြစ်ပါသည် ဘုရား။

မေး။ မင်္ဂလာတရားတော်ကို အရှင်အာနန္ဒာမထေရ်သည် အရှင်မဟာကဿပမထေရ်အား ပြောသည်ဆိုသော် အဘယ်အရပ်မှာ ပြောသနည်း။

ဖြေ။ ရာဇဂြိုဟ်ပြည်မှာ ပြောပါသည်ဘုရား။

မေး။ ရာဇဂြိုဟ်ပြည်ဟု အဘယ့်ကြောင့် ခေါ်ပါသနည်း။

ဖြေ။ စကြဝတေးအစရှိသော ဘုန်းကြီးသော မင်းတို့သည် သိမ်းယူရာဖြစ်သောကြောင့် ရာဇဂြိုဟ်ဟု ခေါ်တွင်ပါသည် ဘုရား။

မေး။ ရာဇဂြိုဟ်ပြည် မြို့တွင်းမှာလော၊ မြို့ပြင်မှာလော၊ အရှေ့, အနောက်, တောင်, မြောက်–စသောအရပ်တွင် အဘယ် အရပ်မှာ ပြောသနည်း။

ဖြေ။ ရာဇဂြိုဟ်ပြည် မြို့ပြင်, မြောက်ဘက်အရပ်, ဝေဘာရ တောင်ဝှမ်း, စရည်းပင်ရောက်သော ကျောက်ဂူလိုဏ်ဝ၌ နတ်တို့ ဘုံဆောင် ဗိမာန်နှင့်တူသော ရတနာမျိုးတို့ဖြင့် တန်ဆာဆင်အပ် သော ချောမောပြေပြစ် ဆန်းကြယ်လှစွာသော ရတနာသဘင် မဏ္ဍပ်မှ ဣန္ဒနီလာ, မသာရကန်, မနောမယ–အစရှိသော ရတနာ မျိုးတို့ဖြင့် စီမံအပ်သော တွေတွေ ဒိးဒိး ရွှေချောင်းစီးသကဲ့သို့ လျှံညီး တောက်ပသော ပလ္လင်ထက်၌ အဖိုးအတိုင်းမသိထိုက်သော ခင်းနှီး နေရာပေါ်တွင် ဆင်စွယ်စီသော ယပ်ကိုကိုင်၍ အရှေ့ စူးစူးသို့ မျက်နှာပြုလျက် နေတော်မူပြီးလျှင် ပဌမသင်္ဂါယနာကို အမှူးပြု၍ ဆောင်ရွက်တော်မူသော အရှင်မဟာကဿပ ရဟန္တာ ကြီးက မေးတော်မူလျှင် အရှင်အာနန္ဒာ ဖြေလျှောက်ပါသည် ဘုရား။ နတ်သားတောင်းပန်၍ ဟောတော်မူသောအခါ "ကုဋေ ရှစ်သန်းမျှလောက် ကုန်သော နတ်သားတို့သည် ရဟန္တာ ဖြစ်ကြ ၏"ဆိုပါသည်။ "သောတာပန်, သကဒါဂါမ်, အနာဂါမ်ဖြစ်သူ အနန္တ" ဆိုပါသည် ဘုရား။

မင်္ဂလသုတ် အမေးအဖြေ ပြီး၏။

❖❖❖❖❖

(၂၄)

# မင်္ဂလသုတ်၌ အထူးမှတ်ရန် အဓိပ္ပာယ်

(မင်္ဂလသုတ်၌ အဓိပ္ပာယ်ကို အထူး မှတ်သားရန် အနည်း ငယ်မျှ ထည့်သွင်းလိုက်ပါဦးအံ့။)

ဧကမန္တံ အဋ္ဌာသိ–ဟူသော ပါဌ်၏ အဓိပ္ပာယ်ကာ – နီးလွန်းသော အရပ်၊ ဝေးလွန်းသောအရပ်၊ လေညာဖြစ်သောအရပ်၊ မြင့်သောအရပ်၊ ရှေ့တူရူ ဖြစ်သောအရပ်၊ နောက်တူရူ ဖြစ်သော အရပ်၊ ၎င်း–ခြောက်ရပ်မှ လွတ်သောအရပ်ကို ဆိုလိုသည်။

ပတိရူပ ဒေသဝါသော စ–ဟူသောပါဌ်၏ အဓိပ္ပာယ်ကား– ရတနာသုံးပါး ထင်ရှားရှိသောအရပ်၌ နေရခြင်းကို ဆိုလိုသည်။

အတ္တသမ္မာပဏိဓိ စ–ဟူသော ပါဌ်၏အဓိပ္ပာယ်ကား– ဒုစရိုက် ဆယ်ပါးမှ ရှောင်ကြဉ်ရမည် ဆိုလိုသည်။

သုဘာသိတာ စ ယာ ဝါစာ–ဟူသောပါဌ်၏ အဓိပ္ပာယ်ကား– ပိသုဏဝါစာ–မှကြဉ်၍ဆိုသော သုဘာသိတ စကား၊ ဖရုသဝါစာမှ ကြဉ်၍ဆိုသော ပိယဝါစာ စကား၊ သမ္ဖပ္ပလာပ–မှ ကြဉ်၍ဆိုသော ဓမ္မစကား၊ မုသာဝါဒ–မှကြဉ်၍ ဆိုသော သစ္စာစကား၊ ဤအင်္ဂါ လေးပါးနှင့် ပြည့်စုံသော စကားကို ဆိုလိုသည်။

ပုတ္တဒါရဿ သင်္ဂဟော–ဟူသော ပါဌ်၏ အဓိပ္ပာယ်ကား– သရဏဂုံဆောက်တည်၍, ပဉ္စသီလကို ထိန်းစောင့်၍ ကုသိုလ် ကောင်းမှုကိုပြု၍, တရားတော်နှင့်အညီ သား,မယား မွေးရမည် ဆိုလိုသည်။

ဒါနဉ္စ ဓမ္မစရိယာ–ဟူသော ပါဠိ၏ အဓိပ္ပာယ်ကား– ဆွမ်း, အဖျော်, ကျောင်း, သင်္ကန်း, ယာဉ်, ပန်း, နံ့သာပျောင်း, နံ့သာ, အိပ်ရာနေရာ, ဆီမီး, ၎င်းဒါနဝတ္ထုဆယ်ပါး၊ သူနာတို့၏ အထောက်အပံ့ဖြစ်သော ဆေး၊ ဤဆယ့်တစ်ပါးကို ဒါနဉ္စ–ပုဒ်၌ သွင်းအပ်၏။ ငါးပါးသီလ, ဆယ်ပါးသီလ, စတုပါရိသုဒ္ဓိသီလ–တို့ကို ဓမ္မစရိယာ–ပုဒ်၌ သွင်းအပ်၏။ အဋ္ဌင်္ဂသီလကို အနဝဇ္ဇာနိ ကမ္မာနိ–ဟူသောပုဒ်၌ သွင်းအပ်၏။

အာရတိ ဝိရတိ–ဟူသောပါဠိ၏ အဓိပ္ပာယ်ကား– စိတ်နှလုံးဖြင့် ကြဉ်ခြင်းသည် အာရတိ–မည်၏။ ကိုယ်,နှုတ်နှစ်ပါးဖြင့် ကြဉ်ခြင်းသည် ဝိရတိ–မည်၏။

မဇ္ဇပါနာ–ဟူသောပါဠိ၏ အဓိပ္ပာယ်ကား– သုရာငါးပါး, မေရယငါးပါးကို ကြဉ်ရှောင်ရမည် ဆိုလိုသည်။

သန္တုဋ္ဌိ စ–ဟူသောပါဠိ၏ အဓိပ္ပာယ်ကား– ကိလေသာတို့ကို ခေါင်းပါးစေခြင်းငှာ လောဘအာရုံသို့ မလိုက်မူ၍ ရရှိသမျှသော ပစ္စည်းတို့ဖြင့် ရောင့်ရဲ၍ သုံးဆောင်ရမည် ဆိုလိုသည်။

ကာလေန ဓမ္မဿဝနံ–ဟူသောပါဠိ၏ အဓိပ္ပာယ်ကား– ကာမဝိတက်, ဗျာပါဒ ဝိတက်, ဝိဟိံသာ ဝိတက်၊ ဤမိစ္ဆာဝိတက် မဝင်လာသောအခါသည် တရားတော်ကို နာခြင်းငှာ လျောက်ပတ်သောအခါ မည်၏။

သောဝစဿတာ–ဟူသောပါဠိ၏ အဓိပ္ပာယ်ကား– သားတော်ရာဟုလာကို ဩဝါဒ ပေးတော်မူသောအခါ တစ်ခွန်းတည်းသော စကားဖြင့် နာယူလွယ်သကဲ့သို့ သူတော်ကောင်းတို့ ဆုံးမစကားကို တစ်ခွန်းတည်းဖြင့် နားထောင် နာယူလွယ်ရမည် ဆိုလိုသည်။

သမဏာနဉ္စ ဒဿနံ–ဟူသောပါဠိ၏ အဓိပ္ပာယ်ကား– သီလဝန္တ ပုထုဇဉ်ပုဂ္ဂိုလ်နှင့်တကွ သေက္ခပုဂ္ဂိုလ် ခုနစ်ယောက်တို့ အား ဖူးမြင်ရမည် ဆိုလိုသည်။

တပေါ စ–ဟူသောပါဠိ၏ အဓိပ္ပာယ်ကား– ဝီရိယကိုဖြစ်စေ ၍, ဣန္ဒြိယသံဝရသီလကို လုံအောင်ထိန်းသိမ်းရမည် ဆိုလိုသည်။

ဗြဟ္မစရိယဉ္စ–ဟူသောပါဠိ၏ အဓိပ္ပာယ်ကား– မေထုန် ၇–ပါး မှ ကြဉ်ရမည် ဆိုလိုသည်။

အရိယသစ္စာနဒဿနံ–ဟူသောပါဠိ၏ အဓိပ္ပာယ်ကား– သစ္စာလေးပါးကို မဂ်ဉာဏ်ဖြင့် မြင်ရမည်ဟု ဆိုလိုသည်။

နိဗ္ဗာနသစ္ဆိကိရိယာ–ဟူသောပါဠိ၏ အဓိပ္ပာယ်ကား– အရဟတ္တဖိုလ်သို့ ရောက်ခြင်း, ဆင်ခြင်ခြင်းကို ဆိုလိုသည်။

လောကဓမ္မေဟိ–ဟူသောပါဠိ၏ အဓိပ္ပာယ်ကား– လာဘ်ရခြင်း, လာဘ်မရခြင်း၊ အခြံအရံရှိခြင်း, အခြံအရံမရှိခြင်း၊ ကဲ့ရဲ့ခြင်း ချီးမွမ်းခြင်း၊ ချမ်းသာခြင်း, ဆင်းရဲခြင်း၊ ဤလောကဓံတရား ရှစ်ပါး ကို ဆိုလိုသည်။

မင်္ဂလသုတ်၌ အထူးမှတ်ရန် အဓိပ္ပာယ် ပြီး၏။

# မင်္ဂလာသံပေါက်

၁။ ကောလာဟလ၊ ကြံကုန်ကြ၊ ဒေဝမနုဿာ။
၂။ သက္ကသိကြား၊ တောင်းပန်ငြား၊ ဟောထား ဒေသနာ။
၃။ အသေဝနာစ၊ ဗာလာန၊ ရှောင်ကြ ဝေးဝေးခွာ။
၄။ ပဏ္ဍိတာနဥ္စ၊ သေဝနာ၊ ပေါင်းကြ မှီဝဲရာ။
၅။ ပူဇနီယ၊ ပူဇာစ၊ ပြုအပ်လှ သည်သာ။
၆။ ပတိရူပ၊ တင့်အပ်လှ၊ ဒေသ အရပ်မှာ။
၇။ ပုဗ္ဗေကတ၊ လှူဒါန၊ ရှေးက ပြုသော်သာ။
၈။ ကိုယ်ကိုစောင့်မ၊ ဆောက်တည်က၊ လားကြ နိဗ္ဗုတာ။
၉။ အကြားအမြင်၊ များမြောက်ပင်၊ ကြည်လင် အားထုတ်ပါ။
၁၀။အပြစ်မရှိ ကင်းလွတ်ဘိ၊ ကဝိ မှတ်ကုန်ရာ။
၁၁။ဝိနယောစ၊ သိက္ခိတ၊ သင်ကြ မျိုးလေးဖြာ။
၁၂။သုဘာသိတ၊ ယာဝါစ၊ ကောင်းလှ ဆိုအပ်စွာ။
၁၃။မာတာ, ပိတ၊ မိနှင့်ဘ၊ နိစ္စ လုပ်ကျွေးပါ။
၁၄။မယား,သားအား၊ သင်္ဂြိုဟ်ငြား၊ တစ်ပါး မင်္ဂလာ။
၁၅။အနာကုလ၊ ကမ္မန္တ၊ ပြုကြ မှုကိစ္စာ။
၁၆။အလှူဒါန၊ ပေးဝေငှ၊ ထက်လှ စေတနာ။
၁၇။အကျင့်ဓမ္မ၊ ကောင်းမြတ်လှ၊ မခွ သူတော်စွာ။
၁၈။ဉာတကာနဥ္စ၊ သင်္ဂဟ၊ မ,စ သင်္ဂြိုဟ်ပါ။
၁၉။အနဝဇ္ဇ၊ ပြစ်မရ၊ ပြုကြ အပ်သည်သာ။
၂၀။အာရတီစ၊ အဓမ္မ၊ နေ့ည ကြဉ်ကုန်ပါ။
၂၁။ဝိရတီစ၊ ထူးထွေလှ၊ ကြဉ်ကြ မှုပါပါ။
၂၂။မဇ္ဇပါန၊ ယစ်မျိုးစ၊ ရှောင်ကြ လူတကာ။

၂၃။ ကုသိုလ်ဓမ္မ၊ အားထုတ်ကြ၊ နေ့ည မမေ့ရာ။
၂၄။ ဂါရဝေါစ၊ ရိုတုပ်ကွ၊ မြတ်လှ ဓမ္မတာ။
၂၅။နိဝါတောစ၊ ကိုယ်နှိမ့်ချ၊ မာန မထောင်ရာ။
၂၆။သန္တုဋ္ဌိစ၊ ရောင့်ရဲကြ၊ နိစ္စ အလွယ်သာ။
၂၇။သူ့ကျေးဇူး၊ မထိမ်မြူး၊ ကြည်နူး သိကုန်ပါ။
၂၈။လျောက်ပတ်ကာလ၊ မြတ်ဓမ္မ၊ နာကြ အပ်သည်သာ။
၂၉။သည်းခံနှလုံး၊ သူတော်ထုံး၊ ရှင်ပြုံး ကျင့်အပ်စွာ။
၃၀။ကောင်းသည့်စကား၊ ဆိုတတ်ငြား၊ အများ ကြည်မေတ္တာ။
၃၁။မကောင်းမှုအား၊ ဝေးစွာရှား၊ လားလား ကြဉ်ကုန်ပါ။
၃၂။ရဟန်းသူမြတ်၊ ဖူးမြင်အပ်၊ ယွင်းချွတ် မရှိရာ။
၃၃။သုံးခါတစ်လ၊ မြတ်ဓမ္မ၊ နေ့ည ဆွေးနွေးရာ။
၃၄။ခြိုးခြံကျင့်ပတ်၊ သူတော်မြတ်၊ မပြတ် အရိယာ။
၃၅။ဗြဟ္မစရိယ၊ ဖြူစင်လှ၊ ကျင့်ကြ ပဏ္ဍိတာ။
၃၆။အရိယသစ္စ၊ ဒဿန၊ သိကြ မျိုးလေးဖြာ။
၃၇။နိဗ္ဗာန် မျက်မှောက်၊ ပြုကုန်မြောက်၊ ထွန်းတောက် မင်္ဂလာ။
၃၈။လောကဓံတရား၊ တွေ့ကြုံငြား၊ လှုပ်ရှား မရှိရာ။
၃၉။စိုးရိမ်သောက၊ စိတ်မခ္ဓ၊ ကင်းကြ လွတ်သည်သာ။
၄၀။ကိလေသာမျိုး၊ နှောင်ဖွဲ့ကြိုး၊ ဖြတ်ချိုး ရှင်းရှင်းကွာ။
၄၁။အဇ္ဈတ္တိက၊ ဗာဟိရ၊ ဘေးမှ လွတ်သည်သာ။
၄၂။သုံးဆယ့်ရှစ်ပါး၊ ဤတရား၊ အများ မှတ်ကုန့်ပါ။
၄၃။ကျက်၍အရ၊ ဆောင်လေက၊ ကြီးလှ မင်္ဂလာ။
၄၄။ကျက်သရေမျိုး၊ နေ့တိုင်းတိုး၊ ဟိုးဟိုး ကျော်မည်သာ။
မင်္ဂလာသံပေါက် ပြီး၏။

(၂၉)

# ဒဂုန်ဦးထွန်းမြင့်၏ မင်္ဂလာကဗျာ

## အသေဝနာ စ ဇာလာနံ

၁။ လူမိုက်ဆိုလျှင်၊ ရှောင်သွေလွှဲလို့
မမှီဝဲနှင့်၊ ကင်းအောင်နေ။
ပညာရှိကို၊ အရှည်တွဲလို့
မှီဝဲဆည်းကပ်၊ နည်းယူစေ။
သုံးပါးရတနာ၊ မိဘများနှင့်
ဆရာသမားကို၊ ပူဇော်လေ။
ချမ်းသာကိုပေး၊ ဆက်ဆံရေး
မျှော်တွေး သုံးချက်ပေ။
အဲဒါမှ "ဗုဒ္ဓဝါဒ" ကမ္ဘာ့မင်္ဂလာတွေ။

## ပတိရူပ

၂။ ကုသိုလ်ပညာ၊ ဥစ္စာရဖို့
သင့်ရာဒေသ၊ အမြဲနေ။
ရှေးကတင်ကြို၊ ပြုခဲ့ဖူးသည့်
ကောင်းမှုအထူး၊ ရှိပါစေ။
မိမိကိုယ်ကို၊ ကောင်းအောင်ထိန်းလို့
မတိမ်းစေနှင့်၊ တည်ဆောက်လေ။
ဥစ္စာကိုပေး၊ နေထိုင်ရေး
မျှော်တွေးသုံးချက်ပေ။
အဲဒါမှ "ဗုဒ္ဓဝါဒ" ကမ္ဘာ့မင်္ဂလာတွေ။

## ဗာဟုသစ္စ

၃။ တတ်ကောင်းတတ်ရာ၊ ဟူသမျှကို
ကြား, မြင်, သုတ၊ ရှိပါစေ။
အိုးအိမ်တည်ထောင်၊ ဝမ်းစာရေးနဲ့
အသက်မွေးဖို့၊ အတတ်သင်လေ။
လူနှင့်ဆိုင်ရာ၊ ကျင့်ဝတ်များကို
ကောင်းစွာသင်ကြား၊ နားလည်စေ။
မှန်ကန်ယဉ်ကျေး၊ ချိုသာအေး
ဆိုရေးတတ်ပါစေ။

အဲဒါမှ "ဗုဒ္ဓဝါဒ" ကမ္ဘာ့မင်္ဂလာတွေ။

## မာတာပိတု

၄။ မြင်းမိုရ်ရွှေတောင်၊ မိဘ, ကြေးကို
ကောင်းစွာဆပ်ပေး၊ ဝတ်ကျေကျေ။
ကြွေးသစ်ချကာ၊ သားနှင့်မယားကို
မြှောက်စားချီးမြှင့်၊ ဝတ်ကုန်စေ။
အလုပ်တာဝန်၊ မလစ်ဟင်းနဲ့
အပြစ်ကင်းအောင်၊ လုပ်ပါလေ။
စည်းစိမ်ကိုပေး၊ ပြုစုရေး
မျှော်တွေးသုံးချက်ပေ။
အဲဒါမှ "ဗုဒ္ဓဝါဒ" ကမ္ဘာ့မင်္ဂလာတွေ။

## ဒါနဥ္စ

၅။ သုံးတန်စေတနာ၊ ဖြူစင်လန်းလို့
ပေးကမ်းဝေမျှ၊ လှူနိုင်စေ။
ကိုယ်, နှုတ်, စိတ်ကြံ၊ မမိုက်မှားနဲ့
သုစရိုက်တရားကို၊ ကျင့်ပါလေ။
ဆွေမျိုးတွေကို၊ ပြင်ပ မထားနဲ့
သင်္ဂဟတရားနှင့်၊ ချီးမြှောက်လေ။
သန့်စင်ပြစ်မျိုး၊ လူထုအကျိုး
သယ်ပိုးဆောင်ရွက်စေ။
အဲဒါမှ "ဗုဒ္ဓဝါဒ" ကမ္ဘာ့မင်္ဂလာတွေ။

## အာရတိ ဝိရတိ

၆။ မကောင်းမှုတွေ၊ ဟူသမျှကို
မတွေ့ခင်က၊ ရှောင်ကြဉ်လေ။
တွေ့ကြုံလာလျှင်၊ မလွန်ကျူးနဲ့
အထူးသဖြင့်၊ စောင့်စည်းလေ။
အရက်သေစာ၊ မသောက်စားနဲ့
မှောက်မှားတတ်တဲ့၊ အရာပေ။
လုပ်ကိုင်ပြောကြား၊ သတိထား
တရားမမေ့စေ။
အဲဒါမှ "ဗုဒ္ဓဝါဒ" ကမ္ဘာ့မင်္ဂလာတွေ။

## ဂါရဝေါ စ

၇။ အသက်ဂုဏ်ဝါ၊ ကိုယ့်ထက်ကြီးက
ဆည်းကပ် ခ,စား၊ ရှိသေလေ။
မာနတံခွန်၊ ဂုဏ်မကြွနှင့်
ကိုယ့်ကိုနှိမ့်ချ၊ အမြဲနေ။
လောဘအပို၊ လိုမလိုက်နဲ့
ကိုယ်ထိုက်တာနဲ့၊ ကျေနပ်လေ။
ကိုယ့်ပေါ်ပြုဖူး၊ သူ့ကျေးဇူး
အထူးသိတတ်စေ။
ကောင်းကျိုးဆင့်ပွား၊ မြတ်တရား
နာကြားမပြတ်ပေ။
အဲဒါမှ "ဗုဒ္ဓဝါဒ" ကမ္ဘာ့မင်္ဂလာတွေ။

## ခန္တီ စ

၈။ စားဝတ်နေထိုင်၊ ရန် ခပ်သိမ်း
စိတ်ကိုချုပ်ထိန်း၊ သည်းခံလေ။
ကျိုးကြောင်းပြည့်ဝွန်၊ ဆုံးမစကားကို
ပြောကြားလာက၊ နာလွယ်စေ။
သူမြတ်ပုဂ္ဂိုလ်၊ ဟူသမျှကို
မကြာခဏ၊ တွေ့ဆုံလေ။
သဘာဝတွေး၊ မှန်ကန်ရေး၊ ဆွေးနွေးမပြတ်ပေ။
အဲဒါမှ "ဗုဒ္ဓဝါဒ" ကမ္ဘာ့မင်္ဂလာတွေ။

## တပေါ ၈

၉။ လောကီအာရုံ၊ ဓမ်မယစ်မူးလို့
ပျော်မကြူးနဲ့၊ ငြိုးခြံလေ။
မေတ္တာ, ဗြဟ္မစိုရ်၊ လက်ကိုင်သုံးလို့
သူမြတ်ကျင့်ထုံး၊ ယွင်းမသွေ။
လေးပါးသစ္စာ၊ ဉာဏ်မြင်ကြည့်လို့
အမှန်သိအောင်၊ ကြိုးစားလေ။
ဒုက္ခလွတ်ကင်း၊ နိဗ္ဗာန်ချဉ်း
အလင်းပေါက်နိုင်စေ။
အဲဒါမှ "ဗုဒ္ဓဝါဒ" ကမ္ဘာ့မင်္ဂလာတွေ။

## ဖုဋ္ဌသ

၁၀။ ဆင်းရဲချမ်းသာ၊ သဘာဝ
တွေ့ကြုံနေကျ၊ လူတိုင်းပေ။
ကောင်းဆိုးနှစ်တန်၊ အစုံတွဲလို့
တစ်လှည့်စီလဲ၊ အမြဲနေ။
လောကဓံကြုံ၊ မဖြုံတမ်းပေါ့
မတုန်လှုပ်စမ်းနဲ့၊ စိတ်ခိုင်စေ။
သောကကိုထိန်း၊ ရမ္မက်သိမ်း
အေးငြိမ်းချမ်းသာနေ။
အဲဒါမှ "ဗုဒ္ဓဝါဒ" ကမ္ဘာ့မင်္ဂလာတွေ။

## ပုံတော်စုံ–ဆယ်စောင်တွဲ

### မင်္ဂလာပြုကျင့်ရကျိုး

၁၁။ သုံးဆယ့်ရှစ်ဖြာ၊ မင်္ဂလာကုံးကို
လိုက်နာကျင့်သုံး၊ ပန်သူတွေ။
စီးပွားချမ်းသာ၊ ကျက်သရေတိုးလို့
ကောင်းကျိုးစည်ပွင့်၊ တဝေဝေ။
ဘေးရန်ကင်းကွာ၊ ချစ်သူပေါလို့
ကိုယ်ရော, စိတ်ရော၊ ချမ်းသာမလေ။
ပြောဆိုကြံဆ၊ ဆောင်သမျှ၊ အောင်ရမည်ကိန်းသေ။
အဲဒါကြောင့် ပန်ကြ, ဆင်ကြ ‘မင်္ဂလာ’ ပန်းခိုင်တွေ။

### နိဂုံးကဗျာ

၁၂။ သုံးဆယ့်ရှစ်ဖြာ၊ မင်္ဂလာတရားတို့
ပျက်ပြားနေကြ၊ ကမ္ဘာမြေ။
ဟိုတိုင်း, ဒီပြည်၊ ရန်စစ်ခင်းလို့
လူနှင့်လူချင်း၊ သတ်ကာနေ။
ငြိမ်းချမ်းပါစေ၊ အာသီသနဲ့
စွမ်းနိုင်ရာက၊ ကူညီသလေ။
သုံးဆယ့်ရှစ်ပါး၊ မင်္ဂလာတရား
ရေးသား ဖြန့်ကာဝေ။
အဖိုးတန်တဲ့ “ဗုဒ္ဓဝါဒ” ကမ္ဘာကသိပါစေ။

ဒဂုံ–ဦးထွန်းမြင့်

# ၂—အပြင်အောင်ခြင်းရှစ်ပါးပါဠိ

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

၁။ ဗာဟုံသဟဿ မဘိနိမ္မိတ သာဝုဓန္တံ၊
ဂိရိမေခလံ ဥဒိတဃောရ သသေန မာရံ။
ဒါနာဒိ ဓမ္မဝိဓိနာ ဇိတဝါ မုနိန္ဒော၊
တံ တေဇသာ ဘဝတု မေ ဇယ မင်္ဂလဂ္ဂံ။

၂။ မာရာတိရေက မဘိယုဇ္ဈိတ သဗ္ဗ ရတ္တိံ၊
ဃောရံ ပနာဠဝက မက္ခမ ထဒ္ဓ ယက္ခံ။
ခန္တီ သုဒန္တ ဝိဓိနာ ဇိတဝါ မုနိန္ဒော၊
တံ တေဇသာ ဘဝတု မေ ဇယ မင်္ဂလဂ္ဂံ။

၃။ နာဠာဂိရိံ ဂဇဝရံ အတိမတ္တဘူတံ၊
ဒါဝဂ္ဂိ စက္က မသနီဝ သုဒါရုဏန္တံ ။
မေတ္တမ္ဗုသေက ဝိဓိနာ ဇိတဝါ မုနိန္ဒော၊
တံ တေဇသာ ဘဝတု မေ ဇယ မင်္ဂလဂ္ဂံ။

၄။ ဥက္ခိတ္တ ခဂ္ဂ မဘိဟတ္ထ သုဒါရုဏန္တံ ။
ဓာဝံ တိယောဇန ပထင်္ဂုလိမာလဝန္တံ ။
ဣဒ္ဓါဘိသင်္ခတ မနော ဇိတဝါ မုနိန္ဒော၊
တံ တေဇသာ ဘဝတု မေ ဇယ မင်္ဂလဂ္ဂံ၊

၅။ ကတွာန ကဋ္ဌ မုဒရံ ဣဝ ဂဗ္ဘိနီယံ၊
စိဉ္စာယ ဒုဋ္ဌ ဝစနံ ဇနကာယ မဇ္ဈေ။

သန္တေန သောမ ဝိဝိနှာ ဓိတဝါ မုနိန္ဒော၊
တံ တေဇသာ ဘဝတု မေ ဇယ မင်္ဂလဂ္ဂံ။

၆။ သစ္စံ ဝိဟာယ အတိသစ္စက ဝါဒကေတုံ၊
ဝါဒါဘိရောပိတ မနံ အတိအန္ဓဘူတံ။
ပညာ ပဒီပ ဇလိတော ဓိတဝါ မုနိန္ဒော၊
တံ တေဇသာ ဘဝတု မေ ဇယ မင်္ဂလဂ္ဂံ။

၇။ နန္ဒောပနန္ဒ ဘုဇဂံ ဝိဝိဓံ မဟိဒ္ဓိံ၊
ပုတ္တေန ထေရဘုဇဂေန ဒမာပယန္တော။
ဣဒ္ဓူပဒေသ ဝိဝိနှာ ဓိတဝါ မုနိန္ဒော၊
တံ တေဇသာ ဘဝတု မေ ဇယ မင်္ဂလဂ္ဂံ။

၈။ ဒုဂ္ဂါဟ ဒိဋ္ဌိ ဘုဇဂေန သုဒဋ္ဌ ဟတ္ထံ၊
ဗြဟ္မံ သုတံ ဇုတိ မဟိဒ္ဓိ ဗကာဘိဓာနံ။
ဉာဏာဂဒေန ဝိဝိနှာ ဓိတဝါ မုနိန္ဒော၊
တံ တေဇသာ ဘဝတု မေ ဇယ မင်္ဂလဂ္ဂံ။

❖ ❖ ❖ ❖ ❖

## အပြင်အောင်ခြင်း ရှစ်ပါးအနက်

၁။ ယောမုနိန္ဒော၊ အကြင် မြတ်စွာဘုရားသည်။ ဂိရိမေခလံ၊ ဂိရိမေခလာ အမည်ရှိသော ဆင်ကို။ ဥဒိတံ၊ တက်စီးထသော။ အဘိနိမ္မိတ သာဝုဓန္တံ ၊ အလွန် ဖန်ဆင်းအပ်သော လက်နက်နှင့် တကွဖြစ်သော။ ဗာဟုံသဟဿံ၊ တစ်ထောင်သော လက်ရုံးရှိထသော။ ယောရံ၊ ကြမ်းတမ်းစွာထသော။ သသေန မာရံ၊ စစ်သည်

နှင့်တကွသော မာရ်နတ်သားကို။ ဒါနာဒိ ဓမ္မဝိဓိနာ၊ ဒါနပါရမီ အစရှိသော တရားတည်းဟူသော အစီအရင်ဖြင့်။ ဇိတဝါ၊ အောင်တော်မူလေပြီ။ တံ တေဇသာ၊ မာရ်နတ်သားကို အောင်တော်မူသော ထိုမြတ်စွာဘုရား၏ တန်ခိုးတော်အားဖြင့်။ မေ၊ အကျွန်ုပ်အား။ အဂ္ဂ၊ မြတ်သော။ ဇယမင်္ဂလံ၊ အောင်ခြင်းမင်္ဂလာသည်။ ဘဝတု၊ ဖြစ်စေသတည်း။

၂။ ယော မုနိန္ဒော၊ အကြင် မြတ်စွာဘုရားသည်။ မာရာတိရေကံ၊ မာရ်နတ်သားထက် အလွန်။ သဗ္ဗရတ္တိံ၊ ညဉ့်သုံးယံပတ်လုံး။ အဘိယုဇ္ဈိတံ၊ အလွန်စစ်ထိုးနိုင်ထသော။ ဃောရံ၊ ကြောက်မက်ဖွယ်ရှိထသော။အက္ခမံ၊ သူတစ်ပါးတို့သည် သည်းခံနိုင်ခဲထသော။ ထဒ္ဓံ၊ ကြမ်းတမ်း ခက်မာစွာထသော။ အာဠဝကံ၊ အာဠဝက အမည်ရှိသော။ ယက္ခံ ပန၊ ဘီလူးကိုကား။ ခန္တီ သုဒန္တ ဝိဓိနာ၊ သည်းခံတော်မူခြင်း, ကောင်းစွာ ယဉ်ကျေးစေတော်မူခြင်း တည်းဟူသော အစီအရင်ဖြင့်။ ဇိတဝါ၊ အောင်တော်မူလေပြီ။ တံ တေဇသာ၊ အာဠဝကဘီလူးကို အောင်တော်မူသော ထိုမြတ်စွာဘုရား၏ တန်ခိုးတော်အားဖြင့်။ မေ၊ အကျွန်ုပ်အား။ အဂ္ဂ မြတ်သော။ ဇယ မင်္ဂလံ၊ အောင်ခြင်း မင်္ဂလာသည်။ ဘဝတု၊ ဖြစ်စေသတည်း။

၃။ ယော မုနိန္ဒော၊ အကြင်မြတ်စွာဘုရားသည်။ ဒါဝဂ္ဂိစက္ကမသနိဝ၊ တောမီး, မိုးကြိုးစက်ကဲ့သို့။ သုဒါရုဏန္တံ ၊ အလွန်ကြမ်းကြုတ်စွာထသော။ အတိမတ္တဘူတံ၊ အလွန်မုန်ယစ်စွာထသော။ နာဠာဂိရိံ၊ နာဠာဂိရိ အမည်ရှိသော။ ဂဇဝရံ၊ မြတ်သော မင်းစီး ဆင်ကို။ မေတ္တမ္ဗုသေက ဝိဓိနာ၊ မေတ္တာတော်ရေကို သွန်ခြင်း တည်းဟူသော အစီအရင်ဖြင့်။ ဇိတဝါ၊ အောင်တော်မူလေပြီ။

တံ တေဇသာ၊ နာဠာဂိရိ ဆင်ကို အောင်တော်မူသော ထိုမြတ်စွာ ဘုရား၏ တန်ခိုးတော်အားဖြင့်။ မေ၊ အကျွန်ုပ်အား။ အဂ္ဂံ၊ မြတ်သော။ ဇယမင်္ဂလံ၊ အောင်ခြင်းမင်္ဂလာသည်။ ဘဝတု၊ ဖြစ်စေ သတည်း။

၄။ ယော မုနိန္ဒော၊ အကြင်မြတ်စွာဘုရားသည်။ ဥက္ခိတ္တ ခဂ္ဂမတိဟတ္ထ သုဒါရုဏန္တံ ၊ ချီအပ်သော သန်လျက်လက်၌ ရှိသည် ဖြစ်၍ အလွန် ကြမ်းကြုတ်စွာ ထသော။ တိ ယောဇနပထံ၊ သုံးယူ ဇနာရှိသော ခရီးကို။ ဓာဝံ၊ တစ်ဟုန်တည်း ပြေးစွမ်းနိုင်ထသော။ အင်္ဂုလိမာလဝန္တံ ၊ လက်ညှိုးတည်းဟူသော ပန်းရှိသော ခိုးသူကို။ ဣဒ္ဓါဘိသင်္ခတမနော၊ တန်ခိုးတော်အားဖြင့် ဖန်ဆင်းအပ်သော နှလုံးတော်ရှိသည်ဖြစ်၍။ ဇိတဝါ၊ အောင်တော်မူလေပြီ။ တံ တေဇ သာ၊ အင်္ဂုလိမာလ အမည်ရှိသော ခိုးသူကို အောင်တော်မူသော ထို မြတ်စွာဘုရား၏ တန်ခိုးတော်အားဖြင့်။ မေ၊ အကျွန်ုပ်အား။ အဂ္ဂံ၊ မြတ်သော။ ဇယမင်္ဂလံ၊ အောင်ခြင်းမင်္ဂလာသည်။ ဘဝတု၊ ဖြစ်စေ သတည်း။

၅။ ယော မုနိန္ဒော၊ အကြင် မြတ်စွာဘုရားသည်။ ကဋ္ဌံ၊ သစ်သားကို။ ဂဗ္ဘိနိယံ၊ ကိုယ်ဝန်ဆောင်သော။ ဥဒရံ ဣဝ၊ ဝမ်းကဲ့ သို့။ ကတွာန၊ ပြုလတ်၍။ ဇနကာယမဇ္ဈေ၊ တရားနာ ပရိသတ်ဖြစ် သော လူ, ရဟန်းအပေါင်းတို့ အလယ်၌။ စိဉ္စာယ၊ စိဉ္စမာဏဝိကာ အမည်ရသော မိန်းမညစ်၏။ ဒုဋ္ဌဝစနံ၊ စွပ်စွဲသောအားဖြင့် ဖျက်ဆီး သော စကားကို။ သန္တေန၊ ငြိမ်သက်စွာသော။ သောမဝိဓိနာ၊ ဖြူစင်စွာသောအစီအရင်ဖြင့်။ ဇိတဝါ၊ အောင်တော်မူလေပြီ။ တံ တေဇသာ၊ စိဉ္စမာဏဝိကာ အမည်ရှိသော မိန်းမညစ်၏ စွပ်စွဲသော

အားဖြင့် ဖျက်ဆီးသောစကားကို အောင်တော်မူသော ထို မြတ်စွာဘုရား၏ တန်ခိုးတော်အားဖြင့်။ မေ၊ အကျွန်ုပ်အား။ အဂ္ဂ၊ မြတ်သော။ ဇယမင်္ဂလံ၊ အောင်ခြင်းမင်္ဂလာသည်။ ဘဝတု၊ ဖြစ်စေသတည်း။

၆။ ယော မုနိန္ဒော၊ အကြင် မြတ်စွာဘုရားသည်။ သစ္စံ၊ မှန်သောစကားကို။ ဝိဟာယ၊ စွန့်၍ ။ အတိသစ္စကဝါဒကေတုံ၊ မမှန်သည်ကို မှန်သည်ဟု ဆိုအပ်သော ဝါဒ တည်းဟူသော မှန်ကင်းရှိထသော။ ဝါဒါဘိရောပိတမနံ၊ မိမိဝါဒဖြင့် သူတစ်ပါးတို့ အားနှိမ်နှင်းလိုသော စိတ်ရှိထသော။ အတိအန္ဓဘူတံ၊ အလွန်မိုက်လှစွာသော ကူဋဒန္တအမည်ရှိသော သစ္စကပရိဗိုဇ်ကို။ ပညာပဒီပဇလိတော၊ ပညာတော်တည်းဟူသော ဆီမီးတန်ဆောင်ကို ညှိထွန်းတော်မူသည်ဖြစ်၍။ ဇိတဝါ၊ အောင်တော်မူလေပြီ။ တံတေဇသာ၊ ကူဋဒန္တ အမည်ရှိသော သစ္စက ပရိဗိုဇ်ကို အောင်တော်မူသော ထိုမြတ်စွာဘုရား၏ တန်ခိုးတော်အားဖြင့်။ မေ၊ အကျွန်ုပ်အား။ အဂ္ဂ၊ မြတ်သော။ ဇယမင်္ဂလံ၊ အောင်ခြင်းမင်္ဂလာသည်။ ဘဝတု၊ ဖြစ်စေသတည်း။

၇။ ယော မုနိန္ဒော၊ အကြင် မြတ်စွာဘုရားသည်။ ဝိဝိဓံ၊ အထူးထူး အပြားပြားရှိသော။ မဟိဒ္ဓိံ၊ ကြီးသော တန်ခိုးရှိသော။ နန္ဒောပနန္ဒဘုဇဂံ၊ နန္ဒောပနန္ဒ အမည်ရှိသော နဂါးမင်းကို။ ထေရဘုဇဂေန၊ ကြီးမြတ်သော နဂါးမင်းဖြစ်တော်မူသော။ ပုတ္တေန၊ သားတော် အရှင်မောဂ္ဂလာန်ကို။ ဒမာပယန္တော၊ အခိုးအလျှံကို ထွက်စေ၍ ။ ဣဒ္ဓူပဒေသ ဝိဓိနာ၊ တန်ခိုးတော် ဖန်ဆင်းခြင်း၌ နည်းညွှန်ဥပဒေကိုပေးသော အစီအရင်ဖြင့်။ ဇိတဝါ၊ အောင်တော်

မူလေပြီ။ တံ တေဇသော၊ နန္ဒောပနန္ဒ အမည်ရှိသော နဂါးမင်းကို အောင်တော်မူသော ထိုမြတ်စွာဘုရား၏ တန်ခိုးတော်အားဖြင့်၊ မေ၊ အကျွန်ုပ်အား။ အဂ္ဂံ၊ မြတ်သော။ ဇယမင်္ဂလံ၊ အောင်ခြင်း မင်္ဂလာသည်။ ဘဝတု၊ ဖြစ်စေသတည်း။

၈။ ယော မုနိန္ဒော၊ အကြင် မြတ်စွာဘုရားသည်။ ဒုဂ္ဂါဟဒိဋ္ဌိဘုဇဂေန၊ မကောင်းသော အယူမိစ္ဆာဒိဋ္ဌိ တည်းဟူသော မြွေသည်။ သုဒဋ္ဌဟတ္ထံ၊ ပြင်းစွာကိုက်အပ်သော လက်ရှိထသော။ သုတံ၊ ကျော်စောစွာထသော။ ဓုတိမဟိဒ္ဓိံ၊ တောက်ပသော ကြီးသော တန်ခိုးရှိထသော။ ဗကာဘိဓာနံ၊ ဗကအမည်ရှိသော။ ဗြဟ္မံ၊ ဗြဟ္မာမင်းကို။ ဉာဏာဂဒေန၊ ဉာဏ်တော်တည်းဟူသော အဆိပ်ကို ဖျောက်တတ်သော ဆေးဟု ဆိုအပ်သော။ ဝိဓိနာ၊ အစီအရင် ဖြင့်။ ဇိတဝါ၊ အောင်တော်မူလေပြီ။ တံ တေဇသော၊ ဗက–အမည် ရှိသော ဗြဟ္မာမင်းကို အောင်တော်မူသော ထိုမြတ်စွာဘုရား၏ တန်ခိုးတော်အားဖြင့်။ မေ၊ အကျွန်ုပ်အား။ အဂ္ဂံ၊ မြတ်သော။ ဇယမင်္ဂလံ၊ အောင်ခြင်းမင်္ဂလာသည်။ ဘဝတု၊ ဖြစ်စေသတည်း။

အပြင်အောင်ခြင်း ရှစ်ပါးအနက် ပြီး၏။

❖ ❖ ❖ ❖ ❖

# ၃–အတွင်းအောင်ခြင်းရှစ်ပါးပါဠိ

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

၁။ အဝိဇ္ဇာ အဏ္ဏဝေါဃေသမို၊ သတ္တေ တဏှာဇလောဗုဒေ။
တမှာ ဌာနာ နိက္ခာမေသိ၊ ဒေသနာဉာဏတေဇသာ။
တေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။

၂။ မဟာမောဟန္ဓကာရေန၊ အဘိဘူတေ မဟာဇနေ။
ပညာစက္ခုံ လဘာပေသိ၊ ဉာဏာလောကေန သော ဇိနော။
တေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။

၃။ ရာဂါဒိအဂ္ဂိဇာလေဟိ၊ ဍယှကာယံ မဟာဇနံ။
နိဗ္ဗာပေသိ နရနာထော၊ အဋ္ဌမဂ္ဂင်္ဂဝါရိနာ။
တေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။

၄။ စတုရောဃေဟိ ဝုယှန္တေ၊ ဂမ္ဘီရေ သံသာရဏ္ဏဝေ။
ဥတ္တာရေသိ မဟာဝီရော၊ ဓမ္မနာဝါယ နာယကော။
တေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။

၅။ သံသာရစာရကံ လောကံ၊ နိစ္စံ ဒုက္ခေန ပီဠိတံ။
နိဗ္ဗာနပုရံ ပါပေသိ၊ ယာနတ္တယေန သော ဇိနော။
တေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။

၆။ ကဏ္ဍမုခါဒိသပ္ပေဟိ၊ ဍဋ္ဌကာယံ မဟာဇနံ။
နိဗ္ဗာပေသိ မဟာဝီရော၊ နာထော တိလောကဝေဇ္ဇကော။
တေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။

၇။ သံသာရဒုက္ခကန္တာရာ၊ ကိလေသ စောရ ပီဠိတံ။
ခေမန္တဘူမိံ တာရေသိ၊ သတ္တ ဝါဟော ဝိနာယကော။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။

၈။ ပဉ္စ တာလီသ ဝဿာနိ၊ ဌတွာ လောကံ သဒေဝကံ။
ပိဝယိတွာ ဓမ္မရသံ၊ နိဗ္ဗုတော သော သ သာဝကော။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။

❖ ❖ ❖ ❖ ❖

## အတွင်းအောင်ခြင်း ရှစ်ပါးအနက်

၁။ အဝိဇ္ဇာအဏ္ဍကောသမှိ၊ အဝိဇ္ဇာ တည်းဟူသော ဥခွံတွင်း၌။ တဏှာဇလာဗုဇေ၊ တဏှာတည်းဟူသော သားအိမ်၌ ဖြစ်ကုန်သော။ သတ္တေ၊ သတ္တဝါတို့ကို။ ဒေသနာဉာဏတေဇသာ၊ ဒေသနာဉာဏ် တည်းဟူသော တန်ခိုးဖြင့်။ တမှာ ဌာနာ၊ ထိုအဝိဇ္ဇာ ဥခွံ, တဏှာ သားအိမ် အရပ်မှ။ နိက္ခာမေသိ၊ ထွက်မြောက်စေတော်မူပြီ။ ဧတေန သစ္စဝဇ္ဇေန၊ ဤသို့သော သစ္စာစကားကြောင့်။ မေ၊ အကျွန်ုပ်အား။ ဇယမင်္ဂလံ၊ အောင်ခြင်းမင်္ဂလာသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

၂။ သော ဇိနော၊ ထိုမြတ်စွာဘုရားသည်။ ဉာဏာလောကေန၊ ဉာဏ်တော်တည်းဟူသော အလင်းရောင်ဖြင့်။ မဟာမောဟန္ဓကာရေန၊ ကြီးစွာသော အမိုက်တိုက်တည်းဟူသော မောဟသည်။ အဘိဘူတေ၊ အလွန် နှိပ်စက်အပ်ကုန်သော။ မဟာဇနေ သတ္တေ၊ များစွာကုန်သော သတ္တဝါတို့ကို။ ပညာစက္ခုံ၊ ပညာတည်းဟူသော စက္ခုကို။ လဘာပေသိ၊ ရစေတော်မူပြီ။ ဧတေန

သစ္စဝစ္စေန၊ ဤသို့သော သစ္စာစကားကြောင့်။ မေ၊ အကျွန်ုပ်အား။ ဇယမင်္ဂလံ၊ အောင်ခြင်းမင်္ဂလာသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

၃။ နရန္တာထော၊ လူသုံးပါးတို့၏ ကိုးကွယ်ရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည်။ ရာဂါဒိ အဂ္ဂိဇာလေဟိ၊ ရာဂ အစရှိသော မီးလျှံတို့ဖြင့်။ ဒုမ္မုကာယံ၊ ပူလောင်သော ကိုယ်ရှိသော။ မဟာဇနံ၊ များစွာသော သတ္တဝါကို။ အဋ္ဌမဂ္ဂင် ဝါရိနာ၊ မဂ္ဂင်ရှစ်ပါးတည်းဟူသော ရေစင်ဖြင့်။ နိဗ္ဗာပေသိ၊ ငြိမ်းစေတော်မူပြီ။ တေန သစ္စဝစ္စေန၊ ဤသို့သော သစ္စာစကားကြောင့်။ မေ၊ အကျွန်ုပ်အား။ ဇယမင်္ဂလံ၊ အောင်ခြင်းမင်္ဂလာသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

၄။ မဟာဝီရော၊ ကြီးမြတ်သော လုံ့လရှိတော်မူသော။ နာယကော၊ လူသုံးပါးတို့ကို နိဗ္ဗာန်သို့ ပို့ဆောင်တော် မူတတ်သော မြတ်စွာဘုရားသခင်သည်။ ဂမ္ဘီရေ၊ နက်စွာသော။ သံသာရဏ္ဏဝေ၊ သံသရာတည်းဟူသော သမုဒ္ဒရာ၌။ စတုရောဃေဟိ၊ လေးပါးသော ရေအလျဉ်တို့ဖြင့်။ ဝုယှန္တေ၊ မျောကုန်သော သတ္တဝါတို့ကို။ ခမ္မနာဝါယ၊ တရားတည်းဟူသော လှေဖြင့်။ ဥတ္တာရေသိ၊ ကယ်တင်တော်မူပြီ။ တေန သစ္စဝစ္စေန၊ ဤသို့သော သစ္စာစကားကြောင့်။ မေ၊ အကျွန်ုပ်အား။ ဇယမင်္ဂလံ၊ အောင်ခြင်းမင်္ဂလာ သည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

၅။ သော ဇိနော၊ ထိုမြတ်စွာဘုရားသည်။ သံသာရ စာရကံ၊ သံသရာ၌ ကျင်လည်ထသော။ ဒုက္ခေန၊ ဇာတိ အစရှိသော ဒုက္ခဖြင့်။ နိစ္စံ၊ အမြဲ။ ပီဠိတံ၊ နှိပ်စက်အပ်ထသော။ လောကံ၊ လူအပေါင်းကို။ ယာနတ္တယေန၊ ယာဉ်သုံးပါးတို့၏ အပေါင်းဖြင့်။ နိဗ္ဗာနပုရံ၊ နိဗ္ဗာန် ပြည်မြတ်သို့။ ပါပေသိ၊ ရောက်စေတော်မူပြီ။ တေန

သစ္စဝစ္စေနေ၊ ဤသို့သော သစ္စာစကားကြောင့်။ မေ၊ အကျွန်ုပ်အား။ ဇယမင်္ဂလံ၊ အောင်ခြင်းမင်္ဂလာသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

၁၈။ အက္ကောဓေန ဇိနေ ကောဓံ၊ အ သာဓု သာဓုနာ ဇိနေ။
ဇိနေ ကဒရိယံ ဒါနေန၊ သစ္စေနာလိက ဝါဒိနံ။

၁၉။ အဒန္တ ဒမနံ ဒါနံ၊ ဒါနံ သဗ္ဗတ္ထ သာဓကံ။
ဒါနေန ပိယဝါစာယ၊ ဥန္နမန္တိ နမန္တိ စ။

၂၀။ ဒါနံ သိနေဟ ဘေသဇ္ဇံ၊ မစ္ဆေရံ ဒေါသနောသဓံ။
ဒါနံ ယသဿီ ဘေသဇ္ဇံ၊ မစ္ဆေရံ ကပဏောသဓံ။

၂၁။ ဗဟူနံ မပ္ပသာရာနံ၊ သာမဂ္ဂိယံ ဇယံ ဇယေ။
တိဏေန ဝဋ္ဋတေ ယောတ္တံ၊ တေန နာဂေါပိ ဗဇ္ဈတိ။

၂၂။ သဟာယော အသမတ္ထောပိ၊ တေဇသာ ကိံ ကရိဿတိ။
နိဝါတေ ဇလိတော အဂ္ဂိ၊ သယ မေဝူပသမ္မတိ။

၂၃။ န ရညာ သမကံ ဘုဉ္ဇေ၊ ကာမ ဘောဂံ ကုဒါစနံ။
အာကပ္ပံ ရသ ဘုတ္တိံ ဝါ၊ မာလာဂန္ဓ ဝိလေပနံ။
ဝတ္ထံ သဗ္ဗ မလင်္ကာရံ၊ န ရညာ သဒိသ ကရေ။

၂၄။ န မေ ရာဇာ သခါ ဟောတိ၊ န ရာဇာ ဟောတိ မေထုနော။
ဧသော သာမိကော မယှန္တိ၊ စိတ္တေ နိဋ္ဌံ သုဋ္ဌာပယေ။

၂၅။ နာတိဒူရေ ဘဇေ ရညော၊ နာစ္စာသန္နေ ပဝါတကေ။
ဥဇုကေ နာတိနိန္နေ စ၊ န ဘဇေ ဥစ္စ မာသနေ။
ဆ ဒေါသေ ဝဇ္ဇေ သေဝကော၊ အဂ္ဂိဝ သံယတော တိဋ္ဌေ။

၂၆။ ဂုဏော သဗ္ဗညု တုလျောပိ၊ န သောဘတိ အ နိဿယော။
အနဃ္ဃ မပိ မဏိံ၊ ဟေမံ နိဿာယ သောဘတေ။

ရာဇကဏ္ဍော နိဋ္ဌိတော။

---

## ၇–ပကိဏ္ဏက ကဏ္ဍ

၁။ ကုတ္ထိမိဿေ ကုတော သီလံ၊ မံသ ဘက္ခေ ကုတော ဒယာ။
သုရာပါနေ ကုတော သစ္စံ၊ မဟာလောဘေ ကုတော လဇ္ဇာ။
မဟာတန္ဒေ ကုတော သိပ္ပံ၊ မဟာကောဓေ ကုတော ဓနံ။

၂။ သုရာယောဂေါ ဝိကာလေ စ၊ သမဇ္ဇ စရဏင်္ဂတော။
ခိဍ္ဍာ ဓုတ္တော ပါပ မိတ္တော၊ ဘောဂါနံ အလသံ မုခံ။

၃။ ဒိဝါ နာဒိက္ခာ ဝတ္တဗ္ဗာ၊ ရတ္တော နာဝစနေန စ။
သဍ္ဍုရတိ ဘယာ ဘီတော၊ ဝနေ ဝနစရိ ယထာ။

၄။ ဓိပန္တောပိ မတံ ပဉ္စ၊ ဗျာသေန ပရိကိတ္တိတာ။
ဒုက္ခိတော ဗျာဓိတော မူဠှော၊ ကုဏာဝါ နိံသျှသေဝကော။

၅။ အနာဂတံ ဘယံ ဒိသွာ၊ ဒူရတော ပရိဝဇ္ဇယေ။
အာဂတဉ္စ ဘယံ ဒိသွာ၊ အဘီတော ဟောတိ ပဏ္ဍိတော။

၆။ နိဒ္ဒါလုကော ပမာဒေါ စ၊ သုခိတော ရောဂ ဝါလသော။
ကုစ္ဆန္တော ကမ္မာရာမော စ၊ သတ္တေ တေ သတ္ထ ဝဇ္ဇိတာ။

၇။ ဒုဂ္ဂတံ ဂစ္ဆ ဟော လာဘာ၊ လာဘော လာဘေန ပူရတိ။
ထလေ ဝဿထ ပဇ္ဇုန္နော၊ အာပေါ အာပေန ပူရတိ။
နတ္ထိဒံ ကမ္မပ္ပဓာနံ။

၈။ န ဟိ ကောစိ ကတေ ကိစ္စေ၊ ကတ္တာရံ သမုပေက္ခတေ။
တသ္မာ သဗ္ဗာနိ ကိစ္စာနိ၊ သာဝသေသေန ကာရယေ။

၉။ တူလံ သလ္လဟုကံ လောကေ၊ တတော စပလ ဓာတိကော။
တတော ဝုမ္ဘိမ နှောဝါဒေါ၊ ပမာဒေါ ဗုဒ္ဓသာသနေ။

၁၀။ ပါသာဏ ဆတ္တံ ဂရုကံ၊ တတော ဒေဝါန စိက္ခဏံ။
တတော ဝုမှာန မောဝါဒေါ၊ တတော ဗုဒ္ဓဿ ဝစနံ။

# လောကနီတိပါဠိ (ပကိဏ္ဏကကဏ္ဍ)

၁၁။ ကာယဿ ဒက္ခိဏာ ဟတ္ထော၊ ဒါသော ဇေဋ္ဌ ကနိဋ္ဌကော။
ကဏ္ဏာ ယာနာန မက္ခီနံ၊ ဝါမ ဟတ္ထော ပါဒ ဒါသော။

၁၂။ တမ္ဗူလဿ မဇ္ဈေ ပတ္တော၊ ကုဝေရော ရက္ခတီ သဒါ။
မူလမှိ ရက္ခတီ ယက္ခော၊ အဂ္ဂမှိ စ ကာလကဏ္ဏီ။
တာနိ ဘုဉ္ဇေယျ ဆိန္ဒိတွာ၊ သိရီ ဝေ ပဝဿတိ။

၁၃။ သမ္ပုဏ္ဏာ ရက္ခော ဗြဟ္မာ ဝ၊ အစ္စူရက္ခော စ ဗိဿဏော။
တသ္မာဟိ တေ ပူဇယန္တု၊ သဒါ မာနေန္တိ တံ နရံ။

၁၄။ ဂေါဏာ ဟိ သဗ္ဗဂိဟီနံ၊ ပေါသကာ ဘောဂ ဒါယကာ။
တသ္မာဟိ မာတာ ပိတူဝ၊ မာနယေ သက္ကရေယျ စ။

၁၅။ ယေ စ ခါဒန္တိ ဂေါမံသံ၊ မာတု မံသံဝ ခါဒရေ။
မတေသု တေသု ဂိဇ္ဈာနံ၊ ဒဒေ သောတေ စ ဝါဟယေ။

၁၆။ ဂုရု သိဒ္ဓေါ သိပ္ပါရမ္ဘော၊ ရဝိ သောကြာ စ မဇ္ဈိမော။
န သိပ္ပေါ ဗုဒ္ဓ စန္ဒရော၊ သောရီ အင်္ဂါ စ မရဏံ။

၁၇။ အဋ္ဌမီယံ ဂုရုံ ဟန္တိ၊ သိဿံ ဟန္တိ စတုဒ္ဒသ။
သိပ္ပံ ဟန္တိ ဒသ သိပ္ပံ၊ မာတာပိတာ စ ပုဏ္ဏမီ။

၁၈။ နာဠိကံ သတ္တ န ဘုဉ္ဇေ၊ န လာဗု နဝမံ တထာ။
ဒွါဒသ ပြိန္ဍံ တြိံ မီနံ၊ ဘုဉ္ဇေ သိပ္ပံ ဝိနဿတိ။

၁၉။ စဇေ ကုလ အတ္ထံ ဧကံ၊ စဇေ ကုလံ ဂါမ အတ္ထံ။
ဂါမံ ဇနပဒ အတ္ထံ၊ အတ္တတ္ထံ ပထဝိံ စဇေ။

၂၀။ ဒေသံ ဩသဇ္ဇ ဂစ္ဆန္တိ၊ သီဟော သပ္ပုရိသော ဂဇော။
တတ္ထေဝ နိဓနံ ယန္တိ၊ ကာကော ကာပုရိသော မိဂေါ။

၂၁။ ယမှိ ဒေသေ န မာနေနော၊ န ပေမံ န စ ဗန္ဓဝါ။
န စ ဝိဇ္ဇာဂါဟော ကောစိ၊ န တတ္ထ ဝသနံ ကရေ။

၂၂။ စရတျေကေန ပါဒေန၊ တိဋ္ဌတျေကေန ပဏ္ဍိတော။
အနိသမ္မ ပရံ ဌာနံ၊ န ပုဗ္ဗ မာလယံ ဇဟေ။

၂၃။ ဓန ဓည ပယောဂေသု၊ တထာ ဝိဇ္ဇာဂမေသု စ။
ဒူတေသု အပစာရေသု၊ စဇ္ဇာ လဇ္ဇာ တဒါ ဘဝေ။

၂၄။ ဒွိဂုဏော ထီန မာဟာရော၊ ဗုဒ္ဓိစာပိ စတုဂ္ဂုဏာ။
ဆဂ္ဂုဏော ဟောတိ ဝါယာမော၊
ကာမောတွဋ္ဌ ဂုဏော ဘဝေ။

၂၅။ ပဗ္ဗေပဗ္ဗေ ကမေနုစ္ဆု၊ ဝိသေသရသ ဝဂ္ဂတော။
တထာ သုမိတ္တကော သာဓု၊ ဝိပရီတောဝ ဒုဇ္ဇနော။

၂၆။ ကဿကော ဝါဏိဇော မစ္စော၊ သမဏော သုတ သီလဝါ။
တေသု ဝိပုလ ဇာတေသု၊ ရဋ္ဌံပိ ဝိပုလံ သိယာ။

၂၇။ အသဇ္ဈာယ မလာ မန္တာ၊ နုဋ္ဌာနာနံ မလံ ဃရံ။
မလံ ဝဏ္ဏဿ ကောသဇ္ဇံ၊ ပမာဒေါ ရက္ခတော မလံ။

၂၈။ ဟီနာနံ ဂစ္ဆတေ ဝိတ္တံ၊ ဝီရာနံဝ သန္တကတ္တံ။
ဥဒန္တိ စ ဟီနာ ဇနာ၊ ပုဗ္ဗ ကမ္မပ္ပဓာနာတိ။

၂၉။ န ဝဒန္တိ စေဝံ ဓီရာ၊ ဝါယမိ သု သဗ္ဗကမ္မေ၊
န စေ သိဇ္ဈတိ တံ ကမ္မံ၊ အ ဖလံ ဝေ ကိံ ဒေါသော။

၃၀။ နိစ ကုလံ နိပ္ပညဝါ၊ နိရူပံ နိဗလံ သမံ။
ဣမံ ကာလံ ဆုတ္တ ကာလံ၊ မနမေဝ ဝိသေသကံ။

ပကိဏ္ဏက ကဏ္ဍော နိဋ္ဌိတော။

❖ ❖ ❖ ❖ ❖

## လောကနီတိ အနက်

### ၁–ပဏ္ဍိတ ကဏ္ဍ

၁။ အဟံ၊ ငါသည်။ ရတနတ္တယံ၊ ရတနာသုံးပါးတို့၏ အပေါင်းကို။ ဝန္ဒိတွာ၊ ရှိခိုးပြီး၍။ နာနာသတ္ထ သမုဒ္ဓဋံ၊ အထူးထူးသော ကျမ်းတို့မှ ထုတ်အပ်သော။ လောကနီတိံ ၊ လောကနီတိ အမည်ရှိသော ကျမ်းကို။ မာဂဓာယေဝ၊ မာဂဓဘာသာဖြင့်သာလျှင်။ သံခေပံ–သံခေပေန၊ အကျဉ်းအားဖြင့်။ ပဝက္ခာမိ၊ ဆိုပေလတ္တံ့။

၂။ ဟိ၊ ဂုဏ်အထူးကား။ နီတိ၊ နီတိကျမ်းသည်။ လောကေ၊ လောက၌။ ပုရိသဿ၊ ယောကျ်ားအား။ သာရော၊ အနှစ်လည်းမည်၏။ မာတာပိတာ စ၊ အမိအဖလည်းမည်၏။ အာစရိယော စ၊ ဆရာလည်းမည်၏။ မိတ္တော စ၊ အဆွေခင်ပွန်းလည်းမည်၏။ တသ္မာ၊ ထို့ကြောင့်။ နီတိံ ၊ နီတိကျမ်းကို။ ဝိဇညာ၊ တတ်သော။ ပုရိသော၊ ယောကျ်ားသည်။ ဗဟုဿုတော၊ များသော အကြား အမြင်ရှိသော။ မဟာ၊ မြတ်သော။ ဉာဏီ၊ ပညာရှိသည်။ ဟောတိ၊ ဖြစ်၏။

၃။ အလသဿ၊ ပျင်းသောသူအား။ ကုတော သိပ္ပံ၊ အတတ် အဘယ်မှာ တတ်အံ့နည်း။ အသိပ္ပသဿ၊ အတတ်မရှိသော သူအား။ ကုတော ဓနံ၊ ဥစ္စာ အဘယ်မှာ ရအံ့နည်း။ အဓနဿ၊ ဥစ္စာမရှိသော သူအား။ ကုတော မိတ္တံ၊ အဆွေခင်ပွန်း အဘယ်မှာ ရအံ့နည်း။ အမိတ္တဿ၊ အဆွေခင်ပွန်း မရှိသောသူအား။ ကုတော သုခံ၊ ချမ်းသာ အဘယ်မှာ ရအံ့နည်း။ အသုခဿ၊ ချမ်းသာ မရှိသောသူအား။ ကုတော ပုညံ၊ ကောင်းမှု အဘယ်မှာ ပြုရ အံ့နည်း။ အပုညဿ၊ ကောင်းမှုမရှိသောသူအား။ ကုတော ဝရံ၊ နိဗ္ဗာန်ကို အဘယ်မှာ ရနိုင်အံ့နည်း။

၄။ သိပ္ပါ၊ အတတ်နှင့်။ သမံ၊ တူသော။ ဓနံ၊ ဥစ္စာသည်။ နတ္ထိ၊ မရှိ။ သိပ္ပံ၊ အတတ်ကို။ စောရာ၊ ခိုးသူတို့သည်။ န ဂဏှန္တိ၊ မယူနိုင်ကုန်။ ဣဓ လောကေ၊ ဤလောက၌။ သိပ္ပံ၊ အတတ်သည် ကား။ မိတ္တံ၊ အဆွေခင်ပွန်းဖြစ်၏။ ပရလောကေ၊ တမလွန်ဘဝ၌။ သုခါ– ဝဟံ၊ ချမ်းသာကို ဆောင်တတ်၏။

၅။ သုတံ၊ အကြားအမြင်ပညာကို။ အပ္ပကံ၊ နည်း၏ဟူ၍။ နာတိမညေယျ၊ မအောက်မေ့ရာ။ စိတ္တေ၊ စိတ်၌။ နိဓာပယေ၊ ထား ရာသလျှင်ကတည်း။ ဝမ္မိကော၊ တောင်ပို့၌။ ဥဒကဗိန္ဒု၊ ရေပေါက် သည်။ စိရေန၊ ကျဖန်များစွာ ရှည်ကြာသဖြင့်။ ပရိပူရတိ ဣဝ၊ ပြည့်သကဲ့ သို့တည်း။

၆။ ဝိဇ္ဇံ ဝါ၊ နှုတ်မှုပညာကိုလည်းကောင်း။ အထ၊ ထိုမှို့။ သိပ္ပံ ဝါ၊ လက်မှုပညာကို လည်းကောင်း။ ခုဒ္ဒန္တိ ၊ ငယ်၏ဟူ၍။ နာတိ– မညေယျ ၊ မအောက်မေ့ရာ။ ပရိယောဒါတံ၊ ကုန်စင်အောင် တတ်

မူကား။ ဧကေမွိ၊ တစ်ခုသော အတတ်သည်လည်း။ ဓိဝိတ ကပ္ပကာရဏံ၊ အသက်မွေးကြောင်း ဖြစ်ပါသလျှင်ကတည်း ။

၇။ သေလေ သေလေ၊ တောင်တောင် ဟူသမျှ၌။ န မာဏိက္ကံ၊ ပတ္တမြားမရှိ။ ဂဇေ ဂဇေ၊ ဆင်ဆင်ဟူသမျှ၌။ န မုတ္တိကံ၊ အမြုတေမရှိ။ ဝနေ ဝနေ၊ တောတောဟူသမျှ၌။ န စန္ဒနံ၊ စန္ဒကူး မရှိ။ ဌာနေ ဌာနေ၊ အရပ်တိုင်း အရပ်တိုင်း၌။ န ပဏ္ဍိတံ၊ ပညာရှိသုခမိန် မရှိ။

၈။ သုတသမ္ပန္နော၊ သုတနှင့် ပြည့်စုံသော။ ပဏ္ဍိတော၊ ပညာရှိသည်။ ယတ္ထ၊ အကြင်အရပ်၌။ အတ္ထိတိ၊ ရှိ၏ဟူ၍။ စေ သု တော၊ အကယ်၍ ကြားငြားအံ့။ တံ ဌာနံ၊ ထိုအရပ်သို့။ သုတေသိနာ၊ သုတကိုရှာသော အမျိုးကောင်းသားသည်။ မဟုဿာဟေန၊ သည်းစွာအားထုတ်သဖြင့်။ ဂန္တဗ္ဗံ၊ သွားရာ သလျှင်ကတည်း။

၉။ သိပ္ပံ၊ အတတ်ကို။ သိနေ၊ ဖြည်းဖြည်း သင်ရာ၏။ ဓနံ၊ ဥစ္စာကို။ သိနေ၊ ဖြည်းဖြည်းရှာရာ၏။ ပဗ္ဗတံ၊ တောင်ကို။ အာရုဟံ– အာရုဟန္တော၊ တက်သောသူသည်။ သိနေ၊ ဖြည်းဖြည်း တက်ရာ၏။ ကာမဿ၊ ကာမဂုဏ်ကို။ သိနေ၊ ဖြည်းဖြည်း တစ်စတစ်စသာ အလိုရှိရာ၏။ ကောဓဿ၊ အမျက်ကို။ သိနေ၊ ဖြည်းဖြည်း ထွက်ရာ၏။ ဣမေ ပဥ္စ၊ ဤငါးပါးတို့ကို။ သိနေ သိနေ၊ ဖြည်းဖြည်း၊ ဖြည်းဖြည်း တစ်စ တစ်စသာ အလိုရှိရာ၏။

၁၀။ သုတိ စ၊ အကြားအမြင် အတတ်လည်းကောင်း။ သမ္မုတိ စ၊ မမွသတ်အတတ် လည်းကောင်း။ သင်္ချာ စ၊ ဂဏန်း အတတ် လည် ကောင်း။ ယောဂါ စ၊ တံစည်း, စူး, ဆောက် အတတ် လည်းကောင်း။ နီတိ စ၊ နီတိကျမ်းအတတ်လည်းကောင်း။ ဝိသေသကာစ၊

ယာယီ ယတြာစသော ဗျာကရိဏ်း အတတ်လည်းကောင်း။ ဂန္ဓဗ္ဗာ စ၊ စောင်းငြင်းစသော ကဗျာလင်္ကာအတတ် လည်းကောင်း။ ဂဏိကာ စေဝ၊ လက်ပစ်အတတ်လည်းကောင်း။ ဓနုဗေဒါ စ၊ ဒူး လေး, လင်းလေး အတတ်လည်းကောင်း။ ပူရဏာ စ၊ စကား ဟောင်း အတတ်လည်းကောင်း။

၁၁။ တိကိစ္ဆာ စ၊ ဆေးအတတ်လည်းကောင်း။ ဣတိဟာသာ စ၊ ရယ်ရွှင်မှုအတတ်လည်းကောင်း။ ဇောတိ စ၊ ဗေဒင် အတတ် လည်းကောင်း။ မာယာ စ၊ လှည့်ပတ်တတ်သော အတတ် လည်း ကောင်း။ ဆန္ဒတိ စ၊ ဆန်းကျမ်းအတတ်လည်းကောင်း။ ကေတု စ၊ သံတမန် အတတ်လည်းကောင်း။ မန္တာ စ၊ မန္တန် အတတ် လည်းကောင်း။ သဒ္ဒါ စ၊ သဒ္ဒါကျမ်း အတတ်လည်းကောင်း။ ဣမေ၊ ဤသည်တို့သည်ကား။ အဋ္ဌာရသကာ၊ တစ်ဆယ့် ရှစ်ပါးကုန်သော။ သိပ္ပါ၊ အတတ်တို့တည်း။

၁၂။ လောကေ၊ ကောကဥ္။ ပဏ္ဍိတော၊ ပညာရှိသည်။ အာ ပုစ္ဆော၊ သူ မမေးမူကား။ ဘေရီ၊ စည်ကြီးသဖွယ်။ ဟောတိ၊ ဖြစ်၏။ ပုစ္ဆိတော၊ သူတည်းမေးမူကား။ ပဇ္ဇုန္နော၊ မိုးကြီးသဖွယ်။ ဟောတိ၊ ဖြစ်၏။ ဗာလော၊ သူမိုက်သည်။ ပုစ္ဆောပိ၊ မေးသော်လည်းကောင်း။ အပုစ္ဆောပိ၊ မမေးသော်လည်း လည်းကောင်း။ သဒါ၊ အခါခပ်သိမ်း။ ဗဟုမ္ပိ၊ များစွာလည်း။ ဘဏာတေ–ဘဏာတေဝ၊ ဟောပြောတတ် သလျှင်ကတည်း။

၁၃။ လောကေ၊ လောကဥ္။ ပေါတ္ထကေသု၊ ပေတို့၌။ ယံ သိပ္ပဥ္စ၊ အကြင်အတတ်သည် လည်းကောင်း။ ပရဟတ္ထေသု၊ သူ တစ်ပါး၏ လက်တို့၌။ ယံ ဓနဥ္စ၊ အကြင်ဥစ္စာသည်လည်းကောင်း။

အတ္ထိ၊ ရှိ၏။ ယထာကိစ္စေ၊ ပြုဖွယ်ကိစ္စသည်။ သမုပ္ပန္နေ၊ ဖြစ်လတ်သော်။ တံ သိပ္ပံ၊ ထိုပေဒ္ဒရှိသော အတတ်သည်။ န သိပ္ပံ၊ အတတ်မမည်။ တံ ဓနဥ္စ၊ ထိုသူတစ်ပါးတို့၏ လက်၌ရှိသော ဥစ္စာသည် လည်း။ န ဓနံ၊ ဥစ္စာမမည်။

၁၄။ လောကေ၊ လောက၌။ ဇလပ္ပမာဏံ၊ ရေတိမ် ရေနက်ကိုကား။ ကုမုဒနာလံ၊ ကုမုဒြာကြာကို မြင်သဖြင့် သိအပ်၏။ ကုလပ္ပမာဏံ၊ အမျိုးယုတ်-မြတ်ကိုကား။ ဝိနယော ပမာဏံ၊ ကိုယ်အမူအရာ နှုတ်အမူအရာအားဖြင့် သိအပ်၏။ (ထိုသူ၏ အကျင့်အားဖြင့် သိအပ်၏-သော်လည်းဟူ။) ဗျတ္တိပ္ပမာဏံ၊ ပညာ ရှိ-မရှိကိုကား။ ကထိတဝါကျံ၊ ဆိုသောစကားဖြင့် သိအပ်၏။ ပထဝိပမာဏံ၊ မြေ ကောင်း-မကောင်း ကိုကား။ တိဏမိလာတံ၊ မြက်ညှိုး-မညှိုးကို မြင်သဖြင့် သိအပ်၏။

၁၅။ လောကေ၊ လောက၌။ အပ္ပသုတော၊ နည်းသော သုတရှိသောသူသည်။ အပ္ပံ၊ အနည်းငယ်သော။ သုတံ၊ သုတကို။ ဗဟုံ မညတိ၊ အများအောက်မေ့တတ်၏။ မာနဝါ၊ မာန်ရှိတတ်၏။ ကိမိဝ၊ အဘယ်ကဲ့သို့ နည်းဟူမူကား။ သိန္ဓုဒကံ၊ သမုဒ္ဒရာရေကို။ အပဿန္တော၊ မမြင်ဖူးသော။ မဏ္ဍူကော၊ ဖားသူငယ်သည်။ ကူပေ၊ တွင်း၌။ တောယံ၊ ရေကို။ ဗဟုံ မညတိ ဣဝ၊ အများထင်သကဲ့သို့ တည်း။

၁၆။ လောကေ၊ လောက၌။ ပဌမံ၊ ပထမအရွယ်၌ကား။ န ပရာဇိတော သိပ္ပံ၊ အတတ်မရတုံအံ့။ ဒုတိယံ၊ ဒုတိယအရွယ်၌ ကား။ န ပရာဇိတော ဓနံ၊ ဥစ္စာမရတုံအံ့။ တတိယံ၊ တတိယအရွယ် ၌ကား။

န ပရာဇိတော ဓမ္မ၊ တရားမရတုံအံ့။ စတုတ္ထံ၊ စတုတ္ထ အရွယ်တိုင်မှ ကား။ ကိံ ကရိဿတိ၊ အဘယ်မူ စ အံ့နည်း။

၁၇။ ပုတ္တာ၊ ချစ်သားတို့။ ဗျတ္တာ၊ အတတ်ပညာ သင်ကုန်လော့။ ကိံ ၊ အဘယ့်ကြောင့်။ အလသော၊ ပျင်းဘိသနည်း။ ပုတ္တာ၊ ချစ်သားတို့။ ဒိနေ ဒိနေ၊ နေ့တိုင်း နေ့တိုင်း။ ဗျတ္တာ၊ အတတ်ပညာ သင်ကုန်လော့။ အဗျတ္တော၊ အတတ်ပညာ မရှိသောသူသည်။ ဘာရဟာရိကော၊ သူ၏ဝန်ထမ်း ဖြစ်တတ်၏။ ဗျတ္တကော၊ အတတ်ပညာရှိသောသူကို။ လောကော၊ လောက၌။ ပူဇိတော၊ သူတစ်ပါးတို့ ပူဇော်အပ်၏။

၁၈။ ယာယ၊ အကြင် အမိသည်။ ဗာလော၊ သားငယ်ကို။ န သိက္ခိတော၊ အတတ်ပညာသင်၍မပေး။ သာ မာတာ၊ ထိုအတတ်ပညာသင်၍မပေးသော အမိသည်။ သတ္တု၊ ရန်သူမည်၏။ ယေန၊ အကြင်အဖသည်။ ဗာလော၊ သားငယ်ကို။ န သိက္ခိတော၊ အတတ်ပညာသင်၍မပေး။ သော ပိတာ၊ ထိုအတတ်ပညာသင်၍ မပေးသော အဖသည်။ ဝေရီ၊ ရန်သူမည်၏။ သော၊ ထိုအတတ် ပညာ မရှိသောသူသည်။ ဟံသမဇ္ဈေ၊ ဟင်္သာတို့၏ အလယ်၌။ ဗကော ယထာ၊ ဗျိုင်းကဲ့သို့။ သဘာမဇ္ဈေ၊ သဘင်အလယ်၌။ န သောဘတိ၊ မတင့်တယ်။ တသ္မာ၊ ထိုသို့အတတ်ကို မသင်စေသောကြောင့်။ ဝေရီ၊ ရန်သူမည်၏။

၁၉။ ကဏ္ဍကာဂိရိ၊ တောင်ချောက်ကြား၌ ရောက်သောဆူးကို။ ကော တိက္ခတိ၊ အသူ ထက်စိမ့် ချွန်သနည်း။ သမတိဘာဝေါ၊ မိမိအလိုလိုသာလျှင် ထက်ပချွန်၏ရှင့်။ မိဂက္ခိယံ၊ သမင်တို့၏ မျက်စိ၌။ ကော အဉ္ဇနံ၊ အသူ မျက်စဉ်းခတ်၍ ကြည်သနည်း။ သမတိ ဘာဝေါ၊

မိမိအလိုလိုသာလျှင် ကြည်ပချေ၏ရှင့်၊ ပလ္လလေ၊ ညွန်၌။ ဥပ္ပလာသ၊ ကြာကို။ ကော သုဂန္ဓံ၊ အသူ အနံ့ကောင်းထည့်ပ ချေသနည်း။ သမတိဘာဝေါ၊ မိမိအလိုလိုသာလျှင် အနံ့ကောင်းတုံ၏ ရှင့်။ ကုလပုတ္တရူပေါ၊ အမျိုးကောင်းသားတို့၏ သဘောသည်။ ကော ပဝတ္တတိ၊ အသူပြု၍ ဖြစ်သနည်း။ သမတိဘာဝေါ၊ မိမိ အလိုလိုသာ ဖြစ်ပချေ၏ရှင့်။

၂၀။ အ ကောတမ္ဗုလံ၊ ထုံးမရှိသော ကွမ်းသည်။ န ရသံ၊ အရသာမရှိ။ အ ဓနသ၊ ဥစ္စာမရှိသောသူ၏။ အလင်္ကတမ္ပိ၊ တန်ဆာဆင်ခြင်းသည်လည်း။ န ရသံ၊ အရသာမရှိ။ အ လောဏ-ကံ၊ ဆားမရှိ သော။ ဗျဉ္ဇနံ တု၊ စားဖွယ်သည်လည်း။ န ရသံ၊ အရသာမရှိ၊ အ သိပ္ပသ၊ အတတ်မရှိသောသူ၏။ ဗျာကရဏံ၊ ပျို့ကဗျာဖွဲ့ခြင်းသည်လည်း။ န ရသံ၊ အရသာမရှိ။

၂၁။ သုဿုသာ၊ နာခြင်း မှတ်ခြင်း၌ ကောင်းစွာ အားထုတ်သော သူသည်။ သုတသမ္ပန္နော၊ သုတနှင့်ပြည့်စုံ၏။ သုတပညာယ၊ သုတပညာဖြင့်။ ဝဍ္ဎတိ၊ ပွား၏။ ပညာယ၊ သုတပညာဖြင့်။ အတ္ထံ၊ အနက် ကို။ ဇာနာတိ၊ သိ၏။ ဉာတော၊ သိအပ်သော။ အတ္ထော၊ အနက်သည်။ သုခါဝဟော၊ ချမ်းသာကို ဆောင်တတ်၏။

၂၂။ လောကေ၊ လောက၌။ ဘောဇနံ၊ အစာစားခြင်းသည်လည်းကောင်း။ မေထုနံ၊ မေထုန်မှီဝဲခြင်းသည် လည်းကောင်း။ နိဒ္ဒါ၊ အိပ်ခြင်းသည်လည်းကောင်း။ ဂေါဏောပိ၊ နွား၌လည်းကောင်း။ ပေါသေပိ၊ ယောကျာ်း၌လည်းကောင်း။ ဝိဇ္ဇတိ၊ ရှိ၏။ ဝိဇ္ဇာ၊ အတတ်ပညာသည်ကား။ ပေါသဿ၊ ယောကျာ်းအား။ ဝိသေသော၊ အထူ

ပေတည်း။ ဟိနော၊ အတတ်ပညာမှ ယုတ်ခဲ့မှုကား။ ဂေါဏသမော၊ နွားနှင့်တူသည်။ ဘဝေ၊ ဖြစ်၏။

၂၃။ လောကေ၊ လောက၌။ ဝိဇ္ဇာသမံ၊ အတတ်နှင့် တူသော။ မိတ္တံ၊ အဆွေခင်ပွန်းမည်သည်။ နတ္ထိ၊ မရှိ။ ဗျာဓိသမော၊ အနာနှင့် တူသော။ ရိပု၊ ရန်သူမည်သည်။ န စ အတ္ထိ၊ မရှိ၊ အတ္တ သမံ၊ ကိုယ်နှင့် တူသော။ ပေမံ၊ ချစ်သောသူမည်သည်။ န စ အတ္ထိ၊ မရှိ။ ကမ္မသမံ၊ ကံနှင့်တူသော။ ဗလံ၊ အားမည်သည်။ န စ အတ္ထိ၊ မရှိ။

၂၄။ လောကေ၊ လောက၌။ ဟံသော၊ ဟင်္သာသည်။ ကာ–ကာနံ၊ ကျီးတို့၏။ မဇ္ဈေ၊ အလယ်၌။ န သောဘတေ၊ မတင့်တယ်။ သီဟော၊ ခြင်္သေ့သည်။ ဂုန္နံ၊ နွားတို့၏။ မဇ္ဈေ၊ အလယ်၌။ န သောဘတေ၊ မတင့်တယ်။ တုရင်္ဂေါ၊ မြင်းသည်။ ဂဒြဘမဇ္ဈေ၊ မြည်းတို့ ၏ အလယ်၌။ န သောဘတေ၊ မတင့်တယ်၊ ဗာလမဇ္ဈေ၊ သူမိုက်တို့၏အလယ်၌။ ပဏ္ဍိတော၊ ပညာရှိသည်။ န သောဘတေ၊ မတင့်တယ်။

၂၅။ ဗာလော၊ သူမိုက်သည်။ ယာဝ ဇီဝံပိ၊ အသက်ထက် ဆုံးလည်း။ ပဏ္ဍိတံ၊ ပညာရှိကို။ စေ ပယိရုပါသတိ၊ အကယ်၍ ဆည်းကပ်ငြားအံ့။ သော ဗာလော၊ ထိုသူမိုက်သည်။ ဓမ္မံ၊ တရားကို။ န ဝိဇာနာတိ၊ မသိ။ ကိမိဝ၊ အဘယ်ကဲ့သို့နည်း ဟူမူကား။ ဒဗ္ဗိ၊ ယောက်မသည်။ သူပရသံ၊ ဟင်း၏အရသာကို။ န ဝိဇာနာတိ ယထာ၊ မသိသကဲ့သို့တည်း။

၂၆။ ဝိညူ၊ ပညာရှိသည်။ မုဟုတ္တမပိ၊ တစ်ခဏမျှလည်း။ ပဏ္ဍိတံ၊ ပညာရှိကို။ စေ ပယိရုပါသတိ၊ အကယ်၍ ဆည်းကပ်ငြား

အံ့။ ခိပ္ပံ၊ လျင်စွာ။ ဓမ္မံ၊ တရားကို။ ဝိဇာနာတိ၊ သိ၏။ ကိမိဝ၊ အဘယ်ကဲ့သို့ နည်းဟူမူကား။ ဇိဝှာ၊ လျှာသည်။ သူပရသံ၊ ဟင်း၏ အရသာကို။ ဝိဇနာတိ ယထာ၊ သိသကဲ့သို့တည်း။

၂၇။ သူရော၊ ရဲရင့်သောသူသည်။ သတ္တံ၊ လက်နက်ကို။ ဝိနာ၊ ကင်း၍။ သင်္ဂါမ ဘူမိယံ၊ စစ်မြေအရပ်သို့။ န ဂစ္ဆေယျ၊ မသွားရာ။ တထာ၊ ထို့အတူ။ ပဏ္ဍိတော၊ ပညာရှိသည်။ သတ္တံ၊ ကျမ်းဂန် ကို။ ဝိနာ၊ ကင်း၍။ န ဘာသေယျ၊ စကားမဆိုရာ။ အဒ္ဓဂူ၊ အဓွန့်ရှည် သော ခရီးသို့သွားသော။ ဝါဏိဇော၊ ကုန်သည်သည်။ သတ္တံ၊ အဖော်ကို။ ဝိနာ၊ ကင်း၍။ န ဂစ္ဆေယျ၊ မသွားရာ။

၂၈။ လောကေ၊ လောက၌။ ခေန နာသဥ္စ၊ ဉစ္စာပျက်ခြင်းကို လည်းကောင်း။ မနောတာပဥ္စ၊ နှလုံး ပူပန်ခြင်းကိုလည်းကောင်း။ ယရေ၊ အိမ်၌။ ဒုစ္စရိတာနိ စ၊ မကောင်းမှုကို ပြုကျင့်ခြင်းတို့ကို လည်းကောင်း။ ဝဥ္စနဥ္စ၊ လှည့်ပက်ခြင်းကို လည်းကောင်း။ အဝမာ–နဥ္စ၊ မထီမဲ့မြင် ပြုခြင်းကို လည်းကောင်း။ ပဏ္ဍိတော၊ ပညာရှိ သည်။ န ပကာသယေ၊ ထင်ရှားမပြုရာ။

၂၉။ လောကေ၊ လောက၌။ ပတ္တာနုရူပကံ၊ အရေးအခွင့် ရောက်သည်နှင့် လျော်သော။ ဝါကျံ၊ စကားကိုလည်းကောင်း။ သဘာဝ ရူပကံ၊ ကိုယ်အားလျောက်ပတ်သော။ ပိယံ၊ ချစ်အပ်သော သူကို လည်းကောင်း။ အတ္တာနုရူပကံ၊ ကိုယ်နှင့် တန်ရုံသော။ ကောဓ၊ အမျက်ကို လည်းကောင်း။ ယော၊ အကြင်သူသည်။ ဇာနာတိ၊ သိတတ်၏။ သော၊ ထိုသူသည်။ ပဏ္ဍိတော၊ ပညာရှိမည်၏။

၃၀။ အ ခနသဿ၊ ဉစ္စာမရှိဘဲလျက်။ ရသံခါဒါ၊ အရသာ စားကြူးသောသူ။ အဗလသဿ၊ ခွန်အားမရှိဘဲလျက်။ ဟတော နရာ၊

အသတ်အပုတ် ကြိုက်တတ်သောသူ။ အပညာသ၊ ပညာမရှိဘဲ လျက်။ ဝါကျရတာ၊ စကားလိုလားသောသူ။ ဣမေ၊ ဤသည်တို့ ကား။ ဥမ္မတ္တကသမာ၊ သူရူးနှင့် တူကုန်၏။

၃၁။ အနဝှါယံ၊ သူမခေါ်ဘဲလျက်။ ဂမယန္တော၊ သူ့အိမ်သို့ သွားဖန်များသောသူ။ အပုစ္ဆံ၊ သူမမေးဘဲ။ ဗဟုဘာသကော၊ များ စွာ ပြောဟောတတ်သောသူ။ အတ္တဂုဏံ၊ မိမိဂုဏ်ကျေးဇူးကို။ ပကာသန္တော၊ ပလွှားတတ်သောသူ။ ဣဒံ တိဝိဓံ၊ ဤသုံးပါးသည်။ ဟီန လက္ခဏံ၊ သူယုတ်၏ လက္ခဏာတည်း။

၃၂။ အပ္ပရူပေါ၊ အဆင်းမလှသော သူသည်။ ဗဟုံ ဘာသော၊ စကားများတတ်၏။ အပ္ပပညော၊ ပညာနည်းသောသူသည်။ ပကာသကော၊ ထင်ရှားပြတတ်၏။ အပ္ပပူရော၊ ရေမပြည့်သော။ ဃဋော၊ အိုးသည်။ ခေါဘော၊ ချောက်ချားတတ်၏။ အပ္ပခီရာ၊ နို့ရည် မထွက်သော။ ဂါဝီ၊ နွားမသည်။ စလေ၊ ကျောက်ကန်တတ်၏။

၃၃။ မဏ္ဍူကေပိ၊ ဖားသူငယ် သည်လည်း။ ဥက္ကော၊ ဆောင့် ကြောင့် ထိုင်တတ်ကာမူ။ သီဟော၊ ခြင်္သေ့ဟု ထင်၏။ ကာကဂ္ဂဟော၊ ကျီးတည်းချိုမူကား။ ပိယေ ပိယေ၊ ချစ်ဆွေ ချစ်ဆွေဟု မြည်တတ် ၏။ အပဏ္ဍိပိ၊ ပညာမရှိသော သူမိုက်သည်လည်း။ ပဏ္ဍိ ဟုတ္ဟွာ၊ မိမိကိုယ်ကို ပညာရှိထင်ခြင်းကြောင့်။ ခီရား ပညာရှိတို့သည်။ ပုစ္ဆေ၊ မေးလတ်သော်။ ငယေ ငယေ၊ ငါ့ရှင် ငါ့ရှင်–ဟု ချစ်ဖွယ်သော စကား ကို ဆိုတတ်၏။

၃၄။ မဏ္ဍူကေပိ၊ ဖားသူငယ်သည်လည်း။ ဥက္ကော၊ ဆောင့် ကြောင့် ထိုင်ခြင်းတူမူကား။ သီဟော၊ ခြင်္သေ့ဟူကောင်းအံ့လော။

သူကာရေပိ၊ ဝက်သည်လည်း။ ဥပေါ၊ အုတ်အုတ် မြည်တတ် ကာမူ။ ဒီပေ၊ ကျားသစ် ဟူကောင်းအံ့လော။ ဗိဠာရေပိ၊ ကြောင်သည်လည်း။ သံဒိသေ၊ အဆင်းသဏ္ဍာန် တူကာမူ။ ဗျဂ္ဃေ၊ ကျားဟူကောင်းအံ့လော။ သဗ္ဗဓိရေ၊ ခပ်သိမ်းသော ပညာရှိတို့သည် လည်း။ သိပ္ပသမေ၊ အတတ်ချင်း တူကောင်းအံ့လော။

၃၅။ ရာဇာ၊ မင်းတို့ သဘော မည်သည်။ ဓနမှိ၊ ဥစ္စာ၌။ န တိတ္တိ၊ ရောင့်ရဲခြင်း မရှိ။ ပဏ္ဍိတောပိ၊ ပညာရှိသည်လည်း။ သုဘာ–သိတေ၊ စကားကောင်း၌။ န တိတ္တိ၊ ရောင့်ရဲခြင်းမရှိ။ စက္ခုပိ၊ မျက်စိသည်လည်း။ ပိယ ဒဿနေ၊ ချစ်သောသူကို မြင်ခြင်း၌။ န တိတ္တိ၊ ရောင့်ရဲခြင်းမရှိ။ သာဂရောပိ၊ သမုဒ္ဒရာ သည်လည်း။ ဇလေ၊ ရေ၌။ န တိတ္တိ၊ ရောင့်ရဲခြင်းမရှိ။

၃၆။ ရူပ ယောဗ္ဗန သမ္ပန္နာ၊ အဆင်း အရွယ်နှင့် ပြည့်စုံလျှင်မူလည်း။ ဝိသာလ ကုလသမ္ဘဝါ၊ ပြန့်ပြော ကြွယ်ဝသော အမျိုး၌ ဖြစ်လျှင်မူလည်း။ ဝိဇ္ဇာဟီနာ၊ အတတ်ပညာမှ ယုတ်ခဲ့မူကား။ န သောဘန္တိ၊ မတင့်တယ်ကုန်။ ကိံသုကာ၊ပေါက်ပန်းတို့သည်။ နိဂ္ဂန္ဓာ ဣဝ၊ အနံ့မှ ကင်းကုန်သကဲ့သို့တည်း။

၃၇။ လောကေ၊ လောက၌။ ဟီန ပုတ္တော၊ အမျိုးယုတ်သောသူ၏ သားဖြစ်လျက်လည်း။ ရာဇာမစ္စော၊ မင်း၏အမတ် ဖြစ်တတ်၏။ ဗာလပုတ္တော စ၊ လူမိုက်၏သား ဖြစ်လျက်လည်း။ ပဏ္ဍိ–တော၊ ပညာရှိဖြစ်တတ်၏။ အဓနဿ၊ ဥစ္စာမရှိသောသူ၏ သားဖြစ်လျက်လည်း။ ဓနံ၊ ဥစ္စာသည်။ ဗဟု၊ များတတ်၏။ တသ္မာ၊ ထို့ကြောင့်။ ပုရိသာနံ၊ ယောကျ်ားတို့အား။ န မညထ၊ မထိမဲ့မြင် မပြုကုန်ရာ။

၃၈။ ယော သိသော၊ အကြင် တပည့်သည်။ သိပ္ပ လော–
ဘေနှ၊ အတတ်ကိုလိုသဖြင့်။ ဗဟုံ၊ အထူးထူး အပြားပြား များစွာ။
ဂဏှာတိ၊ သင်တတ်၏။ သော သိသော၊ ထိုတပည့်သည်။ တံ
သိပ္ပံ၊ ထိုအတတ်ကို။ သုပိနံ၊ အိပ်မက်ကို။ ပဿန္တော၊ မြင်သော။
မူဂေါဝ၊ သူအ–ကဲ့သို့။ ကထေတုမ္ပိပြန်ဆိုခြင်းငှာလည်း။
ဥဿဟော၊ မစွမ်းနိုင်ရာ။

၃၉။ ကုမ္ဘကာရော၊ အိုးထိန်းသည်သည်။ ကုမ္ဘံ၊ အိုးကို။
ဘိန္ဒေတုံ၊ ကွဲစိမ့်သောငှာ။ န ဃဋ္ဋတိ၊ မခတ်။ သောဘေတုံ၊ တင့်
တယ် စိမ့်သောငှာ။ ဃဋ္ဋတိ၊ ခတ်၏။ အာစရိယော၊ ဆရာသည်။
သိဿာနံ၊ တပည့်တို့အား။ အပါယေသု၊ အပါယ် ဆင်းရဲတို့သို့။
ခိပေတုံ၊ ကျစေခြင်းငှာ။ န ဃဋ္ဋတိ၊ မပုတ်ခတ်။ ဝုမိုကာရဏာ၊
အတတ်ပညာ အစီးအပွားဟူသော အကြောင်းကြောင့်။ ဃဋ္ဋတိ၊
ပုတ်ခတ်၏။

၄၀။ ယော နရော၊ အကြင်သူသည်။ တဂရဠ၊ တောင် ဇလပ်
ပန်းကိုလျှင်။ ပလာသေနှ၊ ပေါက်ဖက်နှင့်။ ဥပ နယှတိ၊ ထုပ်၏။
တဿ၊ ထိုသူ၏။ တဂရော ၈၂၊ တောင်ဇလပ်ပန်းသည် သာလျှင်။
သုရဘိ ၊ ကောင်းသောအနံ့ကို။ ဝါယတိ၊ လှိုင်စေသည် ကား။ နှ၊
မဟုတ်။ ပတ္တာပိ၊ ပေါက်ဖက်တို့သည်လည်း။ သုရဘိ ၊ ကောင်း
သော အနံ့ကို။ ဝါယန္တိ၊ လှိုင်စေကုန်၏။ ဧဝံ–တထာ၊ ထိုအတူ။
ဓိရူပ သေဝနာ၊ ပညာရှိနှင့် ပေါင်းဖက်မှုဝဲရသောသူတို့ ကို။ ဒဠ္ဌဗ္ဗာ၊
မှတ်အပ်ကုန်၏။

ပဏ္ဍိတကဏ္ဍော၊ ပညာရှိကို ဆိုရာဖြစ်သော အခန်းသည်။
နိဋ္ဌိတော၊ ပြီးပြီ။

## ၂–သုဇန ကဏ္ဍ

၁။ သဗ္ဘိရေဝ၊ သူတော်ကောင်းတို့နှင့် သာလျှင်။ သမာ–သေထ၊ ပေါင်းဖက်ရာ၏။ သဗ္ဘိ၊ သူတော်ကောင်းတို့နှင့်။ သန္ထဝံ၊ ပေါင်းဖက်ခြင်းကို။ ကုဗ္ဗေထ၊ ပြုရာ၏။ သတံ၊ သူတော်ကောင်းတို့၏။ သဒ္ဓမ္မံ တရားကို၊ အညာယ၊ သိ၍။ သေယျော၊ မြတ် သည်။ ဟောတိ၊ ဖြစ်၏။ ပါပိယော၊ ယုတ်မာသည်။ န ဟောတိ၊ မဖြစ်။

၂။ ဒုဇ္ဇန သံသဂ္ဂံ၊ သူယုတ်တို့နှင့် ပေါင်းဖက်ခြင်းကို၊ စဇ–စဇာဟိ၊ စွန့်လော့။ သာဓုသမာဂမံ၊ ပေါင်းဖက်အပ်သော သူတော်ကောင်းသို့။ ဘဇ–ဘဇာဟိ၊ ဆည်းကပ်လော့။ အဟောရတ္တိံ၊ နေ့ညဉ့် ပတ်လုံး။ ပုညံ၊ ကောင်းမှုကို။ ကရ–ကရောဟိ၊ ပြုလော့။ အနိစ္စတံ၊ သင်္ခါရတရားတို့၏ မမြဲသော အဖြစ်ကို။ နိစ္စံ၊ အမြဲ။ သရ–သရာဟိ၊ အောက်မေ့ဖလော့။

၃။ ဥဒုမ္ဗရပက္ကာ၊ ရေသဖန်းသီးမှည့်တို့သည်။ ဗဟိ၊ အပ၌။ ရတ္တကာ မေဝ စ၊ နီကုန်သည်သာလျှင်တည်း။ အန္တော၊ အတွင်း၌ကား။ ကိမိလ သမ္ပုဏ္ဏာ၊ ပိုးအတိ ပြည့်ကုန်သည်။ ဟောန္တိ ယထာ၊ ဖြစ်ကုန်သကဲ့သို့။ ဧဝံ–တထာ၊ ထို့အတူ။ ဒုဇ္ဇန ဟဒယာ၊ သူယုတ်တို့၏ နှလုံးတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

၄။ ပနသ ပက္ကာပိ၊ ပိန္နဲသီးမှည့်တို့သည်ကား။ ဗဟိ၊ အပ၌။ ကဏ္ဋက မေဝ စ၊ ဆူးသာထင်ကုန်၏။ အန္တော၊ အတွင်း၌ကား။ အမတ သမ္ပန္နာ၊ အမြိန် အရသာနှင့် ပြည့်စုံကုန်သည်။ ဟောန္တိ ယထာ၊ ဖြစ်ကုန်သကဲ့သို့။ ဧဝံ–တထာ၊ ထို့အတူ။ သုဇန ဟဒယာ၊ သူတော်ကောင်းတို့၏ နှလုံးတို့သည်၊ ဟောန္တိ၊ ဖြစ်ကုန်၏။

၅။ လောကေ၊ လောက၌။ စန္ဒနတရု၊ စန္ဒကူးပင်သည်။ သုကြောပိ၊ ခြောက်သွေ့သော်လည်း။ ဂန္ဓံ၊ အနံ့ကို။ န ဇဟာတိ၊ မစွန့်။ နာဂေါ၊ ဆင်ပြောင်သည်။ ဂတောပိ၊ စစ်မြေပြင်သို့ ရောက်သော်လည်း။ နရ မုခေ၊ လူတို့၏ မျက်မှောက်၌။ လီဠံ၊ တင့်တယ်ခြင်းကို။ န ဇဟာတိ၊ မစွန့်။ ဥစ္ဆု၊ ကြံသည်။ ယန္တာ–ဂတောပိ၊ ယန္တရားစက်၏ အဝသို့ ရောက်သော်လည်း။ မဓုရသံ၊ ချိုသော အရသာကို၊ န ဇဟာတိ၊ မစွန့်။ ပဏ္ဍိတ ဇနော၊ ပညာရှိ သူတော်ကောင်းသည်။ ဒုက္ခောပိ၊ ဆင်းရဲခြင်းသို့ ရောက်သော် လည်း။ ဓမ္မံ၊ သူတော်ကောင်း တရားကို။ န ဇဟာတိ ဧဝ၊ မစွန့် သာလျှင်ကတည်း။

၆။ သီဟော နာမ၊ ခြင်္သေ့ မည်သည်။ ဇိဃစ္ဆပိ၊ မွတ်သိပ် သော်လည်း။ ပဏ္ဏာဒီနိ၊ သစ်ရွက်စသည်တို့ကို။ န ခါဒတိ၊ မစား။ သီဟော နာမ၊ ခြင်္သေ့ မည်သည်ကား။ ကိသော စာပိ ကြုံလှီသော် လည်း။ နာဂ မံသံ၊ ဆင်သားကို။ န ခါဒတိ၊ မစား။

၇။ ကုလ ဇာတော၊ မြတ်သောအမျိုး၌ ဖြစ်ထသော။ ကုလ ဝံသ သုရက္ခကော၊ အမျိုးအနွယ်ကို စောင့်တတ်ထသော။ ကုလ ပုတ္တော၊ အမျိုးကောင်းသားသည်။ အတ္တနာ၊ မိမိသည်။ ဒုက္ခပ္ပ တ္တောပိ၊ ဆင်းရဲခြင်းသို့ ရောက်သော်လည်း။ ဟီနကမ္မံ၊ ယုတ်သောအမှု ကို။ န ကာရယေ၊ မပြုရာ။

၈။ လောကေ၊ လောက၌။ စန္ဒနံ၊ စန္ဒကူးသည်။ သီတလံ၊ ချမ်းမြေ့စွာ၏။ တတော၊ ထို စန္ဒကူး ချမ်းမြေ့သည်ထက်။ စန္ဒော ဝ၊ လ–သည်သာလျှင်။ သီတလော၊ ချမ်းမြေ့၏။ စန္ဒန စန္ဒ သီတမှာ၊ စန္ဒကူး, လ, ချမ်းမြေ့သည်ထက်။ သုဘာသိတံ၊ ကောင်းစွာ

ဆိုအပ်သော။ သာဓုဝါကျံ၊ သူတော်ကောင်းတို့၏ စကားသည်။ သီတလံ၊ ချမ်းမြေ့စွာ၏။

၉။ ဘာဏုံ၊ ရောင်ခြည်တစ်ထောင် ဆောင်သော နေမင်းသည်။ ပစ္ဆိမေ၊ အနောက်မျက်နှာ၌။ ဥဒေတိ၊ တက်ရာ၏။ မေရု ရာဇာပိ၊ မြင်းမိုရ်တောင်မင်းသည်လည်း။ နမတိ၊ ညွတ်ရာ၏။ ယဒိ၊ အကယ်မလွဲ။ နရဂ္ဂိ၊ ငရဲမီးသည်။ သီတလံ၊ ချမ်းမြေ့ရာ၏။ ပဗ္ဗတဂ္ဂေ၊ တောင်ထိပ်၌လည်း။ ဥပ္ပလံ၊ ကြာသည်။ ဝိကသေ၊ ပွင့်ရာ၏။ သာဓုဝါစာ၊ သူတော်ကောင်းတို့၏ စကားသည်။ ကုဒါစနံ၊ တစ်ရံတစ်ဆစ်မျှ၊ န ဝိပရိတာ၊ မဖောက်ပြန်ရာ။

၁၀။ ရုက္ခဿ၊ သစ်ပင်၏။ ဆာယာဝ၊ အရိပ်သည်လျှင်။ သုခါ၊ ချမ်းသာ၏။ တတော၊ ထိုသစ်ပင်ရိပ် ချမ်းသာသည်ထက်။ ဉာတိ မာတာပိတု၊ ဆွေမျိုးမိဘ၏။ ဆာယာ၊ အရိပ်သည်။ သုခါ၊ ချမ်းသာ၏။ တတော၊ ထိုဆွေမျိုးမိဘ၏အရိပ် ချမ်းသာသည် ထက်။ အာစရိယော၊ ဆရာသမား၏ အရိပ်သည်။ သုခေါ၊ ချမ်းသာ၏။ တတော၊ ထိုဆရာသမားတို့၏ အရိပ် ချမ်းသာသည်ထက်။ ရညော၊ မင်း၏။ ဆာယာ၊ အရိပ်သည်။ သုခါ၊ ချမ်းသာ၏။ တတော၊ ထိုမင်း၏အရိပ် ချမ်းသာသည်ထက်။ ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ ဆာယာ၊ အရိပ်ဟု ဆိုအပ်သော တရားတော်သည်။ အနေကဓာ၊ များစွာသော အပြားအားဖြင့်၊ သုခါ၊ ချမ်းသာ၏။

၁၁။ ဘမရာ၊ ပိတုန်းတို့သည်။ ပုပ္ဖံ၊ ပန်းကို။ ဣစ္ဆန္တိ၊ အလိုရှိကုန်၏။ သုဇနာ၊ သူတော်ကောင်းတို့သည်။ ဂုဏံ၊ ဂုဏ်ကျေးဇူးကို။ ဣစ္ဆန္တိ၊ အလိုရှိကုန်၏။ မက္ခိကာ၊ ယင်တို့သည်။ ပူတိံ၊

အပုပ်ကို။ ကြွစ္ဆန္တိ၊ အလိုရှိကုန်၏။ ဒုဇ္ဇနာ၊ သူယုတ်တို့သည်။ ဒေါသံ၊ အမျက် ကို။ ကြွစ္ဆန္တိ၊ အလိုရှိကုန်၏။

၁၂။ မာတာဟီနသဿ၊ အမိယုတ်သော သူအား၊ ဒုဗ္ဘာသာ၊ မကောင်းသောစကားရှိသည်။ ဟောတိ၊ ဖြစ်၏။ ပိတာ ဟီနဿ၊ အဖ ယုတ်သောသူအား။ ဒုက္ကိရိယာ၊ မကောင်းသော အမူအကျင့်ရှိသည်။ ဟောတိ၊ ဖြစ်၏။ ဥဘော မာတာပိတာ ဟီနာ၊ မိဘ နှစ်ပါးစုံ ယုတ်မှုကား။ ဒုဗ္ဘာသာ စ၊ မကောင်းသော စကားရှိ သည်လည်း။ ဟောတိ၊ ဖြစ်၏။ ဒုက္ကိရိယာ စ၊ မကောင်းသော အမူအကျင့် ရှိသည်လည်း။ ဟောတိ၊ ဖြစ်၏။

၁၃။ မာတာသေဋ္ဌဿ၊ အမိမြတ်သော သူအား။ သုဘာသာ၊ ကောင်းသောစကားရှိ၏။ ပိတာသေဋ္ဌဿ၊ အဖ မြတ်သော သူအား။ သုက္ကိရိယာ၊ ကောင်းသော အမူအကျင့်ရှိ၏။ ဥဘော မာတာပိတာ သေဋ္ဌာ၊ မိဘနှစ်ပါးစုံ မြတ်မှုကား။ သုဘာသာ စ၊ ကောင်းသော စကားလည်းရှိ၏။ သုက္ကိရိယာ စ၊ ကောင်းသော အမူအကျင့်လည်း ရှိ၏။

၁၄။ သင်္ဂါမေ၊ စစ်မြေပြင်အရပ်၌။ သူရံ၊ ရဲရင့်သော သူကို။ ကြွစ္ဆန္တိ၊ အလိုရှိကုန်၏။ ကုတူဟလေ၊ ခိုက်ရန်ဖြစ်သော အခါ၌။ မန္တိသုခံ၊ စကား၌ လိမ္မာသောသူကို။ ကြွစ္ဆန္တိ၊ အလိုရှိကုန်၏။ အန္နပါနေသု၊ ထမင်း အဖျော်ကောင်း စားသောက်သောအခါတို့၌။ ပိယံ၊ ချစ်သောသူကို။ ကြွစ္ဆန္တိ၊ အလိုရှိကုန်၏။ အတ္ထကိစ္စေသု၊ အနက်သဒ္ဒါခက်ခဲစွာသော အရေးအရာ အမှုကိစ္စ ရှိသောကာလတို့၌။ ပဏ္ဍိတံ၊ ပညာရှိသော သူကို။ ကြွစ္ဆန္တိ၊ အလိုရှိကုန်၏။

၁၅။ သုနခေါ၊ ခွေးတစ်ကောင်သည်။ သုနခံ၊ ခွေးတစ်ကောင်ကို။ ဒိသွာ၊ မြင်၍။ ရောသယံ၊ ချုပ်ချယ်လျက်။ ဟိံ သိတုံ၊ ညှဉ်းဆဲအံ့သောင့်ငှါ။ ဒန္တံ၊ သွားကို။ ဒဿေတိ၊ ပြ၏။ ဒုဇ္ဇနော၊ သူယုတ်သည်။ သုဇနံ၊ သူတော်ကောင်းကို။ ဒိသွာ၊ မြင်၍။ ရောသယံ၊ ချုပ်ချယ်လျက်။ ဟိံသံ၊ ညှဉ်းဆဲခြင်းအမှုကို။ ကတ္တုံတိ၊ ပြုခြင်းငှာ အလိုရှိ၏။

၁၆။ ဝေဂေန၊ လျင်စွာ။ ကိစ္စာနိ၊ အမှုကိစ္စ ဟူသမျှတို့ကို။ မာ စ ကရောသိ၊ မိမိလည်း မပြုလင့်။ မာ စ ကာရာပေသိ ဝါ၊ သူတစ်ပါးကိုလည်း မပြုစေလင့်။ ကမ္မံ၊ အမှုကို။ သာဟသာ၊ အဆောတလျင်။ ကာရိတံ၊ ပြုမှုကား။ မန္ဒော၊ ပညာနည်းသော သူသည်။ ပစ္ဆာ၊ နောက်မှ။ အနုတပ္ပတိ၊ ပူပန်ရတတ်၏။

၁၇။ လောကေ၊ လောက၌။ ကောဓံ၊ အမျက်ကို။ ဝိဟိတွာ၊ ဖျောက်နိုင်မှုကား ။ ကဒါစိ၊ တစ်ရံတစ်ဆစ်မျှလျှင်။ န သောစတိ၊ မစိုးရိမ်ရ။ မက္ခပ္ပဟာနံ၊ သူ့ကျေးဇူးကို ဆိုတတ်သောသူကို။ ဣသယော၊ ဘုရားစသော သူတော်ကောင်းတို့သည်။ ဝဏ္ဏယန္တိ၊ ချီးမွမ်းကုန်၏။ သဗ္ဗေသံ၊ ခပ်သိမ်းကုန်သော သူတို့၏။ ဖရုသဝါစံ၊ ကြမ်းကြုတ်သော စကားကို။ ခမထ၊ သည်းခံကုန်လော့။ ဧတံ ခန္တိံ၊ ဤသို့သော သည်းခံခြင်းကို။ ဥတ္တမံ၊ မြတ်၏ဟူ၍။ သန္တော၊ ဘုရားစသော သူတော်ကောင်းတို့သည်။ အာဟု၊ ဆိုကုန်၏။

၁၈။ လောကေ၊ လောက၌။ အသုစိသင်္ကတော၊ မစင်အတိပြည့်သော။ သမ္မာဝေ၊ ကျဉ်းမြောင်းသော။ ဌာနေ၊ အရပ်၌။ နိပါသော၊ နေရခြင်းသည်။ ဒုက္ခော၊ ဆင်းရဲ၏။ တဂေဘာ၊ ကိုယ်လက်။

အပွဲယေ၊ မချစ်မနှစ်သက်လိုသော။ အရိမို့ ရန်သူထံ ၌။ နိဝါသော၊ နေရခြင်းသည်။ ဒုက္ခော၊ ဆင်းရဲ၏။ တတောပိ၊ ထိုထက် လည်း။ အကတညုနာ၊ သူကျေးဇူးကို မသိတတ်သောသူနှင့်။ နိဝါသော၊ နေရခြင်းသည်။ ဒုက္ခော၊ ဆင်းရဲ၏။

၁၉။ ဩဝဒေယျ၊ ဆုံးမသင့်သောအရာ၌ ဆုံးမရာ၏။ အနုသာသေယျ၊ မပြတ်ဆုံးမရာ၏။ အသဗ္ဘါ စ၊ ယုတ်မာသော အကျင့်မှလည်း။ နိဝါရယေ၊ တားမြစ်ရာ၏။ ဟိ၊ ထိုစကား သင့်စွ။ သော၊ ထိုဆုံးမတတ်သောသူကို။ သတံ၊ သူတော်ကောင်းတို့ သည်။ ပိယော၊ ချစ်ခင်အပ်သည်။ ဟောတိ၊ ဖြစ်၏။ အသတံ၊ သူတော်မဟုတ် သူယုတ်တို့သည်။ အပ္ပိယော၊ မချစ်ခင်အပ်သည်။ ဟောတိ၊ ဖြစ်၏။

၂၀။ ဥတ္တမံ၊ ကိုယ်ထက်မြတ်သောသူကို။ အတ္တ နိဝါတေန၊ ကိုယ်ကိုနှိမ့်ချသဖြင့်။ နိဇ္ဇယေ၊ အောင်ရာ၏။ သူရံ၊ ရဲရင့်သော သူကို။ ဘေဒေန၊ သင်းခွဲသဖြင့်။ နိဇ္ဇယေ၊ အောင်ရာ၏။ နီစံ၊ ကိုယ့်အောက် နိမ့်သောသူကို။ အပ္ပကာ ဒါနေန၊ တစုံးတစိပေး သဖြင့်။ နိဇ္ဇယေ၊ အောင်ရာ၏။ သမံ၊ ကိုယ်နှင့် တူသောသူကို။ ဝါယာမေန၊ လုံ့လပြုသဖြင့်။ ဇယေ၊ အောင်ရာ၏။

၂၁။ လောကေ၊ လောက၌။ ဝိသံ၊ အဆိပ်ကို။ ဝိသံ ဣတိ၊ အဆိပ်ဟူ၍။ န အာဟု၊ မဆိုကုန်။ သံဃဿ၊ သံဃာ၏။ ဓနံ၊ ဥစ္စာကို။ ဝိသံ ဣတိ၊ အဆိပ်ဟူ၍။ ဥစ္စတေ၊ ဆိုအပ်၏။ ဝိသံ၊ အဆိပ် သည်။ ဧကံဝ ဟနတိ၊ တစ်ကြိမ်သာလျှင် သတ်တတ်၏။ သံဃဿ၊ သံဃာ၏။ ဓနံ၊ ဥစ္စာသည်ကား။ သဗ္ဗံ၊ အကြိမ်ကြိမ် အဖန်ဖန်။ ဟနတိ၊ သတ်တတ်၏။

၂၂။ ဇဝေန၊ လျှင်မြန်ခြင်းဖြင့်။ အဿဘဒြံ၊ မြင်းကောင်း ကျေးဇူးကို။ ဇာနန္တိ၊ သိကုန်၏။ ဝါဟေန၊ လေးသောဝန်ကို ရွက်ဆောင်သဖြင့်။ ဗလိဗဒ္ဒံ၊ နွားကျေးဇူးကို။ ဇာနန္တိ၊ သိကုန်၏။ ဒုဟေန၊ နို့ညှစ် ခြင်းဖြင့်။ ဓေနုံ၊ နို့ထွက်သော နွားမ၏ ကျေးဇူးကို။ ဇာနန္တိ သိကုန်၏။ ဘာသ မာနေန၊ ကြံစည်လျှို့ဝှက်ရာ၌ ပြောဆို ခြင်းဖြင့်၊ ပဏ္ဍိတံ၊ ပညာရှိကျေးဇူးကို။ ဇာနန္တိ၊ သိကုန်၏။

၂၃။ သာဓူနံ၊ သူတော်ကောင်းတို့၏။ ဓနံ၊ ဥစ္စာသည်။ အပ္ပမ္ပိ၊ အနည်းငယ်သော်လည်း။ ကူပေ၊ တွင်း၌။ ဝါရိဝ၊ ရေကဲ့သို့။ နိဿယော၊ သူတစ်ပါးတို့ မှီခိုရာရ၏။ အသာဓူနံ၊ သူတော်ကောင်း မဟုတ်သောသူတို့၏။ ဓနံ၊ ဥစ္စာသည်။ ဗဟုံ အပိ၊ များသော်လည်း။ အဏ္ဏဝေ၊ သမုဒ္ဒရာ၌။ ဝါရိဝ၊ ရေကဲ့သို့။ န စ နိဿယော၊ သောက် ချိုးရာ, မှီရာ မရ။

၂၄။ အာပံ၊ ရေကို။ နဇ္ဇော၊ မြစ်တို့သည်။ နော ပိဝန္တိ ၊ မ သောက်ကုန်။ ရုက္ခာ၊ သစ်ပင်တို့သည်။ ဖလံ၊ အသီးကို။ နော ခါဒန္တိ၊ မစားကုန်။ မေဃာ၊ မိုးတို့သည်လည်း။ ကွစိ၊ အချို့သော အရပ် တို့၌။ နော ဝဿန္တိ ၊ မရွာကုန်။ သတံ၊ သူတော်ကောင်းတို့၏။ ဓနံ၊ ဥစ္စာသည်လည်း။ ပရတ္ထာယ၊ သူတစ်ပါး၏အကျိုးငှာ သာတည်း။

၂၅။ အပတ္တေယျံ၊ မတောင့်တ–အပ်သည်ကို။ န ပတ္တေယျ၊ မတောင့်တ–ရာ။ အစိန္တေယျံ၊ မကြံအပ်သည်ကို။ န စိန္တယေ၊ မကြံရာ။ ဓမ္မ မေဝ၊ တရားသဘောနှင့် စပ်ယှဉ်သည်ကိုသာလျှင်။ သုစိန္တေယျ၊ ကောင်းစွာကြံရာ၏။ မောဃံ၊ အချည်းနှီးသော။ ကာလံ၊ ကာလကို။ န ကစ္ဆယေ၊ အလိုမရှိရာ။

၂၆။ အစိန္တိတမ္ပိ၊ မကြံဘဲလျက်လည်း။ ဘဝတိ၊ ဖြစ်တတ် ၏။ စိန္တိတမ္ပိ၊ ကြံသော်လည်း။ ဝိနဿတိ၊ ပျက်တတ်၏။ ဟိ၊ ထိုစကား သင့်စွ။ ဣတ္ထိယာ ဝါ၊ မိန်းမအားလည်းကောင်း။ ပုရိသဿ ဝါ၊ ယောကျ်ားအား လည်းကောင်း။ ဘောဂါ၊ စည်းစိမ်တို့သည်။ န စိန္တာမယာ၊ ကြံတိုင်းလည်း မပြီးကုန်။

၂၇။ ယော၊ အကြင်သူသည်။ အသန္တဿ၊ သူတော်မဟုတ်သော သူအား။ ပိယော၊ ချစ်အပ်သည်။ ဟောတိ၊ ဖြစ်၏။ သန္တံ၊ သူတော် ကောင်းကို။ ပိယံ၊ ချစ်ခြင်းကို။ န ကုရုတေ၊ မပြု။ အသတံ၊ မသူ တော်တို့၏။ ဓမ္မံ၊ တရားကိုသာလျှင်။ ရောစတိ၊ နှစ်သက် ၏။ တဿ၊ ထိုသူ၏။ တံ၊ ထိုအမူအကျင့်သည်။ ပရာဘဝတော၊ ပျက်စီးအံ့သည်၏။ မုခံ၊ အကြောင်းတည်း။

**သုဇနကဏ္ဍော၊ သူတော်ကောင်းတို့ကို ဆိုရာ အခန်းသည်။**
**နိဋ္ဌိတော၊ ပြီးပြီ။**

## ၃–ဗာလဒုဇ္ဇန ကဏ္ဍ

၁။ ခလော၊ သူယုတ်ကို။ အတိပိယော၊ အလွန်ချစ်အပ် သည်ကို။ န ကာတဗ္ဗော၊ မပြုအပ်။ သိရသာ၊ ဦးခေါင်းဖြင့်။ ဝဟ– မာနောပိ၊ ရွက်ဆောင်အပ်သော်လည်း။ အမ္ဗုပူရော၊ မပြည့်သော ရေရှိသော။ ဃဋော ယထာ၊ အိုးကဲ့သို့။ ကောတုဟလံ၊ အုတ်အုတ် ကျက်ကျက် ကို။ ကရော၊ ပြုတတ်၏။

၂။ သပ္ပေါ၊ မြွေသည်။ ဒုဇ္ဇော၊ အမျက်လွန်၏။ ခလော၊ သူယုတ်သည်လည်း။ ဒုဇ္ဇော၊ အမျက်လွန်၏။ သပ္ပါ၊ မြွေထက်။ ခလော၊ သူယုတ်သည်ကား။ ဒုဇ္ဇတရော၊ အမျက်လွန်၏။ သော သပ္ပေါ၊ ထိုမြွေကိုကား။ မန္တောသဓေဟိ၊ မန္တယား ဆေးဝါးတို့ဖြင့်။ သမ္မတိ၊ ငြိမ်းစေနိုင်၏။ ခလော၊ သူယုတ်ကိုကား။ ကေန၊ အဘယ် မည်သော ဆေးဖြင့်။ ဥပသမ္မတိ၊ ငြိမ်းစေနိုင်အံ့နည်း။

၃။ ယော ဗာလော၊ အကြင် သူမိုက်သည်။ ဗာလျံ၊ မိမိမိုက် သော အဖြစ်ကို။ မညတိ၊ သိ၏။ တေန၊ ထိုသို့ သိခြင်းကြောင့်။ သော ဝါ ပိ၊ ထိုသို့ မိုက်သောသူ ဖြစ်လျက်လည်း။ ပဏ္ဍိတော၊ ပညာရှိမည်၏။ ယော ဗာလော၊ အကြင်သူမိုက်သည်ကား။ ဗာလော စ၊ မိုက်လျက်လျှင်။ ပဏ္ဍိတမာနီ၊ မိမိကိုယ်ကို ပညာရှိဟု ထင်၏။ သ–သော၊ ထိုသူကိုသာလျှင်။ ဝေ၊ စင်စစ်။ ဗာလောတိ၊ သူမိုက်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

၄။ ဗာလော၊ သူမိုက်သည်။ ယာဝ၊ အကြင်မျှလောက်။ ပါပံ၊ မိမိ ပြုသော မကောင်းမှုသည်။ န ပစ္စတိ၊ အကျိုးမပေးသေး။ တာဝ၊ ထိုမျှလောက်။ မဓုဝ၊ ပျားရည်ကဲ့သို့။ မညတိ၊ အောက်မေ့ တတ်၏။ ယဒါ စ၊ အကြင်အခါ၌ကား။ ပါပံ၊ မိမိပြုသော မကောင်းမှုသည်။ ပစ္စတိ၊ အကျိုးပေး၏။ အထ၊ ထိုအခါ၌။ ဒုက္ခံ၊ ဆင်းရဲခြင်းသို့။ နိဂစ္ဆတိ၊ ရောက်၏။

၅။ ဗာလော၊ သူမိုက်သည်။ ဗလဝါ၊ ကိုယ်အားရှိမူ။ န သာဓု၊ မကောင်း။ သဟသာ၊ အနိုင်အထက်။ ဓနံ၊ သူ၏ ဥစ္စာကို။ ဝိန္ဒတေ၊ ရအောင်ယူတတ်၏။ ဒုပ္ပညော၊ ပညာနည်းသော။ သော ဗာလော

ထိုသူမိုက်သည်။ ကာယဿ၊ ကိုယ်ခန္ဓာ၏။ ဘေဒါ၊ ပျက်သည်မှ။ ပရံ၊ နောက်၌။ နိရယံ၊ ငရဲသို့။ ဥပပဇ္ဇတိ၊ ရောက်တတ်၏။

၆။ ယရေ၊ အိမ်၌။ ဒုဗ္ဗော စ၊ ဖျက်ဆီးတတ်သည်ကား။ မူသိကော၊ ကြွက်တည်း။ ဝနေ၊ တော၌။ ဒုဗ္ဗော စ၊ ဖျက်ဆီးတတ်သည်ကား။ ဝါနရော၊ မျောက်တည်း။ သကုဏော၊ ငှက်၌။ ဒုဗ္ဗော စ၊ ဖျက်ဆီးတတ်သည်ကား။ ကာကော၊ ကျီးတည်း။နရေ၊ လူ၌။ ဒုဗ္ဗော စ၊ ဖျက်ဆီးတတ်သည်ကား။ ဗြာဟ္မဏော၊ ပုဏ္ဏားတည်း။

၇။ ဇာဂရတော၊ နိုးကြားသောသူအား။ ရတ္တိ၊ ညဉ့်သည်။ ဒီဃာ၊ ရှည်၏။ သန္တဿ၊ ခရီးပန်းသောသူအား။ ယောဇနံ၊ တစ်ယူဇနာ ခရီးသည်။ ဒီဃံ၊ ရှည်၏။ သဒ္ဓမ္မံ၊ သူတော်ကောင်းတရားကို။ အဝိဇာနတံ၊ မသိကုန်သော။ ဗာလာနံ၊ သူမိုက်တို့အား။ သံသာရော၊ သံသရာသည်။ ဒီဃော၊ ရှည်၏။

၈။ ခလဇာတော၊ ယုတ်သောသဘောရှိသော သူသည်။ ပရေသံ၊ သူတစ်ပါးတို့၏။ တိလမတ္တံ ဝေ၊ နှမ်းစေ့ခန့်မျှသာ ရှိသော။ အပ္ပဒေါသဥ္စ–အပ္ပဒေါသံ ဝေ၊ အနည်းငယ်သော အပြစ်ကိုသာလျှင်။ ပဿတိ၊ မြင်တတ်၏။ နာဠိကေရံ၊ အုန်းသီးလောက်ရှိသော။ သဒေါသံပိ၊ မိမိ၏အပြစ်ကိုကား။ န ပဿတိ၊ မမြင်တတ်။

၉။ ပဏ္ဍိတော၊ ပညာရှိသော သူသည်။ အတ္တဒေါသံ၊ မိမိ၏အပြစ်ကို။ ပရေ၊ သူတစ်ပါးတို့ကို။ န ဇညာ၊ မသိစေရာ။ ပရဿ၊ သူတစ်ပါး၏။ ဒေါသံ တု၊ အပြစ်ကိုကား။ ဇညာ၊ သိအောင်ပြုရာ၏။ ကိမိဝ၊ အဘယ်ကဲ့သို့နည်းဟူမူကား။ ကုမ္မော၊ လိပ်တို့သည်၊ အင်္ဂါနိ၊ လက်, ခြေ, ဦးခေါင်းတို့ကို။ ဂုယှန္တိ ဣဝ။ လျှို့ဝှက်ကုန် သကဲ့သို့။

အတ္တဒေါသံ၊ မိမိအပြစ်ကို။ ဂုယေ့၊ လျှို့ဝှက်ရာ၏။ ပရဒေါသဥ္စ၊ သူတစ်ပါးတို့၏ အပြစ်ကိုလည်း။ လက္ခယေ၊ မှတ်ရာ၏။

၁၀။ ဗာလေန၊ သူမိုက်သည်။ ပဏ္ဍိတဿ၊ ပညာရှိအား။ ပသံသာယ၊ ချီးမွမ်းခြင်းဖြင့်။ ဒဏ္ဍော၊ ဒဏ်ကို။ ဒိယျတေ၊ ပေးသည် မည်၏။ ပဏ္ဍိတော၊ ပညာရှိကို။ ပဏ္ဍိတေနေဝ၊ ပညာရှိ သည်သာလျှင်။ ဝဏ္ဏိတော၊ ချီးမွမ်းခြင်းသည်။ သုဝဏ္ဏိတော၊ ကောင်းစွာ ချီးမွမ်းခြင်း မည်၏။

၁၁။ လုဒ္ဓံ၊ လိုချင် တပ်မက်မောခြင်း ရှိသော သူကို၊ အတ္ထေန၊ တံစိုး လက်ဆောင်ပေးသဖြင့်။ ဂဏှေယျ၊ ယူရာ၏။ ထဒ္ဓံ၊ မာန်ခက် ထန်သောသူကို။ အဉ္စလိကမ္မုနာ၊ လက်အုပ်ချီသဖြင့်။ ဂဏှေယျ၊ ယူရာ၏။ မူဠှံ၊ သူမိုက်ကိုကား။ ဆန္ဒာနုဝတ္တိယာ၊ အလိုသို့လိုက်သဖြင့်။ ဂဏှေယျ၊ ယူရာ၏။ ပဏ္ဍိတံ၊ ပညာရှိကို။ ယထာဘူတေန၊ အဟုတ်အမှန် ဆိုသဖြင့်။ ဂဏှေယျ၊ ယူရာ၏။

**ဗာလဒုဇ္ဇနကဏ္ဍော၊ သူမိုက် သူယုတ်တို့ကို ဆိုသော အခန်းသည်။ နိဋ္ဌိတော၊ ပြီးပြီ။**

---

## ၄—မိတ္တ ကဏ္ဍ

၁။ ဟိတကာရော၊ စီးပွားကိုဆောင်သည်ရှိသော်။ ပရောပိ၊ သူတစ်ပါးသည်လည်း။ ဗန္ဓု၊ အဆွေမည်၏။ အဟိတော၊ စီးပွားကို မဆောင်မူ။ ဗန္ဓုပိ၊ အဆွေသည်လည်း။ ပရော၊ သူတစ်ပါးမည်၏။ ဗျာဓိ၊ အနာသည်။ ဒေဟဇော၊ ကိုယ်၌ဖြစ်လျက်။ အဟိတော၊

စီးပွားကိုမဆောင်လေ။ ဩသမ်၊ ဆေးကား။ အရည်၊ တော၌ဖြစ်လျက်။ ဟိတ၊ စီးပွားကို ဆောင်လေသလျှင်ကတည်း။

၂။ ပရောက္ခေ၊ မျက်ကွယ်၌။ ဂုဏ၊ ဟန္တာရ၊ ကျေးဇူးကို ချေတတ်သော။ ပစ္စက္ခေ၊ မျက်မှောက်၌။ ပိယ ဝါဒိန်၊ ချစ်ဖွယ်စကားကို ဆိုတတ်သော။ တာဒိသံ၊ ထိုသို့သဘောရှိသော။ မိတ္တံ၊ အဆွေခင်ပွန်းကို။ ဝိသကုမ္ဘ၊ အဆိပ်အိုး၌။ မဓုံ၊ ပျားကို။ ဝဇ္ဇေယျ ယထာ၊ ကြဉ်ရာသကဲ့သို့။ ဝဇ္ဇေယျ၊ ကြဉ်ရာ၏။

၃။ ဓနဟီနေ၊ ဥစ္စာတည်း ယုတ်မူကား။ မိတ္တော၊ အဆွေခင်ပွန်းသည်။ စဇေ၊ စွန့်တတ်၏။ ပုတ္တဒါရာ၊ သားမယားတို့သည် လည်းကောင်း။ သဟောဒရာ၊ ညီသား အစ်ကိုတို့သည် လည်းကောင်း။ စဇန္တိ၊ စွန့်တတ်ကုန်၏။ ဓနဝန္တေဝ၊ ဥစ္စာရှိသော သူတို့ကိုသာလျှင်။ သေဝန္တိ၊ မှီဝဲကုန်၏။ တသ္မာ၊ ထို့ကြောင့်။ ဓနံ၊ ဥစ္စာသည်သာလျှင်။ လောကေ၊ လောက၌၊ မဟာသခါ၊ ခင်ပွန်းကြီးတည်း။

၄။ လောကေ၊ လောက၌။ ဘစ္စံ၊ ကျွန် သူခစားကို။ ပေသနေ၊ စေပါး ခိုင်းခန့်မှုသာလျှင်။ ဇာနေယျ၊ ကောင်းမကောင်းကို သိရာ၏။ ဗန္ဓဝါပိ၊ ဆွေမျိုးတို့ကိုလည်း။ ဘယာဂတေ၊ ဘေးရောက်သောအခါ၌။ ဇာနေယျ၊ သိရာ၏။ တထာ၊ ထိုမြို့။ မိတ္တံ၊ အဆွေခင်ပွန်းကို။ အပ္ပကာသု၊ ဥစ္စာနည်းသော အခါတို့၌။ ဇာနေယျ၊ သိရာ၏။ ဒါရဥ္စ၊ မယားကိုလည်း။ ဝိဘဝက္ခယေ၊ စည်းစိမ်ကုန်မှုသာလျှင်။ ဇာနေယျ၊ သိရာ၏။

၅။ ယော၊ အကြင်သူသည်။ ဟိတေ၊ အစီးပွား၌။ ယုတ္တော၊ ယှဉ်စေတတ်၏။ သော၊ ထိုသူသည်။ ဗန္ဓု၊ အဆွေ ခင်ပွန်းမည်၏။

ယော၊ အကြင်သူသည်။ ပေါသကော၊ ကျွေးမွေးတတ်သည်။ ဟောတိ၊ ဖြစ်၏။ သော၊ ထိုသူသည်။ ပိတရော၊ မိဘမည်၏။ ယတ္ထ၊ အကြင်သူ၌။ ဝိဿာသော၊ ချစ်ကျွမ်းဝင်၏။ တံ၊ ထိုသူသည်။ မိတ္တံ၊ ခင်ပွန်းမည်၏။ ယတ္ထ၊ အကြင်သူ၌။ နိဗ္ဗုတိ၊ နှလုံးငြိမ်း၏။ သာ၊ ထိုသို့ ငြိမ်းစေတတ်သော သူသည်။ ဘရိယာ၊ မယားမည်၏။

၆။ အမိတ္တဿ၊ ရန်သူနှင့်လည်း။ န ဝိဿသေ၊ အကျွမ်းမဝင်ရာ။ မိတ္တဉ္စာပိ၊ အဆွေခင်ပွန်းနှင့်လည်း။ န ဝိဿသေ၊ အကျွမ်းမဝင်ရာ။ ကဒါစိ၊ တစ်ရံတစ်ခါ။ မိတ္တော၊ အဆွေခင်ပွန်းသည်။ ကုပိတော၊ အမျက် ထွက်လတ်သော်။ သဗ္ဗဒေါသံ၊ ခပ်သိမ်းသော အပြစ်ကို။ ပကာသတိ၊ ထင်ရှား ပြတတ်၏။

၇။ ယော၊ အကြင်သူသည်။ မိတ္တာ၊ ခင်ပွန်းနှင့်။ သကိံ၊ တစ်ကြိမ်။ ဒုဋ္ဌတိ၊ အမျက် ထွက်ဖူး၏။ သော၊ ထိုသူသည်။ ပုန၊ တစ်ဖန်။ သန္ဓိတုံ၊ စေ့စပ်ခြင်းငှာ။ ဣစ္ဆတိ၊ အလိုရှိငြားအံ့။ ဂဗ္ဘော၊ ကိုယ်ဝန်သည်။ အဿတရီ ယထာ၊ အဿတိုရ်မြင်းကို ဖွားအံ့သော မြင်းမကဲ့သို့။ မစ္စုံ၊ သေမင်းနိုင်ငံသို့။ ဥပဂစ္ဆတိ၊ ဆောင်၏။

၈။ ယာဝ၊ အကြင်မျှလောက်။ ကာလံ၊ မိမိ၏ အကြံ့ ကာလသည်။ အနာဂတံ၊ မရောက်သေး။ တာဝ၊ ထိုမျှလောက်။ အမိတ္တံ၊ ရန်သူကိုလျှင်။ ခန္ဓေန၊ ပခုံးဖြင့်။ ဝဟေ၊ ရွက်ဆောင်ရာ၏။ ကာလေ၊ မိမိအကြံ့ကာလသည်။ အာဂတေ၊ ပြည့်စုံခြင်းသို့ရောက်လေပြီးသော်။ တမေဝ၊ ထိုရန်သူကိုလျှင်။ သေလေ၊ ကျောက်၌။ ဃဋံ၊ ရွက်ဆောင်သောအိုးကို။ ဘိန္ဒေ ဣဝ၊ ခွဲသကဲ့သို့။ ဘိန္ဒေ၊ ဖျက်ရာ၏။

၉။ ဣဏသေသော၊ မြီကြွင်း လည်းကောင်း။ အဂ္ဂိသေသော၊ မီးကြွင်း လည်းကောင်း။ တထေဝ စ၊ ထိုအတူ သာလျှင်။ ရောဂ–

သေသော၊ ရောဂါကြွင်းလည်းကောင်း။ ပုနပ္ပုနံ၊ အဖန်တလဲလဲ။ ဝိဝဍ္ဎိ၊ ပွားတတ်ကုန်၏။ တသ္မာ၊ ထိုကြောင့်။ သေသံ၊ အကြွင်းကို။ န ကာရယေ၊ မပြုရာ။

၁၀။ ယဿ၊ အကြင်သူ၏။ မုခံ၊ မျက်နှာကား။ ပဒုမံဝ–ပဒုမံ ဣဝ၊ ပဒုမ္မာကြာကဲ့သို့ ရွှင်၏။ ဝါစာ၊ ဆိုသောစကားသည် လည်း။ စန္ဒန သီတလာ၊ စန္ဒကူးကဲ့သို့ ချမ်းအေး၏။ ဟဒယေ တု၊ နှလုံး ၌ကား။ ဟလာဟလံ၊ လျှင်စွာသေစေတတ်သော အဆိပ်ကဲ့သို့ ရှိ၏။ တာဒိသံ၊ ထိုသို့သဘောရှိသော သူကို။ နောပ သေဝေယျ၊ မမှီဝဲရာ။

၁၁။ ဖရုသံ၊ ကြမ်းကြုတ်သော။ သာမိံ၊ အရှင်ကို။ န သေဝေ၊ မမှီဝဲရာ။ တတော၊ ထိုထက်။ မစ္ဆရိံ၊ ဝန်တိုသော။ သာမိံ၊ အရှင်ကို။ န စ သေဝေယျ၊ မမှီဝဲရာ။ တတော၊ ထိုထက်။ အပဂ္ဂဏှံ၊ မချီးမြှင့် တတ်သော။ သာမိံ၊ အရှင်ကို။ န သေဝေယျ၊ မမှီဝဲရာ။ တတော၊ ထိုထက်။ နိဂ္ဂဟိတံ၊ နှိပ်စက် တတ်သော။ သာမိံ၊ အရှင်ကို။ နေဝ သေဝေယျ၊ မမှီဝဲရာသာလျှင် ကတည်း။

၁၂။ သိင်္ဂိံ၊ ဦးချိုရှိသော သတ္တဝါကို။ ပညာသ ဟတ္ထေန၊ အတောင်ငါးဆယ်ရှိသော အရပ်မှ။ ဝဇ္ဇေ၊ ကြည်ရာ၏။ ဝါဇိနံ၊ မြင်းကိုကား။ သတေန၊ အတောင်တစ်ရာမှ။ ဝဇ္ဇေ၊ ကြဉ်ရာ၏။ ဟတ္ထိံ ဒန္တိံ၊ အစွယ်ရှိသော ဆင်ကိုကား။ သဟဿေန၊ အတောင် တစ်ထောင် ကသာလျှင်။ ဝဇ္ဇေ၊ ကြဉ်ရာ၏။ ဒုဇ္ဇနံ၊ သူမကောင်းကို ကား။ ဒေသ စာဂေန၊ အရပ်ကိုစွန့်သဖြင့်။ ဝဇ္ဇေ၊ ကြဉ်ရာ၏။

၁၃။ ကုဒေသန္တု၊ မကောင်းသော အရပ်ကို လည်းကောင်း။ ကုမိတ္တန္တု၊ မကောင်းသော ခင်ပွန်းကိုလည်းကောင်း။ ကုကုလန္တု၊ မကောင်းသောအမျိုးကိုလည်းကောင်း။ ကုဒါရန္တု၊ မကောင်းသော မယားကို လည်းကောင်း။ ကုဒါသန္တု၊ မကောင်းသောကျွန်ကို လည်းကောင်း။ ဒူရတော၊ ဝေးစွာ။ ပရိဝဇ္ဇယေ၊ ကြဉ်ရာ၏။

၁၄။ ယေ သခါ၊ အကြင် ခင်ပွန်းတို့သည်။ ရောဂါတုရေ စ၊ အနာနှိပ်စက်သော ကာလ၌လည်းကောင်း။ ဒုဗ္ဘိက္ခေ စ၊ ငတ်မွတ်ခေါင်းပါးသော ကာလ၌လည်းကောင်း။ ဗျသနေ စ၊ ဉာဉ်းစိမ်ပျက်စီး သော ကာလ၌လည်းကောင်း။ သတ္တု ဂဟေ စ၊ ရန်သူမိသော ကာလ၌လည်းကောင်း။ ရာဇဒွါရေ စ၊ မင်းအိမ် တံခါး၌ လည်းကောင်း။ သုသာနေ စ၊ သုသာန် တစပြင်၌ လည်း ကောင်း။ တိဋ္ဌာ၊ တည်ရပ်ပေကုန်၏။ တေ သခါ၊ ထိုခင်ပွန်းတို့ သည်သာလျှင်။ သုမိတ္တကာ၊ ခင်ပွန်းကောင်း မည်ကုန်၏။

၁၅။ သီတ ဝါစော၊ နူတ်ချွန်းချိုသော စကားရှိသော သူသည်။ ဗဟုမိတ္တော၊ များသော အဆွေခင်ပွန်းရှိ၏။ ဖရုသော၊ ကြမ်းကြုတ်သော သူသည်။ အပ္ပမိတ္တကော၊ နည်းသော အဆွေခင်ပွန်းရှိ၏။ သူရိယစန္ဒရာဇူနံ၊ နေမင်း, လမင်းတို့၏။ ဥပမာ၊ ဥပမာကို။ ဧတ္ထ၊ ဤအရာ၌။ ဉာတဗ္ဗာ၊ သိအပ်၏။

မိတ္တကဏ္ဍော၊ ခင်ပွန်းကို ဆိုရာအခန်းသည်။
နိဋ္ဌိတော၊ ပြီးပြီ။

## ၅–ဣတ္ထိ ကဏ္ဍ

၁။ ကောကိလာနှံ၊ ဥဩတို့၏။ ရုပ်၊ အဆင်းကား။ သဒ္ဒေါ၊ အသံလျှင်တည်း။ နာရိရုပ်၊ မိန်းမတို့၏ အဆင်းကား။ ပတိဗ္ဗတာ၊ လင်ကို မြတ်နိုးခြင်းတည်း။ အရူပါနံ၊ ရုပ်သဏ္ဍာန် မကောင်းသော သူတို့၏။ ရုပ်၊ အဆင်းကား။ ဝိဇ္ဇာ၊ အတတ် တည်း။ တပဿီနံ၊ ရသေ့တို့၏။ ရုပ်၊ အဆင်းကား။ ခမာ၊ သည်းခံခြင်းတည်း။

၂။ ဣတ္ထိနံ၊ မိန်းမတို့၏။ ဓနံ၊ ဥစ္စာကား။ ရုပ်၊ အဆင်းတည်း။ ပုရိသာနံ၊ ယောကျာ်းတို့၏။ ဓနံ၊ ဥစ္စာကား။ ဝိဇ္ဇာ၊ အတတ်လျှင် တည်း။ ဘိက္ခူနံ၊ ရဟန်းတို့၏။ ဓနံ၊ ဥစ္စာကား။ သီလံ သီလတည်း။ ရာဇာနံ၊ မင်းတို့၏။ ဓနံ၊ ဥစ္စာကား။ ဗလံ၊ ရဲမက်ဗိုလ်ပါတည်း။

၃။ တာပသာ၊ ရသေ့ ရဟန်း တို့သည်ကား။ ကိသာဝ၊ ကြုံ ကုန်မှသာလျှင်။ သောဘာ၊ တင့်တယ်ကုန်၏။ စတုပ္ပဒါ၊ အခြေ လေးခုရှိသော သတ္တဝါတို့သည်ကား။ ထူလာဝ၊ ဆူကုန်မှသာလျှင်။ သောဘာ၊ တင့်တယ်ကုန်၏။ ပုရိသာ စ၊ ယောကျာ်းတို့သည် ကား။ ဝိဇ္ဇာ၊ အတတ်ပညာရှိမှသာလျှင်။ သောဘာ၊ တင့်တယ်ကုန်၏။ ဣတ္ထီ စ၊ မိန်းမတို့သည်ကား။ သာမိကာဝ၊ လင်ရှိမှသာလျှင်။ သော ဘာ၊ တင့်တယ်ကုန်၏။

၄။ သုဂန္ဓဗ္ဗာ၊ တတ်လှစွာသော စောင်းသမားသည်၊ ပဉ္စရတ္တာ၊ ငါးရက်မျှ စောင်းနှင့်ကင်းမူ။ မလာ၊ ပျက်၏။ ဓနုဂ္ဂဟာ၊ တတ်လှစွာ သော လေးသမားသည်။ သတ္တရတ္တာ၊ ခုနစ်ရက်မျှ လေးနှင့်ကင်းမူ။ မလာ၊ ပျက်၏။ သုဘရိယာ၊ တော်မှန်လှစွာသော မယားဖြစ်လျှင်

မှုလည်း။ ကေမာသာ၊ လင်နှင့် တစ်လကင်းမှု။ မလာ၊ ပျက်၏။ သိဿာ၊ တပည့်တို့ကား။ အဍ္ဎမာသာ၊ လခွဲမျှ ဆရာနှင့် ကင်းမှု။ မလာ၊ ပျက်၏။

၅။ ဟိံ၊ ကျွဲကား။ ပင်၊ ညွှန်ရှိမှသာလျှင်။ ရမတိ၊ မွေ့လျော်၏။ ဟင်၊ ဟံသာငှက်ကား။ ပေါက်၊ ရေကန်ရှိမှသာလျှင်။ ရမတိ၊ မွေ့လျော်၏။ ထိ၊ မိန်းမကား။ ပု၊ ယောက်ျားရှိမှသာလျှင်။ ရမတိ၊ မွေ့လျော်၏။ ခု၊ ရဟန်းကား။ ဓံ၊ တရားရှိမှသာလျှင်။ ရမတိ၊ မွေ့လျော်၏။

၆။ အန္နံ၊ ထမင်းကိုကား။ ဇိဏ္ဏံ၊ အစာကျေမှ။ ပသံ သေယျ၊ ချီးမွမ်းရာ၏။ ဒါရဉ္စ၊ မယားကိုလည်း။ ဂတယောဗ္ဗနံ၊ အရွယ်လွန်မှ။ ပသံသေယျ၊ ချီးမွမ်းရာ၏။ သူရံ၊ ရဲမက်ကိုကား။ ရဏာ ပုနာဂတံ၊ စစ်အောင်၍ပြန်မှ။ ပသံသေယျ၊ ချီးမွမ်းရာ၏။ သဿံ၊ ကောက်ကို။ ဂေဟ မာဂတံ၊ အိမ်သို့ရောက်မှ။ ပသံသေယျ၊ ချီးမွမ်းရာ၏။

၇။ ဒွတ္တိပတိကာ၊ နှစ်လင် သုံးလင် ကွာပြီးသော။ နာရီ စ၊ မိန်းမသည် လည်းကောင်း။ ဝိဟာရဒွတ္တိကော၊ နှစ်ကျောင်းသုံးကျောင်း ပြောင်းပြီးသော။ ဘိက္ခု စ၊ ရဟန်းသည် လည်းကောင်း။ ဒွတ္တိ ပါသော၊ ကျော့ကွင်းမှ နှစ်ကြိမ် သုံးကြိမ် လွတ်ပြီးသော။ သကုဏော စ၊ ငှက်သည် လည်းကောင်း။ ကတ မာယာ ဗဟုတရံ၊ ပြုအပ်သော မာယာများသလျှင်ကတည်း။

၈။ ဒုဇ္ဇနံ၊ သူယုတ်ကို။ ပဟာရာ၊ ပုတ်ခတ်သဖြင့်။ ဒန္တိ၊ ယဉ်စေရာ၏။ အမိတ္တံ၊ မကောင်းသောခင်ပွန်းကို။ အဘာဏိကာ၊ စကားဆိုမြဲ မဆိုသဖြင့်။ ဒန္တိ၊ ယဉ်စေရာ၏။ ဣတ္ထီနံ၊ မကောင်းသော မိန်းမတို့ကို။ ဗျာသနာ၊ စည်းစိမ်ကို မအပ်နှင်းသဖြင့်။ ဒန္တိ၊

ယဉ်စေရာ၏။ ရာဂိနံ၊ အစာဌ် တပ်မက်မောတတ်သောသူကို။ အပ္ပဘောဇနာ၊ အစာကို ယုတ်စေသဖြင့်။ ဒန္တိ၊ ယဉ်စေရာ၏။။

၉။ စန္ဒိမာ၊ လမှ။ ဝိနာ၊ ကင်းသော။ ရတ္တိ၊ ညဉ့်သည်။ န သောဘတေ၊ မတင့်တယ်ရာ။ ဝီစိဝိနာ၊ လှိုင်းတံပိုးမှ ကင်းသော။ အဏ္ဏဝါ စ၊ သမုဒ္ဒရာသည်လည်း။ န သောဘတေ၊ မတင့်တယ်ရာ။ ဟံသ ဝိနာ၊ ဟင်္သာမှကင်းသော။ ပေါက္ခရဏီ၊ ရေကန်သည်။ န သောဘတေ၊ မတင့်တယ်ရာ။ ပတိဝိနာ၊ လင်မှကင်းသော။ ကညာ၊ သတို့သမီး သည်။ န သောဘတေ၊ မတင့်တယ်ရာ။

၁၀။ ပတိနာ၊ လင်သည်သာလျှင်။ ဘောဂေ၊ စည်းစိမ်ဥစ္စာကို။ ဇနိတော၊ ဖြစ်စေအပ်၏။ ဣတ္ထိယာ၊ မိန်းမမူကား။ သုဂေါပိ–တော၀၊ လုံစေသည်သာတည်း။ ဟိ၊ ထိုစကားသင့်စွ။ ပုရိသော၀၊ ယောကျ်ားသည်သာလျှင်။ ပဓာနော၊ ပဓာနတည်း။ ဣတ္ထီ၊ မိန်းမမူကား။ သူစိသုတ္တံ ယထာ၊ အပ်၌ချည်နှင့်သာ တူပါသတည်း။

၁၁။ သဗ္ဗာ နဒီ၊ ခပ်သိမ်းသော မြစ်တို့သည်။ ဝင်္က နဒီ၊ မြစ်ကောက်သာ ရှိကုန်၏။ သဗ္ဗေ ဝနာ၊ ခပ်သိမ်းသော တောတို့သည်။ ကဋ္ဌမယာ၊ ထင်းဖြင့်သာ ပြီးကုန်၏။ သဗ္ဗိတ္ထိယော၊ ခပ်သိမ်းသော မိန်းမတို့သည်။ နိဝါတကေ၊ ဆိတ်ငြိမ်သော အရပ်ကို။ လဘမာနေ၊ ရသည်ရှိသော်။ ပါပံ၊ မကောင်းမှုကို။ ကရေ၊ ပြုမြဲတည်း။

၁၂။ ယာ နာရီ၊ အကြင် မိန်းမသည်။ ဝိဝါဒ သီလီ၊ ငြင်းခုံတတ်သော အလေ့ရှိ၏။ ဥဿူယဘာဏိနီ၊ ငြူစူစောင်းမြောင်း၍ ပြောဆိုလေ့ရှိ၏။ ပဿတဏှီ၊ မြင်တိုင်းကိုလည်း တပ်၏။ ဗဟုပါကတ္ထနီ၊ များစွာလည်း ချက်၍စားတတ်၏။ အဂ္ဂန္ဓဘုတ္တိ၊ လင်၏

အဉ္စိုး‌စားတတ်သော အလေ့ရှိ၏။ ပရဂေဟာဝါသီ၊ သူ့အိမ်သို့ သွားတတ် နေတတ်သော အလေ့ရှိ၏။ သာ နာရီ၊ ထိုမိန်းမကို။ ပုတ္တသတာပိ၊ သားတစ်ရာပင် မြင်ငြားသော်လည်း။ ပုမာ၊ ယောကျ်ားသည်။ စဇ္ဇာ၊ စွန့်အပ်၏။

၁၃။ ယာ နာရီ၊ အကြင် မိန်းမသည်။ ဘုတ္တေသု စ၊ စားသောအခါ တို့၌လည်းကောင်း။ မဏ္ဍေသု စ၊ အဝတ်တန်ဆာ ပြုပြင်ဆင်ယင်သောအခါတို့၌ လည်းကောင်း။ ဇနီဝ၊ အမိကဲ့သို့။ ကန္တိမိ၊ နှစ်သက်ဖွယ် ပြုပြင်တတ်၏။ ဂုယှေသု၊ လျှို့ဝှက်အပ်ကုန်သော။ ဌာနေသု၊ မကျစ်မလျစ်သော အရာတို့၌။ ဘဂိနီဝ၊ နှမကဲ့သို့။ ဟိရိမိ၊ လွန်စွာရှက်တတ်၏။ ကမ္မေသု၊ အမှုလုပ်သော အခါတို့၌လည်းကောင်း။ ပတ္တေသု၊ လင်၏အပါးသို့သွားသော အခါတို့၌လည်းကောင်း။ ဒါသီဝ၊ ကျွန်မကဲ့သို့။ ကရိ၊ ရိုသေစွာ ပြုတတ်၏။ဘယေသု၊ ဘေးရှိသော အခါတို့၌။ မန္တိ၊ တိုင်ပင်ဖက်ရ၏။ သယနေသု၊ အိပ်သော အခါတို့၌။ ရမတိ၊ မွေ့လျော်စေတတ်၏။ ရူပီသု၊ အရောင်အဆင်းကို ပြုပြင်ခြင်းတို့၌။ သိက္ခိ၊ တင့်တယ်စွာ၏။ ကုပ္ပနေသု၊ အမျက်ထွက်သော အခါတို့၌။ ခမနီ၊ သည်းခံ တတ်၏။ သာ နာရီ၊ ထိုမိန်းမကို။ သေဋ္ဌတိ၊ မြတ်၏ဟူ၍။ ပဏ္ဍိတာ၊ ပညာရှိတို့သည်။ ဝဒန္တိ၊ ဆိုကုန်၏။ သာ နာရီ၊ ထိုမိန်းမသည်။ ကာယဿ ဘေဒါ စ၊ သေသည်၏ အခြားမဲ့၌လည်း။ ဒိဝေ၊ နတ် ပြည်၌။ ဘဝေယျ၊ ဖြစ်ရာ၏။

၁၄။ ယာ ယုဝတိ၊ အကြင် မိန်းမငယ်သည်။ သာမာ၊ ရွှေသော အသားအရေလည်းရှိ၏။ မိဂက္ခိ၊ သမင်မျက်စိကဲ့သို့ ညိုသော မျက်စိလည်းရှိ၏။ တနုမဇ္ဈဂတ္တာ၊ ခါးသေးတင်ကျယ် ငယ်သော ဝမ်းလည်းရှိ၏။ သုရူ၊ ဆင်နှာမောင်းကဲ့သို့ အရင်းမှသည် အဖျား တိုင်အောင် သွယ်သောပေါင်ရှိ၏။ သုကေသိ၊ ဖြေ၍ နောက်သို့ လှန်သော် ရှည်သော အဖျားကော့တက်သော ဆံလည်းရှိ၏။ သမ ပန္တိ ဒန္တိ၊ ကြီးငယ်မထင် ညီညွတ်သော သွားအစဉ်လည်းရှိ၏။ ဂမ္ဘီရ နာဘိ၊ နက်သော ချက်လည်း ရှိ၏။ သုသီလိ၊ ကောင်းသော အလေ့ အကျင့်လည်းရှိ၏။ သာ ယုဝတိ၊ ထိုသို့သော မိန်းမငယ်ကို။ ဟီန ကုလေသု၊ ယုတ်သော အမျိုးတို့၌။ ဇာတာပိ၊ ဖြစ်သော်လည်း။ တံ၊ ထိုမိန်းမပျိုကို။ ဝိဝါဟေ၊ ဆက်ဆံ ထိမ်းမြားရာ၏။

၁၅။ ကာလာနံ၊ ကာလတို့တွင်။ သရဒံ ဥတု၊ တန်ဆောင်မုန်း လ သရဒ ဥတုသည်။ ပဓာနံ၊ မြတ်၏။ ဘရိယာနံ၊ မယားတို့ တွင်။ ရူပဝတိ၊ အဆင်းလှသောမိန်းမသည်။ ပဓာနံ၊ မြတ်၏။ ပုတ္တာနံ၊ သားတို့တွင်။ ဇေဋ္ဌော၊ သားကြီးသည်။ ပဓာနံ၊ မြတ်၏။ ဒိသာနံ၊ အရပ်မျက်နှာတို့တွင်။ ဥတ္တရာ ဒိသာ၊ မြောက်အရပ်သည်။ ပဓာနံ၊ မြတ်၏။

၁၆။ ယာ နာရီ၊ အကြင်မိန်းမသည်။ ဇာတိ ဇာတိ၊ ဖြစ်တိုင်း ဖြစ်တိုင်း။ ပုနပ္ပုနံ၊ အဖန်တလဲလဲ။ ပုရိသံ၊ ယောကျ်ား၏ အဖြစ်ကို။ ဣစ္ဆေယျ၊ အလိုရှိငြားအံ့။ သာ နာရီ၊ ထိုမိန်းမသည်။ ပါရိစာရိကာ၊

သိကြားမင်း၏ မယားသည်။ ကူန္ဒ၊ သိကြားမင်းကို။ အပစာယတိ ကူဝ၊ အရိုအသေ လုပ်ကျွေးသကဲ့သို့။ သာမိကံ၊ လင်ကို။ အပစာ–ယေယျ၊ အရိုအသေ လုပ်ကျွေးရာ၏။

၁၇။ ယော ပေါသော၊ အကြင် ယောကျ်ားသည်။ ဇာတိံ ဇာတိံ၊ ဖြစ်တိုင်းဖြစ်တိုင်း။ ပုနပ္ပုနံ၊ အဖန်တလဲလဲ။ ပုရိသံ၊ ယောကျ်ား၏ အဖြစ်ကို။ ကူစ္ဆေ၊ အလိုရှိငြားအံ့။ သော ပေါသော၊ ထိုယောကျ်ားသည်၊ ပရဒါရံ သူတစ်ပါး၏မယားကို၊ ဓောတပါဒေါ၊ ခြေဆေးပြီးသော။ ပေါသော၊ ယောကျ်ားသည်။ ကဒ္ဒမံ၊ ညွန်ကို။ ဝိဝဇ္ဇေတိ ယထာ၊ ရှောင်ကြဉ်သကဲ့သို့။ ဝိဝဇ္ဇေယျ၊ ရှောင်ကြဉ်ရာ၏။

၁၈။ အတီတ ယောဗ္ဗနော၊ အရွယ်လွန်ပြီးသော။ ပေါသော၊ ယောကျ်ားသည်။ တိမ္ဗရုတ္ထနိံ၊ တည်သီးမှ ယယ်သော သားမြတ်ရှိသော။ ယုဝတိံ၊ မိန်းမပျိုကို။ အာနေသိ၊ ယူဆောင်သိမ်းဆည်း၏။ တဿာ၊ ထိုမိန်းမပျိုအား။ ကူဿာ၊ မိမိအလိုရှိရာ မပါသည်ဖြစ်၍ စောင်းမြောင်းငြူစူတတ်၏။ န သဒ္ဒဟတိ၊ လင်အိုတစ်ယောက်၌သာ မွေ့လျော်လတ္တံ့ဟု မယုံကြည်။ ကူတိ–တဿ၊ ထိုကြောင့်။ တံ၊ ထိုငယ်သောမယားကို သိမ်းဆည်းခြင်းသည်။ ပရာဘဝတော၊ ပျက်စီးအံ့သည်၏။ မုခံ၊ အကြောင်းတည်း။

ကူတ္ထိကဏ္ဍော၊ မိန်းမကို ဆိုရာဖြစ်သော အခန်းသည်။
နိဋ္ဌိတော၊ ပြီးပြီ။

## ၆–ရာဇကဏ္ဍ

၁။ ရာဇာ၊ မင်းကား။ ဧကယာမံ၊ တစ်ယံသာ။ သယေ၊ အိပ်ရာ၏။ ပဏ္ဍိတော၊ ပညာရှိကား။ ဒွိယာမမေဝ၊ နှစ်ယံသာ လျှင်။ သယေ၊ အိပ်ရာ၏။ ဃရာဝါသော၊ အိမ်ရာထောင်သော လူအပေါင်းကား။ တိယာမံဝ၊ သုံးယံသာလျှင်။ သယေ၊ အိပ်ရာ၏။ ယာစကော တု၊ ဖုန်းတောင်းယာစကာကား။ စတုယာမံဝ၊ လေးယံလုံးသာလျှင်။ သယေ၊ အိပ်ရာ၏။

၂။ ယတ္ထ၊ အကြင်အရပ်၌။ ဓနဝါ၊ ဥစ္စာရှိသောသူ လည်းကောင်း။ သုတဝါ ဝါ၊ အကြားအမြင်များသော ပညာရှိ လည်းကောင်း။ ရာဇာ၊ မင်းလည်းကောင်း။ နဒီ၊ မြစ်လည်းကောင်း။ တထာ၊ ထိုမှို့။ ဝေဇ္ဇော၊ ဆေးသမားလည်းကောင်း။ ဣမေ ပဉ္စ၊ ဤငါးပါးတို့သည်။ န ဝိဇ္ဇန္တိ၊ မရှိကုန်။ တတ္ထ၊ ထိုအရပ်၌။ ဒိဝသံ၊ တစ်နေ့တစ်ရက်မျှ။ န ဝသေ၊ မနေရာ။

၃။ ယသ္မိံ ပဒေသေ၊ အကြင်အရပ်၌။ န မာနော၊ မြတ်နိုးခြင်းလည်းမရှိ။ န ပေမံ၊ ချစ်ခြင်းလည်းမရှိ။ န စ ဗန္ဓဝါ၊ အဆွေခင်ပွန်းလည်းမရှိ။ ကောစိ၊ တစ်စုံတစ်ယောက်မျှ။ န စ ဝိဇ္ဇာဂမော၊ အတတ်ပညာ သင်စိမ့်သောသူလည်းမရှိ။ တတြ ပဒေသေ၊ ထိုအရပ်၌။ ဒိဝသံ၊ တစ်နေ့တစ်ရက်မျှ။ န ဝသေ၊ မနေရာ။

၄။ လောကေ၊ လောက၌။ အပုတ္တကံ၊ သားမရှိသော။ ဃရံ၊ အိမ်သည်။ သုညံ၊ ဆိတ်ငြိမ်၏။ အရာဇကံ၊ မင်းမရှိသော။ ရဋ္ဌံ၊ တိုင်းသည်။ သုညံ၊ ဆိတ်ငြိမ်၏။ အသိပ္ပဿ၊ အတတ်မရှိသော သူ၏။ မုခံ၊ ခံတွင်းသည်။ သုညံ၊ ဆိတ်ငြိမ်၏။ ဒလိဒ္ဒကံ၊ ဆင်းရဲခြင်းကား။ သဗ္ဗသုညံ၊ အလုံးစုံ ဆိတ်ငြိမ်၏။

၅။ လောကေ၊ လောက၌။ ဓနံ၊ ဥစ္စာကို။ ဣစ္ဆေ၊ အလိုရှိငြားအံ့။ ဝါဏိဇ္ဇေ၊ ကုန်သွယ်ရာ၏။ ဝိဇ္ဇံ၊ အတတ်ကို။ ဣစ္ဆေ၊ အလိုရှိမူကား။ သုတံ၊ အကြားအမြင်ရှိသော ပုဂ္ဂိုလ်ကို။ ဘဇေ၊ ဆည်းကပ်ရာ၏။ ပုတ္တံ၊ သားကို။ ဣစ္ဆေ၊ အလိုရှိမူကား။ တရုဏိတ္ထိံ ၊ မိန်းမငယ်ကို။ ဝသေ၊ နေရာ၏။ ရာဇာမစ္စံ၊ မင်း၏ အမတ်ဖြစ်ခြင်း ကို။ ဣစ္ဆေ၊ အလိုရှိမူကား။ ဣစ္ဆံ၊ မင်း၏အလိုသို့။ ဂဝေ၊ လိုက်ရာ၏။

၆။ ယတိ၊ ရဟန်းသည်။ အသန္တုဋ္ဌော၊ မရောင့်ရဲမူ။ နဋ္ဌော၊ ပျက်၏။ မဟီပတိ စ၊ မြေကြီးသေဌ်နှင်း ပြည့်ရှင်မင်း သည်လည်း။ သန္တုဋ္ဌော၊ ရောင့်ရဲတတ်မူ။ နဋ္ဌော၊ ပျက်၏။ ဂဏိကာ၊ ပြည့်တန်ဆာမသည်။ လဇ္ဇာ၊ ရှက်တတ်မူ။ နဋ္ဌာ၊ ပျက်၏။ ကုလဓိတာ ၊ အမျိုးကောင်း သမီးသည်။ နိလ္လဇ္ဇာ၊ မရှက်တတ်မူ။ နဋ္ဌာ၊ ပျက်၏။

၇။ ပက္ခီနံ၊ ငှက်တို့၏။ ဗလံ၊ အားကား။ အာကာသော၊ ကောင်းကင်တည်း။ မစ္ဆာနံ၊ ငါးတို့၏။ ဗလံ၊ အားကား။ ဥဒကံ၊ ရေတည်း။ ဒုဗ္ဗလဿ၊ အားနည်းသောသူ၏။ ဗလံ၊ အားကား။ ရာဇာ၊ မင်းတည်း။ ကုမာရာနံ၊ သူငယ်တို့၏။ ဗလံ၊ အားကား။ ရုဒံ၊ ငိုခြင်းတည်း။

၈။ ခမာ၊ သည်းခံခြင်း လည်းကောင်း။ ဇာဂရိယံ၊ နိုးကြား ခြင်း လည်းကောင်း။ ဥဋ္ဌာနံ၊ ထ, ကြွ,. လုံ့လ ရှိခြင်း လည်းကောင်း။ သံဝိဘာဂေါ၊ ဝေဖန် ပေးကမ်းခြင်း လည်းကောင်း။ ဒယာ၊ သနားခြင်း လည်းကောင်း။ ဣက္ခဏာ၊ မျှော်မြင်ခြင်း လည်းကောင်း။ ဧတေ၊ ဤခြောက်ပါးတို့ကား။ နာယကဿ၊ မင်းစသော လူကြီး မိဘ၏။ ဂုဏာ၊ ဂုဏ်ကျေးဇူးတို့တည်း။ သတံ၊ သူတော်ကောင်းတို့၏။ ဣစ္ဆိတဗ္ဗာ၊ အလိုရှိအပ်ကုန်သော။ ဂုဏာ၊ ဂုဏ်ကျေးဇူးတို့တည်း။

၉။ လောကေ၊ လောက၌။ ရာဇာနော၊ မင်းတို့သည်။ သကိံ၊ တစ်ကြိမ်သာ။ ဝဒန္တိ၊ ဆိုကုန်၏။ သမဏဗြာဟ္မဏာ၊ ရဟန်း, ပုဏ္ဏားတို့သည်။ သကိံ၊ တစ်ကြိမ်သာ။ ဝဒန္တိ၊ ဆိုကုန်၏။ သပ္ပုရိသာ၊ ဘုရားအစရှိသော သူတော်ကောင်းတို့သည်။ သကိံ၊ တစ်ကြိမ်သာ။ ဝဒန္တိ၊ ဆိုကုန်၏။ ဧသ–ဧသော ဓမ္မော၊ ဤသို့သော သဘောတရားသည်။ သန္တနော၊ ရှေးသူတော်ကောင်း တို့၏ အကျင့်တည်း။

၁၀။ လောကေ၊ လောက၌။ အလသော၊ ပျင်းသော။ ကာမဘောဂီ၊ အိမ်ရာထောင်သော။ ဂိဟီ၊ လူသည်။ န သာဓု၊ မကောင်း။ အသညတော၊ ကိုယ်, နှုတ်, နှလုံး မစောင့်သော။ ပဗ္ဗဇိတော၊ ရဟန်းသည်။ န သာဓု၊ မကောင်း။ အနိသမ္မကာရီ၊ မဆင်မခြင် ပြုလေ့ရှိသော။ ရာဇာ၊ မင်းသည်။ န သာဓု၊ မကောင်း။ ပဏ္ဍိတော၊ ပညာရှိသည်။ ကောဓနော၊ အမျက်ထွက်တတ် ၏။ သောပိ၊ ထိုအမျက်ထွက်သော ပညာရှိသည်လည်း။ န သာဓု၊ မကောင်း။

၁၁။ ယတ္ထ၊ အကြင်အရပ်၌။ နေတ္တာရော၊ အကြီးအကဲတို့သည်။ ဗဟဝေါ၊ များကုန်၏။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော သူတို့သည်။ ပဏ္ဍိတမာနိနော၊ ပညာရှိသာ ပြုလိုကုန်၏။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော သူတို့သည်၊ မဟတ္တံ၊ အကြီးအမြတ်၏ အဖြစ်ကို။ ဣစ္ဆန္တိ၊ အလိုရှိကုန်၏။ တေသံ၊ ထိုသူတို့၏။ ကမ္မံ၊ အမှုသည်။ ဝိနဿတိ၊ ပျက်တတ်၏။

၁၂။ ရာဇာ နာမ၊ မင်းမည်သည်ကား။ အာယံ၊ အခွန် အတုတ်၏ ထွက်–မထွက်ကိုလည်းကောင်း။ ခယံ၊ မျိုးရိက္ခာ ကုန်–မကုန်ကို လည်းကောင်း။ သယံ၊ ကိုယ်တိုင်။ ဇညာ၊ သိအောင်ပြုရာ၏။

ကတာ ကတံ၊ အမှုထမ်းသည့်-မထမ်းသည်ကိုလည်း။ သယံ၊ ကိုယ်တိုင်။ ဇညာ၊ သိအောင်ပြုရာ၏။ နိဂ္ဂဟာရဟံ၊ နှိပ်ခြင်းငှာ ထိုက်သော သူကို။ နိဂ္ဂဟေ၊ နှိပ်ရာ၏။ ပဂ္ဂဟာရဟံ၊ ချီးမြှောက် ခြင်းငှာ ထိုက်သော သူကို။ ပဂ္ဂဟေ၊ ချီးမြှောက်ရာ၏။

၁၃။ လောကေ၊ လောက၌။ အဏ္ဍံ၊ နေမင်းကို။ ပိဋ္ဌတော၀၊ ကျောဖြင့်သာလျှင်။ နိသေဝေယျ၊ ကပ်ရာ၏။ ဟုတာသနံ၊ မီးကို။ ကုစ္ဆိနာ၀၊ ဝမ်းဖြင့်သာလျှင်။ နိသေဝေယျ၊ ကပ်ရာ၏။ သာမိကံ၊ အရှင်ကို ကား။ သဗ္ဗဘာဂေန၊ အလုံးစုံသောအဖို့ဖြင့်။ နိသေဝေယျ၊ ကပ်ရာ၏။ ပရလောကံ၊ တမလွန်ဘ၀ကိုကား။ အမောဟံ၀၊ မမိုက် သဖြင့် သာလျှင်။ နိသေဝေယျ၊ ကပ်ရာ၏။

၁၄။ လောကေ၊ လောက၌။ အဂ္ဂိ၊ မီးကိုလည်းကောင်း။ အာပေါ၊ ရေကိုလည်းကောင်း။ ဣတ္ထိ၊ မိန်းမကိုလည်းကောင်း။ မူဠှော၊ သူမိုက်ကိုလည်းကောင်း။ သပ္ပေါ၊ မြွေကိုလည်းကောင်း။ ရာဇကုလာနိ စ၊ မင်းမျိုးတို့ကိုလည်းကောင်း။ အပယန္တေန၊ မထိ မပါး ရှောင်ရှားသဖြင့်။ ဂန္တဗ္ဗော၊ သွားအပ်၏။ အစ္စေကံ ပါဏ ဟရာနိ၊ လတ်တလော အသက်ကို ချတတ်ကုန်၏။

၁၅။ လောကေ၊ လောက၌။ ဒုဋ္ဌ ဘရိယ သံ၀သော။ မ ကောင်းသောမယားနှင့် ပေါင်းဖော်သောသူ လည်းကောင်း။ ဒေါသ စိတ္တက ဒါသကော၊ ကြမ်းလှစွာသော စိတ်ရှိသော ကျွန်ကို စေသောသူ လည်းကောင်း။ သသပ္ပေ၊ မြွေရှိသော။ ဃရေ၊ အိမ်၌။ ဝါသော စ၊ နေသောသူလည်းကောင်း။ မစ္စု ဧ၀၊ သေအံ့သည်လျှင် အမှန်တည်း။ န သံသယော၊ ယုံမှားမရှိရာ။

၁၆။ လောကေ၊ လောက၌။ သမ္မုဋ္ဌသိသောပဒေသေန၊ မိုက်လှစွာသောတပည့်ကို အတတ်ပညာ သင်ကြားသဖြင့်လည်းကောင်း။ ကုနာရိ ဘရဏေန စ၊ ယုတ်လှစွာသော မိန်းမကို အိမ်ထောင်ဖက်ပြုသဖြင့် လည်းကောင်း။ အသတံ သမ္ပယောဂေန၊ မသူတော်နှင့် ပေါင်းဖော်သဖြင့်လည်းကောင်း။ ပဏ္ဍိတောပိ၊ ပညာရှိသောသူပင် ဖြစ်သော်လည်း။ အဝသီဒတိ၊ နစ်တတ်ချေသလျှင်ကတည်း။

၁၇။ လောကေ၊ လောက၌။ ပါပံ၊ ယုတ်မာသောအမှုကို။ ပုတ္တကရံ၊ သားတည်းပြုလေမှုကား။ မာတာ၊ အမိပြုသည် မည်၏။ တထာ၊ ထိုအတူ။ သိဿပါပံ၊ တပည့်တည်း မကောင်းမှု ပြုမှုကား။ ဂရု၊ ဆရာပြုသည် မည်၏။ ပါပံ၊ မကောင်းမှုကို။ ရဋ္ဌကရံ၊ တိုင်းသူပြည်သားတည်း ပြုမှုကား။ ရာဇာ၊ မင်းပြုသည် မည်၏။ ရာဇ–ပါပံ၊ မင်းတည်းမကောင်းမှု ပြုမှုကား။ ပုရောဟိတော၊ ပုရောဟိတ် မကောင်းမှု ပြုသည် မည်၏။

၁၈။ ရာဇာ နာမ၊ မင်းမည်သည်ကား။ ကောဓံ၊ အမျက်မာန်စောင် ကြီးလှသောသူကို။ အကောဓေန၊ အမျက်နည်းသဖြင့်။ ဇိနေ၊ အောင်ရာ၏။ အသာဓုံ၊ မတော်မမှန်သော သူကို။ သာဓုနာပိ၊ မိမိက သူတော်ကောင်းလုပ်သဖြင့်လည်း။ ဇိနေ၊ အောင်ရာ၏။ ကဒရိယဥ္စ၊ ဝန်တိုသော သူကိုလည်း။ ဒါနေန၊ ပေးကမ်းသဖြင့်။ ဇိနေ၊ အောင်ရာ၏။ အလိကဝါဒိနံ၊ စကားမမှန်သောသူကို၊ သစ္စေန၊ အမှန်ဆိုသဖြင့်၊ ဇိနေ၊ အောင်ရာ၏။

၁၉။ လောကေ၊ လောက၌။ ဒါနံ၊ ပေးကမ်းခြင်းသည်။ အဒန္တံ၊ မယဉ်ကျေးသောသူကို။ ဒမနံ၊ ယဉ်ကျေးစေတတ်၏။ ဒါနံ၊

ပေးကမ်းခြင်းသည်။ သဗ္ဗတ္ထ သာဓကံ၊ ခပ်သိမ်းသော အကျိုးကို ပြီးစေတတ်၏။ ဒါနေန၊ ပေးကမ်းခြင်းကြောင့်လည်းကောင်း။ ပိယဝါစာယ၊ ချစ်ဖွယ်သော စကားကြောင့် လည်းကောင်း။ ဥန္နမန္တိ၊ မိမိကလည်း သူ့အပေါ် မိုမောက်နိုင်ကုန်၏။ နမန္တိ စ၊ မိမိသို့လည်း ရှိညွှတ်ကုန်၏။

၂၀။ လောကေ၊ လောက၌။ ဒါနံ၊ ပေးကမ်းခြင်းသည်၊ သိနေဟဘေသဇ္ဇံ၊ ချစ်စေတတ်သော ဆေးတည်း။ မစ္ဆေရံ၊ ဝန်တိုခြင်းကား။ ဒေါသနောသဓံ၊ မုန်းစေတတ်သော ဆေးတည်း။ ဒါနံ၊ ပေးကမ်းခြင်းကား။ ယသဿိ ဘေသဇ္ဇံ၊ အခြံအရံများသော ဆေးတည်း။ မစ္ဆေရံ ဝန်တိုခြင်းကား။ ကပဏောသဓံ အထီးကျန်သော ဆေးတည်း။

၂၁။ လောကေ၊ လောက၌။ ဗဟူနံ၊ များစွာကုန်သော။ အပ္ပသာရာနံ၊ ဂုဏ်ကျေးဇူးမှ ကင်းကုန်သော သူတို့အား။ သာမဂ္ဂိယာ၊ ညီညွတ်သည်ရှိသော်။ ဇယံ၊ အောင်အပ်သောရန်ကို။ ဇယေ၊ အောင်နိုင်၏။ တိဏေန၊ မြက်ဖြင့်။ ယောတ္တံ၊ လွန်ကို။ ဝဋ္ဋေတေ၊ ကျစ်အပ်၏။ တေန၊ ထိုလွန်ဖြင့်။ နာဂေပိ၊ ဆင်ပြောင်ကိုလည်း။ ဗန္ဓတိ၊ ဖွဲ့နိုင်သလျှင်ကတည်း။

၂၂။ သဟာယောပိ ဗိုလ်ပါသူရဲ သဟဲအဖော် ပြည့်စုံ ညီညွတ်လျက်လည်း။ အသမတ္ထော၊ ရန်ကို မအောင်စွမ်းနိုင်သော မင်းကား။ တေဇသာ၊ တန်ခိုးဖြင့်။ ကိံ ကရိဿတိ၊ အဘယ်ပြုအံ့နည်း။ နိဝါ-တေ၊ လေမရှိသော အရပ်၌။ ဇလိတော၊ ညှိအပ်သော။ အဂ္ဂိ၊ မီးသည်။ သယမေဝ၊ အလိုလိုသာလျှင်။ ဥပသမ္မတိ၊ ငြိမ်းချေ သလျှင်ကတည်း။

၂၃။ ကာမဘောဂ၊ ကာမစည်းစိမ်ကို။ ရညာ၊ မင်းနှင့်။ သမ–ကာ၊ အတူ။ ကုဒါစနုံ၊ တစ်ရုံတစ်ဆစ်မျှ။ န ဘုဉ္ဇေ၊ မခံစားရာ။ အာ–ကပ္ပံ၊ အသွင်ကိုလည်းကောင်း။ ရသဘုတ္တိ ဝါ၊ အရသာစားခြင်းကို လည်းကောင်း။ မာလာဂန္ဓ ဝိလေပနံ၊ ပန်းပန်ခြင်း နံ့သာထုံခြင်းကို လည်းကောင်း။ ဝတ္ထံ၊ ပုဆိုးအဝတ်ကို လည်းကောင်း။ အလင်္ကာရံ၊ တန်ဆာဆင်ခြင်းကို လည်းကောင်း။ သဗ္ဗံ၊ အလုံးစုံကို။ ရညာ၊ မင်း နှင့်။ သဒိသံ၊ အတူ။ န ကရေ၊ မပြုရာ။

၁၄။ သော-သောတာပန္နော၊ ထိုသောတာပန် ပုဂ္ဂိုလ်သည်။ စတူဟိ၊ လေးပါးကုန်သော။ အပါယေဟိ၊ အပါယ်တို့မှ။ ဝိပ္ပမုတ္တော၊ လွတ်၏။ ဆ၊ ခြောက်ပါးကုန်သော။ အဘိဌာနာနိ စ၊ လွန်စွာသော အကြောင်းတို့ကိုလည်း။ ကာတုံ၊ ပြုအံ့သောငှါ။ အဘဗ္ဗော၊ မထိုက်။ သံဃေ-သံဃဿ၊ သုံးပါးသော သောတာပန်ဖြစ်သော သံဃာတော်၏။ ဣဒမ္ပိ ရတနံ-အယမ္ပိ ရတနဘာဝေါ၊ ဤသုံးပါးသော သံယောဇဉ်တို့ကို ပယ်ခြင်းအစရှိသော ရတနာ၏ အဖြစ်သည်လည်း။ ပဏီတံ-ပဏီတော၊ မြတ်၏။ ဧတေန သစ္စေန၊ ဤသို့မှန်သောစကားကြောင့်။ ပါဏီနံ၊ သတ္တဝါတို့အား။ သုဝတ္ထိ၊ ကောင်းသော စီးပွားခြင်းသည်။ ဟောတု၊ ဖြစ်စေသတည်း။

၁၅။ သော၊ ထိုသောတာပန် ပုဂ္ဂိုလ်သည်။ ကာယေန ဝါ၊ ကာယဒွါရဖြင့်လည်းကောင်း။ ဝါစာ-ဝါစာယ ဝါ၊ ဝစီဒွါရဖြင့် လည်းကောင်း။ ဥဒ၊ ထိုပြို့။ စေတသာ ဝါ၊ မနောဒွါရဖြင့် လည်းကောင်း။ ပါပကံ၊ မကောင်းသော။ ကမ္မံ၊ အမှုကို။ ကိဉ္စာပိ၊ အကယ်၍လည်း။ ကရောတိ၊ ပြုမိ၏။ သော၊ ထိုသောတာပန် ပုဂ္ဂိုလ်သည်။ တဿ၊ ထိုမကောင်းမှုကို။ ပဋိစ္ဆာဒါယ၊ ဖုံးလွှမ်းအံ့သောငှာ။ အဘဗ္ဗော၊ မထိုက်ပြီ။ ဒိဋ္ဌပဒဿ၊ မဂ်ဖြင့် မြင်အပ်ပြီးသော နိဗ္ဗာန်ရှိသော

သောတာပန်၏။ အဘဗ္ဗတာ၊ မကောင်း မှုကို ဖုံးလွှမ်းခြင်းငှာ မထိုက် သောအဖြစ်ကို။ ဂုတ္တာ၊ ဟောတော်မူ အပ်၏။ သံဃေ-သံဃသည်၊ သုံးပါးသော သောတာပန်သံဃာ၏။ ဣဒမ္ပိ ရတနံ-အယမ္ပိ ရတန ဘာဝေါ၊ ဤသို့ ပြုပြီးသော မကောင်းမှုကို ဖုံးလွှမ်း ခြင်းငှာ မထိုက် ခြင်းတည်းဟူသော ရတနာ၏ အဖြစ်သည်လည်း။ ပဏီတံ-ပဏီ တော၊ မြတ်၏။ ဧတေန သစ္စေန၊ ဤသို့ မှန်သော စကားကြောင့်။ ပါဏီနံ၊ သတ္တဝါတို့အား။ သုဝတ္ထိ၊ ကောင်းသော စီးပွားခြင်းသည်။ ဟောတု၊ ဖြစ်စေသတည်း။

၁၆။ ဂိမှာန မာသေ၊ နွေလေးလ အတွင်း၌။ ပဌမသ္မိံ ဂိမှေ၊ အစစွာသောနွေလ၌။ ဖုဿိတဂ္ဂေ၊ ပွင့်သော အဖျားရှိသော။ ဝနပ္ပ ဂုမ္ဗေ၊ တောအုပ်သည်။ သိရိကော ယထာ၊ အသရေရှိသကဲ့သို့။ ပရမံ ဟိတာယ၊ မြတ်သော လောကုတ္တရာ စီးပွားအလို့ငှာ။ တထူပမံ၊ ထိုတောအုပ်နှင့်တူသော။ နိဗ္ဗာနဂါမိံ၊ နိဗ္ဗာန်သို့ရောက်စေ တတ်သော။ ဓမ္မဝရံ၊ ပရိယတ္တိတရားတော် မြတ်ကို။ အဒေသ- ယိ၊ ဟောတော်မူ ၏။ ဗုဒ္ဓေ-ဗုဒ္ဓသည်၊ မြတ်စွာဘုရား၏။ ဣဒမ္ပိ ရတနံ-အယမ္ပိ ရတနဘာဝေါ၊ ဤဒေသနာဟူသော ရတနာ၏ အဖြစ် သည်လည်း။ ပဏီတံ-ပဏီတော၊ မြတ်၏။ ဧတေန သစ္စေန၊ ဤသို့ မှန်သောစကားကြောင့်။ ပါဏီနံ၊ သတ္တဝါတို့အား။ သုဝတ္ထိ၊ ကောင်းသော စီးပွားခြင်းသည်။ ဟောတု၊ ဖြစ်စေသတည်း။

၁၇။ ဝရော၊ မြတ်ထသော။ ဝရညူ၊ မြတ်သော တရားကို လည်း သိတော်မူတတ်ထသော။ ဝရဒေါ၊ မြတ်သော လောကုတ္တရာ တရားကိုလည်း ပေးတော်မူတတ်ထသော။ ဝရာဟရော၊ မြတ် သော စီးပွားကိုလည်း ဆောင်တော်မူတတ်ထသော။ အနုတ္တရော၊

လွန်သောသူ မရှိသော မြတ်စွာဘုရားသည်။ ဓမ္မဝရံ၊ ပရိယတ္တိတရားတော်မြတ်ကို။ အဒေသယိ၊ ဟောတော်မူ၏။ ဗုဒ္ဓေ–ဗုဒ္ဓသျှ၊ မြတ်စွာဘုရား၏။ ဣဒမ္ပိ ရတနံ–အယမ္ပိ ရတနဘာဝေါ၊ ဤသို့ ကျွန်ုပ်၏ ပရောပရိယတ္တိဉာဏ် ရှေးရှုသည်ဖြစ်၍ ပရိယတ္တိဓမ္မကို ဟောခြင်း တည်းဟူသော ရတနာ၏အဖြစ်သည်လည်း။ ပဏီတံ–ပဏီတော၊ မြတ်၏။ ဧတေန သစ္စေန၊ ဤသို့ မှန်သော စကားကြောင့်၊ ပါဏီနံ၊ သတ္တဝါ တို့အား။ သုဝတ္ထိ၊ ကောင်းသော စီးပွားခြင်းသည်။ ဟောတု၊ ဖြစ်စေသတည်း။

၁၈။ ယေ၊ အကြင်ရဟန္တာတို့သည်။ အာယတိကေ၊ လာလတ္တံ့သော။ ဘဝသ္မိံ၊ ဘဝ၌။ ဝိရတ္တစိတ္တာ၊ တပ်ခြင်းကင်းသော စိတ်ရှိကုန်၏။ တေသံ၊ ထိုရဟန္တာတို့အား။ ပုရာဏံ၊ ရှေး၌ဖြစ်သော ကံသည်။ ခီဏံ၊ ကုန်ပြီ။ နဝသမ္ဘဝံ၊ ဘဝသစ်၌ ဖြစ်လတ္တံ့သော ကံသည်လည်း။ နတ္ထိ၊ မရှိ။ ခီဏဗီဇာ၊ ကုန်ပြီးသော ကံ–ဟူသော မျိုးစေ့ ရှိကုန်ထသော။ အဝိရူဠှိဆန္ဒာ၊ ဘဝသစ်၌ မဖြစ်လိုသော ဆန္ဒလည်း ရှိကုန်ထသော။ ဓီရာ၊ ပညာလည်း ရှိကုန်ထသော။ တေ၊ ထိုရဟန္တာတို့သည်။ အယံ ပဒီပေါ၊ ဤဆီမီးသည်။ နိဗ္ဗာတိ ယထာ၊ ငြိမ်းသကဲ့သို့။ နိဗ္ဗန္တိ၊ ငြိမ်းကုန်၏။ သံဃေ–သံဃသျှ၊ ရဟန္တာဖြစ်သော သံဃာတော်၏။ ဣဒမ္ပိ ရတနံ–အယမ္ပိ ရတနဘာဝေါ၊ ဤဘဝသစ်၌ မဖြစ်ပြန်ခြင်းတည်းဟူသော ရတနာ၏အဖြစ်သည်လည်း။ ပဏီတံ–ပဏီတော၊ မြတ်၏။ ဧတေန သစ္စေန၊ ဤသို့ မှန်သော စကားကြောင့်၊ ပါဏီနံ၊ သတ္တဝါတို့အား။ သုဝတ္ထိ၊ ကောင်းသော စီးပွားခြင်းသည်။ ဟောတု၊ ဖြစ်စေသတည်း။

၁၉။ ဘုမ္မာနိ၊ မြေ၌တည်ကုန်သော။ ယာနိ ဘူတာနိ ဝါ၊ အကြင် ဘုမ္မစိုး, ရုက္ခစိုး, စာတုမဟာရာဇ်, တာဝတိံသာ နတ်တို့ သည် လည်းကောင်း။ အန္တလိက္ခေ၊ ကောင်းကင်၌။ နိဗ္ဗတ္တာနိ၊ ဖြစ် ကုန်သော။ ယာနိ ဘူတာနိ ဝါ၊ အကြင် ယာမာ–စသော နတ်တို့ သည် လည်းကောင်း။ ဣဓ၊ ဤအရပ်၌။ သမာဂတာနိ၊ အညီ အညွတ်လာကုန်၏။ တေ–မယံ၊ ထိုသို့လာကုန်သော နတ်အပေါင်း ဖြစ်ကုန်သော ငါတို့သည်၊ တထာဂတံ၊ ရှေးဘုရားတို့ကဲ့သို့ လာခြင်း ကောင်းထသော။ ဒေဝမနုဿပူဇိတံ၊ နတ်, လူတို့ သည် ပူဇော်အပ် ထသော။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ နမဿာမ၊ ရှိခိုးကုန်၏။ ပါဏီနံ၊ သတ္တဝါတို့အား။ သုဝတ္ထိ၊ ကောင်းသော စီးပွားခြင်းသည်။ ဟောတု၊ ဖြစ်စေသတည်း။

၂၀။ ဘုမ္မာနိ၊ မြေ၌တည်ကုန်သော၊ ယာနိ ဘူတာနိ ဝါ၊ အကြင် ဘုမ္မစိုး, ရုက္ခစိုး, စာတုမဟာရာဇ်, တာဝတိံသာနတ် တို့ သည် လည်းကောင်း။ အန္တလိက္ခေ၊ ကောင်းကင်၌။ နိဗ္ဗတ္တာနိ၊ ဖြစ် ကုန်သော။ ယာနိ ဘူတာနိ ဝါ၊ အကြင် ယာမာ–စသော နတ်တို့သည် လည်းကောင်း။ ဣဓ၊ ဤအရပ်၌။ သမာဂတာနိ၊ အညီအညွတ် လာကုန်၏။ တေ–မယံ၊ ထိုသို့လာကုန်သော နတ်အပေါင်း ဖြစ်ကုန် သော ငါတို့သည်၊ တထာဂတံ၊ ရှေးဘုရားတို့ကဲ့သို့ လာခြင်းကောင်း ထသော။ ဒေဝမနုဿပူဇိတံ၊ နတ်, လူတို့သည် ပူဇော်အပ်ထ သော။ ဓမ္မံ၊ တရားတော်ကို၊ နမဿာမ၊ ရှိခိုးကုန်၏။ ပါဏီနံ၊ သတ္တဝါ တို့အား။ သုဝတ္ထိ၊ ကောင်းသော စီးပွားခြင်းသည်။ ဟောတု၊ ဖြစ်စေ သတည်း။

၂၁။ ဘုမ္မာနိ၊ မြေ၌တည်ကုန်သော။ ယာနိ ဘူတာနိ ဝါ၊ အကြင် ဘုမ္မစိုး, ရုက္ခစိုး, စာတုမဟာရာဇ်, တာဝတိံသာ နတ်တို့သည် လည်းကောင်း။ အန္တလိက္ခေ၊ ကောင်းကင်၌။ နိဗ္ဗတ္တာနိ၊ ဖြစ်ကုန်သော။ ယာနိ ဘူတာနိ ဝါ၊ အကြင် ယာမာ–စသော နတ်တို့သည် လည်းကောင်း။ ဣဓ၊ ဤအရပ်၌။ သမာဂတာနိ၊ အညီအညွတ် လာကုန်၏။ တေ–မယံ၊ ထိုသို့လာကုန်သော နတ်အပေါင်းဖြစ်ကုန်သော ငါတို့သည်။ တထာဂတံ၊ ရှေးဘုရားတို့ကဲ့သို့ လာခြင်း ကောင်းထသော။ ဒေဝမနုဿပူဇိတံ၊ နတ်, လူတို့သည် ပူဇော်အပ်ထသော။ သံဃံ၊ သံဃာတော်ကို။ နမဿာမ၊ ရှိခိုးကုန်၏။ ပါဏီနံ၊ သတ္တဝါတို့အား။ သုဝတ္ထိ၊ ကောင်းသော စီးပွားခြင်းသည်။ ဟောတု၊ ဖြစ်စေသတည်း။

ရတနသုတ္တံ၊ ရတနသုတ် ပရိတ်တော်သည်။
နိဋ္ဌိတံ၊ ပြီးပြီ။

---

## ၃–မေတ္တသုတ်အနက်

၁။ ယဿ၊ အကြင် မေတ္တသုတ်၏။ အာနုဘာဝတော၊ အာနုဘော်ကြောင့်။ ယက္ခာ၊ ဘီလူးတို့သည်။ ဝါ၊ ဘုမ္မစိုးနတ်တို့သည်။ ဘီသနံ ၊ ကြောက်မက်ဖွယ်သော အဆင်းကို။ နေဝ ဒဿေန္တိ၊ မပြဝံ့ကုန်။ ယဥ္စေဝ–ယံဟိ စ ဧဝ၊ အကြင်မေတ္တသုတ် ပရိတ်တော်ကို သာလျှင်။ ရတ္တိံ ၊ ညဉ့်၌ လည်းကောင်း။ ဒိဝံ၊ နေ့၌ လည်းကောင်း။ အတန္ဒိတော၊ မပျင်းရိသည် ဖြစ်၍။ အနုယုဉ္ဇန္တော၊ လုံ့လပြုသော သူသည်။

၂။ သုခံ၊ ချမ်းသာစွာ။ သုပတိ၊ အိပ်ရ၏။ သုတ္တော စ၊ အိပ်ပျော်သော်လည်း။ ကိဉ္စိ၊ တစ်စုံတစ်ခုသော။ ပါပံ၊ မကောင်းသော အိပ်မက်ကို။ န ပဿတိ၊ မမြင်မက်။ ဝေမာဒိဂုဏာပေတာ၊ ဤသို့အစရှိသော ကျေးဇူးနှင့် ပြည့်စုံသော။ တံ ပရိတ္တံ၊ ထိုမေတ္တသုတ် ပရိတ်တော်ကို။ ဟေ၊ အရှင်သူတော်ကောင်းတို့။ မယံ၊ ငါတို့သည်။ ဘဏာမ၊ ရွတ်ကြကုန်အံ့။

၃။ သန္တံ၊ ငြိမ်သက်စွာသော။ ယံ ပဒံ၊ အကြင် နိဗ္ဗာန်သည်။ အတ္ထိ၊ ရှိ၏။ တံ ပဒံ၊ ထိုနိဗ္ဗာန်ကို။ အဘိသမေစ္စ၊ အာရုံပြုသော အားဖြင့်ကပ်၍။ ဝါ၊ လောကီဉာဏ်ဖြင့် သက်ဝင်၍။ အတ္ထကုသလေန၊ အစီးအပွား၌ လိမ္မာသောသူသည်။ ကရဏီယံ၊ ပြုအပ်၏။ သက္ကော စ၊ ပြုခြင်းငှာ တတ်အားသည်လည်း။ အသ၊ ဖြစ်ရာ၏။ ဥဇု စ၊ ဖြောင့်မတ်သည်လည်း။ အသ၊ ဖြစ်ရာ၏။ သုဟုဇု စ၊ ကောင်းစွာ ဖြောင့်မတ်သည်လည်း။ အသ၊ ဖြစ်ရာ၏။ သုဝစော စ၊ ပညာရှိတို့ ဆိုလွယ်သည်လည်း။ အသ၊ ဖြစ်ရာ၏။ မုဒု စ၊ နူးညံ့သည်လည်း။ အသ၊ ဖြစ်ရာ၏။ အနတိမာနီ စ၊ မာန်မရှိသည် လည်း။ အသ၊ ဖြစ်ရာ၏။

၄။ သန္တုဿကော စ၊ ရောင့်ရဲလွယ်သည်လည်း။ အသ၊ ဖြစ်ရာ၏။ သုဘရော စ၊ မွေးမြူလွယ်သည်လည်း။ အသ၊ ဖြစ်ရာ၏။ အပ္ပကိစ္စော စ၊ နည်းသောကိစ္စရှိသည်လည်း။ အသ၊ ဖြစ်ရာ၏။ သလ္လဟုကဝုတ္တိ စ၊ ပေါ့သောအသက်မွေးခြင်းရှိသည်လည်း။ အသ၊ ဖြစ်ရာ၏။ သန္တိန္ဒြိယော စ၊ ငြိမ်သက်သော ဣန္ဒြေ ရှိသည်လည်း။ အသ၊ ဖြစ်ရာ၏။ နိပကော စ၊ ရင့်သော ပညာရှိသည် လည်း။ အသ၊ ဖြစ်ရာ၏။ အပ္ပဂဗ္ဘော စ၊ မကြမ်းတမ်းသည် လည်း။ အသ၊

ဖြစ်ရာ၏။ ကုလေသု၊ ဒါယကာတို့၌။ အနနုဂိဒ္ဓေါ စ၊ မမက်မောသည်လည်း။ အဿ၊ ဖြစ်ရာ၏။

၅။ ယေန၊ အကြင်မကောင်းသော အမှုဖြင့်။ ဝိညူ၊ ပညာရှိကုန်သော။ ပရေ၊ တစ်ပါးသောသူတို့သည်။ ဥပဝဒေယျုံ၊ ကဲ့ရဲ့ကုန်ရာ၏။ ကိဉ္စိ၊ တစ်စုံတစ်ခုသော။ တံ၊ ထိုပညာရှိတို့သည် ကဲ့ရဲ့အံ့သော အမှုကို။ ခုဒ္ဒမ္ပိ၊ အနည်းငယ်မျှသော်လည်း။ န စ အာစရေ၊ မကျင့်ရာ။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်။ သုခိနော ဝါ၊ ချမ်းသာခြင်းရှိကုန်သည်လည်းကောင်း။ ခေမိနော ဝါ၊ ဘေးမရှိကုန် သည် လည်းကောင်း။ ဟောန္တု၊ ဖြစ်စေကုန်သတည်း။ သုခိတတ္တာ၊ ချမ်းသာသော ကိုယ်စိတ်ရှိကုန်သည်လည်း။ ဘဝန္တု၊ ဖြစ်စေကုန် သတည်း။

၆။ အနဝသေသာ၊ အကြွင်းမရှိကုန်သော။ ယေ ကေစိ၊ ခပ်သိမ်းကုန်သော၊ ပါဏဘူတာ ဝါ၊ ထွက်သက်ဝင်သက် ရှိကုန်သော သတ္တဝါတို့သည် လည်းကောင်း။ တသာ ဝါ၊ လန့်တတ်သော သတ္တဝါတို့သည် လည်းကောင်း။ ထာဝရာ ဝါ၊ တည်ကြည် ငြိမ်သက်သော သတ္တဝါတို့သည် လည်းကောင်း။ ဒီဃာ၊ ရှည်ကုန် သော။ ယေ သတ္တာ ဝါ၊ အကြင်သတ္တဝါတို့သည် လည်းကောင်း။ မဟန္တာ ဝါ၊ ကြီး သောသတ္တဝါတို့သည် လည်းကောင်း။ မဇ္ဈိမာ ဝါ၊ မတို, မရှည်, မကြီး, မငယ်သော သတ္တဝါတို့သည် လည်း ကောင်း။ ရဿကာ၊ ဘိုသော သတ္တဝါတို့သည် လည်းကောင်း။ အဏုကထူလာ စ၊ ကြုံသော သတ္တဝါ , ဆူသောသတ္တဝါတို့သည် လည်းကောင်း။

၇။ ဒိဋ္ဌာ၊ မြင်အပ်ကုန်သော။ ယေ သတ္တာ ဝါ၊ အကြင် သတ္တဝါ တို့သည် လည်းကောင်း။ အဒိဋ္ဌာ၊ မမြင်အပ်ကုန်သော။ ယေ သတ္တာ ဝါ၊ အကြင်သတ္တဝါတို့သည် လည်းကောင်း။ ဒူရေ၊ အဝေး၌။ ဝသန္တိ၊ နေကုန်၏။ တေ သတ္တာ ဝါ၊ ထိုသတ္တဝါတို့သည် လည်းကောင်း။ အဝိဒူရေ၊ မနီးမဝေးသောအရပ်၌။ ဝသန္တိ၊ နေကုန်၏။ တေ သတ္တာ ဝါ၊ ထိုသတ္တဝါတို့သည် လည်းကောင်း။ ဘူတာ ဝါ၊ ဖြစ်ပြီးသော သတ္တဝါတို့သည် လည်းကောင်း။ သမ္ဘဝေသီ ဝါ၊ နောင်ဖြစ်လတ္တံ့သော သတ္တဝါတို့သည် လည်းကောင်း။ တစ်နည်းကား– သမ္ဘဝေ၊ သုက်၌။ သီဝါ၊ ကိန်းသော သတ္တဝါတို့သည် လည်းကောင်း။ အတ္ထိ၊ ရှိကုန်၏။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်။ သုခိတတ္တာ၊ ချမ်းသာသော ကိုယ်,စိတ် ရှိကုန်သည်။ ဟောန္တု၊ ဖြစ်စေကုန် သတည်း။

၈။ ပရော၊ သူတစ်ပါးသည်။ ပရံ၊ သူတစ်ပါးကို။ န နိကုဗ္ဗေထ၊ အမျက်မထွက်ရာ။ ကတ္ထစိ၊ တစ်စုံတစ်ခုသော အမှု၌။ နံ၊ ထို သူတစ်ပါးကို။ ဗျာရောသနာ–ဗျာရောသနာယ၊ ချုတ်ချယ်သော စကားဖြင့်လည်းကောင်း။ ပဋိဃသညာ–ပဋိဃသညာယ၊ အမျက်ထွက်သော အမှတ်ဖြင့်လည်းကောင်း။ ကိဉ္စိ၊ တစုံ:တစိမျှ။ နာတိမညေထ၊ မထိမဲ့မြင် မအောက်မေ့ရာ။ အညမညဿ၊ အချင်းချင်း၏။ ဒုက္ခံ၊ ဆင်းရဲကို။ န ဣစ္ဆေယျ၊ အလိုမရှိရာ။

၉။ မာတာ၊ အမိသည်။ နိယံ ပုတ္တံ၊ မိမိကို မှီ၍ဖြစ်သော။ ဧကပုတ္တံ၊ တစ်ယောက်တည်းသောသားကို။ အာယုသာ၊ အသက်ကြောင့်။ အနုရက္ခေ ယထာ၊ အဖန်တစ်လဲလဲ စောင့်သကဲ့သို့။ ဧဝမ္ပိ၊

ထို့အတူ လည်းကောင်း။ သဗ္ဗဘူတေသု၊ ခပ်သိမ်းသော သတ္တဝါတို့၌။ အပရိမာဏံ၊ အတိုင်းမသိသော။ မာနသံ၊ မေတ္တာစိတ်ကို။ ဘာဝယေ၊ ပွားစေရာ၏။

၁၀။ ဥဒ္ဓံ၊ အထက်၌လည်းကောင်း။ အဓော စ၊ အောက်၌လည်းကောင်း။ တိရိယဉ္စ၊ ဖီလာ၌လည်းကောင်း။ သဗ္ဗ လောကသ္မိံ၊ ခပ်သိမ်းသောလောက၌။ အသမ္ဗာဓံ၊ ကျဉ်းမြောင်းခြင်းလည်း မရှိထသော။ အဝေရံ၊ အတွင်းရန်လည်းမရှိထသော။ အသပတ္တံ၊ အပရန်လည်း မရှိထသော။ အပရိမာဏံ၊ အတိုင်းမသိသော။ မာနသံ၊ မြတ်နိုးခြင်း တည်းဟူသော။ မေတ္တဉ္စ၊ မေတ္တာစိတ် ကိုလည်း။ ဘာဝယေ၊ ပွားစေရာ၏။

၁၁။ ယာဝတာ၊ အကြင်မျှလောက်။ ဝိတမိဒ္ဓေါ၊ ကင်းသော ငိုက်မျဉ်းခြင်းရှိသည်။ အဿ၊ ဖြစ်ရာ၏။ တာဝတာ၊ ထိုမျှလောက်။ တိဋ္ဌံ ဝါ၊ ရပ်သော်လည်းကောင်း။ စရံ ဝါ၊ သွားသော်လည်းကောင်း။ နိသိန္နော ဝါ၊ ထိုင်သော်လည်းကောင်း။ သယာနော ဝါ၊ လျောင်းသော် လည်းကောင်း။ ဧတံ သတိံ၊ ထိုမေတ္တာစိတ်နှင့်ယှဉ်သော သတိကို။ အဓိဋ္ဌေယျ၊ အမြဲဆောက်တည်ရာ၏။ ဧတံ ဝိဟာရံ၊ ထိုမေတ္တာစိတ်နှင့် ယှဉ်၍နေခြင်းကို။ ဗြဟ္မံ၊ မြတ်သော။ ဝိဟာရံ၊ နေခြင်းဟူ၍။ ဣဓ၊ ဤသာသနာတော်၌။ အာဟု၊ ဆိုကုန်၏။

၁၂။ ဒိဋ္ဌိဉ္စ၊ မှားသောအယူသို့လည်း။ အနုပဂ္ဂမ္မ၊ မကပ်မူ၍။ သီလဝါ၊ သီတင်းရှိသည်ဖြစ်၍။ ဒဿနေန၊ မဂ်ပညာနှင့်။ သမ္ပန္နော၊ ပြည့်စုံသည်ဖြစ်၍။ ကာမေသု၊ ဝတ္ထုကာမ, ကိလေသ ကာမတို့၌။ ဂေဓံ၊ တပ်ခြင်းကို။ ဝိနေယျ၊ ဖျောက်ရာ၏။ သော၊ ထိုသူသည်။

ဂဗ္ဘသေယျံ၊ အမိဝမ်းတွင်း၌ ပဋိသန္ဓေနေခြင်းသို့။ ပုန၊ တစ်ဖန်။ ဇာတု၊ အကယ်မလွဲသဖြင့်၊ န ဟိ ဧတိ၊ မရောက်။

## မေတ္တသုတ္တံ၊ မေတ္တသုတ် ပရိတ်တော်သည်။ နိဋ္ဌိတံ၊ ပြီးပြီ။

---

## ၄–ခန္ဓသုတ် အနက်

၁–၂။ သဗ္ဗာသီဝိသဇာတီနံ၊ ခပ်သိမ်းသော အဆိပ်လျှင်သော မြွေလေးပါးတို့၏။ ဃောရံ၊ ပြင်းစွာသော။ ဝိသံ၊ အဆိပ်ကို။ ဒိဗ္ဗမန္တာဂဒံ ဝိယ၊ နတ်၌ဖြစ်သော ဆေးမန္တရားကဲ့သို့။ ယံ၊ အကြင် ခန္ဓသုတ်ပရိတ်သည်။ နာသေတိ၊ ဖျောက်တတ်၏။ သဗ္ဗတ္ထ၊ ခပ်သိမ်းသော။ အာဏာခေတ္တမှိ၊ အာဏာခေတ်ဖြစ်သော ကုဋေ တစ်သိန်းသော စကြဝဠာ၌။ သဗ္ဗပါဏီနံ၊ ခပ်သိမ်းသော သတ္တဝါ တို့၏။ သေသံ၊ မြွေဆိပ်မှ ကြွင်းသော။ ပရိဿယဉ္စာပိ၊ ဘေးရန်ကို လည်း။ သဗ္ဗဒါ၊ ခပ်သိမ်းသောအခါ၌။ သဗ္ဗသောပိ၊ ခပ်သိမ်းသော အပြားအားဖြင့် လည်း။ နိဝါရေတိ၊ မြစ်တတ်၏။ တံ ပရိတ္တံ၊ ထိုခန္ဓသုတ် ပရိတ်တော်ကို။ ဟေ၊ အရှင်သူတော်ကောင်းတို့။ မယံ၊ ငါတို့သည်။ ဘဏာမ၊ ရွတ်ကြကုန်အံ့။

၃။ ဝိရူပက္ခေဟိ၊ ဝိရူပက္ခ နဂါးမင်းတို့နှင့်။ သဒ္ဓိံ၊ တကွ။ မေ၊ ငါ၏။ မေတ္တံ၊ ချစ်ခြင်းသည်။ ဟောတု၊ ဖြစ်စေသတည်း။ ဧရာ–ပထေဟိ၊ ဧရာပထ နဂါးမင်းတို့နှင့်။ သဒ္ဓိံ၊ တကွ။ မေ၊ ငါ၏။ မေတ္တံ၊ ချစ်ခြင်းသည်။ ဟောတု၊ ဖြစ်စေသတည်း။ ကဏှာဂေါတမ–ကေဟိ စ၊ ကဏှာဂေါတမ နဂါးမင်းတို့နှင့်လည်း။ သဒ္ဓိံ၊ တကွ။ မေ၊ ငါ၏။ မေတ္တံ၊ ချစ်ခြင်းသည်။ ဟောတု၊ ဖြစ်စေသတည်း။

၄။ အပါဒကေဟိ၊ အခြေမရှိသော သတ္တဝါတို့နှင့်၊ သဒ္ဓိံ၊ တက္ကွ။ မေ၊ ငါ၏။ မေတ္တံ၊ ချစ်ခြင်းသည်။ ဟောတု၊ ဖြစ်စေသတည်း။ ဒွိပါဒကေဟိ၊ အခြေနှစ်ချောင်းရှိသော သတ္တဝါတို့နှင့်၊ သဒ္ဓိံ၊ တက္ကွ။ မေ၊ ငါ၏။ မေတ္တံ၊ ချစ်ခြင်းသည်။ ဟောတု၊ ဖြစ်စေသတည်း။ စတုပ္ပဒေဟိ၊ အခြေလေးချောင်းရှိသော သတ္တဝါတို့နှင့်။ သဒ္ဓိံ။ တက္ကွ။ မေ၊ ငါ၏။ မေတ္တံ၊ ချစ်ခြင်းသည်။ ဟောတု၊ ဖြစ်စေ သတည်း။ ဗဟုပ္ပဒေဟိ၊ များသော အခြေရှိသော သတ္တဝါတို့နှင့်၊ သဒ္ဓိံ၊ တက္ကွ။ မေ၊ ငါ၏။ မေတ္တံ၊ ချစ်ခြင်းသည်။ ဟောတု၊ ဖြစ်စေသတည်း။

၅။ မံ၊ ငါ့ကို၊ အပါဒကော၊ အခြေမရှိသော သတ္တဝါသည်။ မာ ဟိံသိ၊ မညှဉ်းဆဲစေသတည်း။ မံ၊ ငါ့ကို။ ဒွိပါဒကော၊ အခြေနှစ်ခုရှိသော သတ္တဝါသည်။ မာ ဟိံသိ၊ မညှဉ်းဆဲစေ သတည်း။ မံ၊ ငါ့ကို။ စတုပ္ပဒေါ၊ အခြေလေးချောင်းရှိသော သတ္တဝါသည်။ မာ ဟိံသိ၊ မညှဉ်းဆဲစေသတည်း။ မံ၊ ငါ့ကို။ ဗဟုပ္ပဒေါ၊ များသော အခြေရှိသော သတ္တဝါသည်။ မာ ဟိံသိ၊ မညှဉ်းဆဲစေ သတည်း။

၆။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ သတ္တာ၊ သတ္တဝါတို့သည် လည်းကောင်း။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ပါဏာ၊ ထွက်သက် ဝင်သက်ရှိသော သတ္တဝါတို့သည် လည်းကောင်း။ ကေဝလာ၊ အကြွင်းမရှိကုန်သော။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ဘူတာ စ၊ ထင်ရှားဖြစ်သော သတ္တဝါတို့သည် လည်းကောင်း။ သဗ္ဗေ–သဗ္ဗာနိ၊ ခပ်သိမ်းကုန်သော။ ဘဒြာနိ၊ ကောင်းမြတ်သော အမြင်တို့ကို။ ပဿန္တု၊ မြင်စေကုန်သတည်း။ ကိဉ္စိ၊ တစိုးတစိမ့်။ ပါပံ၊ မကောင်းမှု သို့။ မာ အာဂမာ၊ မရောက်စေကုန်သတည်း။

၇။ ဗုဒ္ဓေါ၊ မြတ်စွာဘုရားသည်။ အပ္ပမာဏော၊ နှိုင်းယှဉ်ကြောင်းဖြစ်သော ကိလေသာမရှိ၊ ဓမ္မော၊ တရားတော်သည်၊ အပ္ပ–မာဏော၊ နှိုင်းယှဉ်ကြောင်းဖြစ်သော ကိလေသာမရှိ။ သံဃော၊ သံဃာတော်သည်။ အပ္ပမာဏော၊ နှိုင်းယှဉ်ကြောင်းဖြစ်သော ကိလေသာမရှိ။ သရီသပါနိ၊ ကင်း, သန်း တို့သည်လည်းကောင်း။ အဟိ၊ မြွေသည် လည်းကောင်း။ ဝိစ္ဆိကာ၊ ကင်းပုစွန် သည်လည်းကောင်း။ သတပဒီ၊ ကင်းခြေများသည် လည်းကောင်း။ ဥဏ္ဏနာဘိ၊ ပင့်ကူသည် လည်းကောင်း။ (ပင့်ကူနက်လည်း–ဟူ) ။ သရဗူ၊ တက်တူသည် လည်းကောင်း။ (အိမ်မြှောင်လည်း–ဟူ)။ မူသိကာ၊ ကြွက်သည်လည်းကောင်း။ ပမာဏ ဝန္တာနိ၊ နှိုင်းယှဉ်ကြောင်းဖြစ်သော ကိလေသာ ရှိကုန်၏။

၈။ မေ၊ ငါသည်။ ရက္ခာ၊ အစောင့် အရှောက်ကို။ ကတာ၊ ပြုအပ်ပြီ။ မေ၊ ငါသည်။ ပရိတ္တံ၊ အရံအတားကို။ ကတံ၊ ပြုအပ်ပြီ။ ဘူတာနိ၊ သတ္တဝါတို့သည်။ ပဋိက္ကမန္တု၊ ဖဲလေကုန်လော့။ သော အဟံ၊ ထိုငါသည်။ ဘဂဝတော၊ မြတ်စွာဘုရားအား။ နမော၊ ရှိခိုးပါ၏။ သတ္တန္နံ၊ ခုနစ်ဆူကုန်သော။ သမ္မာသမ္ဗုဒ္ဓါနံ၊ ဝိပဿီ အစရှိသော ဘုရားရှင်တို့အား။ နမော၊ ရှိခိုးပါ၏။

ခန္ဓသုတ္တံ၊ ခန္ဓသုတ်ပရိတ်တော်သည်။

နိဋ္ဌိတံ၊ ပြီးပြီ။

## ၅–မောရသုတ်အနက်

၁–၂။ ဗောဓိသမ္ဘာရေ၊ သဗ္ဗညုတဉာဏ်၏ အဆောက် အဦ ဖြစ်သော ပါရမီသုံးဆယ်တို့ကို။ ပူရေန္တံ ဖြည့်တော်မူထသော။ မောရယောနိယံ၊ ဥဒေါင်း၏အမျိုး၌၊ နိဗ္ဗတ္တံ၊ ဖြစ်ထသော။ ယေန၊ အကြင်မောရပရိတ်ဖြင့်။ သံဝိဟိတာရက္ခံ၊ စီရင်အပ်သော စောင့်ရှောက်ခြင်း ရှိထသော။ မဟာသတ္တံ၊ ဘုရားလောင်းကို။ ဝနေစရာ၊ တောမုဆိုးတို့သည်။ စိရဿ၊ မြင့်ရှည်စွာ ကာလပတ်လုံး။ ဝါယ– မန္တာပိ၊ ယုံ့လပြုကုန်သော်လည်း။ ဂဏှိတုံ၊ ဖမ်းယူအံ့သောငှာ။ နေဝ သက္ခိံသု၊ မတတ်နိုင်ကုန်။ ဗြဟ္မမန္တန္တိ၊ မြတ်သော မန္တရား ဟူ၍။ အက္ခာတံ၊ ဟောတော် မူအပ်သော။ တံ ပရိတ္တံ၊ ထို မောရ ပရိတ်ကို။ ဟော၊ အရှင်သူတော်ကောင်းတို့။ မယံ၊ ငါတို့သည်။ ဘဏာမ၊ ရွတ်ကြကုန်အံ့။

၃။ စက္ခုမာ၊ လူတို့၏ မျက်စိလည်း ဖြစ်ထသော။ ဧက ရာဇာ၊ မြတ်သောမင်းလည်း ဖြစ်ထသော။ ဟရိဿဝဏ္ဏော၊ ရွှေအဆင်း နှင့်တူသော အဆင်းလည်း ရှိထသော။ ပထဝိပ္ပဘာသော၊ မြေ၌ ထွန်းသော အရောင်လည်း ရှိထသော။ အယံ၊ ဤနေမင်းသည်။ ဥဒေတိ၊ တက်လတ်၏။ တံ–တသ္မာ၊ ထိုကြောင့်။ ဟရိဿဝဏ္ဏံ၊ ရွှေ၏အဆင်းနှင့်တူသော အဆင်းလည်း ရှိထသော။ ပထဝိပ္ပဘာ– သံ၊ မြေ၌ထွန်းသော အရောင်လည်း ရှိထ သော။ တံ၊ ထို ရှင်နေမင်း ကို။ အဟံ၊ ငါသည်။ နမဿာမိ၊ ရှိခိုး၏။ အဇ္ဇ၊ ယနေ့။ ဒိဝသံ၊ တစ်နေ့ပတ်လုံး။ တယာ၊ အရှင် နေမင်းသည်။ ဂုတ္တာ၊ စောင့်အပ် ကုန်သည်ဖြစ်၍။ မယံ၊ ငါတို့သည်၊ ဝိဟရေမု၊ နေကုန်အံ့။

၄။ ဗြဟ္မဏာ၊ မကောင်းမှုကိုလည်း အပ ပြုကုန်ပြီးထသော။ ယေ၊ အကြင်မြတ်စွာဘုရားတို့သည်။ သဗ္ဗဓမ္မေ၊ ခပ်သိမ်းသောတရားတို့ကို။ ဝေဒဂူ၊ သိခြင်းသို့ ရောက်ကုန်၏။ တေ၊ ထိုမြတ်စွာဘုရားတို့ကို။ မေ၊ ငါ၏။ နမော၊ ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်စေသတည်း။ တေ စ၊ ထိုမြတ်စွာဘုရားတို့သည်လည်း။ မံ၊ ငါ့ကို။ ပါလယန္တု၊ စောင့်စေကုန် သတည်း။ ဗုဒ္ဓါနံ၊ သစ္စာ လေးပါးကို သိကုန်ပြီးသော ပုဂ္ဂိုလ်တို့အား။ မေ၊ ငါ၏။ နမော၊ ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်စေသတည်း။ ဗောဓိယာ၊ အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတဉာဏ်အား။ မေ၊ ငါ၏။ နမော၊ ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်စေသတည်း။ ဝိမုတ္တာနံ၊ ကိလေသာမှ လွတ်ကုန်ပြီးသော ပုဂ္ဂိုလ်တို့အား။ မေ၊ ငါ၏။ နမော၊ ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်စေသတည်း။ ဝိမုတ္တိယာ၊ အရဟတ္တဖိုလ်အား။ မေ၊ ငါ၏။ နမော၊ ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်စေသတည်း။ ကတ္တိ၊ ဤသို့။ သော မောရော၊ ထိုဥဒေါင်းမင်းသည်။ ဣမံ ပရိတ္တံ၊ ဤအရံအတားကို။ ကတွာ၊ ပြု၍။ သေနာ–သေနာယ၊ အစာရှာအံ့သောငှာ။ စရတိ၊ သွား၏။

၅။ စက္ခုမာ၊ လူတို့၏မျက်စိလည်းဖြစ်ထသော။ ဧက ရာဇာ၊ မြတ်သောမင်းလည်း ဖြစ်ထသော။ ဟရိဿဝဏ္ဏော၊ ရွှေ၏အဆင်းနှင့်တူသော အဆင်းလည်း ရှိထသော။ ပထဝိပ္ပဘာသော၊ မြေ၌ထွန်းသော အရောင်လည်း ရှိထသော။ အယံ၊ ဤနေမင်းသည်။ အပေတိ၊ ဝင်၏။ တံ–တသ္မာ၊ ထိုကြောင့်။ ဟရိဿဝဏ္ဏံ၊ ရွှေအဆင်းနှင့် တူသော အဆင်းလည်းရှိထသော။ ပထဝိပ္ပဘာသံ၊

မြေ့ဦးထွန်းသော အရောင်လည်းရှိထသော။ တံ၊ ထိုနေမင်းကို။ အဟံ၊ ငါသည်။ နမဿာမိ၊ ရှိခိုး၏။ အဇ္ဇ၊ ယနေ့။ ရတ္တိံ၊ တစ်ညဉ့် ပဝ်လုံး။ တယာ၊ အရှင်နေမင်းသည်။ ဂုတ္တာ၊ စောင့်အပ်သည် ဖြစ်၍။ မယံ၊ ငါတို့သည်။ ဝိဟရေမု၊ နေကုန်အံ့။

၆။ ဗြာဟ္မဏာ၊ မကောင်းမှုကိုလည်း အပ ပြုကုန်ပြီးထသော။ ယေ၊ အကြင်မြတ်စွာဘုရားတို့သည်။ သဗ္ဗဓမ္မေ၊ ခပ်သိမ်းသော တရားတို့ကို။ ဝေဒဂူ၊ သိခြင်းသို့ ရောက်ကုန်၏။ တေ၊ ထိုမြတ်စွာဘုရားတို့ကို။ မေ၊ ငါ၏။ နမော၊ ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်စေသတည်း။ တေ စ၊ ထိုမြတ်စွာဘုရားတို့သည်လည်း။ မံ၊ ငါ့ကို။ ပါလယန္တု၊ စောင့်စေကုန်သတည်း။ ဗောဓိယာ၊ အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတဉာဏ်အားလည်း။ မေ၊ ငါ၏။ နမော၊ ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်စေသတည်း။ ဝိမုတ္တာနံ၊ ကိလေသာမှ လွတ်ကုန်ပြီး သော ပုဂ္ဂိုလ်တို့အား။ မေ၊ ငါ၏။ နမော၊ ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်စေသတည်း။ ဝိမုတ္တိယာ၊ အရဟတ္တဖိုလ် အား။ မေ၊ ငါ၏။ နမော၊ ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်စေသတည်း။ ဣတိ၊ ဤသို့။ သော မောရော၊ ထိုဥဒေါင်းမင်းသည်။ ဣမံ ပရိတ္တံ၊ ဤအရံ အတားကို။ ကတွာ၊ ပြု၍။ ဝါသံ၊ နေခြင်းကို။ အကပ္ပယိ၊ ပြု၏။

မောရသုတ္တံ၊ မောရသုတ် ပရိတ်တော်သည်။

နိဋ္ဌိတံ၊ ပြီးပြီ။

## ဖ–ပဋ္ဌသုတ်အနက်

၁။ မောဓိသမ္ဘာရေ၊ သဗ္ဗညုတဉာဏ်၏ အဆောက်အဦ ဖြစ်သော ပါရမီသုံးဆယ်တို့ကို။ ပူရေန္တံ၊ ဖြည့်တော်မူထသော။ ဝဋ္ဋဇာတိယံ၊ ငုံး၏အမျိုး၌။ နိဗ္ဗတ္တံ၊ ဖြစ်ထသော။ မဟာသတ္တံ၊ ဘုရားလောင်းကို။ ယဿ ပရိတ္တဿ၊ အကြင် ပရိတ်တော်၏။ တေဇေန၊ တန်ခိုးအာနုဘော်ကြောင့်၊ ဒါဝဂ္ဂိ၊ တောမီးသည်၊ ဝိဝဇ္ဇယိ၊ ကြဉ်ဖဲ၏။

၂။ သာရိပုတ္တဿ၊ သာရိပုတ္တရာ အမည်ရှိတော်မူသော။ ထေ–ရဿ၊ မထေရ်အား။ လောကနာထေန၊ လူသုံးပါးတို့၏ ကိုးကွယ်ရာဖြစ်တော်မူသော မြတ်စွာဘုရားသည်။ ဘာသိတံ၊ ဟောတော်မူအပ်ထသော။ ကပ္ပဋ္ဌာယိံ၊ ကမ္ဘာပတ်လုံး တည်ထ သော။ မဟာတေဇံ၊ ကြီးသောအာနုဘော် ရှိထသော။ တံ ပရိတ္တံ၊ ထိုငုံးမင်းပရိတ်ကို။ ဟေ၊ အရှင်သူတော်ကောင်းတို့။ မယံ၊ ငါတို့သည်။ ဘဏာမ၊ ရွတ်ကြကုန်အံ့။

၃။ လောကေ၊ လောက၌။ သီလဂုဏော၊ သီလ၏ ကျေးဇူးသည် လည်းကောင်း။ သစ္စံ၊ သစ္စာသည်လည်းကောင်း။ သောစေယျဉ္စ၊ ကိုယ်,နှုတ်,နှလုံး စင်ကြယ်သည်၏ အဖြစ်သည် လည်းကောင်း။ အနုဒ္ဒယာ စ၊ သတ္တဝါတို့အား သနားခြင်းသည် လည်းကောင်း။အတ္ထိ၊ ရှိ၏။ တေန သစ္စေန၊ ထိုသို့သော သစ္စာ စကားဖြင့်။ အနုတ္တရံ၊ အတုမရှိသော။ သစ္စကိရိယံ၊ သစ္စာပြုခြင်းကို။ အဟံ၊ ငါသည်။ ကာဟာမိ၊ ပြုဖူး၏။

၄။ ဓမ္မဗလံ၊ သစ္စာတရား၏ အစွမ်းကို။ အာဝဇ္ဇေတွာ၊ ဆင်ခြင်၍။ ပုဗ္ဗကေ၊ ရှေး၌ ဖြစ်တော်မူကုန်ပြီးသော။ ဇိနေ၊ မြတ်စွာဘုရားတို့ကို။ အဟံ၊ ငါသည်။ သရိတွာ၊ အောက်မေ့၍။ သစ္စဗလံ၊ သစ္စာ၏ အစွမ်းကို။ အဝဿာယ၊ အမှီပြု၍။ သစ္စကိရိယံ၊ သစ္စာ ပြုခြင်းကို။ အကာသိံ၊ ပြုဖူး၏။

၅။ ဇာတဝေဒ၊ အို–တောမီး။ မေ၊ ငါ၏။ ပက္ခာ၊ အတောင်တို့သည်။ သန္တိ၊ ရှိကုန်၏။ အပတနာ၊ မပျံနိုင်ခဲ့။ မေ၊ ငါ၏။ ပါဒါ၊ ခြေတို့သည်။ သန္တိ၊ ရှိကုန်၏။ အဝဉ္စနာ၊ မသွားတတ်ခဲ့။ မေ၊ ငါ၏။ မာတာပိတာ စ၊ အမိအဖတို့သည်လည်း။ နိက္ခန္တာ၊ ထွက်သွားခဲ့ကုန်ပြီ။ ဇာတဝေဒ၊ အို–တောမီး။ ပဋိက္ကမ၊ ဖဲကြဉ်လေလော့။

၆။ သာရိပုတ္တ၊ သာရိပုတ္တရာ။ ဣတိ၊ ဤသို့။ မယှံ–မယာ၊ ငါ ငုံးမင်းသည်။ သစ္စေ၊ သစ္စာကို။ ကတေ၊ ပြုသည်ရှိသော်။ သစ္စကတေန၊ ပြုအပ်သောသစ္စာနှင့်။ သဟ၊ တကွ။ သိခီ၊ တောမီးသည်။ ဥဒကံ၊ ရေသို့။ ပတွာ၊ ရောက်၍။ ဝဇ္ဇေသိ ယထာ၊ ဖဲကြဉ်သကဲ့သို့။ မဟာပဇ္ဇလိတော၊ ကြီးသောအလျှံရှိသော။ သိခီ၊ တောမီးသည်။ သောဠသ ကရီသာနိ၊ တစ်ဆယ့်ခြောက် မင်းပယ်စာတို့ တိုင်တိုင်။ ဝဇ္ဇေသိ၊ ဖဲကြဉ်လေ၏။ သာရိပုတ္တ၊ သာရိပုတ္တရာ။ မေ၊ ငါ၏။ သစ္စေန၊ သစ္စာစကားနှင့်။ သမော၊ တူသော တရားသည်။ နတ္ထိ၊ မရှိ။ ဧသာ ပါရမီ၊ ဤပါရမီသည်ကား။ မေ၊ ငါ၏။ သစ္စပါရမီ၊ သစ္စာပါရမီ တည်း။

ဝဋ္ဋသုတ္တံ၊ ဝဋ္ဋသုတ်ပရိတ်တော်သည်။ နိဋ္ဌိတံ၊ ပြီးပြီ။

## ၇–ဓဇဂ္ဂသုတ်အနက်

၁။ ယဿ၊ အကြင် ဓဇဂ်သုတ်ပရိတ်တော်ကို၊ အနုဿရဏေ–နာပိ၊ အောက်မေ့ကာမျှတည်းဖြင့်လျှင်။ အန္တလိက္ခေပိ၊ ကောင်းကင်၌ တည်ကုန်လျက်လည်း။ ပါဏိနော၊ သတ္တဝါတို့ သည်။ ဘူမိယံ ဝိယ၊ မြေ၌ကဲ့သို့။ သဗ္ဗထာ၊ ခပ်သိမ်းသော အပြား အားဖြင့်။ ပတိဋ္ဌံ၊ တည်ရာကို။ အဓိဂစ္ဆန္တိ၊ ရကုန်၏။

၂။ ယက္ခစောရာဒိသမ္ဘဝါ၊ ဘီလူး, သူခိုး–စသည်တို့ကြောင့် ဖြစ်သော။ သဗ္ဗုပဒ္ဒဝဇာလမှာ၊ ခပ်သိမ်းသော ဥပဒ္ဒဝေါ တည်းဟူသော ကွန်ရက်မှ။ မုတ္တာနံ၊ လွတ်ကုန်သောသူတို့ကို။ ဂဏနာ၊ ရေတွက်ခြင်းသည်။ န စ အတ္ထိ၊ မရှိသာလျှင်ကတည်း။ တံ ပရိတ္တံ၊ ထိုဓဇဂ်သုတ် ပရိတ်တော်ကို။ ဟော၊ အရှင်သူတော်ကောင်းတို့။ မယံ၊ ငါတို့သည်။ ဘဏာမ၊ ရွတ်ကြကုန်အံ့။

၃–၄။ ဘန္တေ မဟာကဿပ၊ အရှင်မဟာကဿပ၊ ဣဒံ–ဓဇဂ္ဂံ၊ ဤ ဓဇဂ်သုတ်ပရိတ်တော်ကို။ မေ–မယာ အာနန္ဒတ္ထေရေန၊ ငါ အာနန္ဒာမထေရ်သည်။ ဧဝံ၊ ဤသို့။ သုတံ၊ ကြားလိုက်ရ၏။ တစ်နည်းကား–ဘန္တေ မဟာကဿပ၊ အရှင်မဟာကဿပ။ ဣဒံ၊ ဤ ဓဇဂ်သုတ် ပရိတ်တော်ကို၊ ဘဂဝတော၊ မြတ်စွာဘုရား၏။ သမ္မုခါ၊ မျက်မှောက်တော်မှ။ မေ၊ ငါ၏။ သုတံ၊ ကြားခြင်းသည်ကား။ ဧဝံ၊ ဤသို့လျှင်တည်း။ ဧကံ၊ တစ်ပါးသော။ သမယံ၊ အခါ၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ သာဝတ္ထိယံ၊ သာဝတ္ထိပြည်၌။ အနာထပိဏ္ဍိ–ကဿ၊ အနာထပိဏ်သူဌေး၏။ အာရာမေ၊ နှလုံးမွေ့လျော်ဖွယ်ရှိသော။ ဇေတဝနေ၊ ဇေတဝန်ကျောင်းတော်၌။ ဝိဟရတိ၊ နေတော်

မူ၏။ တတြ ခေါ၊ ထိုသို့ နေတော်မူသောအခါ၌လျှင်။ ဘဂဝါ၊
မြတ်စွာဘုရားသည်။ ဘိက္ခဝေါတိ၊ ရဟန်းတို့–ဟူ၍။ ဘိက္ခူ၊
ရဟန်းတို့ကို။ အာမန္တေသိ–အာလပတိ၊ ခေါ်တော်မူ၏။ ဘဒန္တေ
တိ၊ သြော် အရှင်ဘုရား–ဟူ၍။ တေ ဘိက္ခူ၊ ထိုရဟန်းတို့သည်။
ဘဂဝတော၊ မြတ်စွာဘုရားအား။ ပစ္စဿောသုံ၊ ဝန်ခံကုန်၏။
ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဧတံ၊ ဤသို့သောစကားကို။ အဝေါ
စ၊ မိန့်တော်မူ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ဘူတပုဗ္ဗံ၊ ရှေး၌ဖြစ်ဖူး
သည်ကား။ ဒေဝါသုရ သင်္ဂါမော၊ တာဝတိံသာနတ်, အသူရာနတ်
တို့၏ စစ်သည် သည်။ သမုပဗျူဠှော၊ ကောင်းစွာတက်သည်။
အဟောသိ၊ ဖြစ်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ အထ ခေါ၊ ထိုအခါ၌။
ဒေဝါနံ၊ နတ်တို့၏။ ဣန္ဒော၊ အရှင်ဖြစ်သော။ သက္ကော၊ သိကြား
မင်းသည်။ တာဝတိံသေ၊ တာဝတိံသာနတ်ပြည်၌ နေကုန်သော။
ဒေဝေ၊ နတ်တို့ကို။ အာမန္တေသိ၊ ခေါ်တော်မူ၏။ မာရိသာ၊
ငါနှင့်တူကုန်သော အချင်းနတ်တို့။ သင်္ဂါမဂတာနံ၊ စစ်မြေအရပ်သို့
သွားကုန်သော။ ဝေါ–ဒေဝါနံ၊ သင် နတ်တို့အား။ ဘယံ ဝါ၊
ကြောက်ခြင်းသည် လည်းကောင်း။ ဆမ္ဘိတတ္တံ ဝါ၊ ကိုယ်ခက်
တရော်ရှိသောအဖြစ်သည် လည်းကောင်း။ လောမဟံသော ဝါ၊
ကြက်သီးမွေးညင်းထခြင်းသည် လည်းကောင်း။ သစေ၊ အကယ် ၍။
ဥပ္ပဇ္ဇေယျ၊ ဖြစ်ငြားအံ့၊ တသ္မိံ သမယေ၊ ထိုသို့ဖြစ်သောအခါ၌။
မမေဝ၊ ငါ၏သာလျှင်။ ဓဇဂ္ဂံ၊ တံခွန်များကို။ ဥလ္လောကေယျာထ။
ကြည့်ကုန်လော့။ ဟိ၊ သင့်စွ။ မမ၊ ငါ၏။ ဓဇဂ္ဂံ၊ တံခွန်ဖျားကို။
ဥလ္လောကယတံ၊ ကြည့်ကုန်သော။ ဝေါ၊ သင်တို့အား။ ယံ ဘယံ
ဝါ၊ အကြင် ကြောက်ခြင်းသည် လည်းကောင်း။ ယံ ဆမ္ဘိတတ္တံ ဝါ၊

အကြောင်း ကိုယ်ခက်တရော်ရှိသော အဖြစ်သည်လည်းကောင်း။ ယော လောမ ဟံသော ဝါ၊ အကြောင်း ကြက်သီးမွေးညင်း ထခြင်းသည် လည်းကောင်း။ ဘဝိဿတိ၊ ဖြစ်တုံအံ့။ သော၊ ထို ဘယ, ဆမ္ဘိတတ္တ, လောမဟံသသည်။ ပဟီယိဿတိ၊ ပျောက်လတ္တံ့ သတည်း။

၅။ မေ၊ ငါ၏။ ဓဇဂ္ဂံ၊ တံခွန်ဖျားကို။ စေ၊ အကယ်၍။ နော ဥလ္လောကေယျာထ၊ မကြည့်မိကုန်အံ့။ အထ၊ ထိုသို့ မကြည့်မိကုန်သည်ရှိသော်။ ပဇာပတိဿ၊ ပဇာပတိ အမည်ရှိသော။ ဒေဝရာဇဿ၊ နတ်မင်း၏။ ဓဇဂ္ဂံ၊ တံခွန်ဖျားကို။ ဥလ္လောကေယျာထ၊ ကြည့်ကုန်လော့။ ဟိ၊ သင့်စွ။ ပဇာပတိဿ၊ အဇာပတိ အမည်ရှိသော။ ဒေဝရာဇဿ၊ နတ်မင်း၏။ ဓဇဂ္ဂံ၊ တံခွန်ဖျားကို။ ဥလ္လောကယတံ၊ ကြည့်ကုန်သော။ ဝေါ၊ သင်တို့အား။ ယံ ဘယံ ဝါ၊ အကြောင်း ကြောက်ခြင်းသည် လည်းကောင်း။ ယံ ဆမ္ဘိတတ္တံ ဝါ၊ အကြောင်း ကိုယ်ခက်တရော် ရှိသောအဖြစ်သည် လည်းကောင်း။ ယော လောမဟံသော ဝါ၊ အကြောင်း ကြက်သီးမွေးညင်း ထခြင်းသည် လည်းကောင်း။ ဘဝိဿတိ၊ ဖြစ်တုံအံ့။ သော၊ ထို ဘယ, ဆမ္ဘိတတ္တ, လောမဟံသသည်။ ပဟီယိဿတိ၊ ပျောက်လတ္တံ့ သတည်း။

၆။ ပဇာပတိဿ၊ ပဇာပတိ အမည်ရှိသော။ ဒေဝရာဇဿ၊ နတ်မင်း၏။ ဓဇဂ္ဂံ၊ တံခွန်ဖျားကို။ စေ၊ အကယ်၍။ နော ဥလ္လောကေယျာထ၊ မကြည့်မိကုန်အံ့။ အထ၊ ထိုသို့မကြည့်မိကုန်သည်ရှိသော်။ ဝရုဏဿ၊ ဝရုဏ အမည်ရှိသော။ ဒေဝရာဇဿ၊ နတ်မင်း၏။ ဓဇဂ္ဂံ၊ တံခွန်ဖျားကို။ ဥလ္လောကေယျာထ၊ ကြည့်ကုန်လော့။ ဟိ၊ သင့်စွ။ ဝရုဏဿ၊ ဝရုဏ အမည်ရှိသော။ ဒေဝရာဇဿ၊ နတ်မင်း၏။ ဓဇဂ္ဂံ၊ တံခွန်ဖျားကို။ ဥလ္လောကယတံ၊ ကြည့်ကုန်သော။ ဝေါ၊

သင်တို့အား။ ယံ ဘယံ ဝါ၊ အကြင် ကြောက်ခြင်းသည် လည်းကောင်း။ ယံ ဆမ္ဘိတတ္တံ ဝါ၊ အကြင် ကိုယ်ခက်တရော်ရှိသော အဖြစ်သည်လည်းကောင်း။ ယော လောမဟံသော ဝါ၊ အကြင် ကြက်သီးမွေးညင်း ထခြင်းသည် လည်းကောင်း။ ဘဝိဿတိ၊ ဖြစ်တုံအံ့။ သော၊ ထို ဘယ, ဆမ္ဘိ တတ္တ,လောမဟံသသည်။ ပဟီယိဿတိ၊ ပျောက်လတ္တံ့သတည်း။

၇။ ဝရုဏဿ၊ ဝရုဏအမည်ရှိသော။ ဒေဝရာဇဿ၊ နတ်မင်း၏။ ဓဇဂ္ဂံ၊ တံခွန်ဖျားကို။ စေ၊ အကယ်၍။ နော ဉလ္လောကေယျာထ၊ မကြည့်မိကုန်အံ့။ အထ၊ ထိုသို့ မကြည့်မိကုန်သည် ရှိသော်။ ဤသာနဿ၊ ဤသာန-အမည်ရှိသော။ ဒေဝရာဇဿ၊ နတ်မင်း၏။ ဓဇဂ္ဂံ၊ တံခွန်ဖျားကို။ ဉလ္လောကေယျာထ၊ ကြည့်ကုန်လော့။ ဟိ၊ သင့်စွ။ ဤသာနဿ၊ ဤသာနအမည်ရှိသော။ ဒေဝရာဇဿ၊ နတ်မင်း၏။ ဓဇဂ္ဂံ၊ တံခွန်ဖျားကို။ ဉလ္လောကယတံ၊ ကြည့်ကုန်သော။ ဝေါ၊ သင်တို့အား။ ယံ ဘယံ ဝါ၊ အကြင်ကြောက်ခြင်းသည် လည်းကောင်း။ ယံ ဆမ္ဘိတတ္တံ ဝါ၊ အကြင် ကိုယ်ခက်တရော်ရှိသော အဖြစ်သည် လည်းကောင်း။ ယော လောမဟံသော ဝါ၊ အကြင် ကြက်သီးမွေးညင်းထခြင်းသည် လည်းကောင်း။ ဘဝိဿတိ၊ ဖြစ်တုံအံ့။ သော၊ ထို ဘယ, ဆမ္ဘိတတ္တ, လောမဟံသသည်၊ ပဟီယိဿတိ၊ ပျောက်လတ္တံ့သတည်း။ ဣတိ၊ ဤသို့။ သက္ကော၊ သိကြားမင်းသည်။ တာဝတိံသေ၊ တာဝတိံသာနတ်ပြည်၌ နေကုန်သော။ ဒေဝေ၊ နတ်တို့ကို။ အာမန္တေသိ၊ မိန့်တော်မူ၏။

၈။ ဘိက္ခဝေ၊ ရဟန်းတို့။ ဒေဝါနံ၊ နတ်တို့၏။ ဣန္ဒဿ၊ အရှင်ဖြစ်သော။ သက္ကဿ၊ သိကြားမင်း၏။ တံ ခေါ ပန ဓဇဂ္ဂံ၊ ထိုတံခွန်

ဖျားကို၊ ဥလ္လောကယတံ ဝါ၊ ကြည့်သော နတ်တို့အား လည်းကောင်း။ ပဇာပတိဿ၊ ပဇာပတိ အမည်ရှိသော။ ဒေဝရာဇဿ၊ နတ်မင်း ၏။ ဓဇဂ္ဂံ၊ တံခွန်ဖျားကို။ ဥလ္လောကယတံ ဝါ၊ ကြည့်သော နတ်တို့ အားလည်းကောင်း။ ဝရုဏဿ၊ ဝရုဏ အမည် ရှိသော။ ဒေဝရာဇဿ၊ နတ်မင်း၏။ ဓဇဂ္ဂံ၊ တံခွန်ဖျားကို။ ဥလ္လောကယတံ ဝါ၊ ကြည့်သော နတ်တို့အားလည်းကောင်း။ ဤသာနဿ၊ ဤသာနအမည်ရှိသော။ ဒေဝရာဇဿ၊ နတ်မင်း၏။ ဓဇဂ္ဂံ၊ တံခွန်ဖျားကို။ ဥလ္လောကယတံ ဝါ၊ ကြည့်သော နတ်တို့အား လည်းကောင်း။ ယံ ဘယံ ဝါ၊ အကြင် ကြောက်ခြင်းသည် လည်းကောင်း။ ယံ ဆမ္ဘိတတ္တံ ဝါ၊ အကြင် ကိုယ်ခက်တရော်ရှိသော အဖြစ်သည် လည်းကောင်း။ ယော လောမ ဟံသော ဝါ၊ အကြင် ကြက်သီးမွေးညင်း ထခြင်းသည် လည်းကောင်း။ ဘဝိဿတိ၊ ဖြစ်တုံအံ့။ သော၊ ထို ဘယ, ဆမ္ဘိ တတ္တ, လောမဟံသ သည်။ ပဟီယေထာပိ၊ ပျောက်သည်မူလည်း ဖြစ်ရာ၏။ နော ပဟီ–ယေထာပိ၊ မပျောက်သည်မူလည်း ဖြစ်ရာ၏။

၉။ တံ၊ ထိုပျောက်ခြင်း, မပျောက်ခြင်းသည်၊ ကိဿ ဟေတု၊ အဘယ့်ကြောင့်နည်း။ ဘိက္ခဝေ၊ ရဟန်းတို့။ ဒေဝါနံ၊ နတ်တို့၏။ ဣန္ဒော၊ အရှင်ဖြစ်သော။ သက္ကော၊ သိကြားမင်းသည်။ အဝီတ ရာဂေါ၊ မကင်းသော ရာဂရှိ၏။ အဝီတ ဒေါသော၊ မကင်းသော ဒေါသရှိ၏။ အဝီတ မောဟော၊ မကင်းသော မောဟရှိ၏။ ဘီရူ၊ ကြောက်တတ်၏။ ဆမ္ဘီ၊ ကိုယ်ခက်တရော် ရှိတတ်၏။ ဥတြာသီ၊ လန့်တတ်၏။ ပလာယီ၊ ပြေးတတ်၏။

၁၀။ ဘိက္ခဝေ၊ ရဟန်းတို့။ အဟဉ္စ၊ ငါသည်ကား။ ခေါ၊ အကယ်မလွဲသဖြင့်။ ဝေ၊ ဤသို့။ ဝဒါမိ၊ ဟော၏။ ဘိက္ခဝေ၊ ရဟန်းတို့။ အရညဂတာနံ ဝါ၊ တော၌မူလည်း နေကုန်ထသော။ ရုက္ခမူလဂတာနံ ဝါ၊ သစ်ပင်ရင်း၌မူလည်း နေကုန်ထသော။ သုညာဂါရဂတာနံ ဝါ၊ ဆိတ်ငြိမ်ရာအရပ်၌မူလည်း နေကုန်ထသော။ တုမှာကံ၊ သင်တို့အား။ ဘယံ ဝါ၊ ကြောက်ခြင်းသည် လည်းကောင်း။ ဆမ္ဘိတတ္တံ ဝါ၊ ကိုယ်ခက်တရော်ရှိသော အဖြစ် သည်လည်းကောင်း။ လောမဟံသော ဝါ၊ ကြက်သီးမွေးညင်း ထခြင်းသည်လည်းကောင်း။ သစေ၊ အကယ်၍။ ဥပ္ပဇ္ဇေယျ၊ ဖြစ်တုံ အံ့။ တသ္မိံ သမယေ၊ ထိုဘယ, ဆမ္ဘိတတ္တ, လောမဟံသ ဖြစ်သောအခါ၌။ မမေဝ-မံ ဧဝ၊ ငါဘုရား၏ ဂုဏ်ကိုသာလျှင်။ အနုဿရေယျာထ၊ အောက်မေ့ကုန်လော့။

၁၁။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ၊ ဤသို့ ကိလေသာတို့မှ ဝေးတော်မူတတ်သောကြောင့်လည်း။ ဝါ၊ ကိလေသာ ရန်တို့ကို သတ်ဖြတ်တော်မူတတ်သောကြောင့်လည်း။ ဝါ၊ သံသရာ စက်၏ အကန့်တို့ကို ဖျက်ဆီးတော်မူတတ်သောကြောင့်လည်း။ ဝါ၊ ပစ္စည်းလေးပါးစသော ပူဇော်အထူးကို ခံတော်မူထိုက်သော ကြောင့်လည်း။ ဝါ၊ ဆိတ်ကွယ်ရာ၌ မကောင်းမှုကို ပြုတော်မမူ သော ကြောင့်လည်း။ အရဟံ၊ အရဟ မည်တော်မူ၏။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ၊ ဤသို့ ကောင်းစွာ သယမ္ဘူ ဉာဏ် ဖြင့် မိမိအလိုလို သစ္စာလေးပါးတရားတို့ကို သိတော်မူတတ်သော ကြောင့်လည်း။ သမ္မာသမ္ဗုဒ္ဓေါ၊ သမ္မာသမ္ဗုဒ္ဓ မည်တော်မူ၏။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ၊ ဤသို့ ဝိဇ္ဇာသုံးပါး, ဝိဇ္ဇာ ရှစ်ပါး, စရဏ တစ်ဆယ့်ငါးပါးနှင့် ပြည့်စုံတော်မူသောကြောင့်

လည်း။ ဝိဇ္ဇာစရဏ သမ္ပန္နော၊ ဝိဇ္ဇာစရဏ သမ္ပန္န မည်တော်မူ၏။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ၊ ဤသို့ နိဗ္ဗာန်သို့ သွားတော်မူတတ်သောကြောင့်လည်း။ သုဂတော၊ သုဂတ မည်တော်မူ၏။ တစ်နည်းကား–ဣတိပိ၊ ဤသို့ ကောင်းသောစကားကို ဆိုတော်မူတတ်သော ကြောင့်လည်း။ သုဂတော၊ သုဂတ မည်တော်မူ၏။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရား သည်။ ဣတိပိ၊ ဤသို့ ကာမလောက, ရူပလောက, အရူပလောက၊ တစ်နည်းကား–သတ္တလောက, သင်္ခါရလောက, ဩကာသလောက ဟူသော လောက သုံးပါးကို သိတော်မူတတ်သော ကြောင့်လည်း။ လောကဝိဒူ၊ လောကဝိဒူမည်တော်မူ၏။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ၊ ဤသို့ အတုမရှိသော တရားတော်ဖြင့် ဆုံးမတော်မူတတ်သောကြောင့်လည်း။ အနုတ္တရော၊ အတုမရှိသော။ ပုရိသဒမ္မ–သာရထိ၊ ပုရိသဒမ္မသာရထိ မည်တော်မူ၏။ တစ်နည်းကား–သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ၊ ဤသို့ လွန်သောသူ မရှိသောကြောင့်လည်း။ အနုတ္တရော၊ အနုတ္တရ မည်တော်မူ၏။ ဣတိပိ၊ ဤသို့ဆုံးမတော် မူအပ်သော ဝေနေယျသတ္တဝါတို့ကို ဆုံးမတော်မူသောကြောင့် လည်း။ ပုရိသဒမ္မသာရထိ၊ ပုရိသဒမ္မသာရထိ မည်တော်မူ၏။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ၊ ဤသို့ နတ်လူတို့၏ ဆရာဖြစ်တော်မူသောကြောင့် လည်း။ သတ္ထာဒေဝမနုဿာနံ၊ သတ္ထာဒေဝမနုဿာန မည်တော် မူ၏။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ၊ ဤသို့ ခပ်သိမ်းသော တရားတို့ကို သိတော်မူတတ်သောကြောင့်လည်း။ ဗုဒ္ဓေါ၊ ဗုဒ္ဓ မည်တော်မူ၏။ တစ်နည်းကား–ဣတိပိ၊ ဤသို့ နတ်လူတို့ကို

သိစေတတ်သောကြောင့် လည်း။ ဗုဒ္ဓေါ၊ ဗုဒ္ဓ မည်တော်မူ၏။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရား သည်။ ဣတိပိ၊ ဤသို့ ဆည်းပူးအပ်သော ပါရမီဟူသော ဘုန်းရှိတော်မူသောကြောင့်လည်း။ ဘဂဝါ၊ ဘဂဝါ မည်တော်မူ၏။ ဣတိ၊ ဤသို့။ မမေဝ၊ ငါဘုရား၏ ဂုဏ်ကိုသာလျှင်။ အနုဿရေယျာထ၊ အောက်မေ့ကုန်လော့။

၁၂။ ဟိ၊ သင့်စွ။ ဘိက္ခဝေ၊ ရဟန်းတို့။ မမံ၊ ငါဘုရား၏ ဂုဏ်ကို။ အနုဿရတံ၊ အောက်မေ့ကုန်သော။ ဝေါ၊ သင်တို့အား။ ယံ ဘယံ ဝါ၊ အကြင်ကြောက်ခြင်းသည် လည်းကောင်း။ ယံ ဆမ္ဘိတတ္တံ ဝါ၊ အကြင် ကိုယ်ခက်တရော်ရှိသော အဖြစ်သည်လည်းကောင်း။ ယော လောမဟံသော ဝါ၊ အကြင် ကြက်သီးမွေးညင်း ထခြင်းသည် လည်းကောင်း။ ဘဝိဿတိ၊ ဖြစ်တုံအံ့။ သော၊ ထို ဘယ, ဆမ္ဘိ–တတ္တ, လောမဟံသသည်။ ပဟီယိဿတိ၊ ပျောက်လတ္တံ့သတည်း။

၁၃။ မံ၊ ငါဘုရား၏ ဂုဏ်ကို။ စေ၊ အကယ်၍။ နော အနုဿ–ရေယျာထ၊ မအောက်မေ့မိကုန်အံ့။ အထ၊ ထိုသို့ မအောက်မေ့မိကုန်သည်ရှိသော်။ ဓမ္မံ၊ ငါဟောတော်မူအပ်သော တရားတော်၏ ဂုဏ်ကို။ အနုဿရေယျာထ၊ အောက်မေ့ကုန်လော့။

၁၄။ ဘဂဝတာ၊ မြတ်စွာ ဘုရားသည်။ သွာက္ခာတော၊ ကောင်းစွာ ဟောတော်မူအပ်သော။ ဓမ္မော၊ တရားတော်သည်။ သန္ဒိဋ္ဌိကော၊ မျက်မှောက်၌ အကျိုးကိုပေးတတ်၏။ အကာလိကော၊ အခါမလင့် အကျိုးကိုပေးတတ်၏။ ဧဟိပဿိကော၊ လာလှည့်, ရှုလှည့်ဟူသော စကားကိုဆိုထိုက်၏။ ဩပနေယျိကော၊ နတ်ရွာ နိဗ္ဗာန်သို့ ဆောင်ခြင်းကိုထိုက်၏။ ပစ္စတ္တံ–ပတိ အတ္တံ၊ အသီးအသီး

မိမိတို့၌၊ ဝိညူဟိ၊ မဂ္ဂဉာဏ်လေးယောက်, ဖလဉာဏ်လေးယောက် ဖြစ်သော ပညာရှိတို့သည်၊ ဝေဒိတဗ္ဗော၊ သိအပ် ခံစားအပ်၏။ ပစ္စတ္တံ၊ ဤသို့၊ ဓမ္မံ၊ တရားတော်၏ဂုဏ်ကို၊ အနုဿရေယျာထ၊ အောက်မေ့ကုန်လော့။

၁၅။ ဟိ၊ သင့်စွ၊ ဘိက္ခဝေ၊ ရဟန်းတို့၊ ဓမ္မံ၊ တရားတော်၏ ဂုဏ်ကို၊ အနုဿရတံ၊ အောက်မေ့ကုန်သော၊ ဝေါ၊ သင်တို့အား၊ ယံ ဘယံ ဝါ၊ အကြင်ကြောက်ခြင်းသည်လည်းကောင်း၊ ယံ ဆမ္ဘိတတ္တံ ဝါ၊ အကြင် ကိုယ်ခက်တရော်ရှိသော အဖြစ်သည်လည်းကောင်း၊ ယော လောမဟံသော ဝါ၊ အကြင် ကြက်သီးမွေးညင်း ထခြင်းသည်လည်းကောင်း၊ ဘဝိဿတိ၊ ဖြစ်တုံအံ့၊ သော၊ ထို ဘယ, ဆမ္ဘိတတ္တ, လောမဟံသသည်၊ ပဟီယိဿတိ၊ ပျောက်လတ္တံ့သတည်း။

၁၆။ စေ၊ အကယ်၍၊ ဓမ္မံ၊ တရားတော်၏ဂုဏ်ကို၊ နော အနုဿရေယျာထ၊ မအောက်မေ့မိကုန်အံ့၊ အထ၊ ထိုသို့မအောက်မေ့မိကုန်သည်ရှိသော်၊ သံဃံ၊ ငါတပည့် သံဃာတော်၏ဂုဏ်ကို၊ အနုဿရေယျာထ၊ အောက်မေ့ကုန်လော့။

၁၇။ ဘဂဝတော၊ မြတ်စွာဘုရား၏၊ သာဝကသံဃော၊ တပည့်ဖြစ်သော သံဃာသည်၊ သုပ္ပဋိပန္နော၊ ကောင်းစွာကျင့် တတ်၏။ ဘဂဝတော၊ မြတ်စွာဘုရား၏၊ သာဝကသံဃော၊ တပည့်ဖြစ်သော သံဃာသည်၊ ဥဇုပ္ပဋိပန္နော၊ ဖြောင့်ဖြောင့် ကျင့် တတ်၏။ ဘဂဝတော၊ မြတ်စွာဘုရား၏၊ သာဝကသံဃော၊ တပည့်ဖြစ်သော. သံဃာသည်၊ ဉာယပ္ပဋိပန္နော၊ အသင့်အားဖြင့်

ကျင့်တတ်၏။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သာဝကသံဃော၊ တပည့်ဖြစ်သော သံဃာသည်။ သာမီစိပ္ပဋိပန္နော၊ အရိုအသေပြု ခြင်းကို ခံထိုက်အောင် ကျင့်တတ်၏။ စတ္တာရိ၊ လေးပါးကုန်သော။ ယဒိဒံ-ယာနိ ပုရိသယုဂါနိ၊ အကြင်ယောကျ်ားမြတ် အစုံတို့သည်။ သန္တိ၊ ရှိကုန်၏။ ဧတေ ပုရိသပုဂ္ဂလာ၊ ထိုလေးပါး အစုံဖြစ်သော ယောကျ်ားတို့သည်ကား။ အဋ္ဌ၊ ရှစ်ယောက်တို့တည်း။ ဘဂဝတော၊ မြတ်စွာဘုရား၏။ ဧသ-ဧသော သာဝကသံဃော၊ ထို တပည့် ဖြစ်သော သံဃာတော်သည်ကား။ အာဟုနေယျော၊ ဆောင်၍ ပူဇော်ခြင်းကို ခံထိုက်၏။ ပါဟုနေယျော၊ ဧည့်သည်တို့အား ရည်၍ ထားသော ပစ္စည်းအထူးဖြင့် ပူဇော်ခြင်းကို ခံထိုက် ၏။ ဒက္ခိဏေယျော၊ မြတ်သောအလှူကို ခံထိုက်၏။ အဉ္ဇလိကရဏီယော၊ လက်အုပ်ချီခြင်းကို ခံထိုက်၏။ လောကဿ၊ လူအများ၏။ အနုတ္တရံ၊ အတုမရှိသော။ ပုညက္ခေတ္တံ၊ ကောင်းမှု၏ စိုက်ပျိုးရာ လယ်ယာမြေကောင်း သဖွယ်လည်း ဖြစ်၏။ ဣတိ၊ ဤသို့။ သံဃံ၊ သံဃာတော်ဂုဏ်ကို။ အနုဿရေယျာထ၊ အောက်မေ့ကုန်လော့။

၁၈။ ဟိ၊ သင့်စွ။ ဘိက္ခဝေ၊ ရဟန်းတို့။ သံဃံ၊ သံဃာတော်ဂုဏ်ကို။ အနုဿရတံ၊ အောက်မေ့ကုန်သော။ ဝေါ၊ သင်တို့အား။ ယံ ဘယံ ဝါ၊ အကြင် ကြောက်ခြင်းသည်လည်းကောင်း။ ယံ ဆမ္ဘိ-တတ္တံ ဝါ၊ အကြင် ကိုယ်ခက်တရော်ရှိသော အဖြစ်သည်လည်းကောင်း။ ယော လောမဟံသော ဝါ၊ အကြင် ကြက်သီး မွေးညင်း ထခြင်းသည်လည်းကောင်း။ ဘဝိဿတိ၊ ဖြစ်တုံအံ့။ သော၊ ထို ဘယ, ဆမ္ဘိ တတ္တ. လောမဟံသသည်။ ပဟီယိဿတိ၊ ပျောက်လတ္တံ့ သတည်း။

၁၉။ တံ၊ ထို ဘယ, ဆမ္ဘိတတ္တ, လောမဟံသ ပျောက်ခြင်သည်။ ကိံသ ဟေတု၊ အဘယ်ကြောင့်နည်း။ ဘိက္ခဝေ၊ ရဟန်တို့။ တထာဂတော၊ ဝိပဿီ အစရှိသော ရှေးဘုရားတို့၏ လာခြင်ကဲ့သို့ ကောင်းသောလာခြင်းရှိသော သင်တို့ဆရာ ငါဘုရား သည်။ အ–ရဟံ၊ ဆိတ်ကွယ်ရာအရပ်၌ မကောင်းမှုကို ပြုခြင်းငှာ မထိုက်။ သမ္မာသမ္ဗုဒ္ဓေါ၊ ကောင်းစွာကိုယ်တိုင် သစ္စာလေးပါးတရားကို သိတော်မူတတ်၏။ ဝီတရာဂေါ၊ ကင်းသော ရာဂရှိ၏။ ဝီတ ဒေါသော၊ ကင်းသော ဒေါသရှိ၏။ ဝီတမောဟော၊ ကင်းသော မောဟရှိ၏။ အဘိရူ၊ မကြောက်တတ်။ အဆမ္ဘီ၊ ကိုယ်ခက်တရော် မရှိတတ်။ အနုတြာသီ၊ မလန့်တတ်။ အပလာယီ၊ မပြေးတတ်။ ဣတိ–တသ္မာ၊ ထို့ကြောင့်၊ ပဟီယိဿတိ၊ ပျောက်လတ္တံ့ သ တည်း။

၂၀။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဣဒံ၊ ဤသို့သော စကားကို။ အဝေါစ၊ မိန့်တော်မူ၏။ သုဂတော၊ ကောင်းသော စကားကို ဆိုတော်မူတတ်သော။ သတ္ထာ၊ မြတ်စွာဘုရားသည်။ ဣဒံ၊ ဤသို့ သော စကားကို။ ဝတွာန၊ မိန့်ဦး၍။ အထ၊ ထိုနောင်မှ။ အပရံ၊ တစ်ပါးသော။ ဧတံ၊ ဤသို့သော စကားကို။ အဝေါစ၊ မိန့်တော်မူ၏။

၂၁။ ဘိက္ခဝေ၊ ရဟန်းတို့။ အရညေ ဝါ၊ တော၌လည်ကောင်း။ ရုက္ခမူလေ ဝါ၊ သစ်ပင်ရင်း၌လည်းကောင်း။ သုညာဂါရေ ဝါ၊ ဆိတ်ကွယ်ရာအရပ်၌လည်းကောင်း။ သမ္ဗုဒ္ဓံ၊ မြတ်စွာ ဘုရား၏ ဂုဏ်ကို။ တုမှေ၊ သင်တို့သည်။ အနုဿရေထ၊ အောက်မေ့ကုန်လော့။ တုမှာကံ၊ သင်တို့အား။ ဘယံ၊ ကြောက်ခြင်းသည်။ နော သိယာ၊ မဖြစ်ရာ။

၂၂။ လောကဇေဋ္ဌံ၊ လူတို့၏အကြီးဖြစ်ထသော။ နရာသဘံ၊ လူတို့ထက်လည်း မြတ်ထသော။ ဗုဒ္ဓံ၊ မြတ်စွာဘုရား၏ ဂုဏ်ကို။ စေ၊ အကယ်၍။ နော သရေယျာထ၊ မအောက်မေ့မိကုန် အံ့။ အထ၊ ထိုသို့ မအောက်မေ့မိကုန်သည်ရှိသော်။ နိယျာနိကံ၊ သံသရာမှ ထုတ်၍ ဆောင်သွားတတ်ထသော။ သုဒေသိတံ၊ ကောင်းစွာဟော အပ်သော။ ဓမ္မံ၊ တရားတော်၏ဂုဏ်ကို။ သရေယျာထ၊ အောက်မေ့ ကုန်လော့။

၂၃။ နိယျာနိကံ၊ သံသရာမှထုတ်၍ ဆောင်သွားတတ်ထ သော။ (ပဋ္ဌဒုက္ခမှ ဆောင်တတ်သော-လည်းပေး)။ သုဒေသိတံ၊ ကောင်းစွာ ဟောအပ်ထသော။ ဓမ္မံ၊ တရားတော်၏ ဂုဏ်ကို။ စေ၊ အကယ်၍။ နော သရေယျာထ၊ မအောက်မေ့မိကုန်အံ့၊ အထ၊ ထိုသို့ မအောက်မေ့မိကုန်သည်ရှိသော်။ အနုတ္တရံ၊ အတု မရှိသော။ ပုညက္ခေတ္တံ၊ ကောင်းမှု၏ပွားရာ လယ်ယာမြေကောင်းသဖွယ်လည်း ဖြစ်ထသော။ သံဃံ၊ သံဃာတော်၏ ဂုဏ်ကို။ သရေယျာထ၊ အောက်မေ့ကုန်လော့။

၂၄။ ဘိက္ခဝေ၊ ရဟန်းတို့။ ဧဝံ၊ ဤသို့ ဆိုခဲ့ပြီးသော နည်းဖြင့်။ ဗုဒ္ဓဉ္စ၊ ငါဘုရား၏ဂုဏ်ကို လည်းကောင်း။ ဓမ္မဉ္စ၊ တရားတော်၏ ဂုဏ်ကိုလည်းကောင်း။ သံဃဉ္စ၊ သံဃာတော်၏ ဂုဏ်ကိုလည်း ကောင်း။ သရန္တာနံ၊ အောက်မေ့ကုန်သော သင်တို့အား။ ယံ ဘယံ ဝါ၊ အကြင် ကြောက်ခြင်းသည် လည်းကောင်း။ ယံ ဆမ္ဘိတတ္တံ ဝါ၊ အကြင် ကိုယ်ခက်တရော်ရှိသော အဖြစ်သည်လည်းကောင်း။ ယော

လောမဟံသော ဝါ၊ အကြင် ကြက်သီးမွေးညင်း ထခြင်းသည် လည်းကောင်း။ အတ္ထိ၊ ရှိ၏။ သော၊ ထို ဘယ, ဆမ္ဘိတတ္တ, လောမ ဟံသသည်။ န ဟောသိတိ၊ မဖြစ်လတ္တံ့တည်း။

ဓဇဂ္ဂသုတ္တံ၊ ဓဇဂ်သုတ် ပရိတ်တော်သည်။
နိဋ္ဌိတံ၊ ပြီးပြီ။

❖ ❖ ❖ ❖ ❖

## ၈–အာဋာနာဋိယသုတ် အနက်

၁။ နာထဿ၊ မြတ်စွာဘုရား၏။ သာဓု သမ္မတေ၊ ကောင်း၏ ဟူ၍ သမုတ်အပ်ထသော။ သာသနေ၊ သာသနာတော်၌။ အပ္ပသန္နေဟိ၊ မကြည်ညိုကုန်ထသော။ စဏ္ဍေဟိ၊ ကြမ်းကြုတ် ကုန်ထသော။ သဒါ၊ ခပ်သိမ်းသောအခါ၌။ ကိဗ္ဗိသ ကာရီဘိ၊ ကြမ်းကြုတ်သော အမှုကိုပြုတတ်ကုန်ထသော။ အမနုဿေဟိ၊ ဘီလူး တို့သည်။

၂။ စတဿန္နံ၊ လေးပါးကုန်သော။ ပရိသာနံ၊ ပရိသတ် တို့ကို။ အဟိံသာယ စ၊ မညှဉ်းဆဲ စိမ့်သောငှာလည်းကောင်း။ ဂုတ္တိယာ စ၊ စောင့်စိမ့်သောငှာလည်းကောင်း။ မဟာဝီရော၊ ကြီး မြတ်သော လုံ့လရှိတော်မူသော မြတ်စွာဘုရားသည်။ ယံ ပရိတ္တံ၊ အကြင် အာဋာနာဋိယသုတ် ပရိတ်တော်ကို။ ဒေသေသိ၊ ဟော တော်မူပြီ။ တံ ပရိတ္တံ၊ ထိုအာဋာနာဋိယသုတ် ပရိတ်တော်ကို။ ဟေ၊ အရှင်သူတော်ကောင်းတို့။ မယံ၊ ငါတို့သည်။ ဘဏာမ၊ ရွတ်ကြ ကုန်အံ့။

၃။ စက္ခုမန္တဿ၊ စက္ခုငါးပါးနှင့် ပြည့်စုံတော်မူထသော။ သိရိမတော၊ ဘုန်းကျက်သရေနှင့် ပြည့်စုံတော် မူထသော။ ဝိပဿိ ဿ စ၊ ဝိပဿိ မြတ်စွာဘုရားအားလည်း။ မေ၊ ငါ၏။ နမော၊ ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်စေသတည်း။ သဗ္ဗဘူတာနုကမ္ပိနော၊ ခပ်သိမ်းသော သတ္တဝါတို့ကို သနားတော်မူတတ်သော။ သိခိဿာပိ စ၊ သိခိ မြတ်စွာဘုရားအားလည်း။ မေ၊ ငါ၏။ နမော၊ ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်စေသတည်း။

၄။ နှာတကဿ၊ မကောင်းမှုကို ဆေးပြီးထသော။ တပဿိနော၊ ခြိုးခြံသောအကျင့်ကိုလည်း ကျင့်တတ်ထသော။ ဝေဿဘုဿ စ၊ ဝေဿဘူ မြတ်စွာဘုရားအားလည်း။ မေ၊ ငါ၏။ နမော၊ ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်စေသတည်း။ မာရသေနာပမဒ္ဒိနော၊ မာရ်စစ်သည်ကို နှိမ်နင်းတတ်သော။ ကကုသန္ဓဿ၊ ကကုသန် မြတ်စွာဘုရားအားလည်း။ မေ၊ ငါ၏။ နမော၊ ရှိခိုးခြင်း သည်။ အတ္ထု၊ ဖြစ်စေသတည်း။

၅။ ဗြာဟ္မဏဿ၊ မကောင်းမှုကို အပပြုပြီးထသော။ ဝုသိမတော၊ ငါးပါးသော ဝသီဘော်နှင့်ပြည့်စုံထသော။ ဝါ၊ သုံးပါးသော မဂ်ဟူသော သီတင်းလည်း ရှိထသော။ ကောဏာဂမနဿ စ၊ ကောဏာဂုံ မြတ်စွာဘုရားအားလည်း။ မေ၊ ငါ၏။ နမော၊ ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်စေသတည်း။ သဗ္ဗဓိ၊ အလုံးစုံသောအရာ ၌။ ဝါ၊ ခပ်သိမ်းသော ကိလေသာမှ။ ဝိပ္ပမုတ္တဿ၊ လွတ်ကင်းတော် မူပြီးထသော။ ကဿပဿ စ၊ ကဿပ မြတ်စွာဘုရားအားလည်း။ မေ၊ ငါ၏။ နမော၊ ရှိခိုးခြင်း သည်။ အတ္ထု၊ ဖြစ်စေသတည်း။

၆။ ယော၊ အကြင် ဂေါတမ ဘုရားသခင်သည်။ သဗ္ဗ ဒုက္ခာ–ပနူဒနံ၊ အလုံးစုံသော ဆင်းရဲကို ပယ်ဖျောက်တော်မူတတ်သော။ ဣမံ ဓမ္မံ၊ ဤတရားကို ။ ဒေသေသိ၊ ဟောတော်မူ၏။ အင်္ဂီရသဿ၊ ကိုယ်တော်မှထွက်သော အရောင်ရှိထသော။ သကျပုတ္တဿ၊ သာကီဝင်မင်းသား ဖြစ်တော်မူထသော။ သိရိမတော၊ ဘုန်းကျက်သရေနှင့် ပြည့်စုံတော်မူထသော။ တဿ၊ ထိုဂေါတမ ဘုရားသခင်အား။ မေ၊ ငါ၏။ နမော၊ ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်စေသတည်း။

၇။ လောကေ၊ လောက၌။ နိဗ္ဗုတာ၊ ငြိမ်းလေကုန်ပြီး ထသော။ ယေ စာပိ ဇနာ၊ အကြင် မြတ်စွာဘုရားတို့သည်။ ယထာဘူတံ၊ ဟုတ်သောအလျောက်။ ဝိပဿိသုံ၊ မြင်ကုန်ပြီ။ တေ ဇနာ၊ ထိုမြတ်စွာဘုရားတို့သည်။ အ ပိသုဏာ၊ ချောပစ်သောစကားကို မဆိုကုန်။ အထ၊ ထိုမြို့။ မဟန္တာ၊ မြတ်ကုန်၏။ ဝီတ သာရဒါ၊ ကင်းသော ရွံ့ကြောက်ခြင်း ရှိကုန်၏။

၈။ ဝိဇ္ဇာစရဏသမ္ပန္နံ၊ ဝိဇ္ဇာသုံးပါး, ဝိဇ္ဇာရှစ်ပါး, စရဏ တစ်ဆယ့် ငါးပါးနှင့် ပြည့်စုံတော်မူထသော။ မဟန္တံ၊ မြတ်စွာထသော။ ဝီတသာရဒံ၊ ကင်းသောရွံ့ကြောက်ခြင်း ရှိထသော။ ဒေဝမနုဿာနံ၊ နတ်လူတို့၏။ ဟိတံ၊ အစီးအပွားလည်း ဖြစ်ထသော။ ဂေါတမံ၊ ဂေါတမအမျိုးလည်း ဖြစ်ထသော။ ယံ ဗုဒ္ဓံ၊ အကြင် မြတ်စွာဘုရားကို။ နမဿန္တိ၊ ရှိခိုးကုန်၏။

၉။ တေ စ၊ ထို ဝိပဿီ အစရှိသော မြတ်စွာဘုရား ခုနစ်ဆူတို့သည် လည်းကောင်း။ အညေ၊ တစ်ပါးကုန်သော။ အနေကသတ

ကောဋိယော၊ ကုဋေအရာမက များကုန်သော။ သမ္ဗုဒ္ဓါ စ၊ မြတ်စွာဘုရားတို့သည် လည်းကောင်း။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ဗုဒ္ဓါ၊ မြတ်စွာဘုရားတို့သည်။ အသမ–သမာ၊ ပစ္စေကဗုဒ္ဓါ, သာဝကတို့နှင့် မတူကုန်သည်ဖြစ်၍ ဘုရားချင်းသာ တူကုန်၏။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ဗုဒ္ဓါ၊ မြတ်စွာဘုရားတို့သည်။ မဟိဒ္ဓိကာ၊ ကြီးသော တန်ခိုးရှိကုန်၏။

၁၀။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ဗုဒ္ဓါ၊ မြတ်စွာဘုရား တို့သည်၊ ဒသဗလူပေတာ၊ ဆယ်ပါးသောဉာဏ အစရှိသော အားနှင့် ပြည့်စုံကုန်၏။ ဝေသာရဇ္ဇေဟိ၊ ဝေသာရဇ္ဇဉာဏ်တို့နှင့်၊ ဥပါဂတာ၊ ပြည့်စုံကုန်၏။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ တေ၊ ထိုမြတ်စွာဘုရားတို့သည်။ ဥတ္တမံ၊ မြတ်စွာသော။ အာသဘံ၊ ပုရိသ ဥသဘ၏ အဖြစ်တည်းဟူသော။ ဌာနံ၊ အရာဖြစ်သော သဗ္ဗညုတဉာဏ်ကို။ ပဋိဇာနန္တိ၊ ဝန်ခံကုန်၏။

၁၁။ တေ၊ ထိုမြတ်စွာဘုရားတို့သည်။ ပရိသာသု၊ ပရိသတ်တို့၌။ ဝိသာရဒါ၊ ရဲရင့်ကုန်သည်ဖြစ်၍။ သီဟနာဒံ၊ ကေသရာဇာ ခြင်္သေ့မင်းကဲ့သို့ ရဲရင့်သောစကားကို။ နဒန္တိ၊ ဆိုကုန်၏။ လောကေ၊ လောက၌။ အပ္ပဋိဝတ္တိယံ၊ သူတစ်ပါးတို့ မလည်စေနိုင်သော။ ဗြဟ္မစက္ကံ၊ မြတ်သော ဓမ္မစကြာတရားတော်ကို။ ပဝတ္တေန္တိ၊ လည်စေကုန်၏။ (ဟောကုန်၏–ဟူလိုသည်)။

၁၂။ နာယကာ၊ လူသုံးပါးတို့၏ ခရီးညွှန်ဖြစ်တော်မူသော ဘုရားရှင်တို့သည်။ အဋ္ဌာရသဟိ၊ တစ်ဆယ့်ရှစ်ပါးကုန်သော။ ဗုဒ္ဓ

ဓမ္မေဟိ၊ ဘုရား၏ ကျေးဇူးတရားဟို နှင့်။ ဥပေတာ၊ ပြည့်စုံ ကုန်၏။ ဗာတ္တိံ သ လက္ခဏူပေတာ၊ သုံးဆယ့်ရှစ်ပါးကုန်သော လက္ခဏာကြီးနှင့်လည်း ပြည့်စုံကုန်၏။ အသီတာနုဗျဉ္ဇနာဓရာ၊ ရှစ်ဆယ်သော လက္ခဏာငယ်တို့ကိုလည်း ဆောင်ကုန်၏။

၁၃။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ တေ၊ ထိုမြတ်စွာဘုရားတို့သည်။ ဗျာမပ္ပဘာယ၊ တစ်လံမျှလောက်သော ကိုယ်တော်၏ အရောင်ဖြင့်။ သုပ္ပဘာ၊ ကောင်းစွာ ထွန်းပကုန်၏။ မုနိကုဉ္ဇရာ၊ ရဟန်းတို့ ထက်လည်း မြတ်ကုန်၏။ သဗ္ဗညုနော၊ ခပ်သိမ်းသော တရားတို့ကို သိတတ်ကုန်၏။ ခီဏာသဝါ၊ ကုန်ပြီးသော အာသဝေါ ရှိကုန်၏။ ဇိနာ၊ မာရ်ငါးပါးကို အောင်ကုန်၏။

၁၄။ မဟာပဘာ၊ များသော ကိုယ်တော် အရောင်လည်း ရှိကုန်၏။ မဟာတေဇာ၊ ကြီးသောတန်ခိုးလည်း ရှိကုန်၏။ မဟာပညာ၊ ကြီးသော ပညာလည်း ရှိကုန်၏။ မဟဗ္ဗလာ၊ ကြီးသော ခွန်အားလည်း ရှိကုန်၏။ မဟာကာရုဏိကာ၊ များသော ကရုဏာလည်း ရှိကုန်၏။ ဓီရာ၊ လုံ့လလည်းရှိကုန်၏။ သဗ္ဗေသာနံ၊ ခပ်သိမ်းသော သတ္တဝါတို့၏။ သုခါဝဟာ၊ ချမ်းသာကို ဆောင်တတ် ကုန်၏။

၁၅။ သဗ္ဗေသံ၊ ခပ်သိမ်းကုန်သော။ ပါဏီနံ၊ သတ္တဝါတို့၏။ ဒီပါ စ၊ ကျွန်းလည်း မည်ကုန်၏။ နာထာ စ၊ ကိုးကွယ်ရာလည်း မည်ကုန် ၏။ ပတိဋ္ဌာ စ၊ တည်ရာလည်း မည်ကုန်၏။ တာဏာ စ၊ စောင့်ရှောက်ရာလည်း မည်ကုန်၏။ လေဏာ စ၊ ပုန်းကွယ်ရာလည်း မည်ကုန်၏။ ဂတီ စ၊ လားရာလည်း မည်ကုန်၏။ ဗန္ဓူ စ၊ အဆွေလည်း မည်ကုန်၏။ မဟေဿာသာ စ၊ မြတ်သော လေးသမား

လည်း မည်ကုန်၏။ သရဏာ စ၊ အောက်မေ့ရာလည်း မည်ကုန်၏။ ဟိတေသိနော စ၊ စီးပွားကိုလည်း ရှာကြံလေ့ရှိကုန်၏။

၁၆။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ တေ၊ ထိုမြတ်စွာဘုရားတို့သည်။ သဒေဝကဿ နတ်နှင့်တကွသော။ လောကဿ၊ လူ၏။ ပရာယဏာ၊ လဲလျောင်းရာလည်း မည်ကုန်၏။ အဟံ၊ ငါသည်။ ပုရိသုတ္တမေ-ပုရိသုတ္တမာနံ၊ ယောကျ်ားတကာတို့ထက် မြတ်ကုန်သော။ တေသံ၊ ထိုမြတ်စွာဘုရားတို့၏။ ပါဒေ၊ ခြေတော်တို့ကို။ သိရသာ၊ ဦးခေါင်းဖြင့်။ ဝန္ဒာမိ၊ ရှိခိုးပါ၏။

၁၇။ တေ-တထာဂတေ၊ ထိုမြတ်စွာဘုရားတို့ကို။ သယ-နေ၊ အိပ်သောအခါ၌ လည်းကောင်း။ အာသနေ၊ ထိုင်သောအခါ၌ လည်းကောင်း။ ဌာနေ၊ ရပ်သောအခါ၌လည်းကောင်း။ ဂမနေ စာပိ၊ သွားသောအခါ၌ လည်းကောင်း။ သဗ္ဗဒါ၊ ခပ်သိမ်းသော အခါ၌။ ဝစသာ စေဝ၊ ဝစီဒွါရဖြင့် လည်းကောင်း။ မနသာ စေဝ၊ မနောဒွါရ ဖြင့် လည်းကောင်း။ ဝန္ဒာမိ၊ ရှိခိုးပါ၏။

၁၈။ သန္တိကရာ၊ ကိလေသာငြိမ်းခြင်းကိုလည်း ပြုတတ်ကုန်သော။ ဗုဒ္ဓါ၊ မြတ်စွာဘုရားတို့သည်။ တုဝံ၊ သင့်ကို။ သဒါ၊ ခပ်သိမ်းသောအခါ၌။ သုခေန၊ ချမ်းသာသဖြင့်။ ရက္ခန္တု၊ စောင့်စေကုန်သတည်း။ တေဟိ၊ ထိုမြတ်စွာဘုရားတို့သည်။ ရက္ခိတော၊ စောင့်အပ်သော။ တွံ၊ သင်သည်။ သန္တော စ၊ ငြိမ်သက်သည် လည်းကောင်း။ သဗ္ဗဘယေဟိ၊ ခပ်သိမ်းသော ဘေးတို့မှ။ မုတ္တော စ၊ ကင်းလွတ်သည်လည်းကောင်း။ ဘဝါဟိ၊ ဖြစ်စေသတည်း။

၁၉။ တုဝံ၊ သင်သည်။ သဗ္ဗရောဂ ဝိနိမုတ္တော၊ ခပ်သိမ်းသော အနာမှ ကင်းလွတ်သည် လည်းကောင်း။ သဗ္ဗသန္တာပ ဝဇ္ဇိတော စ၊ ခပ်သိမ်းသော ပူပန်ခြင်းမှ ကင်းသည်လည်းကောင်း။ သဗ္ဗဝေရံ၊ ခပ်သိမ်းသောရန်ကို။ အတိက္ကန္တော စ၊ လွန်နိုင်သည် လည်းကောင်း။ နိဗ္ဗုတော စ၊ ငြိမ်းခြင်းသည် လည်းကောင်း။ ဘဝ–ဘဝါဟိ၊ ဖြစ်စေ သတည်း ။

၂၀။ တေသံ၊ ထိုမြတ်စွာဘုရာ တို့၏။ သီလေန စ၊ သီတင်း ဖြင့် လည်းကောင်း။ သစ္စေန စ၊ သစ္စာဖြင့် လည်းကောင်း။ ခန္တိ မေတ္တာ ဗလေန စ၊ သည်းခံခြင်း, မေတ္တာဟူသော အစွမ်းဖြင့် လည်းကောင်း။ တေပိ၊ ထိုမြတ်စွာဘုရားတို့သည်လည်း။ အရောဂေန စ၊ အနာမရှိသဖြင့်လည်းကောင်း။ သုခေန စ၊ ချမ်းသာသဖြင့် လည်းကောင်း။ အမှေ၊ ငါတို့ကို။ အနုရက္ခန္တု၊ စောင့်စေကုန်သတည်း။

၂၁။ ပုရတ္ထိမသ္မိံ ဒိသာဘာဂေ၊ အရှေ့မျက်နှာအဖို့၌။ မဟိဒ္ဓိကာ၊ ကြီးသော တန်ခိုးရှိကုန်သော။ ဘူတာ၊ ဂန္ဓဗ္ဗနတ် တို့သည်။ သန္တိ၊ ရှိကုန်၏။ တေပိ၊ ထိုဂန္ဓဗ္ဗနတ်တို့သည်လည်း။ အရောဂေန စ၊ အနာမရှိသဖြင့်လည်းကောင်း။ သုခေန စ၊ ချမ်းသာသဖြင့် လည်းကောင်း။ အမှေ၊ ငါတို့ကို။ အနုရက္ခန္တု၊ စောင့်စေကုန်သတည်း။

၂၂။ ဒက္ခိဏသ္မိံ ဒိသာဘာဂေ၊ တောင်မျက်နှာအဖို့၌။ မဟိဒ္ဓိကာ၊ ကြီးသော တန်ခိုးရှိကုန်သော။ ဒေဝါ၊ ကုမ္ဘဏ်နတ် တို့သည်။ သန္တိ၊ ရှိကုန်၏။ တေပိ၊ ထိုကုမ္ဘဏ်နတ် တို့သည်လည်း။ အရောဂေန စ၊ အနာမရှိသဖြင့် လည်းကောင်း။ သုခေန စ၊ ချမ်းသာ

သဖြင့်လည်းကောင်း။ အမှေ၊ ငါတို့ကို။ အနုရက္ခန္တု၊ စောင့်စေကုန်သတည်း။

၂၃။ ပစ္ဆိမသ္မိံ ဒိသာဘာဂေ၊ အနောက်မျက်နှာအဖို့၌။ မဟိဒ္ဓိကာ၊ ကြီးသော တန်ခိုးရှိကုန်သော။ နာဂါ၊ နဂါးတို့သည်။ သန္တိ၊ ရှိကုန်၏။ တေပိ၊ ထို နဂါးတို့သည်လည်း။ အရောဂေန စ၊ အနာမရှိသဖြင့် လည်းကောင်း။ သုခေန စ၊ ချမ်းသာသဖြင့် လည်းကောင်း။ အမှေ၊ ငါတို့ကို။ အနုရက္ခန္တု၊ စောင့်စေကုန်သတည်း။

၂၄။ ဥတ္တရသ္မိံ ဒိသာဘာဂေ၊ မြောက်မျက်နှာအဖို့၌။ မဟိဒ္ဓိကာ၊ ကြီးသောတန်ခိုးရှိကုန်သော။ ယက္ခာ၊ ဘီလူးတို့သည်။ သန္တိ၊ ရှိကုန်၏။ တေပိ၊ ထို ဘီလူးတို့သည်လည်း။ အရောဂေန စ၊ အနာမရှိသဖြင့် လည်းကောင်း။ သုခေန စ၊ ချမ်းသာသဖြင့်လည်းကောင်း။ အမှေ၊ ငါတို့ကို။ အနုရက္ခန္တု၊ စောင့်စေကုန်သတည်း။

၂၅။ ပုရတ္ထိမေန၊ အရှေ့မျက်နှာ အရပ်၌။ ဓတရဋ္ဌော၊ ဂန္ဓဗ္ဗနတ်တို့ကို အစိုးရသော ဓတရဋ္ဌ နတ်မင်းလည်းကောင်း။ ဒက္ခိဏေန၊ တောင်မျက်နှာအရပ်၌။ ဝိရူဠှကော စ၊ ကုမ္ဘဏ်နတ်တို့ကို အစိုးရသော ဝိရူဠှကနတ်မင်း လည်းကောင်း။ ပစ္ဆိမေန၊ အနောက်မျက်နှာအရပ်၌။ ဝိရူပက္ခော စ၊ နဂါးတို့ကိုအစိုးရသော ဝိရူပက္ခနတ်မင်းလည်းကောင်း။ ဥတ္တရံ ဒိသံ၊ မြောက် မျက်နှာအရပ်၌။ ကုဝေရော စ၊ ဘီလူးတို့ကိုအစိုးရသော ကုဝေရ နတ်မင်းလည်းကောင်း။

၂၆။ ဣတိ၊ ဤသို့။ လောကပါလာ၊ လူတို့ကိုစောင့်တတ်ကုန်ထသော။ ယသဿိနော၊ အခြံအရံ များကုန်ထသော။ စတ္တာရော၊

လေးယောက်ကုန်သော။ ဇေတေ မဟာရာဇာ၊ ထိုနတ် မင်းကြီး တို့သည်။ ဝသန္တိ၊ နေကုန်၏။ တေပိ၊ ထိုနတ်မင်းကြီး တို့သည် လည်း။ အရောဂေန စ၊ အနာမရှိသဖြင့် လည်းကောင်း။ သုခေန စ၊ ချမ်းသာသဖြင့် လည်းကောင်း။ အမှေ၊ ငါတို့ကို။ အနုရက္ခန္တု၊ စောင့်စေကုန် သတည်း။

၂၇။ အာကာသဋ္ဌာ၊ ကောင်းကင်၌ တည်ကုန်သော။ ဒေဝါ စ၊ နတ်တို့သည် လည်းကောင်း။ ဘုမ္မဋ္ဌာ၊ မြေ၌တည်ကုန်သော။ ဒေဝါ စ၊ နတ်တို့သည် လည်းကောင်း။ နာဂါ စ၊ နဂါးတို့သည် လည်းကောင်း။ မဟိဒ္ဓိကာ၊ ကြီးသော တန်ခိုးရှိကုန်၏။ တေပိ၊ ထိုနတ်, နဂါးတို့သည်လည်း။ အရောဂေန စ၊ အနာမရှိသဖြင့်လည်းကောင်း။ သုခေန စ၊ ချမ်းသာသဖြင့်လည်းကောင်း။ အမှေ၊ ငါတို့ကို။ အနုရက္ခန္တု၊ စောင့်စေကုန်သတည်း။

၂၈။ ဣဒ္ဓိမန္တော စ၊ တန်ခိုး ကြီးသည်လည်း ဖြစ်ကုန်သော။ ယေ ဒေဝါ စ၊ အကြင်နတ်တို့သည်လည်း။ ဣဓ သာသနေ၊ ဤသာသနာတော်၌။ ဝသန္တာ၊ နေကုန်၏။ တေပိ၊ ထိုနတ်တို့သည် လည်း။ အရောဂေန စ၊ အနာမရှိသဖြင့် လည်းကောင်း။ သုခေန စ၊ ချမ်းသာသဖြင့် လည်းကောင်း။ အမှေ၊ ငါတို့ကို။ အနုရက္ခန္တု၊ စောင့်စေကုန်သတည်း။

၂၉။ သဗ္ဗီတိယော၊ ခပ်သိမ်းသော ဥပဒ္ဒဝေါတို့သည်။ ဝိဝဇ္ဇန္တု၊ ကင်းစေကုန်သတည်း။ သောကော၊ စိုးရိမ်ခြင်းသည် လည်းကောင်း။ ရောဂေါ၊ အနာသည် လည်းကောင်း။ ဝိနဿတု၊ ပျောက်စေသတည်း။ တေ၊ သင့်အား။ အန္တရာယာ၊ အန္တရာယ်တို့သည်။ မာ

ဘဝန္တု၊ မဖြစ်စေကုန်သတည်း။ သုခီ၊ ချမ်းသာခြင်းနှင့် ပြည့်စုံ သည် ဖြစ်၍။ ဒီဃာယုကော၊ ရှည်သောအသက်ရှိသည်။ ဘဝ၊ ဖြစ်စေ သတည်း။

၃၀။ အဘိဝါဒနသီလိဿ၊ ရတနာသုံးပါးအား ရိုသေစွာ ရှိခိုး သော အလေ့ရှိထသော။ နိစ္စံ၊ အမြဲလျှင်။ ဝုဍ္ဎာပစာယိနော၊ သီလ စသောကျေးဇူးဖြင့် ကြီးသောသူကို ရိုသေသောအလေ့ရှိထသော။ ပုဂ္ဂလဿ၊ ပုဂ္ဂိုလ်အား။ အာယု၊ အသက်လည်းကောင်း။ ဝဏ္ဏော၊ အဆင်းလည်းကောင်း။ သုခံ၊ ချမ်းသာလည်းကောင်း။ ဗလံ၊ ခွန်အား လည်းကောင်း။ ဣတိ၊ ဤသို့။ စတ္တာရော၊ လေးပါးကုန်သော။ ဓမ္မာ၊ ကျေးဇူးတရားတို့သည်။ ဝဍ္ဎန္တိ၊ ပွားကုန်၏။

အာဋာနာဋိယသုတ္တံ၊ အာဋာနာဋိယသုတ်သည်။
နိဋ္ဌိတံ၊ ပြီးပြီ။

❖ ❖ ❖ ❖ ❖

## ၉–အင်္ဂုလိမာလသုတ်–အနက်

၁။ ယံ ပရိတ္တံ၊ အကြင် အင်္ဂုလိမာလသုတ် ပရိတ်တော်ကို။ ဘဏန္တဿ၊ ရွတ်သောထေရ်၏။ နိသိန္နဋ္ဌာနဓောဝနံ၊ နေရာ အရပ်ကို ဆေးသော။ ဥဒကမ္ပိ၊ ရေမျှ သည်လည်း။ သဗ္ဗံ၊ ခပ်သိမ်း သော။ ပရိဿယံ၊ ဘေးရန်ကို။ ဝိနာသေတိ ဝေ၊ ပျောက်စေ သလျှင်ကတည်း။

၂။ ယံ၊ အကြင် အင်္ဂုလိမာလ–သုတ် ပရိတ်သည်၊ သောတ္တိနာ၊ ချမ်းသာ သဖြင့်။ ဂဗ္ဘ ဝုဋ္ဌာနဉ္စ၊ ကိုယ်ဝန် ဖွားခြင်းကိုလည်း။ ကင်္ခေ၊ ထိုခဏ၌။ သာခေတိ၊ ပြီးစေတတ်၏။ အင်္ဂုလိမာလဿ၊ အင်္ဂုလိမာလအမည်ရှိသော။ ထေရဿ၊ မထေရ်အား။ လောက နာထေန၊ မြတ်စွာဘုရားသည်။ ဘာသိတံ၊ ဟောတော်မူအပ်ထသော။ ကပ္ပ–ဋ္ဌာယိံ၊ အာယုကပ်ပတ်လုံး တည်ထသော။ မဟာ တေဇံ၊ ကြီး သော တန်ခိုးလည်း ရှိထသော။ တံ ပရိတ္တံ၊ ထိုအင်္ဂုလိမာလ ပရိတ် တော်ကို။ ဟော၊ အရှင် သူတော်ကောင်းတို့။ မယံ၊ ငါတို့သည်။ ဘဏာမ၊ ရွတ်ကြကုန်အံ့။

၃။ ဘဂိနိ၊ နှမ။ အဟံ၊ ငါသည်။ ယတော၊ အကြင် အခါမှ။ ပဋ္ဌာယ၊ စ၍။ အရိယာယ၊ မြတ်သော။ ဇာတိယာ၊ အဖြစ်ဖြင့်။ ဇာတော၊ ဖြစ်၏။ တတော၊ ထိုအခါမှစ၍။ သဉ္စိစ္စ၊ သေစေလိုသော စေတနာရှိသည် ဖြစ်၍။ ပါဏံ၊ အသက်ရှိသော သတ္တဝါကို။ ဓိဝိတာ၊ အသက်မှ။ ဝေါရောပေတာ ဣတိ၊ ချဖူး၏–ဟူ၍။ နာဘိဇာနာမိ၊ ငါမသိ။ တေန သစ္စေန၊ ထိုသို့မှန်သော စကားဖြင့်။ တေ၊ သင်အား။ သောတ္ထိ၊ ချမ်းသာခြင်းသည်။ ဟောတု၊ ဖြစ်စေသတည်း။ ဂဗ္ဘဿ၊ ဝမ်း၌ရှိသော သတ္တဝါအား။ သောတ္ထိ၊ ချမ်းသာခြင်းသည်။ ဟောတု၊ ဖြစ်စေသတည်း။

အင်္ဂုလိမာလသုတ္တံ၊ အင်္ဂုလိမာလသုတ်သည်။
နိဋ္ဌိတံ၊ ပြီးပြီ။

## ၁၀–ဗောဇ္ဈင်သုတ်အနက်

၁။ သံသာရေ၊ သံသရာ၌။ သံသရန္တာနံ၊ ကျင်လည် ကုန်သောသူတို့၏။ သဗ္ဗဒုက္ခဝိနာသနေ၊ ခပ်သိမ်းသော ဆင်းရဲကို ဖျောက်တတ်ကုန်ထသော။ မာရသေနာ ပမဒ္ဒနေ၊ ကိလေသာဟူသော မာရ်စစ်သည်ကို နှိပ်စက်တတ်ကုန်ထသော။ သတ္တ၊ ခုနစ်ပါးကုန်သော။ ဗောဇ္ဈင်္ဂေ၊ အရဟတ္တမဂ်၏ အင်္ဂါဖြစ်ကုန်ထသော။

၂။ ယေ ဣမေ ဓမ္မေ အကြင် တရားတို့ကို။ ဗုဇ္ဈိတွာဝ၊ သိ၍သာလျှင်။ သတ္တာ၊ သတ္တဝါတို့သည်။ တိဘဝါ၊ သုံးပါးသော ဘဝမှ။ မုတ္တကာ၊ ကင်းလွတ်ကုန်၏။ ဥတ္တမာ၊ မြတ်ကုန်၏။ အဇာတိံ၊ ပဋိသန္ဓေနေခြင်း မရှိထသော။ အဇရံ၊ အိုခြင်းမရှိထသော။ အဗျာဓိံ၊ နာခြင်းမရှိထသော။ နိဗ္ဗယံ၊ ဘေးလည်း မရှိထသော။ အမတံ၊ သေခြင်းမရှိသော နိဗ္ဗာန်သို့။ ဂတာ၊ ရောက်ကုန်၏။

၃။ ဧဝမာဒိဂုဏူပေတံ၊ ဤသို့ အစရှိသော ကျေးဇူးတို့နှင့်ပြည့်စုံထသော။ အနေက ဂုဏ သင်္ဂဟံ၊ များသော ကျေးဇူးတို့ကို လည်း တကွ ယူရာဖြစ်ထသော။ ဩသဓဉ္စ၊ ဆေးလည်းဖြစ်ထသော။ မန္တဉ္စ၊ မန္တရားလည်းဖြစ်ထသော။ ဣမံ ဗောဇ္ဈင်္ဂဉ္စ၊ ဤဗောဇ္ဈင်ကို လည်း။ ဟေ၊ အရှင် သူတော်ကောင်းတို့။ မယံ၊ ငါတို့သည်။ ဘဏာမ၊ ရွတ်ကြကုန်အံ့။

၄။ သတိသင်္ခါတော၊ သတိ–ဟူ၍ ဆိုအပ်သော။ ဗောဇ္ဈင်္ဂေါ၊ သမ္ဗောဇ္ဈင် လည်းကောင်း။ အထ၊ ထို့ပြင်။ ဓမ္မာနံ ဝိစယော၊ ဓမ္မဝိစယ သမ္ဗောဇ္ဈင်လည်းကောင်း။ ဝီရိယဉ္စ၊ ဝီရိယ သမ္ဗောဇ္ဈင် လည်းကောင်း။ ပီတိ စ၊ ပီတိသမ္ဗောဇ္ဈင် လည်းကောင်း။ ပဿဒ္ဓိ စ၊ ပဿဒ္ဓိ

သမ္ဗောဇ္ဈင် လည်းကောင်း။ တထာ၊ ထိုမြို့။ အပရေ၊ တစ်ပါး ကုန်သော။

၅။ သမာဓုပေက္ခာ၊ သမာဓိ, ဥပေက္ခာ–ဖြစ်ကုန်သော။ ဗောဇ္ဈင်္ဂါ စ၊ သမ္ဗောဇ္ဈင်တို့ လည်းကောင်း။ သတ္တ၊ ခုနစ်ပါး ကုန်သော။ ဧတေ ဗောဇ္ဈင်္ဂါ၊ ထို သမ္ဗောဇ္ဈင် တို့ကို၊ သဗ္ဗ ဒဿိနာ၊ ခပ်သိမ်းသော တရားတို့ကို မြင်တော်မူတတ်သော။ မုနိနာ၊ မြတ်စွာ ဘုရားသည်။ သမ္မာ၊ ကောင်းသောအပြားဖြင့်။ အက္ခာတာ၊ ဟောတော်မူအပ် ကုန်၏။ ဘာဝိတာ၊ ပွားစေအပ်ကုန်၏။ ဗဟုလီကတာ၊ အကြိမ် များစွာ ပြုအပ်ကုန်၏။

၆။ အဘိညာယ၊ ရှေးရှုသိအပ်ကုန်သော တရားတို့ကို သိခြင်း အကျိုးငှာ လည်းကောင်း။ နိဗ္ဗာနာယ စ၊ ကိလေသာ ငြိမ်းခြင်း အကျိုးငှာလည်းကောင်း။ ဗောဓိယာ စ၊ အရဟတ္တမဂ်ဉာဏ် အကျိုးငှာလည်းကောင်း။ သံဝတ္တန္တိ၊ ဖြစ်ကုန်၏။ ဧတေန သစ္စ ဝဇ္ဇေန၊ ထိုမှန်သောစကားကို ဆိုသဖြင့်။ သဗ္ဗဒါ၊ ခပ်သိမ်းသော အခါ၌။ တေ၊ သင်အား။ သောတ္ထိ၊ စီးပွားချမ်းသာသည်။ ဟောတု၊ ဖြစ်ပါစေတည်း။

၇။ ဧကသ္မိံ၊ တစ်ပါးသော။ သမယေ၊ အခါ၌။ နာထော၊ မြတ် စွာဘုရားသည်။ မောဂ္ဂလ္လာနဉ္စ၊ မောဂ္ဂလာန်မထေရ်ကို လည်း ကောင်း။ ကဿပဉ္စ၊ ကဿပမထေရ်ကို လည်းကောင်း။ ဂိလာနေ၊ နာကုန်သော။ ဒုက္ခိတေ၊ ဆင်းရဲကုန်သော။ တေ၊ ထိုမထေရ်တို့ကို။ ဒိသွာ၊ မြင်၍။ သတ္တ၊ ခုနစ်ပါးကုန်သော။ ဗောဇ္ဈင်္ဂေ၊ ဗောဇ္ဈင်တို့ကို။ အဒေသယိ၊ ဟောတော်မူ၏။

၈။ တေ စ၊ ထိုမထေရ်တို့သည်လည်း။ တံ၊ ထိုဟောတော်မူသော မောရှဉ်တရားတော်ကို။ အဘိနန္ဒိတွာ၊ အလွန်နှစ်လို၍။ တခ်ဏေ၊ ထိုခဏ၌။ ရောဂါ၊ အနာမှ။ မုစ္စိံသု၊ လွတ်ကုန်၏။ ဧဝေန သစ္စ ဝဇ္ဇေန၊ ထိုသို့မှန်သော စကားကိုဆိုသဖြင့်၊ သဗ္ဗဒါ၊ ခပ်သိမ်းသော အခါ၌။ တေ၊ သင့်အား။ သောတ္ထိ၊ စီးပွားချမ်းသာ ခြင်းသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

၉။ ဧကဒါ၊ တစ်ပါးသောအခါ၌။ ဓမ္မရာဇာပိ၊ တရားမင်းဘုရားသည်လည်း။ ဂေလညေန၊ အနာသည်၊ အဘိပီဠိတော၊ လွန်စွာနှိပ်စက်အပ်သည်ဖြစ်၍။ စုန္ဒတ္ထေရေန၊ စုန္ဒမထေရ်ကို။ တံ ယေဝ၊ ထိုမောရှဉ်ခုနစ်ပါး တရားကိုသာလျှင်၊ သာဒရံ၊ ရိုသေခြင်းနှင့် တကွ။ ဘဏာပေတွာ၊ ဟောစေလတ်၍။

၁၀။ သမ္မောဒိတွာ၊ နှစ်လိုတော်မူ၍။ ဌာနသော၊ ဟောသောခဏ၌။ တမှာ အာဗာဓာ၊ ထိုအနာမှ။ ဝုဋ္ဌာသိ၊ ထတော်မူ၏။ဧဝေန သစ္စဝဇ္ဇေန၊ ထိုသို့ မှန်သောစကားကို ဆိုသဖြင့်၊ သဗ္ဗဒါ၊ ခပ်သိမ်းသော အခါ၌။ တေ၊ သင့်အား။ သောတ္ထိ၊ စီးပွားချမ်းသာသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

၁၁။ တိဏ္ဏန္နမ္ပိ၊ သုံးပါးလည်းဖြစ်ကုန်ထသော။ မဟေသိနံ၊ မြတ်စွာဘုရား, မဟာကဿပမထေရ်, မောဂ္ဂလာန်မထေရ်တို့အား။ တေ အာဗာဓာ စ၊ ထိုအနာတို့သည်လည်း။ ပဟီနာ၊ ပျောက်ကုန်၏။ မဂ္ဂဟတာ ကိလေသာဝ၊ မဂ်ဖြင့် ပယ်အပ်သော ကိလေသာတို့ကဲ့သို့။ အနုပ္ပတ္တိဓမ္မတံ၊ တစ်ဖန်မဖြစ်ကောင်းသော

သဘောသို့။ ပတ္တာဝ၊ ရောက်ကုန်သည်သာတည်း။ ဧတေန သစ္စ–ဝဇ္ဇေန၊ ထိုသို့မှန်သောစကားကို ဆိုသဖြင့်။ သဗ္ဗဒါ၊ ခပ်သိမ်းသော အခါ၌။ တေ၊ သင့်အား။ သောတ္ထိ၊ စီးပွားချမ်းသာသည်။ ဟောတု၊ ဖြစ်စေသတည်း။

## မောရ္ဆင်သုတ္တံ၊ မောရ္ဆင်သုတ်ပရိတ်တော်သည်။ နိဋ္ဌိတံ၊ ပြီးပြီ။

❖ ❖ ❖ ❖ ❖

## ၁၁–ပုဗ္ဗဏှသုတ်အနက်

၁–၂–၃။ ယံ ဒုန္နိမိတ္တဉ္စ၊ အကြင် မကောင်းသော နိမိတ်သည် လည်းကောင်း။ ယံ အဝမင်္ဂလဉ္စ၊ အကြင် မကောင်းသော အမင်္ဂလာ သည် လည်းကောင်း။ သကုဏဿ၊ ငှက်၏။ အမနာပေါ၊ မနှစ်လို ဖွယ်သော။ ယော သဒ္ဒေါ စ၊ အကြင် အသံသည်လည်းကောင်း။ ယော ပါပဂ္ဂဟော စ၊ အကြင် မကောင်းသောဂြိုဟ်သည် လည်း ကောင်း။ အကန္တံ၊ မနှစ်လိုဖွယ်သော။ ယံ ဒုဿုပိနဉ္စ၊ အကြင် မကောင်းသော အိပ်မက်သည်လည်းကောင်း။ အတ္ထိ၊ ရှိ၏။ ဧတေ ဒုန္နိမိတ္တာဒယော၊ ထိုမကောင်းသောနိမိတ် အစရှိသည်တို့သည်။ ဗုဒ္ဓါနုဘာဝေန၊ မြတ်စွာဘုရား၏ အာနုဘော်ကြောင့်။ (ဓမ္မာနုဘာ–ဝေန၊ တရားတော်၏ အာနုဘော်ကြောင့်။ သံဃာနုဘာဝေန၊ သံဃာတော်၏ အာနုဘော်ကြောင့်။) ဝိနာသံ၊ ပျက်စီးခြင်းသို့။ ဧန္တု၊ ရောက်စေကုန်သတည်း။

၄။ ဒုက္ခပ္ပတ္တာ၊ ဆင်းရဲခြင်းသို့ ရောက်ကုန်သော။ သဗ္ဗေပိ၊ အလုံးစုံလည်းဖြစ်ကုန်သော။ ပါဏိနော၊ သတ္တဝါတို့သည်။ နိဒ္ဒုက္ခာ စ၊ ဆင်းရဲမရှိကုန်သည်လည်း။ ဟောန္တု၊ ဖြစ်စေကုန် သတည်း။ ဘယပ္ပတ္တာ၊ ဘေးသို့ရောက်ကုန်သော။ သဗ္ဗေပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ ပါဏိနော၊ သတ္တဝါတို့သည်။ နိဗ္ဘယာ စ၊ ဘေးမရှိကုန်သည်လည်း။ ဟောန္တု၊ ဖြစ်စေကုန်သတည်း။ သောကပ္ပတ္တာ၊ စိုးရိမ်ခြင်းသို့ ရောက်ကုန်သော။ သဗ္ဗေပိ၊ အလုံးစုံလည်းဖြစ်ကုန် သော။ ပါဏိနော၊ သတ္တဝါတို့သည်။ နိသောကာ စ၊ စိုးရိမ်ခြင်း မရှိကြကုန် သည်လည်း။ ဟောန္တု၊ ဖြစ်စေကုန်သတည်း ။

၅။ ဧတ္တာဝတာ စ၊ ဤမျှလောက်သော အစဉ်ဖြင့်။ အမှေဟိ၊ ငါတို့သည်။ သမ္ဘတံ၊ ဆည်းပူးအပ်သော။ ပုညသမ္ပဒံ၊ ကောင်းမှု၏ ပြည့်စုံခြင်းကို။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ဒေဝါ၊ နတ်တို့သည်။ အနုမောဒန္တု၊ ဝမ်းမြောက်စေကုန်သတည်း။ သဗ္ဗ သမ္ပတ္တိ သိဒ္ဓိယာ၊ ခပ်သိမ်းသော စည်းစိမ်၏ ပြီးခြင်းငှာ။

၆။ သဒ္ဓါယ၊ ယုံကြည်သဖြင့်။ ဒါနံ၊ အလှူကို။ ဒဒန္တု၊ ပေးစေ ကုန်သတည်း။ သဗ္ဗဒါ၊ ခပ်သိမ်းသော အခါ၌။ သီလံ၊ သီတင်းကို။ ရက္ခန္တု၊ စောင့်စေကုန်သတည်း။ ဘာဝနာဘိရတာ၊ ကမ္မဋ္ဌာန်း စီးဖြန်းခြင်း၌ အလွန်မွေ့လျော်ကုန်သည်။ ဟောန္တု၊ ဖြစ်စေကုန် သတည်း။ အာဂတာ၊ တရားနာအံ့သောငှါ လာကုန်သော။ ဒေဝါ၊ နတ်တို့သည်။ ဂစ္ဆန္တု၊ သွားကုန်လော့။

၇။ ဗလပ္ပတ္တာ၊ အားဆယ်ပါးသို့ ရောက်ကုန်သော။ သဗ္ဗေ၊ ခပ်သိမ်း ကုန်သော။ ဗုဒ္ဓါ စ၊ မြတ်စွာဘုရားတို့၏ လည်းကောင်း။ ပစ္စေကဗုဒ္ဓါ၊ ပစ္စေကဗုဒ္ဓါတို့၏လည်းကောင်း။ အရဟန္တာနဉ္စ၊ ရဟန္တာဟို့၏ လည်းကောင်း။ ယံ ဗလံ၊ အကြင် ဉာဏဗလသည်။ အတ္ထိ၊ ရှိ၏။ တဿ ဉာဏဗလဿ၊ ထိုဉာဏဗလ၏။ တေဇေန၊ တန်ခိုးဖြင့်။ သဗ္ဗသော၊ ထက်ဝန်းကျင်သော အရပ်မှ။ ရက္ခံ၊ အစောင့်ကို။ ဗန္ဓာမိ၊ ဖွဲ့ပါ၏။

၈–၉–၁၀။ ဣဓ ဝါ၊ ဤလူ့ပြည်၌လည်းကောင်း။ ဟုရံ ဝါ၊ နဂါးပြည်, ဂဠုန်ပြည်၌လည်းကောင်း။ သဂ္ဂေသု ဝါ၊ နတ်ပြည်တို့၌ လည်း ကောင်း။ ယံကိဉ္စိ၊ အမှတ်မရှိသော။ ဝိတ္တံ၊ နှစ်သက်အပ် သော။ ပဏီတံ၊ ကောင်းတအပ်သော။ ယံ ရတနံ၊ အကြင် ရတနာ သည်။ အတ္ထိ၊ ရှိ၏။ တထာဂတေန၊ မြတ်စွာဘုရားနှင့်။ သမံ၊ တူသော။ တံ ရတနံ၊ ထိုရတနာသည်။ န နော–အတ္ထိ၊ မရှိသည်သာ လျှင်ကတည်း။ ဗုဒ္ဓေ–ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ (ဓမ္မေ–ဓမ္မဿ၊ တရားတော်၏။ သံဃေ–သံဃဿ၊ သံဃာတော်၏။) ဣဒမ္ပိ ရတနံ– အယမ္ပိ ရတနဘာဝေါ၊ ဤရတနာ၏ အဖြစ်သည်လည်း။ ပဏီတံ – ပဏီတော၊ မြတ်၏။ ဧတေန သစ္စေန၊ ဤသို့သော သစ္စာ ကြောင့်။ ပါဏီနံ၊ သတ္တဝါတို့အား။ သုဝတ္ထိ၊ ကောင်းသော စီးပွားချမ်းသာ သည်။ ဟောတု၊ ဖြစ်စေသတည်း။

၁၁–၁၂–၁၃။ တေ၊ သင့်အား။ သဗ္ဗမင်္ဂလံ၊ ခပ်သိမ်းသော မင်္ဂလာသည်။ ဘဝတု၊ ဖြစ်စေသတည်း။ သဗ္ဗဒေဝတာ၊ ခပ်သိမ်း

သော နတ်တို့သည်။ တံ၊ သင့်ကို။ ရက္ခန္တု၊ စောင့်စေကုန် သတည်း။ သဗ္ဗဗုဒ္ဓါနုဘာဝေန၊ ခပ်သိမ်းသော မြတ်စွာဘုရားတို့၏ အာနုဘော်တော်ကြောင့်။ (သဗ္ဗ ဓမ္မာနုဘာဝေန၊ ခပ်သိမ်းသော တရားတော်တို့၏ အာနုဘော်တော်ကြောင့်။ သဗ္ဗသံဃာနုဘာဝေန၊ ခပ်သိမ်းသော သံဃာတော်တို့၏ အာနုဘော်တော်ကြောင့်။) သဒါ၊ အခါခပ်သိမ်း။ တေ၊ သင့်အား။ သုခီ၊ ချမ်းသာခြင်းတို့သည်။ ဘဝန္တု၊ ဖြစ်စေကုန်သတည်း။ (နှစ်ဂါထာကား ဓမ္မာနုဘာဝေန၊ သံဃာ–နုဘာဝေန, သာ ထူးသည်။)

၁၄။ မဟာကာရုဏိကော၊ မြတ်သောကရုဏာနှင့် ယှဉ်ထသော။ တစ်နည်းကား–များသောကရုဏာနှင့် ယှဉ်ထသော။ နာထော၊ မြတ်စွာဘုရားသည်။ သဗ္ဗပါဏီနံ၊ ခပ်သိမ်းသော သတ္တဝါ တို့၏။ ဟိတာယ၊ အစီးအပွား အလို့ငှာ။ သဗ္ဗာ၊ ခပ်သိမ်းကုန်သော။ ပါရမီ၊ ဆယ်ပါးသော ပါရမီတို့ကို။ ပူရေတွာ၊ ဖြည့်တော်မူ၍။ ဥတ္တမံ၊ မြတ်စွာသော။ သမ္ဗောဓိံ၊ အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတ ဉာဏ်သို့။ ပတ္တော၊ ရောက်တော်မူပြီ။ ဧတေန သစ္စဝဇ္ဇေန၊ ထိုသို့ မှန်သော စကားကို ဆိုခြင်းကြောင့်။ တေ၊ သင့်အား။ သောတ္ထိ၊ စီးပွားချမ်းသာသည်။ ဟောတု၊ ဖြစ်စေသတည်း။

၁၅။ သကျာနံ၊ သာကီဝင်မင်းတို့၏။ နန္ဒိဝဍ္ဎနော၊ နှစ်လိုခြင်းကို ပွားစေတတ်သော မြတ်စွာဘုရားသည်။ ဗောဓိယာ၊ ဗောဓိပင်၏။ မူလေ၊ အရင်း၌။ ဇယန္တော ယထာ၊ မာရ်ငါးပါးကို အောင်တော်

မူလေသကဲ့သို့။ ဝေမေ၀၊ ထိုအတူသာလျှင်။ ဇယော၊ အောင်ခြင်း
သည်။ ဟောတု၊ ဖြစ်စေသတည်း။ ဇယမင်္ဂလေ။ အောင်အပ်သော
မင်္ဂလာ၌။ တုဝံ၊ သင်သည်။ ဇယဿု၊ အောင်စေသတည်း။

၁၆။ သဗ္ဗဗုဒ္ဓါနံ၊ ခပ်သိမ်းသော မြတ်စွာဘုရားတို့၏။ အဘိ–
သေကေ၊ ဗုဒ္ဓါဘိသေက မင်္ဂလာကို ခံယူရာဖြစ်ထသော။ ပုထုဝိ
ပုက္ခလေ၊ မြေပြင်၌ အထူးတင့်တယ်ထသော။ သီသေ၊ မြေပြင်၌
ဦးထိပ်လည်း ဖြစ်ထသော။ အပရာဇိတပလ္လင်္ကေ၊ မာရ်ငါးပါးကို
အောင်မြင်သော ပလ္လင်တော်၌။ အဂ္ဂပ္ပတ္တော၊ လူသုံးပါးတို့ထက်
မြတ်သော သဗ္ဗညုတဉာဏ်ကျေးဇူးသို့ ရောက်တော်မူသော မြတ်စွာ
ဘုရားသည်။ ပမောဒတိ၊ ဝမ်းမြောက်တော်မူ၏။

၁၇။ ဝေါ၊ ဤအတူ။ တဝ၊ သင့်အား။ သုနက္ခတ္တံ၊ ကောင်း သော
နက္ခတ်သည်။ ဟောတု၊ ဖြစ်စေသတည်း။ သုမင်္ဂလံ၊ ကောင်းသော
မင်္ဂလာသည်။ ဟောတု၊ ဖြစ်စေသတည်း။ သုပ္ပဘာတံ၊ ကောင်းစွာ
မိုးသောက်ခြင်းသည်။ ဟောတု၊ ဖြစ်စေသတည်း။ သုဟုဋ္ဌိတံ၊
ကောင်းစွာ စိုးပွားခြင်းသည်။ ဟောတု၊ ဖြစ်စေ သတည်း။ သု ခဏော
စ၊ ကောင်းသော ခဏသည်လည်း။ ဟောတု၊ ဖြစ်စေ သတည်း။
သုမုဟုတ္တော စ၊ ကောင်းသော မုဟုတ်သည်လည်း။ ဟောတု၊
ဖြစ်စေသတည်း။ ဗြဟ္မစာရီသု၊ မြတ်သော အကျင့်ကို ကျင့်သော
သူတော်ကောင်းတို့အား။ သုယိဋ္ဌံ၊ ကောင်းစွာ ပူဇော်ခြင်းသည်။
ဟောတု၊ ဖြစ်စေသတည်း။

၁၈။ ပဒက္ခိဏံ၊ မြတ်သော။ ကာယကမ္မံ၊ ကာယကံသည် လည်းကောင်း။ ပဒက္ခိဏံ၊ မြတ်သော။ ဝါစာကမ္မံ၊ ဝစီကံသည် လည်းကောင်း။ ပဒက္ခိဏံ၊ မြတ်သော။ မနောကမ္မံ၊ မနောကံသည် လည်းကောင်း။ ဟောတု၊ ဖြစ်စေသတည်း။ ပဒက္ခိဏေ၊ မြတ်သော ကာယကံ, ဝစီကံ, မနောကံ၌။ တေ၊ သင်၏။ ပဏိဓိ၊ ဆောက် တည်ခြင်းသည်၊ ဟောတု၊ ဖြစ်စေသတည်း။

၁၉။ တေ၊ ထိုခပ်သိမ်းသော လူ, နတ်တို့သည်။ ပဒက္ခိဏာနိ၊ မြတ်သော အမှုတို့ကို၊ ကတွာန၊ ပြု၍။ ပဒက္ခိဏေ၊ မြတ်ကုန် သော။ အတ္ထေ၊ အကျိုးတို့ကို၊ လဘန္တိ၊ ရကုန်၏။ အတ္ထလဒ္ဓါ၊ ရအပ်သော အကျိုးရှိကုန်သော။ တေ၊ ထိုသူတော်ကောင်းတို့ သည်၊ သုခိတာ၊ ချမ်းသာခြင်း ရှိကုန်သည်။ ဗုဒ္ဓသာသနေ၊ မြတ်စွာ ဘုရား သာသနာ တော်၌။ ဝိရူဠှာ၊ ပြန့်ပွားခြင်းသို့ ရောက်ကုန်သည်။ ဟောန္တု၊ ဖြစ်ကုန် ၏။ တုမှေ၊ သင်တို့သည်။ သဗ္ဗေဟိ၊ ခပ်သိမ်း ကုန်သော။ ဉာတိဘိ၊ အဆွေအမျိုးတို့နှင့်။ သဟ၊ တကွ။ အရောဂါ၊ အနာကင်းကုန်သည်။ သုခိတာ၊ ချမ်းသာခြင်း ရှိကုန်သည်။ ဟောထ၊ ဖြစ်ကုန်လော့။

ပုဗ္ဗဏှသုတ္တံ၊ ပုဗ္ဗဏှသုတ်သည်။

နိဋ္ဌိတံ၊ ပြီးပြီ။

ပရိတ်ကြီးအနက် ပြီးပြီ။

(၂၃၆)

# မေတ္တာဘာဝနာ ပါဠိ၊ မြန်မာ

(မေတ္တာပို့)

၁။ အဟံ အဝေရော ဟောမိ၊ အဗျာပဇ္ဇော ဟောမိ၊
အနီဃော ဟောမိ၊ သုခီ အတ္တာနံ ပရိဟရာမိ။

၁။ မေတ္တာဖြန့်ဝေ ငါသန္တာန်မှာလေ–
၁–ဘေးရန်ခပ်သိမ်း ကင်းငြိမ်းပါစေ၊
၂–ကြောင့်ကြခပ်သိမ်း ကင်းငြိမ်းပါစေ၊
၃–ဆင်းရဲခပ်သိမ်း ကင်းငြိမ်းပါစေ၊
၄–ကိုယ်စိတ်နှစ်ဖြာ ချမ်းသာပါစေ။

၂။ သီမဋ္ဌသံဃော အဝေရော ဟောတု၊ အဗျာပဇ္ဇော ဟောတု၊
အနီဃော ဟောတု၊ သုခီ အတ္တာနံ ပရိဟရတု။

၂။ ကျောင်းတိုက်အတွင်းမှာနေ သံဃာတော်တွေ–
၁–ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေ၊
၂–ကြောင့်ကြခပ်သိမ်း ကင်းငြိမ်းကြပါစေ၊
၃–ဆင်းရဲခပ်သိမ်း ကင်းငြိမ်းကြပါစေ၊
၄–ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။

၃။ သီမဋ္ဌဒေဝတာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု။
အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု။

၃။ ကျောင်းတိုက်အတွင်းမှာနေ နတ်အများတွေ–

၁–ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေ၊

၂–ကြောင့်ကြခပ်သိမ်း ကင်းငြိမ်းကြပါစေ၊

၃–ဆင်းရဲခပ်သိမ်း ကင်းငြိမ်းကြပါစေ၊

၄–ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။

၄။ အမှာကံ ဂေါစရဂါမေ ဇေဋ္ဌကမနုဿာ
အဝေရာ ဟောန္တု၊ အဗျာပဇ္ဈာ ဟောန္တု၊
အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု။

၄။ တို့မြို့ရွာမှာနေ လူကြီးလူကောင်းတွေ (.....) စေ။

၅။ အမှာကံ ဂေါစရဂါမေ မနုဿာ
အဝေရာ ဟောန္တု၊ အဗျာပဇ္ဈာ ဟောန္တု၊
အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု။

၅။ တို့မြို့ရွာမှာနေ လူအများတွေ (.....) စေ။

၆။ ပုရတ္ထိမာယ ဒိသာယ, ပစ္ဆိမာယ ဒိသာယ,
ဥတ္တရာယ ဒိသာယ, ဒက္ခိဏာယ ဒိသာယ,
ပုရတ္ထိမာယ အနုဒိသာယ, ပစ္ဆိမာယ အနုဒိသာယ,
ဥတ္တရာယ အနုဒိသာယ, ဒက္ခိဏာယ အနုဒိသာယ,
ဟေဋ္ဌိမာယ ဒိသာယ, ဥပရိမာယ ဒိသာယ၊
သဗ္ဗေ သတ္တာ, သဗ္ဗေ ပါဏာ,

သဗ္ဗေ ဘူတာ, သဗ္ဗေ ပုဂ္ဂလာ,
သဗ္ဗေ အတ္တဘာဝ ပရိယာပန္နာ,
သဗ္ဗာ ဣတ္ထိယော, သဗ္ဗေ ပုရိသာ,
သဗ္ဗေ အရိယာ, သဗ္ဗေ အနရိယာ,
သဗ္ဗေ ဒေဝါ, သဗ္ဗေ မနုဿာ,
သဗ္ဗေ ဝိနိပါတိကာ
အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊
အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု။

၆။ အရှေ့အရပ်မှာနေ သတ္တဝါတွေ (.....) စေ။
အနောက်အရပ်မှာနေ သတ္တဝါတွေ (.....) စေ။
မြောက်အရပ်မှာနေ သတ္တဝါတွေ (.....) စေ။
တောင်အရပ်မှာနေ သတ္တဝါတွေ (.....) စေ။
အရှေ့တောင်ထောင့်အရပ်မှာနေ သတ္တဝါတွေ (.....) စေ။
အနောက်မြောက်ထောင့်အရပ်မှာနေ သတ္တဝါတွေ(.....)စေ။
အရှေ့မြောက်ထောင့်အရပ်မှာနေ သတ္တဝါတွေ (.....)စေ။
အနောက်တောင်ထောင့်အရပ်မှာနေ သတ္တဝါတွေ(.....)စေ။
အောက်အရပ်မှာနေ သတ္တဝါတွေ (.....) စေ။
အထက်အရပ်မှာနေ သတ္တဝါတွေ (.....) စေ။

၇။ ဥဒ္ဓံ ယာဝ ဘဝဂ္ဂါ စ၊ အဓော ယာဝ အဝီစိတော။
သမန္တာ စက္ကဝါဠေသု၊ ယေ သတ္တာ ပထဝီစရာ။
အဗျာပဇ္ဇာ နိဝေရာ စ၊ နိဒ္ဒုက္ခာ စ' နုပဒ္ဒဝါ။

၇။ မြေပေါ်မှာနေ သတ္တဝါတွေ (.....) စေ။

၈။ ဥဒ္ဓံ ယာဝ ဘဝဂ္ဂါ စ၊ အဓော ယာဝ အဝီစိတော။
သမန္တာ စက္ကဝါဠေသု၊ ယေ သတ္တာ ပထဝီစရာ။
အဗျာပဇ္ဇာ နိဝေရာ စ၊ နိဒ္ဒုက္ခာ စ' နုပဒ္ဒဝါ။

၈။ ရေထဲမှာနေ သတ္တဝါတွေ (.....) စေ။

၉။ ဥဒ္ဓံ ယာဝ ဘဝဂ္ဂါ စ၊ အဓော ယာဝ အဝီစိတော။
သမန္တာ စက္ကဝါဠေသု၊ ယေ သတ္တာ ဥဒကေစရာ။
အဗျာပဇ္ဇာ နိဝေရာ စ၊ နိဒ္ဒုက္ခာ စ' နုပဒ္ဒဝါ။

၉။ ကောင်းကင်မှာနေ သတ္တဝါတွေ (.....) စေ။

၁၀။ ယံ ပတ္တံ ကုသလံ တသ္မာ၊ အာနုဘာဝေန ပါဏိနော။
သဗ္ဗေ သဒ္ဓမ္မရာဇဿ၊ ဉတွာ ဓမ္မံ သုခါဝဟံ။

၁၀။ ကျွန်ုပ်ပြုလုပ်သမျှ ကုသိုလ်ကောင်းမှု၏ တန်ခိုးရှိန်စော်
အာနုဘော်ကြောင့် သတ္တဝါအားလုံး ဘုရားရှင်၏ တရား
တော်များကို သိရှိနားလည်ကြပါစေ။

၁၁။ ပါပုဏန္တု ဝိသုဒ္ဓါယ၊ သုခါယ ပဋိပတ္တိယာ။
အသောက' မနုပါယာသံ၊ နိဗ္ဗာန သုခမုတ္တမံ။

၁၁။ သတ္တဝါအားလုံး ဝိပဿနာတရား ကြိုးစားအားထုတ် နိုင်ကြ
ပါစေ၊ သတ္တဝါအားလုံး သောကကင်းရာ ဥပါဒါန်ကင်းရာ
နိဗ္ဗာန်ချမ်းသာမြတ်ကို မျက်မှောက်ပြုနိုင်ကြပါစေ။

၁၂။ စိရံ တိဋ္ဌတု သဒ္ဓမ္မော၊ ဓမ္မေ ဟောန္တု သဂါရဝါ။
သဗ္ဗေပိ သတ္တာ ကာလေန၊ သမ္မာ ဒေဝေါ ပဝဿတု။

၁၂။ မြတ်စွာဘုရား သာသနာတော်ကြီး အဓွန့်ရှည်စွာ တည်ပါစေ၊ သတ္တဝါများ တရားတော်ကို ရိုသေလေးစားကြပါစေ၊ ရွာသင့်သောအခါမှာ မိုးမှန်မှန်ရွာပါစေ။

၁၃။ ယထာ ရက္ခိံသု ပေါရာဏာ၊ သုရာဇာနော တထေဝိမံ။
ရာဇာ ရက္ခတု ဓမ္မေန၊ အတ္တနောဝ ပဇံ ပဇံ။

(အရှင်မဟာဗုဒ္ဓဃောသ)

၁၃။ ရှေးက မင်းကောင်း မင်းမြတ်များသည် သတ္တဝါများကို ရင်ဝယ်သားကဲ့သို့ သနားစောင့်ရှောက်သလို ယခုခေတ် တိုင်းပြည်အသီးသီးရှိ မင်းစိုးရာဇာများကလည်း တိုင်းသူပြည်သားများကို ရင်ဝယ်သားကဲ့သို့ မေတ္တာစေတနာထားကာ စောင့်ရှောက်နိုင်ကြပါစေ။

၁၄။ ‘သဗ္ဗေ သင်္ခါရာ အနိစ္စာ’တိ၊ ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။

၁၅။ ‘သဗ္ဗေ သင်္ခါရာ ဒုက္ခာ’တိ၊ ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။

၁၆။ ‘သဗ္ဗေ ဓမ္မာ အနတ္တာ’တိ၊ ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။

၁၄–၁၅–၁၆။ ရုပ်နာမ်ဓမ္မ သင်္ခါရတရား အားလုံးဟာ အနိစ္စပဲ, ဒုက္ခပဲ, အနတ္တပဲလို့ သိမြင်တဲ့ ဉာဏ်ကို ရလာလျှင် သံသရာ ဝဋ်ဆင်းရဲကြီးထဲမှာ ငြီးငွေ့လာပါတယ်၊ အဲဒါ ကိလေသာ စင်ကြယ်ဖို့ အကြောင်းပါပဲ။

၁၇။ အပ္ပမာဒေန ဘိက္ခဝေ သမ္ပာဒေထ–

ဗုဒ္ဓုပ္ပါဒေါ ဒုလ္လဘော လောကသ္မိံ၊

မနုဿတ္တဘာဝေါ ဒုလ္လဘော၊

ဒုလ္လဘာ သဒ္ဓါ သမ္ပတ္တိ၊

ပဗ္ဗဇိတဘာဝေါ ဒုလ္လဘော၊

သဒ္ဓမ္မဿဝနံ ဒုလ္လဘံ၊

ဧဝံ ဒိဝသေ ဒိဝသေ ဩဝဒတိ။

၁၇။ အို–သူတော်ကောင်း အပေါင်းတို့ မမေ့မလျော့ သော သတိတရားနှင့် ပြည့်စုံကြပါစေ။

လောကမှာ–၁–ဘုရားအဖြစ်ကိုလည်း ရခဲပါတယ်။

၂–လူ့အဖြစ်ကိုလည်း ရခဲပါတယ်။

၃–ပြည့်စုံတဲ့ သဒ္ဓါတရားကိုလည်း ရခဲပါတယ်။

၄–ရဟန်းအဖြစ်ကိုလည်း ရခဲပါတယ်။

၅–တရားနာရခြင်းကိုလည်း ရခဲပါတယ်။

မြတ်စွာဘုရားက နေ့တိုင်းနေ့တိုင်း ဒီလိုပဲ ဆုံးမတော်မူပါတယ်၊

၁၈။ ဟန္ဒ ဒါနိ ဘိက္ခဝေ၊ အာမန္တယာမိ ဝေါ။
ဝယဓမ္မာ သင်္ခါရာ၊ အပ္ပမာဒေန သမ္ပာဒေထ။

၁၈။ အို–ရဟန်းအပေါင်းတို့ ..... သင်တို့ကို ငါဘုရား မိန့်တော်မူမယ်၊ သင်္ခါရတရားအားလုံးဟာ ဖြစ်ခြင်း, ပျက်ခြင်းသဘောရှိကြတယ်၊ မမြဲကြဘူး၊ ဒါကြောင့် သင်တို့ မမေ့မလျော့ နေရစ်ကြ။

(ဘုရားရှင်၏ နောက်ဆုံးစကားတော်)

၁၉။ တ္တောဝတာ စ အမေ့ဟိ၊ သမ္ဘတံ ပုညသမ္ပဒံ။
သဗ္ဗေ ဒေဝါ နုမောဒန္တု၊ သဗ္ဗသမ္ပတ္တိ သိဒ္ဓိယာ။

၁၉။ အို–နတ်အများတို့ .....၊ ကျွန်ုပ်တို့ပြုသမျှ ကုသိုလ် ကောင်းမှု၏ အဖို့ဘာဂကို အမျှပေးဝေကြပါတယ်၊ လောကီ လောကုတ္တရာ စည်းစိမ်ချမ်းသာများ ပြည့်စုံရန် သင်တို့ နတ်အားလုံး သာဓုခေါ်ကြပါ။

၂၀။ ဒါနံ ဒဒန္တု သဒ္ဓါယ၊ သီလံ ရက္ခန္တု သဗ္ဗဒါ။
ဘာဝနာဘိရတာ ဟောန္တု၊ ဂစ္ဆန္တု ဒေဝတာဂတာ။

၂၀။ အို–နတ်အများတို့ .... သဒ္ဓါတရားထက်သန်စွာနဲ့ အလှူပေးကြပါ၊ အမြဲ သီလဆောက်တည်ကြပါ၊ ကမ္မဋ္ဌာန်း ဘာဝနာ ပွားကြပါ၊ အို –နတ်အပေါင်းတို့ ..... သင်တို့ ပြန်လိုက ပြန်နိုင်ကြပါပြီ။

၂၁။ သဗ္ဗေ ဗုဒ္ဓါ ဗလပ္ပတ္တာ၊ ပစ္စေကာနဉ္စ ယံ ဗလံ။
အရဟန္တာနဉ္စ တေဇေန၊ ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

၂၁။ အလုံးစုံသော ဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာအရှင်မြတ် တို့၏ တန်ခိုးတေဇော်, အာနုဘော်တော်ဖြင့် အစောင့်အရှောက် အရံ အတားကို ဖွဲ့ထားပါ၏။

၂၂။ ကြာမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ ဗုဒ္ဓံ ပူဇေမိ။
ကြာမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ ဓမ္မံ ပူဇေမိ။
ကြာမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ သံဃံ ပူဇေမိ။

၂၂။ ဤကောင်းမြတ်သော ကျင့်ဝတ်ပဋိပတ်ဖြင့် ဘုရား, တရား, သံဃာ ရတနာသုံးပါးအား ပူဇော်ပါ၏။

၂၃။ အဒ္ဓါ ကြာမာယ ပဋိပတ္တိယာ ဇာတိ ဇရာ မရဏမှာ ပရိမုစ္စိဿာမိ။

၂၃။ ဤကောင်းမြတ်သော အကျင့်ဖြင့် ဇာတိ–ပဋိသန္ဓေ နေရခြင်း၊ ဇရာ–အိုရခြင်း၊ မရဏ–သေရခြင်းမှ မုချကေန် လွတ်မြောက် ရပါလို၏ အရှင်ဘုရား။

မေတ္တာဘာဝနာပါဠိ မြန်မာပြီး၏။

---

ခေတ်မီပရိတ်ကြီး မြန်မာပြန်မှ ကူးယူဖော်ပြပါသည်။

# ဂ–သိင်္ဂါလောဝါဒသုတ်ထွက် ကျင့်ဝတ်

တစ်လောကလုံး၊ ညွှတ်ရုံးဦးချ၊ နိုင်းမမှုသား၊ ဘုရားရှေ့စက်၊ ရောင်ပြိုးပြက်ကို၊ ဦးထက်တင်ထား၊ ရှိညွှတ်တွား၍၊ သားနှင့်မိဘ၊ တပည့်စသည်၊ ပြုရအံ့ဝတ်၊ ချွတ်မှုပါယ်ရှာ၊ လားမည့်တာကြောင့်၊ သုတ်ပါထေယျ၊ ကျမ်း၌ပြသည်၊ လောကကျင့်ရာ၊ အကျဉ်းမှာပိမ့်၊ နတ်ရွာဖို့လုံးလုံး၊ ကျက်၍သုံး။

## သားသမီးကျင့်ဝတ် ၅–ပါး

ကျွေးမွေးမပျက်၊ ဆောင်ရွက်စိမ်၊ မွေခံထိုက်စေ၊ လှူမှုဝေ၍၊ စောင့်လေမျိုးနွယ်၊ ဝတ်ငါးသွယ်။ ။ ကျင့်ဖွယ်သားတို့တာ။

## မိဘကျင့်ဝတ် ၅–ပါး

မကောင်းမြစ်[၁]ထာ[၂]၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝေနှီးရင်း၊ ထိမ်းမြားခြင်းလျှင်၊ ဝတ်ငါးအင်။ ။ ဖခင်မယ်တို့တာ။

## တပည့်ကျင့်ဝတ် ၅–ပါး

ညီညာထကြွ၊ ဆုံးမနာယူ၊ လာမှုကြိုဆီး၊ ထံနီးလုပ်ကျွေး၊ သင်တွေးအံ့ရွတ်၊ တပည့်ဝတ်။ ။မချွတ် ငါးခုသာ။

## ဆရာ့ကျင့်ဝတ် ၅–ပါး

အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့၊ ဆရာတို့။ ။ ကျင့်ဖို့ ဝတ်ငါးဖြာ။

---

၁။ မြစ် = တားဆီးပိတ်ပင်ခြင်း။ ၂။ ထာ = တားမြစ်ခြင်း။

## လင့်ကျင့်ဝတ် ၅-ပါး

မထီမဲ့ကင်း၊ အပ်နှင်းဥစ္စာ၊ မိစ္ဆာမမှား၊ ဝတ်စားဆင်ယင်၊ မြတ်နိုးကြင်။ ။ ငါးအင် လင်ကျင့်ရာ။

## မယားကျင့်ဝတ် ၅-ပါး

အိမ်တွင်းမှုလုပ်၊ သိမ်းထုပ်သေချာ၊ မိစ္ဆာကြဉ်ရှောင်၊ လျော်အောင်ဖြန့်ချိ၊ ပျင်းရိမမှု၊ ဝတ်ငါးဆူ။ ။ အိမ်သူကျင့်အပ်စွာ။

## မိတ်ဆွေကျင့်ဝတ် ၅-ပါး

ပေးကမ်းချီးမြှင့်၊ ကိုယ့်နှင့်ယှဉ်ထား၊ စီးပွားဆောင်ရွက်၊ နှုတ်မြွက်ချိုသာ၊ သစ္စာမှန်စေ၊ ဝတ်ငါးထွေ ။ ။ ကျင့်လေ မိတ်သဟာ။

## သခင်ကျင့်ဝတ် ၅-ပါး

ဝစ္စာကျွေးမွေး၊ ပြုရေးစီရင်၊ နာလျှင်ကုစေ၊ ငှဝေရသာ၊ အခါ ကိုလွှတ်၊ အရှင်ဝတ်။ ။ မချွတ် ငါးခုသာ။

## ကျွန်ကျင့်ဝတ် ၅-ပါး

အိပ်သော်နောက်ကျ၊ ထသော်ကားရှေး၊ ပေးမှယူအပ်၊ စေ့စပ်ဆောင်ရွက်၊ ကျေးဇူးမြွက်။ ။ ငါးချက် ကျွန်ကျင့်ရာ။

## ဒါယကာကျင့်ဝတ် ၅-ပါး

မေတ္တာစိတ်သက်၊ ဆောင်ရွက် ချစ်ကြင်၊ ခင်မင်နှုတ်ချို၊ လိုလျှင်ဖိတ်ထား၊ တတ်အားလှူစေ၊ ဝတ်ငါးထွေ။ ။ ပြုလေ ဒါယကာ။

ရဟန်းကျင့်ဝတ် ၅–ပါး

မကောင်းမြစ်ထား၊ ကောင်းရာညွှန်လစ်၊ အသစ်ဟောကျူး၊ နာဖူးထပ်မံ၊ နတ်ထံတင်ရာ၊ မေတ္တာလည်းပြု၊ ရဟန်းမှု။ ။ ခြောက်ခု လွှန်သေချာ။

ကျမ်းသိဂ်ါလ၊ သုတ်ဝယ်ပြ၊ သုံးဝမြတ်ဆရာ။ ။
ကျင့်ဝတ် မပြေ၊ ပါယ်လေးထွေ၊ လားလေရှည်မြင့်ကြာ။ ။
ဤသည်ဝတ်ကုန်၊ ဆွေမျိုးစုံ၊ ခြောက်ဘုံထက်နတ်ရွာ။ ။

လှည်းဘီးပြင်က၊ နားစောင့်ချသို့၊ မိဘနှင့်သား၊ မယားနှင့်လင်၊ အရှင်နှင့်ကျွန်၊ ထေရ်မွန် ဒကာ၊ မိတ်သဟာနှင့်၊ ဆရာတပည့်၊ တည့်တည့်မချွတ်၊ ကျင့်ဝတ်စုံလင်၊ ဖြူသန့်စင်မူ၊ ရှင်လည်းမကွေ၊ သေလည်းမကွာ၊ နတ်ရွာလူ့ပြည်၊ လှည့်လည်အတူ၊ ခံစားမူ၍၊ နိဗ္ဗူရွှေပြည်၊ ဝင်အံ့သည်တည့်၊ မတည်ကျင့်ဝတ်၊ ချွတ်သူတို့မှာ၊ မလွတ်သာ သည် .....လေးရွာဖို့လုံးလုံး လူဖြစ်ရှုံး။

ဥစ္စာပျက်ကြောင်း ၆–ပါး

သေစာသောက်စား၊ လမ်းသွားခါမဲ့၊ ရှုငဲ့သဘင်၊ ပျော်ရွှင်အန်လောင်း၊ မကောင်းမိတ်ဖျင်း၊ ပျင်းရိခြင်းကား ..... ယိုယွင်းဥစ္စာ ပျက်ကြောင်းတည်း ။

သေရည်သောက်ခြင်း အပြစ် ၆–ပါး

ဥစ္စာယုတ်ခြင်း၊ ငြင်းခုံများစွာ၊ ရောဂါထူပြော၊ ကျော်စောမဲ့တုံ၊ မလုံအင်္ဂါ၊ ပညာနည်းရား ဤခြောက်ပါးကား–သောက်စားသေစာ အပြစ်တည်။

အခါမဲ့သွားလာခြင်း အပြစ် ၆–ပါး

ကိုယ့်သားမယား၊ တခြားဥစ္စာ၊ လုံရာမဲ့ရှောင်း၊ မကောင်း အရာ၊ ရှုံ့ရှာလေအပ်၊ ယိုးစွပ်ရောက်မှု၊ ဆင်းရဲစု....ခြောက်ခုခါမဲ့ သွားပြစ်တည်း။

သဘင်ပွဲလမ်း အပြစ် ၆–ပါး

ကခြင်းတစ်လီ၊ သီချင်းတစ်သီး၊ မှုတ်တီးတစ်သင်း၊ ပြိန်ဖျင်း တစ်အုပ်၊ လက်ခုပ်တစ်တည်၊ အိုးစည်တစ်ဖြာ၊ ရှိရာရှာ၍၊ ဥစ္စာပျက် မှု၊ ဤခြောက်ခုကား.....ကြည့်ရှုသဘင် အပြစ်တည်း။

လောင်းကစားသူ အပြစ် ၆–ပါး

အောင်သူ ရန်ပွား၊ ရှုံးသားစိုးရိမ်၊ စည်းစိမ်လျော့ပါး၊ တရား သဘင်၊ မဝင်သက်သေ၊ မိတ်ဆွေနှိမ့်ဆို၊ မလိုထိမ်းမြား၊ ဤ ခြောက်ပါးကား.....ပျော်ပါးကြွေအန် အပြစ်တည်း။

မိတ်ဆွေပျက် ၆–ပါး

ကြွေအန်ကြူးထ၊ မိန်းမကြူးထွေ၊ သေစာကြူးမှု၊ အတုပြု ကြား၊ လှည့်စားတစ်ထောက်၊ မျက်မှောက်လှည့်ချက်၊ နိုင်ထက် လုယူ၊ ဤသူခြောက်ပါး၊ မိတ်ဖြစ်လားကြောင့်.....ပျက်ပြား မိတ်ဆွေ အပြစ်တည်း။

ပျင်းရိခြင်း အပြစ် ၆–ပါး

အချမ်းပြင်းဝှန်၊ အလွန်ပူနိုး၊ မိုးချုပ်လှမော၊ စောလှလွန်းရောင်၊ ဆာလောင်ပြင်းပြ၊ ဝမ်းဝလွန်းထွေ၊ နေကပညာ၊ မပွားရာ သည်.....ခြောက်ဖြာ ပျင်းသူအပြစ်တည်း။

အကြီးအကဲကျင့်ဝတ် ၆–ပါး

ထကြွ, နိုးကြား၊ သနား,သည်းခံ၊ ဝေဖန်,ကြည့်ရှု၊ ဤခြောက်ခုကား.....ကြီးသူ ကျင့်ရာ တရားတည်း။

ကိုယ်ကျိုးသာငဲ့သော အဆွေခင်ပွန်းတု ၄–ယောက်

လက်ချည်းလာ၍၊ ဥစ္စာဆောင်သယ်၊ နည်းငယ်ဖြင့်သာ၊ များစွာလိုရှိ၊ ဘေးထိရောက်ခါ၊ ပြုလာတုံဘိ၊ မိမိကျိုးငှာ၊ မှီလာပေါင်းယှဉ်၊ လေးယောက်စဉ်ကား.....အညဒတ္ထု ဟုရတည်း။

နှုတ်ဖြင့်သာ ဟန်ဆောင်သော အဆွေခင်ပွန်းတု ၄–ယောက်

ရှေ့ဖြင့်စေ့စပ်၊ တစ်ထပ်နောက်မှီး၊ ချည်းဆီးသင်္ဂြိုဟ်၊ ပေးလိုစဟန်၊ ပစ္စုပ္ပန်မူ၊ ပြည့်သွန်ပျက်ပြား၊ ဤလေးပါးကား.....မှတ်သားဝစီပရမတည်း။

ချစ်ဖွယ်ကိုသာ ဆိုတတ်သော အဆွေခင်ပွန်းတု ၄–ယောက်

မကောင်းခွင့်ပြု၊ ကောင်းမှုကိုလျှင်၊ ဆင်ခြင်မရှု၊ ခွင့်ပြုသည် ပင်၊ ရှေ့တွင်ချီးမွမ်း၊ ဖုံးလွှမ်းကွယ်လျှင်၊ ကဲ့ရဲ့ချင်သည်.....လေးအင်ပိယဘာဏီတည်း။

ကျေးဇူးရှက်ဆောင်သော အဆွေခင်ပွန်းစစ် ၄–ယောက်

မေ့လျော့စောင့်လာ၊ ဥစ္စာစောင့်ရှောက်၊ ဘေးရောက် ကိုးကွယ်၊ ပြုဖွယ်ရှိက၊ နှစ်ဆဥစ္စာ၊ ပေးချေလာသည်.....လေးဖြာဥပကာရတည်း။

## ဆင်းရဲမကွာ ချမ်းသာမပစ်သော အဆွေခင်ပွန်းစစ် ၄-ယောက်

လျှို့ဝှက်စကား၊ ကြားစေတုံလျက်၊ သူလျှို့ဝှက်ရွေ၊ ဘေးတွေ့မစွန့်၊ မတွန့်တိုပါ၊ သူ့ကိုညှာလျက်၊ ကိုယ့်သက်စွန့်မြောက်၊ ဤလေးယောက်ကား.....မျှလောက် ချမ်းသာ ဆင်းရဲတည်း။

## အကျိုးစီးပွားကို ပြောကြားတတ်သော အဆွေခင်ပွန်းစစ် ၄-ယောက်

မကောင်း မြစ်ထား၊ ကောင်းရာ သွင်းထား၊ မကြားစကောင်း၊ အကြောင်းကြားလာ၊ နတ်ရွာလမ်းပြ၊ ဤလေးဝကား.....မည်ရ အတ္ထက္ခာယီတည်း။

## အစဉ်သနားတတ်သော အဆွေခင်ပွန်းစစ် ၄-ယောက်

ဥစ္စာခမ်းနား၊မပွားသမို့၊ မနှစ်လို့ငြား၊ ပွားကရှင်မြူး၊ ကျေးဇူးမဲ့ကို၊ ဆိုသော်တားမြစ်၊ ကျေးဇူးဖြစ်ကို၊ ဆိုသော် ချီးမွမ်း၊ သူတို့တမ်းကား.....မိတ်ကျွမ်းအနုကမ္ပတည်း။

## အလေးအမြတ်ပြုအပ်သော အရပ် ၆-မျက်နှာ

အရှေ့မိဘ၊ တောင်မှဆရာ၊ နောက်မှာမယား၊ မြောက်ကားမိတ်ဆွေ၊ အောက်ခြေကျွန်များ၊ အထက်ဖျားကား.....ပုဏ္ဏား, ရဟန်းခြောက်ရပ်တည်း။

## ပျက်စီးလွယ်သောလူ ၄-ယောက်

သောက်ထုတ် သေရက်၊ ညဉ့်နက်လမ်းသွား၊ ရှုစားသဘင်၊ ပျော်ရွှင်အန်စာ၊ လေးရပ်မှာပင်၊ တကွထင်သည်.....လေးအင် ပါယ သဟဲတည်း။

**အလောင်းအလျာတို့ အလိုတော်ခြောက်ပါး**

လောဘ, ဒေါသ, မော ာကင်းလို၊ တောခိုတစ်ဖြာ၊ ဆိတ်ရာငြိမ်သက်၊ ဝဋ်မှထွက်.....ခြောက်ချက် လောင်းလျာ လိုတော် ဘည်း။

**မပြတ်ဆင်ခြင်ရာသော တရားငါးပါး**

အိုခြင်း တစ်ဖြာ၊ နာခြင်း တစ်ထွေ၊ သေခြင်း တခြား၊ ကွဲပြားတစ်တန်၊ ကံလျှင်ဥစ္စာ၊ ဤငါးဖြာကို မကွာနေ့ည၊ ဉာဏ်သက် ဝင်၍ဆင်ခြင်ကြ။

**အကျိုးဆောင်သော တရားတစ်ပါး**

သေခြင်းတစ်ပါး၊ ဤတရားကား၊ စီးပွားမြားမြောင်၊ အကျိုးဆောင်သည်.....အိုအောင် အောက်မေ့ စီးဖြန်းကြ။

**သိင်္ဂါလောဝါဒသုတ်ထွက် ကျင့်ဝတ် ပြီး၏။**

❖ ❖ ❖ ❖ ❖

# ရှင်မဟာသီလဝံသ ဆုံးမခန်း

၁။ တိလောကဟု၊ မရှိနိုင်းတူ၊ ဖက်မပြုသည်၊ သုံးဆူ ရတနာ၊ မာတာပိတာ၊ ဆရာစသား၊ အရှင်များကို၊ ပြစ်မှားမဆို၊ ရိုသေကြစေ၊ သာမဏေက၊ သူငယ်စသား၊ တပည့်များတို့၊ မှတ်သားကြပ်ကြပ်၊ ခြပြတ်သို့ပင်၊ ဆုံးမသင်သည်၊ ဝမ်းတွင် အမြဲသွတ်။

၂။ ဂယောက် ဂယက်၊ ကျက်ကျက် ပျောက်ပျောက်၊ စားသောက်အိပ်နေ၊ မရှိစေနှင့်၊ သေသေသပ်သပ်၊ စိတ်ယှူစွဲ၍ အမြဲမှတ်။

၃။ ဆရာသမား၊ မိဘအားကို၊ နိုးကြားမလစ်၊ မျက်သစ်ဒန်ပူ၊ လုံ့လကူသည်၊ ယူ၍မပြတ် နေ့တိုင်းကပ်။

၄။ ဘုရားခြေရင်း၊ ကျောင်းတလင်းတွင်၊ မြက်သစ်ပင်ကို၊ မြင်လျှင်မဖွယ်၊ မတင့်တယ်သော်၊ လှည်းဖယ် မပြတ် တံမြက်ခတ်။

၅။ သုံးဆောင်ရေနှင့်၊ သောက်ရေအိုးတွင်၊ ရေနည်းမြင် သော်၊ ခေါင်ငင်ညီညွတ် သွား၍ခပ်။

၆။ ရေခပ်သွားလည်း၊ ကစား၍သာ၊ မနေပါနှင့်၊ ကစား၍ သာ၊ ရေမှာကြာသော်၊ သဲဒဏ်,ရေဒဏ်၊ ပေးရမှန်သည်၊ ခံမည်သာကြံလော မင်းတို့ကျော။

၇။ နေ့ညဥ့်နံနက်၊ ကိန်းစက်မွေ့ရာ၊ သင်ဖြူးဖျာကို၊ ခင်းကာယူငြား ခေါက်သွင်းထား။

၈။ သင်္ကန်းသပိတ်၊ ပရိက္ခရာ၊ ကြွသွားခါသော်၊ ယူရာသည်များ ပြင်၍ထား။

၉။ ခရီးပန်းပင်၊ လာသည်မြင်သော်၊ အလျှင်လှမ်းယူ၊ ဝတ်သင်္ကန်းကို၊ ချွေးစွန်းမူကား၊ နေပူဖြန့်လှန်း သွင်းခေါက်ထား။

၁၀။ ရေချမ်းကပ်လျက်၊ ခြေလက်ဆုပ်နယ်၊ မှုကြီးငယ်ကို၊ လွှဲဖယ် မသွား၊ ယပ်လေခတ်၍ နေထံပါး။

၁၁။ ရိုင်းစိုင်းနီးကပ်၊ မကိုင်းညွှတ်ဘဲ၊ မတ်တတ်တို့၍ မသွားနှင့်။

၁၂။ စားဖွယ်စားရာ၊ ကပ်သောခါလည်း၊ ချဉ်းလာနီးစေ၊ ခြေစုံနေ၍၊ ရိုသေကိုင်းညွတ် ချဉ်း၍ကပ်။

၁၃။ ဘုဉ်းပေးဆိုတမ်း၊ ရဟန်းတို့အား၊ စားမည်လားဟု၊ စကားသည်နှယ် မမေးနှင့်။

၁၄။ မိဦး, ဖဦး၊ ဆရာဦးကို၊ ခူး၍အလျင် မစားနှင့်။

၁၅။ မိဘဆရာ၊ ထားသည့်တာကို၊ မျက်နှာကွယ်လျှင်၊ မယူငင်နှင့်၊ လိုချင်သောအား၊ စားချင်ငြားက၊ ဝပ်တွားခ–ယ တောင်းပါကြ။

၁၆။ သပိတ်, ဆွမ်းခွက်၊ ဆောင်ရွက်မပြတ်၊ ဆွမ်းဟင်းဗျတ်ကို၊ ပွတ်တုံညစ်ကြေး၊ မြူမှုန်မတင် စင်အောင်ဆေး။

၁၇။ ကျောင်းတွင်, အိမ်တွင်၊ မသန့်စင်၍၊ မြင်သည်ရှိသော်၊ ယူငင်သိမ်းဆည်း၊ အထည်းသိုငြား၊ ကောင်းကောင်းထား။

၁၈။ အမှုနည်းများ၊ ခန့်ထားရှိသော်၊ တစ်ခွန်းခေါ်က၊ ကြားသော်ခဏ ချဉ်းကပ်ကြ။

၁၉။ ကိစ္စရှိငြား၊ သွားချင်ငြားက၊ လျှင်လျား ခဏ၊ လာပါကြ။

၂၀။ ဖျားနာကျောင်းတွင်၊ ရှိခဲ့လျှင်သော်၊ ကြင်ကြင်နာနာ၊ ညီညာဖြဖြ၊ ဆေးဝါးပေး၍ လုပ်ကျွေးကြ။

၂၁။ သီတင်းသုံးချင်း၊ ချစ်ဟန်ပြင်းသည်၊ ပဋ္ဌင်းနှင့်ရှင်၊ ညီတွင်အစ်ကို၊ လွန်ကြည်ညိုသည်၊ ငါတို့အဖ မှတ်ပါကြ။

၂၂။ အသက်ကြီး, ငယ်၊ ဝါကြီး, ငယ်ကို၊ လွဲဖယ်မသွေ နှိမ့်ချလေ။

၂၃။ ရှိသေတုပ်ကွ၊ ဆည်းကပ်ကြလျက်၊ နေ့, ညကြည်ဖြူ၊ နည်းခံယူ၍၊ ကြီးသူခေါ်က၊ ကြွကြွလည်းလာ၊ ဗျာဗျာကျွန်ုပ်၊ ပုဆစ်တုပ်လျက်၊ ဖုံးအုပ် ခြေ, လက်၊ လွန်ငြိမ် သက်သည်၊ ကျောင်းထွက်သူပေ ဆိုရချေ။

၂၄။ တရားပေစာ၊ ဟောသောခါလည်း၊ နှုတ်မှာမစောင့်၊ တစ်ထောင့်စကား၊ တဟားဟားသည်၊ ရိုင်းကား မိုက်မဲ မပြောနှင့်။

၂၅။ လူဖွယ်ဒါန်းဖွယ်၊ ကြီး, ငယ် တည်တည်၊ ရောက်လာသည်ကို၊ လှယ်ကာခဏ၊ သူ့ခွက်ယောက်ကို၊ မပျောက်နေ့, ညပေးလိုက်ကြ။

၂၆။ ကွမ်း, ဆေး, မီးလျှင်၊ ညှိသည်မြင်သော်၊ အလျင်ခဏ၊ တည်ပါကြ။ ။ (ဘုန်းကြီးရဟန်း ပယောဂ မပါစေရ)။

၂၇။ မင်းသွား–ငါသွား၊ ငြင်းခုံပွားအောင်၊ စကားတောက်ဆတ် မဆိုအပ်။

၂၈။ မပြတ်မချာ၊ သူလည်းလာ၍၊ ငါ၏ထံပါး၊ စေစားရ၍နေပါကြ။

၂၉။ ရဟန်းသံဃာ၊ တည်းခိုလာသော်၊ သင့်ရာအထူး၊ သင်းဖြူးနှင့်ဖျာ၊ လာ၍ဖြဖြ ခင်းကုန်ကြ။

၃၀။ ပရိသတ်လည်း၊ မပြတ်ကျောင်းတွင်၊ ရှိလျှင်တစ်ထွေ၊ မြဲအောင်နေ။ ။ တစ်ပြည်, တစ်ရွာ၊ သွားသောအခါလည်း၊ ညီညာလျောက်ပတ်၊ လက်ကတော့ကို၊ ကောင်းကောင်းထိုးကုန်လတ်။

၃၁။ မလျှပ်မပေါ်၊ ခေါ်လျှင်လည်းရ၊ ထကြွမွေ့သိမ်၊ ကြည်နွေးနှင့်၊ ငြိမ်ငြိမ်နေသိ၊ မျက်စိမငြိမ်း၊ နားမငြိမ်းသည်၊ ဟိန်းဟဲ့မဆိုရစေနှင့်။

၃၂။ မျက်မှောက်ကောင်းကြား၊ ပြင်တစ်ပါးမှာ၊ တခြား မကျင့်ကြလေနှင့်။

၃၃။ မတင့်တယ်ကြား၊ ရန်စကားဖြင့်၊ ထွေပြားပွေလီ၊ တစီစီနှင့်၊ တဟီဟီသည်၊ ကျီစား၍လည်း မနေနှင့်။

၃၄။ ဟီန နတ္ထု၊ မဆဲကြနှင့်၊ ကြီးက–ငယ်သည်၊ နင်ဟယ်ကိုမျှ၊ မဆိုကြနှင့်၊ ရန်စချုပ်ချည်၊ ရှောင်လွှဲဖည်၍၊ သတ်မည်ကိုထား၊ လက်ဖျားနှင့်မျှ၊ မတို့ကြနှင့်၊ ချစ်ခင်ရှိသေ၊ အချင်းချင်းကို၊ သင့်တတ်စေဟု၊ မအေ, ဖ, ရင်း၊ တစ်ဝမ်းတွင်းသို့၊ သားရင်းတူကွ မှတ်ကုန်ကြ။

၃၅။ သင်္ကန်းအဝတ်၊ ချွတ်ထားပစ်လေ၊ မရှိသေ၍၊ ကလေကဝ၊ စုတ်ရှလတ်လည်း၊ သူ့အဝတ်ကို မဝတ်နှင့်။

၃၆။ တစ်ယောက်ကိစ္စ၊ ကိုင်တွယ်ကြသော်၊ ခြေကြွလက်သာ၊ မနေရာသည်၊ တတ်ပါသမျှ ညီညာကြ။

၃၇။ ဆရာ့နေခင်း၊ အင်းပျဉ် ညောင်စောင်း၊ လဲလျောင်း ဘုံလျှို၊ ထိုထိုထက်မှာ၊ မနေရာသည်၊ မြင့်ရာမသင့် မထိုင်နှင့်။

၃၈။ ရှေ့ကစူးစူး၊ ဒူးလက်ကိုထောင်၊ ထိုင်ဆောင့်ကြောင့်နှင့်၊ ပေါင်ထောင် လက်ကား၊ အပါးကြပ်ကြပ် မနေအပ်။

၃၉။ ရှင်နှင့်သူငယ်၊ သောက်ရေအိုးကို၊ တခြားတယ်၊ သုံးဖွယ် မသင့်၊ ကျောင်းဦးရေကို မသောက်နှင့်။

၄၀။ ကြီးသားငယ်သူ၊ ရှင်လူကစ၊ ဟူသမျှလည်း၊ မိဘ ဆရာ၊ ဘယ်မှာမမှတ်၊ ယုတ်မြတ်မသိ၊ ကျိုးမရှိဘဲ၊ မိမိကိုသာ၊ ထောမ နာလျက်၊ ဆထက်လွန်စွာ၊ တို့သူငါကို၊ မပါမည်ထား၊ ဘယ်ခံ့ ညားဟု၊ တုတုပပ၊ ပြစ်များကြလျှင်၊ မိဒဏ်, ဖဒဏ်၊ ဆရာ့ ဒဏ်ကို၊ ခံရလိမ့်မည် မယွင်းခွ။

၄၁။ ရဟန်းသံဃာ၊ အရိယာကို၊ လူ, သာမဏေတို့၊ ကြို့ကြို့ ငဲ့ငဲ့၊ ကဲ့ရဲ့ကျီစား၊ လှည့်စားမပြု၊ တုဖက်မဆို၊ ရိုသေကြစေ၊ မြွေပွေး မြွေဟောက်၊ မထိစောက်သို့၊ ရှုံ့ကြောက်စေ။

၄၂။ မွေတော်, ဓာတ်တော်၊ ရုပ်တုတော်ကို၊ ဖူးမြော်မပြတ်၊ ရှေ့ကျောင်းဦးမှာ၊ ဖြည့်ကြဝတ်တက်၊ နံနက်မိုးသောက်၊ ချိန်ခါ ရောက်သော်၊ ဝတ်လျှောက်မပျက်၊ လက်အုပ်တင်ထား၊ ဘုရား, တရား, သံဃာ၊ ရတနာသုံးပါး၊ ဂုဏ်တော်များကို၊ ကြိုးစား လုံ့လ ဆောက်တည်ကြ။

၄၃။ ငါကားသည်စာ၊ သည်ဂါထာကို၊ မြဲစွာကြပ်မတ်၊ ဆရာအပ်သော်၊ တတ်လှစေချင်၊ ငါ့ကိုသင်ဟု၊ ထိပ်တင်လည်း ရွက်၊ လျင်လျင်ရအောင် ကြိုးစားကျက်။

၄၄။ အချိန်တန်၍၊ စာအံဆိုလျှင်၊ မရွှင်မျက်နှာ၊ မသာမချို၊ ထိုထိုအကြံ၊ ကြိုးစွာဖန်၍၊ မအံတစ်ခါ၊ အံတစ်ခါနှင့်၊ မျက်နှာတစ်ပါး၊ စာတခြားလည်း၊ စကားပြောဟော၊ တသောသောသည်၊ ရယ်မော၍လည်း မနေနှင့်။

၄၅။ မပြတ်အသံ၊ တည်ညံနှင့်၊ စာအံစာဖတ်၊ ကြပ်ကြပ် မြဲမြဲ၊ သည်, လည်း, ညသတ်၊ ပြတ်ပြတ် သားသား၊ စကားဆိုထွေ ပီလှစေ။

၄၆။ သင်ပုန်းထန်းရွက်၊ ပေထက်စက္ကူ၊ ရေးသောခါလည်း၊ အက္ခရာကို၊ သေချာလှစေ၊ စာလုံးကိုလည်း လှလတ်စေ။

၄၇။ မပျင်းမရိ၊ လုံ့လရှိ၍၊ သတိအထဲ၊ အရိုးစွဲအောင်၊ တဖောင်ဖောင်လျှင်၊ သန်းခေါင်ညဉ့်နက်၊ သင်ကျက်သမျှ၊ စစကုန်စေ၊ နေ့ကိုအလွတ် ရွတ်နိုင်စေ။

၄၈။ ရဟန်းမောင်ရှင်၊ လူငယ်သွင်သို့၊ မသင်မရွတ်၊ မဖတ်စာပေ၊ မရေမရာ၊ နေ့သာကုန်ကြား၊ ရက်သာများအောင်၊ စကားဖောင်ဖွဲ့၊ တုံ့ လှဲ့ကျယ်ပွား၊ စကားပြောဟော၊ တသောသောသည်၊ ရယ်မော၍လည်း မနေနှင့်။

၄၉။ တစ်ယောက်တခြား၊ စကားမဆို၊ ကိုယ်စီ ကိုယ်ငါ၊ သင်ပုန်းပေမှာ၊ လက်မကွာအောင် စာရေးကြ။

၅၀။ နားပန်းဆံနှင့်၊ နောက်ဆံလည်းထား၊ ဖြူထွားခေါင်းပေါင်း၊ နားတောင်းဝတ်ကာ၊ ပန်းပန်ကာနှင့်၊ သီကာမြူးရွှင်၊ ရွှေငွေဆင်၍၊ သင်တို့သည်နယ် မကျင့်နှင့်။

၅၁။ သင်္ကန်းမှာလည်း(လဲ)၊ ပိန္နဲအပြင်၊ လှစေချင်၍၊ လွှင်လွှင်ပပ၊ ပြုကြမသင့်၊ နန္ဒင်းဆိုးနှင့်၊ တိန်ညက်ဆိုးကို မဝတ်နှင့်။

၅၂။ ဒသသီဆယ်ပါး၊ ဘုရားမုခပါဌ်၊ ရှင်ကျင့်ဝတ်ကို၊ စောင့်ကြပ်မြဲထွေ ညီလှစေ။

၅၃။ ရှေးဆရာမွန်၊ သီလဝံသ၊ ထေရ်ဂုဏာဓေ နှံ့မျှအကျော်မိန့်တော်နှုတ်ထွက်၊ ဆုံးမချက်ကို၊ သက်သက်သာသာ၊ ပါဌ်ဂါထာနှင့်၊ လင်္ကာမဟုတ်၊ ကျမ်းရိုးထုတ်ကို၊ နှုတ်ဖြင့်မှတ်မည်၊ ခက်လှသည်ကြောင့်၊ ရမည်မှန်စွာ၊ လွယ်ပါစေကြောင်း၊ စိတ်ဖြင့်ကြံ၍ဉာဏ်ဖြင့်လောင်းသည်၊ ကောင်းကောင်း ကျက်မှတ်ကြလေကုန်။

၅၄။ ဗဟုဿုတ၊ တတ်ပချင်လျှင်၊ သင်သာခိုက်ကို သင်လိုက်ကြ။

၅၅။ သို့ပင်တစေ၊ မနေရသာ၊ ကျောင်းကာ ခွာသော်၊ နောင်ခါနောင်တ ရှိတတ်စွ။

၅၆။ အတတ်ပညာ၊ တတ်မှသာလျှင်၊ ကျောင်းမှာနေကျိုးနပ်မည်ပ။

၅၇။ ဆုံးမစကား၊ ဆိုသည်များကို၊ မှတ်သားဝမ်းထဲ၊ စိတ်မစွဲလျှင်၊ သဲဒဏ်, ရေဒဏ်၊ ပေးရမှန်သည်၊ ခံမည်သာကြံလော မင်းတို့ကျော။

၅၈။ ယခုအခါ၊ သာသနာမူ၊ လူဖြစ်မည်မျှ၊ ရခဲလှ၏၊ လူမှသာမဟော၊ ဖြစ်ပေမြတ်ခြင်း၊ ပဥ္စင်းသံဃာ၊ ဖြစ်ပြန်ပါမူ၊ ဆိုရာမရှိ၊ မြတ်ခေါင်ထိဟု၊ သိကြပါစေ၊ သည်ထက်သည်သာ၊ မြတ်ရာသို့သာ လှမ်းပါလေ။

၅၉။ ရှင်သီလဝံသ၊ ထေရ်ဂုဏာ၏၊ ဆုံးမစကား၊ မနာ ကြားက၊ လားလိမ့်ပါယ်ရပ်ရွာ။

၆၀။ ပစ္စုပ္ပန္န၊ ခုဘဝ၊ နေရကိုယ်ထီးသာ။

၆၁။ ပညာမရ၊ လျှပ်ပေါ်လှ၊ သူများနောက်လိုက်သာ။

၆၂။ နောက်လိုက်ဝန်ထမ်း၊ လူညစ်နွမ်း၊ ဝမ်းမျှမဝပါ။

၆၃။ မျက်နှာညှိုးပါး၊ လူ့ငနွား၊ အများစေစားရာ။

၆၄။ စေစားလေလေ၊ ပိုးမသေ၊ ခြေနှင့်ကျောက်စရာ။

၆၅။ ခြေကျောက်ပါးတီး၊ လူမိုက်ကြီး၊ နှုတ်သီးတစာစာ။

၆၆။ ဘယ်ဂှာကိုမျှ၊ စွဲမရ၊ တလှ ရှုံ့ဖွယ်သာ။

၆၇။ ဝတ်ရာတောင့်တ၊ ဝမ်းမဝ၊ ချေးရသူ့ဥစ္စာ။

၆၈။ ရကာသော်ကား၊ ငတောင်းစား၊ ရှောင်ရှားနေလေပါ။

၆၉။ တောမှာ ပုန်းအောင်း၊ မိုးလေခေါင်း၊ ပြောင်းရွှေ့ ရပ်ဝေးစွာ။

၇၀။ ရပ်ရွာတစ်ပါး၊ ရောက်တုံငြား၊ လားလားမဟုတ်ပါ။

၇၁။ ပမာသွင်သွင်၊ တွေ့လေမြင်၊ ကိုင်ငင်ထိုးတွန်းကာ။

၇၂။ ကြင်နာရိပ္ပပ်၊ တလျှပ်လျှပ်၊ ရက်ပြတ်ငတ်ဖို့ပါ။

၇၃။ ရှာဖွေချေးငှား၊ မရငြား၊ သွားရှဲခိုးလေပါ။

၇၄။ ခိုးပါမိလေ၊ ထိုးခုတ်သေ၊ ကျလေပါယ်ရပ်ရွာ။

၇၅။ ဤစာရွှေကျမ်း၊ ဆုံးမခန်း၊ ရဟန်းလူရှင်၊ လွန်ကြည်
လင်၊ ထင်လိမ့် ယခုခါ။
၇၆။ ဝါယာလုံ့လ၊ ကြိုးပမ်းက၊ ရလိမ့်ဉာဏ်ပညာ။
၇၇။ လိမ္မာသိတတ်၊ လောကဓာတ်၊ တတ်လိမ့် များ
ဂုဏ်အင်။
၇၈။ သိမြင်ကျမ်းဂန်၊ သူ့ ထက်လွန်၊ ဂုဏ်မွန်အများထင်။
၇၉။ ရှင်လူအများ၊ လွန်ခန့်ညား၊ သိကြားနတ်အသွင်။
၈၀။ ရွှင်ရွှင်လန်းလန်း၊ ပွင့်သစ်ပန်း၊ မနွမ်းမျက်နှာမြင်။
၈၁။ မြင်မြင်သမျှ၊ ကြည်ညိုကြ၊ သိပ္ပဂုဏ်မြတ်ရှင်။
၈၂။ လိုအင်ပြည့်စုံ၊ ရောက်လာပုံ၊ ဂုဏ်ကြောင့်လွန်ပေါ်
ထင်။
၈၃။ ရပ်ခွင်တစ်ပါး၊ ပြောင်းလည်သွား၊ ဖိုးများကျောက်
အသွင်။
၈၄။ ကောင်းကင်မိုးဝ၊ ရောင်ထွန်းပ၊ လပြည့်ဝန်းအသွင်။
၈၅။ သံသရာဘဝ၊ ပြောင်းလှည့်ကြ၊ ဒေဝနတ်ဘုံတွင်။
၈၆။ များဖြင်နတ်ပေါင်း၊ ရံသိန်းသောင်း၊ လောင်းတော် နတ်
အသွင်။
၈၇။ ပဥ္စင် ငါးမည်၊ နတ်တို့စည်၊ မြည်သည်မဆုံးအင်။
၈၈။ ဒေဝကညာ၊ ဆင်းကလျာ၊ ရပ်လာပတ်ကုံးအင်။
၈၉။ ပျော်ရွှင်စံစား၊ လွန်ရှည်လျား၊ ဘုရားမိတေးတွင်။
၉၀။ အလျင်လက်ဦး၊ သူ့ထက်ထူး၊ ဖူးရမချွတ်ပင်။
၉၁။ ပဥ္စင်းညီနောင်၊ လူနတ်မြှောင်၊ အောင်လိမ့်နိဗ္ဗာန်ခွင်။

၉၂။ ပြီးပေ စသတ်၊ ဆုံးမ တတ်သည်၊ ကျမ်းမြတ်လင်္ကာ၊ ထေရ်မဟာလျှင်၊ မိန့်မှာသည့်တိုင်း၊ အာသံလှိုင်း၍၊ နေ့တိုင်းလုံ့လ၊ ထုတ်ကောင်းကြသည်၊ များလှဖြာဖြာ၊ သိဿာတပည့်၊ မမေ့စေရ၊ နှုတ်ထဲကလျှင်၊ ထုတ်ပြသေချာ၊ အရာရာကို၊ စိတ်မှာမှတ်ထား၊ ယူတုံငြားမှ၊ မခြားနိဗ္ဗူ၊ မှာကမ်းငူသို့၊ လွယ်ကူရောက်ကြောင်း၊ မြတ်ရေလောင်းသည်။ ။အပေါင်းသိဿ မှတ်ကုန်ကြ။

ရှင်မဟာသီလဝံသ ဆုံးမခန်း ပြီးပြီ။

❖ ❖ ❖ ❖ ❖

## သားရွှေတောင်ဆုံးမစာ

၁။ သားရွှေတောင်၊ မောင်ငယ်ပုခင်၊ မယ့်ဆံကျင်သည်၊ အိမ်တွင်မနေ၊ သွားပါလေဟု၊ သံချေစကား၊ ကြံချိုပျားသို့၊ မိသားဆုံးမ၊ အတတ်ရအောင်၊ ကျောင်းဆောင် ဗိမာန်၊ ဇေတဝန်သို့၊ သက်နှံ့လူကြော့၊ သွားပါတော့ဟု၊ ပျော့ပျော့ တောင်းပန်၊ သားရွှေရုံကို၊ လျင်ထန်မိမင်း၊ ဆီနှစ်နှင်းနှင့်၊ ထုံသင်းမွှေးပေါင်း၊ လိမ်းပြီး လောင်း၍၊ နားတောင်းလက်ကောက်၊ ခြူးပျောက်အင်္ကျီ၊ ဖဲနီ ဖဲဝါ၊ ခါသာ သက္ကလတ်၊ ကိုယ်လုံးဝတ်၍၊ လက်စွပ် ခြေချင်း၊ ကြော့ကြော့ရှင်းနှင့်၊ မယ်မင်းပြုပြင်၊ အကုန်ဆင်၍၊ ရွှေစင်သက်နှံ၊ သားမင်းစံကို၊ ကျမ်းဂန်လိမ္မာ၊ တတ်စိမ့်ငှာဟု၊ ဆရာမြတ်ထံ၊ အပ်ထားနှံ့သည် ...သက်နှံ့ရွှေတောင် အမယ့်မောင်။

၂။ သားရွှေတောင်၊ မောင်ငယ်ကလေး၊ အကြံကွေးသည်၊ တွေးတွေးဆဆ၊ မကြောင့်ကြနှင့်၊ မိဘဆရာ၊ စောင်မ ပါအံ့၊ ပညာ

ဉာဏ်ရောင်၊ ထွန်းပြောင် ကျက်သရေ၊ တက်မျိုးထွေကို၊ စုံစေကြိုးစား၊ ဆရာ့ပါးဝယ်၊ ရွှေသားသက်ဝေ၊ မယ့် ဖအေလျှင်၊ သင်စေချင်လှ၊ မောင့်ဖတစ်သီး၊ ငါလည်းတစ်သွယ်၊ ဖွားငယ်ဖွားကြီး၊ ဝရီးတူကွ၊ ရှင်ပျတူစုံ၊ လှကြေးမုံကို၊ အကုန်ကြွင်းမဲ့၊ သုံးဆယ့်ရှစ်ဖြာ၊ မင်္ဂလာက၊ တေ, ဇ, ဝိ, ဝေ၊ ဇာတ်ပေါင်းတွေနှင့်၊ နှိုင်းဖွေလိမ္မာ၊ သဒ္ဒါရှစ်စောင်၊ အကုန်ဆောင်၍၊ လင်ပြောင်ရှန်းရှန်း၊ တက်နေထွန်းသို့၊ ကျမ်းဘိဓမ္မာ၊ ခုနစ်ဖြာကို၊ ရွတ်ခါတွင်တွင်၊ တတ်စေချင်၏၊ ငါးအင်ဝိနည်း၊ လွန်သိမ်းဆည်းမှ၊ ခမည်းမောင်မင်း၊ နှလုံးသွင်း၍၊ ဝမ်းတွင်းပြင်းစွာ၊ မှတ်စိမ့်ဗျာဟု၊ ဆရာမြတ်ထံ၊ အပ်ထားနှံ့သည်–သက်နှံ့ရွှေတောင် အမယ့်မောင်။

၃။ သားရွှေတောင်၊ မောင်မယ့်မျက်ပွင့်၊ ခါချိန်သင့်ကို၊ မောင်မင့်ဆရာ၊ ကျောင်းတော်သာက၊ မျှော်ကာလည်းကြည့်၊ ငါ့တပည့်ဟု၊ ရွှေမှည့်သိင်္ဂါ၊ ကျမ်းပေစာကို၊ အသာလည်းဖွင့်၊ ငံ့ပေလင့်အံ့၊ မမြင့်မကြာ၊ အိမ်မှာမနေ၊ ကျောင်းမှာနေဟု၊ ခုလေသွားပါ၊ ဆိုသောခါလည်း၊ မာတာမိခင်၊ ကျေးဇူးရှင်လည်း၊ ထိပ်တွင်ရွှေကြာ၊ ပန်းပမာသို့၊ တင်ကာ ဝပ်တွား၊ မြတ်ထံပါးသို့၊ မခြားခုပင်၊ သွားစေချင်၍၊ ရွှေစင်သက်ဝေ၊ မကြာစေနှင့်၊ လူရေးလူရာ၊ ရှိပါမည်ကြောင်း၊ မိခင် မောင်း၍၊ သားကောင်းရွှေလှော်၊ မိမျက်ဖျော်ကို၊ ကျောင်းတော်ဗိမာန်၊ ဇေတဝန်သို့၊ မြတ်မွန်ထံပါး၊ အပ်နှံ့ထားသည်–သက်နှံ့ရွှေတောင် အမယ့်မောင်။

၄။ သားရွှေတောင်၊ မောင်ငယ်လူပျို၊ မယ့်ပန်းညိုလည်း၊ အိမ်ကိုမခင်၊ မပျော်ရွှင်နှင့်၊ မိခင်မေတ္တာ၊ ဆုံးမပါလျက်၊ မခံရွက်သော်၊

လူပျက်လူချော်၊ လူသရော်နှင့်၊ ပေါင်းဖော်ယှဉ်ကပ်၊ ဈေးကျဲခြတတ်၏။ သားမြတ်ရွှေငုံ၊ ပမာပုံကို၊ ယူတုံယှဉ်သော၊ မယ်မင်း ပြောအံ့၊ မဆွောပုပ်ဟောင်၊ ငါးသေကောင်ကို၊ ပဒေါင်းရွက်မှာ၊ ထုပ်ပိုးပါလည်း၊ ငါးသာမပုပ်၊ ဒေါင်းရွက်အုပ်မှာ၊ ပုပ်လေသည် သာ၊ ဥပမာသို့၊ ရွှေဝါသက်ပေး၊ မယ့်ရင်သွေးလည်း၊ ဝေးဝေးလျှင်စွာ၊ လူသုံးဖြာကို၊ ကောင်းစွာကြဉ်ဖဲ၊ အယူစွဲ၍၊ ဝမ်းထဲယုံ့ယုံ့၊ ယုန်လျှင်ကျုံ့သို့၊ မဆိုးတုံ့ဝံ့၊ စောင်းမာန်ညံ့လျက်၊ ကြောက်ရွံ့ ရိုသေ၊ မိမအေကို၊ ရိုသေခညွှတ်၊ ဟုတ်ပေတတ်၏။ သတ်မှတ် ပလေ၊ မအေမိခင်၊ သွန်သင်လိမ္မာ၊ တတ်ကြောင်း ရှာ၍၊ ဆရာ မြတ်ထံ၊ အပ်ထားနှံ့သည်–သက်နှံ့ရွှေတောင် အမယ့်မောင်။

၅။ သားရွှေတောင်၊ မောင်ငယ်ရွှဲလုံး၊ မယ့်ဆံထုံးမှာ၊ ပန်းကုံးပမာ၊ မယ်ဆင်ပါလျက်၊ ကောင်းရာမြော်မြင်၊ ကောင်းစေချင်၍၊ ကောင်းတင်စေကြား၊ ထံပါးဆရာ၊ နေသော ခါဝယ်၊ ရွှေသာလျှံဝင်း၊ ပုံမယွင်းသို့၊ မောင်မင်းလူနု၊ သားမျက်ရှု၏၊ တန္တုပုံကို၊ အမယ်ဆိုအံ့၊ အပျိုအရွယ်၊ ကြီးငယ်မဟူ၊ ကောင်းပမူကား၊ ကြည်ဖြူခန့်ညား၊ လျှိုးဝပ်တွား၍၊ ရွှေသားဝမ်းတွင်း၊ နှလုံးသွင်းလော့၊ မယ်မင်းပြုပြင်၊ အကုန်ဆင်၍၊ ရွှေစင်သက်နှံ့၊ သားမင်းစံကို၊ ကျမ်းဂန်လိမ္မာ၊ တတ်စိမ့်ငှာဟု၊ ဆရာမြတ်ထံ၊ အပ်ထားနှံ့သည်–သက်နှံ့ ရွှေတောင် အမယ့်မောင်။

၆။ သားရွှေတောင်၊ မောင်ငယ် ပန်းဖူး၊ ရွှေလိုဦး၍၊ ပျံ့ပျူးသာယာ၊ ငယ်ဆိပ်သာကာ၊ တတ်ပါစေချင်၊ မြင်ပါစေလို၊ ဆိုကိုင်ယှဉ်၍၊ ကြံသင်ရေးရာ၊ အဖြာဖြာကို၊ ဆရာမြတ်ထံ၊ ဆုံးမခံ၍၊

သက်နှံ့ထုံသင်း၊ သားမောင်မင်းကို၊ မယ်မင်းသွန်သင်၊ ဘယက်သွင်သို့၊ အိမ်တွင်မထား၊ မပျော်ပါးနှင့်၊ လူလားမြောက်ခါ၊ မနေပါတည့်၊ သင်သာခိုက်တွင်၊ အရိုက်အပုတ်၊ အတုပ်အနှောင်၊ ကျောင်းရွှေဆောင်သို့၊ မယ့်မောင်ကြိုးစား၊ နှလုံးထားလော့၊ ထွတ်ဖျားဆရာ၊ ပညာသင်ကြောင်း၊ ရိုက်ပုတ်မောင်း၍၊ ရွှေကျောင်းဝေဘာ်မှာ၊ သည်ဆရာ၏၊ ပညာအသိ၊ ဖြစ်ဘိစေချင်၊ ဖ မိခင်နှင့်၊ တူပင်အပ်နှံ၊ သားရွှေရုံကို၊ သင်အံမည်ကြောင်း၊ တဖျောင်းဖျဖျ၊ ဆိုမြွက်ဟသည်၊ ကြွကြွလှမ်းပါ၊ ချစ်လှစွာ၍၊ ဆရာမြတ်ထံ၊ အပ်ထားနှံသည်—သက်နှံ့ရွှေတောင် အမယ့်မောင်။

၇။ သားရွှေတောင်၊ မောင်ငယ်နုနယ်၊ ပုလဲသွယ်သို့၊ အမယ်မွေးမိ၊ တတ်သိစေလို၊ ပြည့်စွန်းဆိုအံ့၊ လူလိုသင်ထား၊ ငှက်ကျေးသားမူ၊ သင်ကြားနားမှာ၊ သူ့ဘာသာဖြင့်၊ ဗုဒ္ဓါမိန့်မှာ၊ ဒွတ္တိံသာကို၊ ဝမ်းမှာပြည့်လျှမ်း၊ ရွတ်စီးဖြန်း၍၊ နေ့ချမ်းညလျှင်၊ တောင်လက်သင်၍၊ မုခ်ဝင်ခေါင်စွန်း၊ လေသာနန်း၌၊ ဖြန့်သန်းလူးလာ၊ နေသည်ခါမှ၊ လဟာမိုးပြင်၊ ထက်ကောင်းကင်က၊ စွန်လျှင်သုတ်ထွေ၊ ပါရလေသော်၊ သံချေညံ့ညံ၊ ဘဝဂ်လျှံမျှ၊ ရွတ်လျှံ လန်းလန်း၊ ကမ္မဋ္ဌာန်းကို၊ မပန်းမပင်၊ သူ့ဂုဏ်အင်ကြောင့်၊ စွန်လျှင် မနေ၊ လွှတ်လိုက်ပေ၏၊ အရှည်မကြာ၊ ထိုအနာကြောင့်၊ နိစ္စာဝတ၊ မရဏဖြင့်၊ ပြောင်းကြွနတ်ထံ၊ ကျေးသားစံသို့၊ သက်နှံ့လူပျို၊ သား ပန်းညိုလည်း၊ လိုလိုရာရာ၊ တတ်ပညာကို၊ ဝမ်းမှာသွတ်ကြောင်း၊ အမယ်မောင်း၍၊ ရွှေကျောင်းဝိဟာ၊ တတ်ပညာကြောင့်၊ ဆရာ မြတ်ထံ၊ အပ်ထားနှံသည်—သက်နှံ့ရွှေတောင် အမယ့်မောင်။

၈။ သားရွှေတောင်၊ မောင်ငယ်ရင်သား၊ မိစကားကို၊ ရွှေနား ချိုချို၊ အမယ်ဆိုအံ့၊ ပုံကိုနားထောင်၊ ဤလူ့ဘောင်တွင်၊ မိုက်ခေါင် အထိ၊ မိုက်လှဘိသည်၊ ဒိဋ္ဌိယူများ၊ မြွေသမားလည်း၊ သုံးပါးရတနာ၊ မြတ်ဓမ္မာကို၊ နားမှာမဝင်၊ ပိတ်သောသွင်သို့၊ မမြင်မျက်ကန်း၊ မောဟလွှမ်း၍၊ လူစွမ်းသာသာ၊ အရွာရွာသို့၊ မြွေရှာသွားချင်၊ တည်း လေဝင်သော်၊ ရွာတွင်အများ၊ ယောကျ်ား မိန်းမ၊ နေ့ညမကွာ၊ သရဏဂုံ၊ မြတ်သုံးစုံကို၊ ကြည်ယုံဆောက်တည်၊ မြင်ကြသည်ကို၊ နားလည်မဝင်၊ မြွေသခင်လည်း၊ ညည်းချင်ဖွယ်လာ၊ တစာစာနှင့်၊ သည်ရွာတွင်ပင်၊ မနေချင်ဟု၊ မြွေလျှင်ဖမ်းမည်၊ သွားလေသည်ကို၊ တောလယ်သို့ရောက်၊ ထူးတွင်းပေါက်၌၊ မြွေဟောက်ငန်းဟန်၊ ကြီး စွာဖန်၍၊ သဏ္ဍာန်မယွင်း၊ နဂါးမင်းက၊ အလျှင်းမနေ၊ ဖမ်းရှာချေဟု၊ ပျက်ထွေအမျက်၊ ခြောင်းခြောင်းထွက်မျှ၊ လိုက်လေကလျှင်၊ ကြောက်အင်ကြီးစွာ၊ သေအံ့ငှာဟု၊ ပြေးရှာပင်ပန်း၊ ဂုဏ်အစွမ်းကို၊ ကိုယ်ပင်မယုံ၊ အသည်းတုန်မျှ၊ ထိုရွာကလျှင်၊ ကြားရစကား၊ သုံးပါး ရတနာ၊ မြတ်ဂါထာကို၊ ပြေးကာယောင်ယမ်း၊ အမှန်းမသိ၊ ရွတ်မိ ကာသာ၊ ဂုဏ်တေဇာကြောင့်၊ ကြားကာဝမ်းတွင်း၊ နဂါးမင်းလည်း၊ ချက်ချင်းယူလေ၊ မသင့်ချေဟု၊ ရိုသေမသတ်၊ အသက်လွှတ်၍၊ ကြည်ညွတ်လှတင့်၊ ပန်းနှစ်ပွင့်ကို၊ ချီးမြှင့်ပူဇော်၊ မြတ်ဂုဏ်တော် ကြောင့်၊ မိုက်ဖော်မဝင်၊ ဖြစ်သောသွင်သို့၊ သဇင်ကြက်ရုံး၊ သား ရွှေတုံးကို၊ မြတ်ဆုံးအချာ၊ ရတနာကို၊ ထိပ်မှာပန်ဟန်၊ ပန်ပါစေ ကြောင်း၊ အမယ်မောင်း၍၊ ရွှေကျောင်းဝိဟာ၊ တတ်ပညာကြောင့်၊ မြတ်ဆရာထံ၊ အပ်ထားနှံ့သည် –သက်နှံ့ရွှေတောင် အမယ့်မောင်။

သားရွှေတောင် ဆုံးမစာ ပြီး၏။

(၂၆၅)

# ဖိုးသူတော်ဦးနု စကားပုံ

မြန်ဇမ္ဗူပေါ်၊ ဉာဏ်ယူမြော်သည်၊ သူတော်ကျွန်ုပ်၊ နား၏ တန်ဆာ၊ နားဝင်သာအောင်၊ လင်္ကာပုဒ်ဖြင့်၊ အာလုပ်ချိုမြ၊ စကားပုံ သရုပ်၊ အမျိုးထုတ်ပြီးလျှင်၊ အချုပ်ကိုပြခဲ့မည်။

ဗုဒ္ဓဆာယာကို တွယ်ရမည်၊ ယုတ်လှတာကို ပယ်ရမည်။
ဗုဒ္ဓဆာယာကိုတွယ်မှ အေးမြရာသည်။
ယုတ်လှတာကို ပယ်မှ ဘေးပ ကွာမည်။

သေရည်ကို မသောက်နှင့်၊ ရေကြည်ကို မနှောက်နှင့်။
သေရည်ကို သောက်က အပါယ်ဘုံသို့ ကျတတ်သည်။
ရေကြည်ကိုနှောက်က အနယ်အမှုန်တို့ ထတတ်သည်။

ထင်တိုင်းလည်းနှိပ်၍မဆိုနှင့်၊ ဝင်တိုင်းလည်းသိပ်၍မမျိုနှင့်။
ထင်တိုင်းနှိပ်၍ဆိုက ရန်အသွယ်သွယ် ပွားတတ်သည်။
ဝင်တိုင်းသိပ်၍မျိုက အန္တရာယ်များတတ်သည်။

ဂေါဏမံသံကိုလည်း မစားနှင့်၊ ကောဓခြံရံကိုလည်း မပွားနှင့်။
ဂေါဏမံသံကိုစားက မိဘာသဖွယ် ဖြစ်ပေသည်။
ကောဓ ခြံရံကိုပွားက အဝိကရ အပါယ်နစ်ချေသည်။

အယုတ်တရားကို အလိုမရှိနှင့်၊ မဟုတ်စကားကို မဆိုဘိနှင့်။
အယုတ်တရားကို အလိုရှိက ဘဂဝါ၏စကားကို ပယ်ရာကျ ချေသည်၊ မဟုတ်စကားကိုဆိုဘိက သမာဓိတရားတို့ ကွယ်လှာ ရလေသည်။

မြူသလိုပုံနှင့် ကလေးကို မစနှင့်၊ လူကိုယ်ယုံသဖြင့် အကြွေးမချနှင့်၊

မြူသလိုပုံနှင့် ကလေးကို စက ကလေးအမိုက်မို့ ဆဲတတ်သည်၊
လူကိုယ်ယုံသဖြင့် အကြွေးချက အရေးမစိုက်သမို့ မွဲတတ်သည်၊

အမျိုးယုတ်သူ အဆင်းလှလျှင် သတိထားလင့်၊
တန်ခိုးနုပ်သူ ထမင်းဝလျှင်၊ မကျီစားနှင့်။
အမျိုးယုတ်သူ အဆင်းလှက စာဂ, တာန်တတ်သည်။
တန်ခိုးနုပ်သူ ထမင်းဝက မာနထန်တတ်သည်။

အဟုတ် အမှန်ကိုလည်း သိမှ၊ အလုပ်အကြံကိုလည်း ရှိမှ။
အဟုတ် အမှန်ကိုသိက သံသရာဘေးပ၍ အနေကျယ်ကြမည်။
အလုပ်အကြံရှိက ဆန်ရှာရေးလှ၍ အခြေတည်ကြမည်။

သူဌေးလိုကြွယ်သော်လည်း မာန်စွယ်မထနှင့်။
မြွေပွေးကိုယ်သော်လည်း အလမ္ပာယ်မပြနှင့်။
သူဌေးလို ကြွယ်သည်ဟု မာန်စွယ်ထက အရိုအသေနည်း (နဲ့) လို့ပြည်(ပြေ) မုန်းတတ်သည်။ မြွေပွေးကို ယေ်သည်ဟု အလမ္ပာယ်ပြက ထိုမြွေခဲ လို့ သေဆုံးတတ်သည်။

မတော်ဘဲ မဝယ်နှင့်၊ မခေါ်ဘဲ မလယ်နှင့်၊
မတော်ဘဲ ဝယ်လေက အသပြာခန ရှုံးတတ်သည်။
မခေါ်ဘဲ လယ်ချေက မကြခဏ မုန်းတတ်သည်။

မတော်တာကို မမြိုးမစားနှင့်၊ အဖော်မပါလျှင် ခရီးမသွားနှင့်။
မတော်တာကို မြိုးစားက ဘေးရလို့ရောဂါ ပွားတတ်သည်။

အဖော်မပါဘဲ ခရီးသွားက အရေးမလှသမို့ သောကများ တတ်သည်။

ခရီးကိုလည်း အပြင်းမသွားနှင့်၊ မီးကိုလည်း အကြွင်းမထားနှင့်။
ခရီးကို အပြင်းသွားက မှားတတ်သည်။
မီးကို အကြွင်းထားက ပွားတတ်သည်။

ဆရာပြောသမျှကို အပြီးမမှားလေနှင့်၊
အနာရောဂါကို မကြီး ပွားစေနှင့်။
ဆရာပြောသမျှကို အပြီးမှားက မုချမှောက်တတ်သည်။
အနာရောဂါကြီးပွားက ဒုက္ခရောက်တတ်သည်။

စကား, စကား ပြောပါများ စကားထဲကဇာတိပြ၍ မာနတံခွန် ထူတတ်သည်။

တရား, တရား ဟောဖန်များက တရားထဲက ပါဠိရ၍ ဒါန အလွန် လှူတတ်သည်။

အမျိုးမြတ်မှ အရိုးကိုကြံရာသည်။ တန်ခိုးလျှပ်မှ အဖိုးတန် ပါသည်။

သံသရာလောက၊ နှစ်ဝအကျိုး၊ ပွားတိုးစေမှု၊ အာရုံပြုလျက်၊ ဦးနုမည်ခေါ်၊ ငါသူတော်လျှင်၊ နာပျော်ဖွယ်ရာ၊ ဆုံးမစာကို၊ ဒကာ ဒကာမ၊ မှတ်သားကြ၍၊ နေ့ည လေ့ကျက်ကြပါကုန်လော့။

ဖိုးသူတော်ဦးနု စကားပုံ ပြီး၏။

# ဖိုးသူတော်ဦးနု ဆုံးမစာ

## (ဒင်္ဂါးစကားပုံ)

သဗ္ဗ ကာမံ့ ပူရေတိတိ ဒင်္ဂါး။

သဗ္ဗ ကာမံ၊ အလိုဆန္ဒ ရှိသမျှကို။ ပူရေတိ၊ ပြည့်စုံစေတတ်၏။ ဣတိ–တသ္မာ၊ ထိုသို့ ပြည့်စုံစေတတ်သော သတ္တိကြောင့်၊ တံ အသပြာ၊ ထိုအသပြာကို။ ဒင်္ဂါး၊ ဒင်္ဂါးဟုခေါ်၏။

ဒင်္ဂါးဒင်္ဂါး ယင်းစကားမတော့ ဘင်္ဂလားခေါ် မျက်နှာပွင့်ဆေး သူပါရင်အေးတာမို့ အနုဆေးလို့လည်းခေါ်ကြပါရဲ့။ မော်ချင်မော်, ကြွားချင်ကြွား, စားချင်စား, သောက်ချင်သောက်, စိတ်ရောက် သမျှ ကိုယ်ပါ, လိုရာပြည့်စုံ လူပုံလည်းချော အပြောလည်းကောင်း အရောင်းလည်းတတ် အမြတ်လည်းပါ အရာလည်းရ မဒ,လည်းများ စပါးလည်းရှိ အသိကလည်း လွန်ရှိသေ မိတ်ဆွေကလည်း အလွန် ချစ် အပြစ်ရှိသမျှ ပျောက်လို့ကွယ် အမျိုး,အနွယ်တောင် မြင့်မြတ် အရပ်ရပ် လူ, နတ်, လူမော် လူပေါ်, လူဆင့်၍ ဒင်္ဂါးမြင်ရင်ဖြင့် ကျော်ရော့။

တော်တော်မဟုတ် ဟိတ်ကိုထုတ်ရမှာဖြင့် တရုတ်သော, ကုလားသော, ဒင်္ဂါးပြရင် ဘာဘူ နူနူရွဲရွဲ မဲမဲဖြူဖြူ အဖေလောက် မက အဘိုးလောက်ပင် ကျသော်လည်း ဒင်္ဂါးပြရင် ကြည်ဖြူရော့ ဇမ္ဗူတွင်အညွန့် တွန့်တွန့်တိုတို ဆိုဆိုဆဲဆဲ တစ်ရက်မချော

အသက်သာအောင် အရက်ပါ တွဲအုံးတော့ ခွဲဖို့ဖြင့် မကြံ နှိပ်စက်
သမျှ စိတ်လက်ချလို့မို့ အစစ ခံပါရဲ့ အမှန်စကား သူမရှိလျှင် လူ
ကဝိတောင် ပြားရမယ် မယားကလည်း မရှိသေ မိတ်ဆွေကလည်း
မျက်နှာလွဲ လူမွဲမို့လည်း ဂုဏ်မရှိ အသိကလည်းမခေါ် ချင် စိတ်ထင်
တိုင်းမပြီး သား, သမီးကိုမှ ဆုံးမလို့မရ လူအဖို့ မပြောနိုင် မောမှိုင်
လို့ တခွေခွေ သည်ငွေ အရှာကြပ်တာ မို့ တစ်မတ်ကို တစ်ဆယ်
ထင်မိ၊ တကယ်ပင် ခင်ဗျားနှယ် ရှာရန် ကော မရပါလျှင် ဘယ်ဟာ
စားရပ တစ်သပြာ အလကားမှတ်မဲ့ မသုံးချင်ဘု ကျူပ်တို့လင် ရှာနိုင်
လို့ မရှားပါတဲ့ ဟောသည်ဒင်္ဂါး သည်ဒင်္ဂါးရယ်လို့ လက်ဝါးပေါ်တင်
ကာ ပြသည့်နှယ်၊ လောကတွင် အညွန့်ထားလို့မို့၊ ဒင်္ဂါးကို တယ်
မသုံးကြနှင့် တစ်သက်လုံး မွဲပြာကျ၍ လူတကာ့အောက်တစ်လွှား
မှာ ဆင်းရဲသား ဖြစ်တတ်ပါတယ်၊ တောင်းစား၍ ဒင်္ဂါးမလွယ်၊
ပိုက်ဆံပြတ်က ငတ်တတ် ပါတယ်၊ မော်ရင်ကြွားရင် ဒင်္ဂါးကုန်မယ်၊
အသွယ်သွယ် ဘယ်တွင် မများရအောင်၊ မောင်မင်းကြီး ကိုဒင်္ဂါး
စဉ်းစား၍ သုံးတော်မူကြပါ မိတ်ဆွေအပေါင်း သူတော်ကောင်းတို့။

ဖိုးသူတော် ဦးနု ဒင်္ဂါးစကားပုံ ပြီး၏။

# ဖိုးသူတော်ဦးနဲ့ ဆုံးမစာ
## (အလုပ်မျိုးစုံ စကားပုံ)

ကာလ, ကာလ၊ ခါသမယဟု၊ ကာလဝိပတ်၊ ငါးရာနှစ်ဆယ်၊ ရှစ်သွယ်မေတ္တာ၊ ကရုဏာလည်း၊ ဘာမတတ်၍၊ ထောင့်ဖြတ်ဖီလာ၊ ပရိယေသန၊ ဝမ်းရရန်ဖို့၊ အဝဝရှာကြသည်၊ ပညာသည်ယောင်၊ ဆရာယောင်နှင့်၊ စကားလှောင်ယောက်ျား၊ ဖဲသမားနှင့်၊ ပွဲစားတစ်ဝ၊ ပွဲကြိုစသည်၊ ထိုမှတစ်ခန်း၊ ထီးထမ်းလမ်းလျှောက်၊ ကျောက်ကုန် ရွှေကုန်၊ အစုံရောရော၊ ခဝါပန်းဆိုး၊ တစ်မျိုးအထင်၊ အကျီခုံချုပ်၊ ဖိနပ် လုပ်နှင့်၊ အပ်ချုပ်ကိရိယာ၊ ၎င်းပြင် အဖြာဖြာတို့ကို၊ ပညာဖွဲ့ဆိုဖို့ မလိုဟု၊ ထိုထိုကတ္တား၊ ပုဒ်မ–ခြား၍၊ ယောက်ျားဖျင်းလျှင် ပုလိပ်၊ မိန်းမဖျင်းလျှင် အအိပ်၊ ထိပ်စရာ့ အခါ၊ မဟာရာဇ၊ ကောသလ၏၊ သုပိနအလာ၊

ပညာရှိ မထွန်းကား၊
လူကြွား လူမိုက် ပေါ်ထင်၊
အမြော်အမြင် ရှိသူက တိမ်မြုပ်၊
မဟုတ်မမှန် ပြောသူက ရှေ့သွား၊
တရားမသိ သူတော်ယောင်၊
လင် ကြောင်တောင်နှင့် မျက်နှာချိုသွေး၊
တံစိုးပေးလျှင် တရားသာ၊

ဘုရားဒကာလည်း ဘုံဆိုင်ကြွ၊
ကျောင်းအစ်မကလည်း အရောင်တင်ခြယ်၊
သား အောင်သွယ်ဖို့ ရှင်ကိုပြု၊
ဥစ္စာစုတဲ့ ကျောင်းကြီးရှင်၊
ဆွမ်းခံ ဝင်ရင်း လှူပျိုလှည့်၊
တကယ့်ကာလ၊ အမှဲ့ကာလ၊
မယ်သီလက လင်ရဖို့ တစ်ကိန်းဆင်၊

မြင်မြင်သမျှ၊ ဆိုးကောင်းမှု၊ တည်ထားပြုသည်၊ ဇရပ်, တံတား၊ ကျောင်းကန်များ၊ ကုလားနှင့် ပေါင်း၍ ရောင်းသူရောင်း၊ ချသူချ၊ စာဂဖောက်ပြန်၊ သည်ဘဝ သည်ကိုယ်စံ၊ နောင် ကာလမှ ဟိုကိုယ် ခံလိမ့်မည်ဟု၊ ကျမ်းဂန်နှင့်ဝေးကွာ၊ သံသရာ ဈေးကြောင်း ပေါက်၊ ရောက်ချင်ရာ ရောက်စေတော့၊ မှုကြောက်ဘူး ဧကန်၊ ခါးစည်း၍ ခံမည်ဟု၊ လမ်းမှန်ကိုမလိုက်၊ ကလိယုဂ် ဆန်းအခါမို့၊ လမ်းမသမာ ကြိုက်ကြသည်၊ လူမိုက်ဆရာတင်၊ ပညာရှင် မဆည်း ကပ်၊ အရပ် မီးရှို့၊ ကူးတို့ဆင်တင်၊ ပုံပြင်နည်းနာ၊ ပေါရာဏ စကားလာဖြင့်၊ ပမာ ကျင့် ဖောက်ပြား၊ လူဗာလ လူအန္ဓသာ များသော ကြောင့်–

ဘုရားမြတ်စွာ, သာသနာ, ရောင်ဝါညှိုးနွမ်း ရှိလတ္တံ့။
မိဘဘိုဘွား, ဆရာများ, စော်ကားရဲသူ များလတ္တံ့။

ဖိုးသူတော်ဦးနု အလုပ်မျိုးစုံ စကားပုံပြီး၏။

ပုံတော်စုံ–ဆယ်စောင်တွဲ
ဤတွင် ပြီးပြီ။

၁၃၆၅ ခု တပေါင်းလဆုတ် ၆ ရက်နေ့


## ပုံတော်စုံဆယ်စောင်တွဲ

ဘာသာရေးစာမူခွင့်ပြုချက်အမှတ်-(၃၄၆/၂၀၀၀)(၅)

မျက်နှာဖုံးခွင့်ပြုချက်အမှတ်-(၃၂၁/၂၀၀၀)(၆)

စတုတ္ထအကြိမ်၊ အုပ်ရေ-၂၀၀၀

တန်ဖိုး - ၅၀

အဖုံးနှင့်

အတွင်း - ပုံနှိပ်သူ - ဦးသိန်းထွန်း (၀၄၈၂၂)

သိန်းထွန်းအော့ဖ်ဆက်

အမှတ်-၅၀/၅၂- ဒဂုံသီရိလမ်း

ကျောက်မြောင်း၊ ရန်ကုန်မြို့။

ထုတ်ဝေသူ - ဒေါ်ရွှေအိမ် (၀၁၂၉၉)

တိုင်းလင်းစာပေ၊ ၈/၆၅၊

အုပ်စု(၃)၊ အောင်သိဒ္ဓိလမ်း၊

အင်းစိန်၊ ရန်ကုန်မြို့။

၂၀၀၀-ပြည့်နှစ်-ဇူလိုင်လ

## မာတိကာ

ခုနစ်နေ့ ဘုရားရှိခိုး သရုပ်ဖော်ပုံနှင့်စာ
မင်္ဂလာတရား ၃၈–ပါး ဆုံးမစာသရုပ်ဖော်
၁၂–လရာသီ သရုပ်ဖော်ကဗျာ
မင်္ဂလသုတ်ပါဠိ–အနက်
မင်္ဂလာတရား ၃၈–ပါး သရုပ်
မင်္ဂလသုတ် အမေးအဖြေ
မင်္ဂလသုတ်၌ အထူးမှတ်ရန်
မင်္ဂလာသံပေါက်
မင်္ဂလာကဗျာ (ဒဂုန် ဦးထွန်းမြင့်)
အပြင်အောင်ခြင်း ၈–ပါး ပါဠိ–အနက်
အတွင်းအောင်ခြင်း ၈–ပါး ပါဠိ–အနက်
ရတနာရွှေချိုင့်ပါဠိ–အနက်
နမက္ကာရပါဠိ–အနက်
လောကနီတိ ပါဠိ–အနက်
ပရိတ်ကြီး ပါဠိ–အနက်
မေတ္တာဘာဝနာ( မေတ္တာပို့ ) ပါဠိ–အနက်
သိင်္ဂါလောဝါဒသုတ် ကျင့်ဝတ်
ရှင်မဟာသီလဝံသဆုံးမစာ
သားရွှေတောင်ဆုံးမစာ
ဘိုးသူတော်ဦးနု စကားပုံ ၃–မျိုး